
# မြန်မာ့ရိုးရာ သွေးသားရင်းချာ ပုံပြင်များ



ဒုတိယအကြိမ်

ဦးအောင်သိမ်းမြတ်

မြန်မာ့ရိုးရာ သွေးသားရင်းချာ ပုံပြင်များ၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၂၂၃ + မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ ဘဝတက္ကသိုလ်စာပေထုတ် ပထမအကြိမ်မူ

ရောင်းဈေး ၂ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# မြန်မာ့ရိုးရာ
# သွေးသားရင်းချာပုံပြင်များ

ဦးအောင်သိမ်းမြတ်

ဒုတိယအကြိမ်၊ ၂၀၁၉

# မာတိကာ


- စာဦးအမှာ က
♦ စကားတတ်လှ မယ်ရှုပ ၁
♦ ရသေ့တွေ့သောမြို့ ၉
- နွားကျောင်းသားကြီး ဂေါပါလ ၉
- ဇော်ဂျီမျိုးနှင့် သိကြားမျိုး ၁၃
- ကျင်ကြီးမှဖြစ်သော မင်းသားကလေး ၁၈
- လုံ့ပုံ့ရှင် ဘုရင် လုန်ဂေါ် ၂၂
- ဗယမာန်ရဲ မင်းနေပြည် ၂၈
- ပြည်သူထံ ရောက်သော ကံ ၃၆
- နန့်နှောင်းခါရီ ဒွေးမယ်နော် ၄၃
- နဂါးပတ် ကျော့ကွင်းဖြင့် ၄၃
- ပုရောဟိတ်၏ လက်စားချေမှုကြီး ၄၆
- ယောက်ျားတို့ လုံ့လ သေခါမှ လျှော့ ၄၉
- ပြေးနိုင်မှ လွတ်မယ်ဟော့နော် ၅၄
- ချဉ်ပေါင်ဟင်းကြောင့် ဓလေ့ပြောင်း ၅၇
- ကျား သောင်းကျန်းသော ကာလပျက် ၅၉
- သမိန်စကာကျွန်းမှ ဒလသို့ ၆၂

– ခုတ်တလွဲ ရှုတခြားဖြစ် ၆၇
– ကျူးကျော်သူနှင့် လေးတော်ကြီး ၇၂
– ပုညရာဇာ၏ သားတော် ၇၅
– နန့်စာထလိုင်း သခင်မ ၈၁
♦ ပန်းချီဆရာ ဦးဓီးကွက် ၈၅
♦ အဆန်းပြိုင်ကြရာဝယ် ၉၅
– တော်လည်းတော်တဲ့ ခွေး ၉၅
– လိမ္မာလိုက်ပုံ ပြောမကုန် ၉၉
– ဆန်းပုံ ထူးပုံ အံ့မကုန် ၁၀၃
♦ နံ့ဘုရင်ကို အထင်သေးမိ၍ ၁၀၇
♦ ဖားပြုပ် တစ်ကောင် ဝါသောကြောင့် ၁၁၈
♦ ထုံသော နုံသော သားကိုးယောက် ၁၂၈
– ကမ္ဘာဖျက် မိုးကြီး ၁၂၈
– ကမ္ဘာဖျက် ရေကြီးခန်းချိန် ၁၃၃
– လူမျိုး လူနွယ် ပျောက်တော့မည် ၁၃၇
– သွေးသားရင်းချာ မြန်မာများ ၁၄၂
♦ မြောက် အရပ်သို့ ချီသော မင်း ၁၄၈
♦ ချစ်ကံနည်းသည့် ကြယ်ကလေး နှစ်ပွင့် ၁၆၄
♦ သနားစရာ့ အို ငှက်ငယ် ၁၇၃
♦ သုမနကျောမှာ ဒဏ်ရာတွေနှင့် ၁၈၁
– ဘာသာ မတူသောကြောင့် ၁၈၁
– စိုင်ကော်၍ ချုပေါ် ရောက်ခြင်း ၁၈၆
– တရားသဖြင့် စီရင်ခြင်း ၁၈၉
♦ မိုးစက်ကလေးတွေ အောင်ပွဲခံပြီ ၁၉၄

- လေသာတောင်မှ ဘီလူးကြီး ၁၉၄
- လက် မပါသော ရွာသားများ ၁၉၈
- စုစည်းသော လက်ချောင်းများ ၂၀၁
♦ ဒိန်းသံထဲက ဖျောင်းဆိပ် ၂၀၇
- ပျင်းသူနှင့် ကြိုးစားသူ ၂၀၇
- ငါးချဉ် မုန်းသူနှင့် ချစ်သူ ၂၁၁
- ငါးချဉ်အိုး ကူမသောကြောင့် ၂၁၃
- ဆက်ရက်ကို ချီး ထင့်မှတ် ၂၁၆

- စာပြီးအမှာ ၂၂၁

❑

# စာဦးအမှာ

မြန်မာ့ရိုးရာ သွေးသားရင်းချာ ပုံပြင်များသည် ဦးအောင်သိမ်းမြတ်ပြုစုသော အခြားပုံပြင်များနှင့် မတူညီပေ။ ဤစာအုပ်မှာ တစ်အူထုံ့ဆင်း နှောင်ရင်းညီအစ်ကိုဖြစ်သော ပြည်ထောင်စုသား တိုင်းရင်းသားများ၏ ပုံပြင်များဖြစ်သည်။

ထိုသို့ဖြစ်သော်လည်း ပြည်ထောင်စုသားတို့၏ ရိုးရိုးပုံပြင်များ မဟုတ်ချေ။ တစ်ဦးကြားဖူးသော တစ်ဦး၏ပုံပြင်၊ တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်နီးစပ်သော ပုံပြင်၊ ဆင်တူယိုးမှားပုံပြင်၊ တစ်စိတ်တစ်ဒေသ တူညီနေသော ပုံပြင်များစသည်တို့ဖြစ်ပေ၏။

ပုံပြင် အမှတ် ၁၊ 'စကားတတ်လှ မယ်ရှုပ' ပုံပြင်မှာ ချစ်စရာကောင်းသော ပုံပြင်တစ်ပုဒ်ဖြစ်သည်။ ဤပုံပြင်ထဲတွင် ပါဝင်သော ညီနှောင်ခုနစ်ဦးမှာ မြန်မာပုံပြင်များတွင် မကြာခဏတွေ့ရတတ်သော ဇာတ်ဆောင်များကို မြင်ယောင်လာရ၏။ ခရီးအတူသွားသော ညီအစ်ကို ခုနစ်ဦးအနက် လမ်းတွင် တွေ့သောအရာများကို ယူဆောင်လာသည့် ညီ

အထွေးကား လှေ၊ ကြခတ်ဆူး၊ ရေညှိ၊ ကြက်ဉတို့ကို ခေါ်သွားသော လေက်မ၏စရိုက်နှင့် တူလှပေသည်။

သရေခေတ္တရာ ရာဇဝင်ကို ကြားဖူးသူတိုင်း ဗေဒါရီကို မသိဘဲ မနေပါ။ ဗေဒါရီကိုသိသူတိုင်းသည် ရသေ့ကြီး၏ ကျင်ငယ်ရေကို သောက်မိသောသမင်မမှ လူသားမိန်းကလေးကို ဖွားမြင်သည်ဟု သိကြပေသည်။

ပုံပြင် အမှတ် ၂ ဖြစ်သော 'ရသေ့တွေ့သောမြို့'တွင် လူ၏ကျင်ကြီးကို စားမိသော တောသားသတ္တဝါမှ လူသားကိုမွေးကြောင်း ပါရှိသည်။ ထိုအခါတွင် ဗေဒါရီကို သတိမရဘဲ မနေနိုင်ကြချေ။

ပုံပြင် အမှတ် ၃ ပါ 'ပြုသူထံရောက်သောကံ' မှာလည်း ကံ ကံ၏အကျိုးကို ယုံကြည်ကြသော ဘာသာဝင်တို့၏ စိတ်နေကို သိနိုင်သည်။ မထွေးလေးပုံပြင်ကို သတိရစရာ ဖြစ်ပေသည်။

ပုံပြင် အမှတ် ၄ မှာ 'နန့်နှောင်းခါရီ ဒွေးမယ်နော်' ဖြစ်၏။ နန့်သော်ကသည် ချစ်သူကိုမြင်သဖြင့် အိမ်ပေါ်သို့ အပြေးတက်သွားရာ အကွပ်ပြေနေသောကြမ်းကို နင်းမိကာ ချဉ်ပေါင်ဟင်းမှောက်ပုံမှာ မကောင်းသောနိမိတ် ဖြစ်နေပေ၏။ သို့ရာတွင် 'ထိုအချိန်အခါမှစပြီး ယောကျ်ားထံသို့ မိန်းမလာရသော ဓလေ့မှ မိန်းမထံသို့ ယောကျ်ားလာရသော ဓလေ့သို့ ပြောင်းသွားပုံ' ဇာတ်ကွက်ကလေးမှာမူ ကျေးတောသား ဗမာလူငယ်များအတွက် တက်တခေါက်ခေါက်ဖြစ်အောင် ဖမ်းစားခဲ့ဖူးပေသည်။

ထိုပုံပြင်သည် မြန်မာစာပေတွင် ငွေတောင်ရကာန်

မွေ့နွှန်းရကန် သူဇာပျို့ဟူ၍လည်း ထင်ရှားခဲ့ တွင်ကျယ်ခဲ့ ပေသည်။

ပုံပြင် အမှတ် ၅၊ 'ပန်းချီဆရာ ဦးဇီးကွက်' ကား ဇီးကွက် ဘာကြောင့် နေ့တွင် ပုန်းပြီး ညကျမှ ထွက်ရသနည်း ကို အခြေပြုထားသော ပုံပြင်ဖြစ်၏။

ညီတော်နောင်ရင်း ပုံပြင်ဆရာများ၏ ထူးခြားထက် မြက်သော ဉာဏ်ရည်ဉာဏ်ဆိကို ဤပုံပြင်က ပြောပြနေ ပေသည်။

ပုံပြင် အမှတ် ၆၊ 'အဆန်းပြိုင်ကြရာဝယ်' ပုံပြင်မှာ ကား လက်ဖျားခါယူရလောက်အောင် လေကိုတို ညီညို စကားတောင်စားနှင့် တူနေသည်ကို တွေ့ရ၏။ တွေ့ရသော် လည်း ကွဲပြားပုံကလေးတွေလည်း ကြိုးကြားပါနေသဖြင့် နှစ်သက်ရ ကြည်နူးရပေသည်။

ပုံပြင် အမှတ် ၇ မှာ နံ့ဘုရင်ကို အထင်သေးမိ၍ ဖြစ်ပါသည်။ ပုံပြင်၏အနှစ်ချုပ်မှာ နံ့စုတ်ငှက်နှင့် စွန်ရဲ၊ ဖားသူငယ်နှင့် ကေသရာဇာ ပုံပြင်များနည်းတူ 'ကြီးမားသူက မတုပနိုင်သော သေးမွှားသူ၏ ကြီးကျယ်သည့်ခွန်အား' ဖြစ်ပေသည်။ ထို့ပြင် 'ဂဓေ အိမ်၌၊ ဒုဗ္ဗောစ ဖျက်ဆီးသူကား၊ မသိကော ကြွက်တည်း၊ ဝနေတော၌ ဒုဗ္ဗောစ ဖျက်ဆီးသူ ကား မက္ကဋော မျောက်တည်း' ဟုဆိုသည့် လောကနီတိပါ ဒုဗ္ဗနကဏ္ဍနှင့်လည်း ညီညွတ်နေသည်ကို တွေ့ရ၏။

ပုံပြင် အမှတ် ၈ ပါ 'ဖားပြုပ်တစ်ကောင် ဝါသော ကြောင့်' မှာ မြန်မာ့ရိုးရာပုံပြင်များနှင့် ထပ်တူနီးပါးရှိသည်။ သို့ရာတွင် အရှုပ်အထွေးကို မွေးဖွားသူမှာ မတူပေ။ ယုန်နှင့်

ဖားပြုပ်ဖြစ်သည်။ ဤမျှသာ ကွဲပြားသည်။

ပုံပြင် အမှတ် ၉ 'ထုံသော နုံသော သားကိုးယောက်' မှာ ကြီးကျယ်ခမ်းနားသော ပြည်ထောင်စုသား ပုံပြင်ကြီး ဖြစ်၏။

သားကိုးယောက် နုံနပုံ အပုံ ထူပုံကား လူမိုက်ကြီး ငါးယောက် ပုံပြင်ကို သတိရစဖွယ် ဖြစ်ပေသည်။

ပုံပြင် အမှတ် ၁၀ မှာ 'မြောက်အရပ်သို့ချီသော မင်း' ဖြစ်သည်။ မြန်မာ့ရိုးရာ သမိုင်းပုံပြင်များပါ အကြောင်းအရာ အချို့ ဇာတ်ကွက်အချို့နှင့် တူနေပေသည်။

တူညီမည်သာဖြစ်၏။ သွေးသားရင်းချာတို့၏ ပုံပြင်များသည် တစ်ဦးနှင့်တစ်ဦး ကူးလူးယှက်နွယ်နေသည် မဟုတ်သလော။

ပုံပြင် ၁၁၊ ချစ်ကံနည်းသော ကြယ်ကလေးနှစ်ပွင့်၊

ပုံပြင် ၁၂၊ သနားစရာ့ အိုင့်ကင်ငယ်၊

ပုံပြင် အမှတ် ၁၃၊ 'သုမနကျောမှာ ဒဏ်ရာတွေနှင့်' တို့မှာ ပြည်ထောင်စုသား သွေးသားရင်းချာတို့သည် အမည်သာကွဲ၍ အမူအကျင့် အတွေးအကြံများ တစ်သားတည်း တူနေပါကလားဟု ဆင်ခြင်ရသော ပုံပြင်များ ဖြစ်နေပေ၏။

သွေးသားရင်းချာတို့၏ သားရေး သမီးရေး အမော၊ အချစ်ရေး အမော၊ အတ္တမာန အမောများမှာ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ထားသလား ထင်ရ၏။

'တစ်ဖြတ်တည်း' ဟူသောစကားမှာ ဤနေရာတွင် အကျုံးဝင်လှ ပေသည်။

ပုံပြင်ပြောဆရာများ၏ သွေးတို့သည် တစ်သွေး



## စကားတတ်လှ မယ်ရှုပ

ရှေးလွန်လေပြီးသောအခါက မြန်မာနိုင်ငံ၏မြောက်ပိုင်းတွင် ရှိသော တောင်တန်းကြီးတစ်ခုပေါ်၌ အလွန်ကြီးကျယ်၍ ခမ်းနားသာယာသည့် ရွှေမြို့တော်ကြီးတစ်ခု ရှိခဲ့ဖူးလေသည်။

ထိုသာယာရွှေပြည်၏ ဘုရင်မင်းမြတ်တွင် သမီးတော်တစ်ပါး ရှိသည်။ အရွယ်၏ကောင်းခြင်း၊ ရုပ်ရည်လှပခြင်း၊ ပညာရှိခြင်းတို့ကြောင့် တိုင်းသူပြည်သားများက ချစ်ခင်မြတ်နိုးကြသည်။ ထိုသမီးတော်၏ အမည်တော်မှာ 'စကားတတ်လှ မယ်ရှုပ' ပေတည်း။

မယ်ရှုပသည် စကားကို ချေချောင်ငံ သာသာယာယာ ပြောတတ်၏။ သို့ရာတွင် သူ့အား မည်သူမျှ နိုင်အောင် မပြောနိုင်ချေ။ သူနှင့် အချေအတင်ပြောသူတိုင်း အရှုံးပေးရသည်ချည်းဖြစ်၏။

မင်းသမီး၏သတင်းသည် အနယ်နယ် အရပ်ရပ်သို့ ပျံ့နှံ့၏။ အတိုင်းတိုင်း အပြည်ပြည်၌ ကျော်ကြား၏။ ပညာရှိများသည် မင်းသမီး၏ အရည်အချင်းကိုစမ်းသပ်ရန် ရောက်လာကြ၏။ စကားစမြည် ပြောကြည့်ပြီးနောက် ချီးမွမ်းကာ ပြန်သွားကြလေ၏။

ဘုရင်မင်းမြတ်သည် သမီးတော်အတွက် လွန်စွာဂုဏ်ယူ၏။

ဂုဏ်ယူရာက မာနတက်လာသည်။ သို့အတွက် အမိန့်တော်တစ်ရပ် ထုတ်ပြန်တော်မူသည်။

"ငါ၏သမီးတော် စကားတတ်လှ မယ်ရူပအား စကားအရာတွင် အနိုင်ရရှိအောင်ပြောနိုင်သူအား သမီးတော်နှင့် လက်ဆက်ထိမ်းမြားကာ တိုင်းပြည်ကို ထက်ဝက်ခွဲပေးမည်၊ သမီးတော်နှင့် စကားပြောရာတွင် ရှုံးသူအား နားတစ်ဖက်ကို သံပူဖြင့်ဖောက်ပြီး ရာဇဒဏ်ခတ်တော်မူမည်"

ထိုသတင်းကိုကြားသောအခါ အတိုင်းတိုင်းအပြည်ပြည်မှ မင်းညီမင်းသား မင်းမြေး အမတ်သား သေဋ္ဌေးသား သူကြွယ်သားတို့ ရောက်လာကြ၏။ မင်းသမီး၏ လှပသောရုပ်ရည်ကို မြင်ရသောအခါ စကားမပြောဘဲ မနေနိုင်ကြချေ။

"သူနှင့် စကားပြောရလျှင်တော်ပါပြီ၊ နားကို အဖောက်ခံရလျှင်လည်း ခံရပါစေ"

ထိုကဲ့သို့သောလူများကလည်း မနည်းချေ။ အချို့ကား စကားအရာတွင် ကျွမ်းကျင်လိမ္မာသူများ ဖြစ်ကြပေ၏။ သို့ရာတွင် စကားတတ်လှ မယ်ရူပကိုကား နိုင်အောင် မပြောနိုင်ဘဲ နားတစ်ဖက် ဒဏ်ရာရလျက် ပြန်သွားကြရလေ၏။

တစ်နေ့တွင် စကားတတ်လှ မယ်ရူပ၏ ခမည်းတော်မင်းကြီး ထုတ်ပြန်သော အမိန့်တော်သည် ဒက္ခိဏာဒီပတိုင်းပြည်သို့ ရောက်သွားလေ၏။

ထိုပြည်၏ ပြည့်ရှင်မင်းတွင် သားတော်ခုနစ်ပါးရှိသည်။

ညီနောင်ခုနစ်ဖော်တို့သည် စကားတတ်လှ မယ်ရူပနှင့် စကားနိုင်လုရန် ခမည်းတော် မယ်တော်တို့ထံ ခွင့်ပန်ပြီးလျှင် တိုင်းပြည်မှ ထွက်ခွာလာကြသည်။ သူတို့သည် တစ်တောဝင် တစ်တောင်တက်လျက် ခရီးနှင်လာကြရာ မယ်ရူပထံရောက်ရေးသာ စိတ်အားသန်နေကြ၏။

အငယ်ဆုံးမင်းသားထွေးကား အလွန်စပ်စုသူဖြစ်၏။ သို့ကြောင့် လမ်းတွင်တွေ့သော လွယ်အိတ်တစ်လုံးကို ကောက်ယူသည်။

"ညီထွေး၊ ရှုပ်အောင်ကွာ ဘာလုပ်ဖို့တုံး"

နောင်တော်ကြီးက မြည်တွန်သည်။

ဒုတိယနောင်တော်ကလည်း "တော်တော်စပ်စုတဲ့ကောင်ပဲကွာ၊ ထားခဲ့စမ်း" ဟု ငေါက်ငမ်းသည်။

အစ်ကိုကြီးတွေ၏ ငေါက်ငမ်းသံ မြည်တွန်သံကိုကြားရသော နောင်တော်ငယ်များကလည်း သံယောင်လိုက်ကာ ဆူပူကြသည်။

ရှုတ်ချသူက ရှုတ်ချ၊ သရော်သူက သရော်ဖြင့်။

"အသုံးတည့်လို တည့်ငြားပေါ့ နောင်ဘုရားတို့ရာ၊ ဒါကလေး သယ်လာရတာ ဘယ်လောက်ပင်ပန်းတာမှတ်လို့"

ချိုချိုသာသာ အကြောင်းပြလျက် မင်းသားထွေးသည် လွယ်အိတ်ကို ဖုတ်ဖက်ခါပြီး ပခုံး၌ ချိတ်လွယ်လာခဲ့လေ၏။

နောက်တစ်နေ့နံနက်တွင် ခရီးဆက်ကြစဉ် လမ်းဘေး၌ ကြက်တစ်ကောင်သေနေသည်ကို တွေ့ကြရသည်။

မင်းသားခြောက်ပါးအနက် မည်သူကမျှ ငုံ့မကြည့်ချေ။ မင်းသားထွေးမူကား ကြက်သေကို ဝမ်းသာအားရကောက်ယူပြီး လွယ်အိတ်ထဲသို့ ထည့်တော့သည်။

"ဟော့ ညီထွေး... ထားခဲ့စမ်းကွာ၊ ကျက်သရေ မရှိတဲ့ အသေကောင်ကို"

နို့ညာနောင်တော်က ငေါက်ငမ်းလျှင် ကျန်နောင်တော်များကပါ "ထားခဲ့၊ ထားခဲ့... ညီထွေးဟာ တယ်လည်း အပြောရခက်ပါကလား" ဝိုင်းဝန်းတားမြစ်ကြသည်။

"နောင်တော်တို့ရာ... နောင်တော်တို့ကို မထိခိုက်ရင် ယူခဲ့ပါရစေ

ဗျာ... အသုံးဝင်လို ဝင်ငြားပေါ့”

“သည် ညီတော်ထွေးနဲ့တော့ ခက်နေပြီဟေ့”

နောင်တော်ကြီးမှ ညည်းတွားသံဖြင့် အလျှော့ပေးသည်။

ညီတော်ထွေးကလည်း ညီတော်ထွေးပင်။ မကြာမီ တစ်စုံတစ်ရာကို ကုန်းကောက်ပြန်သည်။

“ဟေ့ ညီတော်ထွေး၊ လုပ်ပြန်ပြီလား”

နောင်တော်လတ်က ဖျတ်ခနဲ လှည့်ကြည့်ကာ အော်ငေါက်၏။

“နောင်နောင်ကလည်းဗျာ... ညီညီ ဘာလုပ်လို့တုံး”

ထိုသို့ ပြောမည့်သာပြောသည်၊ သူ့လွယ်အိတ်ထဲသို့ ပစ္စည်းအသစ်တစ်မျိုး ရောက်နေပြီ။

ထိုအရာမှာ ကြိုးမျှင်ကလေးတစ်မျှင် ဖြစ်၏။

ညီတော်ထွေးသည် နောင်တော်တွေမြင်သည့်အခါ၌ အချီအချပြောရသည်။ ရိပ်ခနဲသာ မြင်ကြရသည့်အခါများ၌ ဟိုလိုလို သည်လိုလို စကားရော ဖွဲ့ရော လုပ်ပစ်သည်။

ဤသို့ဖြင့် နောက်ထပ်၍ ကောက်ကောက်ကွေးကွေး ဆိတ်ချိုတစ်ချောင်းနှင့် ဖွန်းတစ်ချောင်း၊ ကြိုးကြီးတစ်ပင်တို့ကိုလည်း ကောက်ထည့်ခဲ့ပြန်သေး၏။

မကြာမတင် ကာလမှာပင် ညီတော်နောင်ရင်း ခုနစ်ပါးမင်းတို့သည် စကားတတ်လှ မယ်ရှုပစံရာ ရွှေပြည်တော်ကြီးသို့ ဆိုက်ရောက်သွားကြလေ၏။

ဒက္ခိဏာဒီပအရပ်မှ ပင်ပန်းကြီးစွာရောက်လာသူများဖြစ်ကြောင်းသိရသောအခါ မင်းသမီး၏ရှေ့တော်သို့ အမြန်ဆုံး ဝင်ခွင့်ရ၏။

မင်းသမီးစံမြန်းသောအဆောင်မှာ မင်းသမီးနှင့်မတန်၊ ကျဉ်းမြောင်း၏။ သို့ပါလျက်နှင့် တံခါးတွေ ပိတ်ထားသေး၏။

"တယ်ပြီး ပူလှ အိုက်လှပါကလား၊ ဟူး"

နောင်တော်ကြီး ညည်းတွားမိသည်။

မယ်ရှုပကို စကားပြောခြင်းမဟုတ်။ မြည်တမ်းခြင်းသာဖြစ်သည်။

"မီးက အခု ပူတာ အိုက်တာထက် အဆပေါင်းများစွာ ပိုလို့တောင် ပူပါသေးတယ် အရှင့်သား"

မယ်ရှုပထံမှ ချေပချက် ချက်ချင်းပေါ်လာသည်။ စကားပြောရန် မရည်ရွယ်သေးသဖြင့် ချေပစကားကို နောင်တော်ကြီး မတုံ့ပြန်တတ်။ ဘာပြန်ပြောရပါမတုံး စဉ်းစားနေရသည့်အတွက် ရှုံးသွားလေ၏။ သို့အတွက် မူရင်းအမိန့်တော်နှင့်အညီ ဝဲဘက်နားရွက်ကို သံပူဖြင့် ထိုးဖောက်ခြင်းခံရလေ၏။

နောင်တော်ကြီး၏ ညီတော်ငါးဦးမှာလည်း မထူးခြားချေ။ သူတို့လည်း တောက်တဲ့လှည်းနင်းခံရသလို အိုးတိုးအတဖြစ်ကာ ရှုံးကြသည်။ သူတို့လည်း ဘယ်ဘက်နားရွက်တွေ အဖောက်ခံရသည်။

နောက်ဆုံးလူကား ညီတော်ထွေးပေတည်း။

သူသည် ရှေ့ကနောင်တော်ခြောက်ယောက်ကဲ့သို့ မခံရအောင် စိတ်ကူးဖြင့် ပြင်ဆင်ထားသည်။ နောင်တော်ခြောက်ပါးလုံးသုံးစွဲသွားသော စကားကိုပင် ထပ်မံသုံးစွဲသည်။ မယ်ရှုပထံမှလည်း စကားအသစ် မလာသေး။

"သည်အခန်းထဲမှာထက် မီးက အများကြီး ပိုပူပါသေးတယ်ရှင်"

"ဟုတ်လား၊ သည်လိုဆိုရင်"

ညီတော်ထွေးသည် လွယ်အိတ်ထဲမှ ကြက်သေကို ထုတ်ပြ၏။

"သည်လိုဆိုရင်... မောင်တော့်ကြက်သေကို ကင်ချင်လိုက်တာ"

တော်ရုံတန်ရုံမိန်းမ ပါးစပ်ပိတ်သွားဖွယ်ဖြစ်၏။ သို့ရာတွင် စကားတတ်လှ မယ်ရှုပကား ပြောစရာစကား မရှားပါ။

"အို… ကြက်သေကိုမီးကင်ရင် ကြက်ဆီတွေ ကြမ်းပေါ်ကျပြီး အဖိုးတန်ကော်ဇောတွေ ပျက်စီးကုန်ပါ့မယ်"

"ကြောင့်ကြတော်မမူပါနှင့် အရှင့်သမီးတော်၊ ကြက်ဆီတွေ ယိုကျလာရင် ဟောသည်ဇွန်းနှင့် ခံထားမယ်လေ"

မင်းသမီးပြောသမျှကို မင်းသားက အလိုက်သင့်ဖြစ်အောင် လုပ်တတ်သလောက် မင်းသမီးကလည်း ဆီလို အပေါက်ရှာတတ်ပါ၏။

"ဟင်… ကြက်ဆီကသိပ်ပူတာ၊ ကြက်ဆီပူလွန်းတဲ့အတွက် ဇွန်းကျိုးသွားမှာ သေချာတယ်၊ ဘယ့်နှယ်လုပ်မတုံး"

ညီတော်ထွေးရယ်ဇမ်ာကာ ကြိုးမျှင်ကလေးကိုထုတ်ပြ၏။

"ပူပန်တတ်ရန်ကော အရှင့်သမီးတော်ရယ်၊ ဇွန်းကျိုးတာလောက်များတော့ သည်ကြိုးမျှင်ကလေးနှင့် ဖမ်းချည်ပစ်လိုက်မှာပေါ့"

စကားတတ်လှ မယ်ရူပနှင့် ရင်ဆိုင်ခဲ့ဖူးသော ယောကျာ်းများ အနက် မည်သူမျှ သည်ကဲ့သို့ ရှည်လျားစွာ မပြောနိုင်ကြချေ။ သည်တစ်ယောက်ကား မယ်ရူပကိုပင် စကားမဆက်တတ်အောင် လုပ်နေပြီ။

သို့ကြောင့် မယ်ရူပက စိတ်ဆိုးသံဖြင့်ပြော၏။

"အရှင့်သားဆိုတဲ့စကားတွေဟာ တိုတိုကလေးပဲ၊ စကားစစ်ထိုးလို့ မဖြစ်နိုင်ဘူး"

ညီတော်ထွေးကား အပြုံး မပျက်ပါ။ လွယ်အိတ်ထဲမှကြိုးကြီးကို ဆွဲထုတ်၏။

"မောင်မောင့်စကားတွေ တိုတောင်းတယ်ဟုတ်လား၊ လွယ်ပါတယ် အရှင့်သမီးတော်၊ သည်ကြိုးနှင့်ဆက်တာပေါ့"

သည်အခါတွင်ကား မယ်ရူပ အမှန်ပင် စိတ်ဆိုးလာပြီ။ သလွန်ပေါ်တွင် သေခွေကွပ်ရှပ်စွာ ထိုင်နေရာက ထရပ်၏။

"ရှင်ဟာ… အတော်ကောက်ကျစ်ပါကလား"



# ရသေ့တွေ့သော မြို့

## နွားကျောင်းသားကြီး ဂေါပါလ

ရှေးလွန်လေပြီးသောအခါက မြန်မာပြည်၏ မြောက်ပိုင်းရှိ အလွန်ကြီးမားသော တောကြီးတစ်တောထဲတွင် ဂေါပါလဆိုသော လူတစ်ယောက် ရှိလေသည်။ သူ့အလုပ်မှာ နွားများကို တစ်နေ့ကုန်တစ်နေ့ခန်း စားကျက်ထဲ၌ထိန်းကျောင်းသော နွားကျောင်းအလုပ် ဖြစ်ပေတော့သည်။

သူသည် နေဝင်ခါနီးမှ အိမ်သို့ပြန်ရသဖြင့် တစ်နေ့တာအတွက် စားစရာများ အလုံအလောက် ယူလာလေ့ရှိသည်။ ဂေါပါလ၏နွားများမှာ လေး ငါး ဆယ်ကောင် မဟုတ်ပေ။ ထောင်နှင့်ချီပြီး များပြားသည်။ သို့အတွက် သူ့တွင် လက်အောက်ငယ်သားလက်ထောက်တွေ လေးငါးဆယ် ပါလာသည်။

ထိုလက်ထောက်များတွင်လည်း အစားအစာ အလျှံပယ်ပါလာသည်။ ဂေါပါလသည် သူ့တွင်ပါလာသော အစာများကို တွေ့သမျှလူတိုင်းအား ကျွေးလေ့ရှိသည်။ သူ့အစာကို စားရသူများမှာ တမ္ဗိလ (ပေါင်းအောင်ပု) ပြည်သားများ ဖြစ်ကြသည်။

တစ်နေ့တွင် တမ္ဗိလတစ်ရာခန့် ဂေါပါလထံ စုရုံးရောက်ရှိလာ



ကြသည်။

"ဟော့ ဂေါပါလ... အခု ငါတို့ရှင်ဘုရင် ဗယာဇန္တဝသိရ နတ်ရွာစံတော်မူသွားပြီကွ၊ သိလား"

"စံစံပေါ့ကွာ... ငါနှင့်ဘာဆိုင်တာမှတ်လို့"

"ထီးမွေနန်းမွေ ဆက်ခံမယ့် သားတော်သမီးတော်လည်း မကျန်ခဲ့ဘူး"

"ကျန်ကျန် မကျန်ကျန်၊ ငါ့အလုပ်မဟုတ်ပါဘူး၊ မင်းတို့ဘုရင်ဆိုတော့ မင်းတို့အလုပ်ပဲလေ"

"ဟော့ ဂေါပါလ... ငါတို့ပြည်မှာ ရှင်ဘုရင်လုပ်မလား"

ဂေါပါလ... မမျှော်လင့်သောမေးခွန်း ဖြစ်သည်။

သူ့ထံမှ အဖြေမထွက်မီ တမ္မိလတစ်ဦးထံမှ တောင်းဆိုသံ ထွက်လာ၏။

"ငါတို့ တမ္မိလမှာ ဘုရင်လုပ်ချင်ရင် ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာကတိများပါလိမ့်... မိတ်ဆွေတို့ရာ"

"မင်း ရှင်ဘုရင်ဖြစ်ရင် ငါတို့တစ်တွေကို ထမင်းကောင်းကောင်းဟင်းကောင်းကောင်း နေ့တိုင်း ကျွေးပါ့မယ်ဆိုတဲ့ကတိပေးရင် ဘုရင်ဖြစ်အောင် ငါတို့ ပို့ပေးမယ်"

"ရှင်ဘုရင်ဖြစ်ရင် အခုထက်ပိုပြီး ကျွေးနိုင်တာပေါ့ ငါ့လူတို့ရာ၊ စိတ်ချ"

တမ္မိလများသည် ဝါးလုံးများဖြင့်ရက်လုပ်သော တောင်းကြီးတစ်လုံးထဲသို့ ဂေါပါလကိုအဝင်ခိုင်းကာ သူတို့တိုင်းပြည်သို့ သယ်သွားကြလေသည်။ ခရီးမှာ ဝေးလံသည်။ ဂေါပါလ အိပ်ပျော်သွားသည်။ သူတစ်ရေးနိုးချိန်၌ မိုးစင်စင်လင်းနေပြီ။

"ငါ ဘယ်ရောက်နေပါလိမ့်" စဉ်းစားလျက် ဂေါပါလသည် တင်းတောင်းထဲ၌ ထထိုင်သည်။ ရာဇပလ္လင်၏ တံကဲကို မြင်ရသည်။

ဤအခိုက်တွင် ဆူဆူညံညံအသံများ ကြားရသည်။ လူအချို့က ဂေါပါလပါသောတောင်းကို ရာဇပလ္လင်အောက်သို့ သယ်ချသည်။ တောင်းကို တအံ့တသြ အုံကြည့်နေသူများမှာ တမ္ဗိလရွှေနန်းတော်မှ ဝန်တွေ အမတ်တွေ ဖြစ်၏။

ဂေါပါလထရပ်လျှင် ဝိုင်းဝန်းမေးကြ၏။

"အသင်ဘယ်ကတုံး၊ ဘယ်က ဘယ်လိုလုပ် ရောက်လာတာတုံး"

"ငါ့အား... မိုးပေါ်က သိကြားမင်းကြီးက ရှင်ဘုရင်လုပ်မလား မေးတဲ့အတွက်၊ ငါက လုပ်မယ်ဖြေတာနဲ့ သည်နေရာကို ပို့လိုက်တာပဲ"

ဝန်များ အမတ်များမှာ ယုံရအခက် မယုံရအခက် ဖြစ်နေသည်။ တီးတိုးတိုင်ပင်ကြသည်။ တိုင်းပြည်တွင် ရှင်ဘုရင်ကင်းမဲ့နေချိန်ဖြစ်ရာ အကြိတ်အနယ် မတိုင်ပင်ရဘဲနှင့် ဂေါပါလ ဘုရင်ဖြစ်သွားလေ၏။

ဂေါပါလသည် သူ့ကို ဤနေရာသို့ ဆောင်ပို့ပေးသူများအား နေ့စဉ် နွားတွေသတ်ပြီး ကျွေးမွေးသည်။ လပေါင်းများစွာ ကြာမြင့်လာသည်။ နွားတွေကုန်သွားပြီ။ ကျွေးစရာ ရှာမရတော့ချေ။ ဂေါပါလ ကြိုးစားသော်လည်း ကျွေးစရာမရှိသည့်အတွက် ကတိပျက်ရပြီ။

မည်သို့ဖြစ်စေ... သူ့ကို သည်နေရာသို့ ပို့ပေးသူများက အထင်လွဲသည်။ စိတ်ဆိုးသည်။ သို့ရာတွင် စိတ်ဆိုးဟန်မပြဘဲ ရှိသေစွာ ချဉ်းကပ်လာကြသည်။

"အရှင်မင်းကြီး... သည်တိုင်းပြည်က အစာရေစာ ရှားပါးတယ် ဘုရား"

"ဟုတ်တယ်ကွာ... မင်းတို့ကိုကျွေးဖို့ နွားရှာတာ မရဘူး"

"သည့်တိုင်းပြည်ထက် အစစ အရာရာ ပေါများရုံမက သာလည်း သာယာ ကြီးလည်း ကြီးကျယ်တဲ့ တိုင်းပြည်ကို ရွှေ့ပြီး မင်းလုပ်ပါ ဘုရား၊ ကျွန်တော်မျိုးတို့ ပို့ပေးပါရစေ"

"အေး၊ ကောင်းသကွာ၊ မြန်မြန်ပို့ကြစမ်းပါ"

အထင်လွဲသူများသည် ဂေါပါလကို ရှေးနည်းတူပင် ဝါးတောင်းထဲထည့်သည်။ အလွန်ဝေးလံသောအရပ်ရှိ ကျွန်းကြီးတစ်ကျွန်းပေါ်တွင် ချထားခဲ့ကြသည်။

ယခုအကြိမ်တွင်ကား ဂေါပါလအား မည်သူမျှ လာမမေးပါ။ အဘယ်မှာ မေးပါမည်နည်း။ ကျွန်းပေါ်တွင် လူဟူ၍ တစ်ယောက်မျှ မရှိသောကြောင့်တည်း။

ဂေါပါလသည် မိမိတိုင်းပြည်သို့ပြန်ရန် ကြိုးစား၏။ လှေငယ်တစ်စင်း ပြင်ဆင်လုပ်ဆောင်နေဆဲ၌ ကမ္ဘာဖျက်မိုးကြီး အပြင်းအထန် ရွာလာလေ၏။ မိုးကြီးသည် နေ့ရောညပါ အဆက်မပြတ်ရွာသည်။

ခုနစ်ရက်သာကြာသည်။ ရှိရှိသမျှ အရာအားလုံး ရေလွှမ်းသွားသည်။ တမ္ဗိလပြည်သားများမှာ ရေလွတ်ရာတောင်ပေါ်သို့ တက်ပြေးကြရသည်။ ဂေါပါလခမျာမှာလည်း မိုးဒဏ်မခံနိုင်၍ ကွယ်လွန်သွားကာ ကြီးမားသော ကဏန်းကြီးအဖြစ်သို့ ဘဝပြောင်းသွားရှာလေ၏။

## ဖော်ဂျီမျိုးနှင့် သိကြားမျိုး

ခုနစ်နေ့ ခုနစ်ညရွာသော မိုးကြီးစဲသွားပြီ။ သို့သော် သတ္တလောကကြီးကား ရေပြင်ကြီးအတိ ဖြစ်နေတော့သည်။

လူအချို့မှာ အသက်မသေဘဲ ကျန်ခဲ့ကြသည်။ သို့သော် နေစရာနေရာကလေးမှာ သေးငယ်သည်။ စိုက်ပျိုးလုပ်ကိုင်ရန် နေရာမရှိ။ တစ်နေ့တခြား အခက်အခဲကြီးမားလာစဉ် ဥတ္တရဂါမမှ ရသေ့တစ်ပါး ကြွလာသည်။

"ရှင်ရသေ့... ကျွန်တော် ကျွန်တော်မတို့အား ဤအဖြစ်ဆိုးမှ ကယ်တင်တော်မူပါဘုရား"

ရသေ့၏အမည်တော်မှာ တုံ့ ဖြစ်သည်။

ရသေ့ တုံ့က သစ္စာဆိုသည်။ အဓိဋ္ဌာန်ပြုသည်။

ထို့နောက် သူ့တွင်ပါလာသော တောင်ဝှေးဖြင့် ဆွဲခြစ်လိုက်သည်။ ရေတွေ စီးထွက်သွားသည်။ တဖြည်းဖြည်း မြေတွေ ပေါ်လာသည်။

ထိုနေရာတွင် တမ္ဗိလတို့ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်ကြသော်လည်း ထီးနန်း မစိုက်ထူနိုင်ပါ။ မင်းဆက်ပြတ်ခဲ့ပြီ မဟုတ်သလော။

ထိုအချိန်တွင် ရသေ့ တုံ့ ကြွလာခဲ့ရာ ဥတ္တရဂါမံတိုင်းပြည်၌ ဖဝေါင်မင်း စိုးစံလျက်ရှိ၏။ ထိုမင်းတွင် သားတော်တစ်ထောင်ရှိ၏။ ထိုသားတော်များအနက် လေးပါးမှာ ထူးခြား၏။ အခြားသားတော်များကဲ့သို့ သမီးပျိုများနှင့် ပျော်ပါးရန် မလိုလားပေ။ သေရည်ကို မနှစ်သက်ပေ။ သားကောင်များကို ပစ်ခတ်သတ်ဖြတ်မှုကိုလည်း မနှစ်သက်ပေ။

သို့အတွက် ဘုရင်ဖဝေါင် အမျက်တော်ရှသည်။ ထိုသားတော်လေးပါးအား ထောင်သွင်း အကျဉ်းချထားသည်။ ဘုရင်ဖဝေါင် ဤကဲ့သို့လုပ်ခြင်းသည် ထိုသားတော်လေးပါး၏အကျိုး ဖြစ်နေတော့၏။ သူတို့သည် အခြားသူများနှင့် မတွေ့ထိရဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နေခွင့်ရသည့်အတွက် သမာဓိ ထူထောင်ခွင့်ရရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်နေလေ၏။

သားတော်လေးပါးမှာ အချိန်ကြာမြင့်လာသောအခါ ဈာန် အဘိညာဉ် ရလာကြ၏။ ထိုအဆင့်သို့ရောက်သောအခါ ခမည်းတော်ဘုရင် မဖျက်ဆီးနိုင်တော့ပါ။ ရသေ့ပြုကာ တောထွက်ခွင့် ပြုလိုက်ရလေတော့၏။

ရသေ့လေးပါးသည် အနောက်အရပ်သို့ ကောင်းကင်ခရီးဖြင့်

ချာန်ယာဥ်စီးလျက် လာကြ၏။ စိုင်တိုင်အရပ်သို့အရောက်တွင် ကောင်းကင်မှ ဆင်းသက်လာကြ၏။ ကြီးမားသော စန္ဒကူးနီတောကြီးကို မြင်ရ၍ ဖြစ်ပေသည်။

သူတို့သည် ထိုအရပ်တွင် ကျောင်းဆောက်၏။ ရက္ခစိုးများကလည်း ကူညီကြ၏။ သို့ရာတွင် အားလုံး သီတင်းမသုံးပေ။ အကြီးဆုံးရသေ့သော ဇန္တစိုက်ကဘောင် အမည်ရှိသည့် ထိုကျောင်းတွင် ကျန်ရစ်ခဲ့သည်။

ရသေ့ညီနောင်သုံးဦးတို့သည် အနောက်အရပ်သို့ ဆက်လက်ကြွချီကြ၏။ ရက်အတန်ကြာလျှင် ဗဖအရပ်သို့ ရောက်လာကြ၏။ ကျောင်းသင်္ခမ်းအဖြစ် အသုံးပြုရန် သင့်လျော်သော ဂူတစ်ခုကို တွေ့ကြသဖြင့် ဒုတိယရသေ့ ကျန်ရစ်ခဲ့လေ၏။

နောက်ထပ်ရက်များစွာ မကြာမီ တတိယရသေ့ ကျန်ရစ်ခဲ့ပြန်၏။ သူ သီတင်းသုံးရန် ချန်ရစ်ခဲ့သောနေရာမှာ စန္ဒကူးဖြူတောဖြစ်၏။

သို့အတွက် စတုတ္ထရသေ့မှာ အနောက်အရပ်သို့ တစ်ပါးတည်း ခရီးဆက်ခဲ့ရလေ၏။ သူသည်လည်း လအနည်းငယ် ကြာမြင့်ပြီးနောက် ကျောင်းတည်ရန် နေရာကောင်းကို တွေ့ရှိသွားပြန်၏။ ထိုအရပ်ကား ကျောက်ဖလိ အရပ်ပေတည်း။

ရသေ့ညီနောင် လေးပါးတို့သည် လပြည့်နေ့တိုင်း ဆုံတွေ့လေ့ရှိကြ၏။ သူတို့ ဝမ်းမြောက် ညီညွတ်စွာ တွေ့ဆုံသည့်နေရာမှာ နောင်တော်ကြီးရသေ့၏ ကျောင်းတွင် ဖြစ်ပေ၏။ ထိုကျောင်းတည်ရာအရပ်သည် ရသေ့တို့ကြောင့် မြေနေရာတွေ ပြန်လည်ပေါ်ထွန်းလာသည့် တမ္မိလတိုင်းပြည် ဖြစ်ပေ၏။

ကုန်းမြေပေါ်လာသဖြင့် တောင်ယာပဲခင်း စသည့် စိုက်ပျိုးမြေများ၊ လူနေရန်သင့်လျော်သောမြေများ များစွာဖြစ်ထွန်းလာသော်လည်း

ရေတွေမှာလည်း များပြားစွာ တင်ကျန်နေဆဲ ရှိသေး၏။

ထိုရေထဲတွင် နဂါးတွေ များစွာ နေထိုင်လျက်ရှိ၏။

ရသေ့ညီနောင်လေးပါးသည် မြေကိုသာ သတိထားမိသည်။ နဂါးများကို သတိမမူကြဘဲ ခမည်းတော်ဘုရင်ထံ လှမ်း၍အကြောင်းကြားကြသည်။ ဘုရင်လည်း ဝမ်းပန်းတသာဖြင့် ကွန်ဒိုနီးအား အိမ်ထောင်စုငါးရာ အပ်နှင်းလျက် နယ်ပယ်သစ်တွင် မြို့သစ်တည်ရန် လွှတ်လိုက်လေသည်။

လူသစ်များသည် မြေကြဩကောင်းမွန်သော မြေနေရာသစ်တွင် တက်ကြွပျော်ရွှင်စွာ အိုးအိမ်များ တည်ဆောက်ကြသည်။ လယ်ယာများ တီကျင်း စိုက်ပျိုးကြသည်။ သို့လျှင် အခြေအနေကောင်းဘက်သို့ ဦးတည်နေချိန်ဝယ် ရောဂါဆိုးများ တစ်ခုပြီးတစ်ခု ကျရောက်လာတော့သည်။ ထိုဒေသတွင် ရှိနှင့်ပြီးသော နတ်များ နဂါးများက နှောင့်ယှက်ခြင်း ဖြစ်ပေ၏။

ရောဂါဆိုးများ တစ်နှစ်ပြီး တစ်နှစ် ဆက်တိုက်ကျရောက်လာ၏။

လူများမှာ ဆက်လက် မနေရဲတော့ပါ။ လုပ်ငန်းဆောင်တာများနှင့် အိုးအိမ်များကိုပစ်ကာ လာရင်းအရပ်သို့ ထွက်ပြေးသွားကြလေတော့၏။

လူတို့၏လယ်ယာများနှင့် ကျေးရွာများကို တောဖုံး၏။ တောကြီးသည် တစ်နှစ်ထက်တစ်နှစ် ကြီးမားလာ၏။

တစ်ခုသောနှစ်တွင်ကား ထူးဆန်းသော ဘူးသီးကြီးတစ်လုံး သီး၏။ ဘူးသီးကြီးသည် တဖြည်းဖြည်း ရင့်မှည့်လာ၏။ ထို့နောက် ခြောက်သွေ့ရာက အက်ကွဲလာသည်။ ဘူးသီးခြောက် အအက်အကွဲကြီးထဲမှ ဘူးစေ့တွေ ထွက်လာရမည့်အစား လူတွေ ထွက်လာသည်။

ရှေ့ဆုံးမှထွက်လာသူမှာ မာန်းယွိုင်ဖြစ်သည်။ သူကားခေါင်း

ဆောင်ပေတည်း။

မာန်းယို့ပွင်၏လူများသည် ကန်းတန်၊ ကန်းလက်၊ ပုယ၊ နွန်တုန်နှင့် မန်လုန်း၊ ဖဆော၊ ပက်ကန်၊ ပက်မန် အရပ်များတွင် အစုအသီးသီး ခွဲပြီးနေထိုင်ကြသည်။ ယင်းတို့အနက် အများစုက ဇော်ဂျီဗယတုမ်ကို ကိုးကွယ်ကြ၏။ ကျန်လူများကိုးကွယ်သော အရာမှာ သိကြားဖြစ်ပေ၏။

သူတို့သည် မြို့ရွာတည်ထောင်ကာ စိုက်ပျိုးလုပ်ကိုင်လာကြရာ ခုနစ်နှစ်ကြာသောအခါ ချိန်ဝယ် စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်လာလေ၏။ တစ်နေ့တွင် သိကြားကိုးကွယ်သူများထံသို့ သိကြားမင်း ရောက်လာ၏။

"အရှင်သိကြားမင်း... ဘုရင်တစ်ပါး ရှာပေးပါ"

မာန်းယို့ပွင်က ဘုရင်မလုပ်လိုသောကြောင့် ပြောခြင်းဖြစ်သည်။

"အေး... ရမယ်၊ သို့သော် လူသာမန်တွေလို မွေးဖွားလာသူမဟုတ်တဲ့လူကို ရတဲ့နေ့မှာ မင်းတို့အတွက် မင်းမြှောက်ပေးမယ်"

သိကြားပြန်သွားပြီးမကြာမီ နတ်သမီးတစ်ယောက်နှင့် နတ်သားတစ်ယောက် ရောက်လာသည်။ မာန်းယို့ပွင်၏လူများကို ကူညီသည်။ စီမံကွပ်ကဲဖွယ်များကို ကောင်းစွာ စီမံပေးသည်။

နှစ်အနည်းငယ်အကြာတွင် နတ်သမီးမှ သားလေးတစ်ယောက် ဖွားမြင်လာခဲ့သည်။ အမည်မှာ ဗယမာန်ရဲဖြစ်သည်။ သူသည်ဉာဏ်ပညာထက်မြက်သည်နှင့်အမျှ ခွန်အားဗလလည်း ကြီးမားပေသည်။

မာန်းယို့ပွင်၏လူများသည် ဗယမာန်ရဲအား ချစ်ခင်လေးစားစွာဖြင့် မင်းမြှောက်လိုက်ကြလေ၏။

ဗယမာန်ရဲ မင်းဖြစ်လာသောအခါ တိုင်းပြည်မှာ ပိုမိုစည်ကားကြီးကျယ်လာပြန်ပေ၏။

## ကျင်ကြီးမှဖြစ်သော မင်းသားကလေး

ဗယမာန်ရဲသည် နေစောင်းချိန်တွင် ရွှေမြို့တော်ဘက်သို့ ဦးတည်ကာ ပြန်လာခဲ့၏။ သူသည် တစ်နေ့လုံး တောထဲလှည့်လည်ခဲ့၏။ သူ့လက်ထဲတွင်ကား လေး၊ မြား၊ ဓား၊ လှံနှင့် ထမင်းထုပ်သာပါ၏။ သားကောင် တစ်စုံတစ်ရာ ပါမလာချေ။

သူသည် စိတ်မော လူမောဖြင့် သစ်ပင်တစ်ပင်ခြေရင်း၌ ဝင်ရောက်နားခို၏။ ထိုအခါတွင်မှ ဆာလောင်ရမှန်းသိ၏။ အဆင်ပြေပါသည်။ သူ၏ ထမင်းထုပ်သည် ခြေရာလက်ရာမပျက်ဘဲ သူ့ခါးတွင် တန်းလန်းရှိနေသဖြင့် အဆင်ပြေပေသည်။

သို့ရာတွင် အဆင်မပြေသောအရာတစ်ခု ချက်ချင်းပေါ်လာသည်။ ဗိုက်နာခြင်းဖြစ်သည်။ သည်နေရာ၌ မြေမရှိ၊ သဲမရှိ။ ကျောက်သားကျောက်ပြင်ကြီး ဖြစ်နေသည်။ ဖြစ်နေသော်လည်း ဗယမာန်ရဲ မအောင့်နိုင်ပါ။ လွှယ်မထားနိုင်သောဒုက္ခကို စွန့်ပစ်ပြီးလျှင် သစ်ရွက်ခြောက်များဖြင့် ထူထဲစွာ ဖုံးအုပ်ပစ်ခဲ့လေ၏။

ဝက်ဝံမတစ်ကောင်သည် သစ်ရွက်ခြောက်အောက်မှ ထွက်ပျံ့လာသော အနံ့ကို အဝေးကြီးမှရသည်။ အနံ့ခံကာ အနံ့လာရာသို့ လိုက်လာပြီး လူ့အညစ်အကြေးများကို စားမျိုမိသည်။ မည်သည့်ဝက်ဝံမှ မသိုးမသန့်ကိုမစား။ ယခု စားမိပြီ။ သရီးသရီဖြစ်လာသည်။ ဝက်ဝံမ စူးစမ်းရ လေ့လာရပြီ။

သူ့တွင်ခံစားရသော သရီးသရီမှာ သန္ဓေတည်လက္ခဏာဖြစ်သည်။ သို့ကြောင့် စူးစမ်းရ၊ လေ့လာရခြင်း ဖြစ်သည်။ ဝက်ဝံမ၏ စူးစမ်းမှု လေ့လာမှုမှာ အချည်းနှီးမဖြစ်ပါ။ သူမွေးဖွားသောကလေးမှာ သဘာဝကိုဆန့်ကျင်လျက် လူသားယောကျ်ားကလေးဖြစ်နေပြီး ဖအေ့အမည်ကို မေးသောကြောင့်ဖြစ်၏။

သားကလေးသည် ဖအေနှင့်မခြား အားခွန်ဗလ ကြီးမား၏။

မိခင်ဝက်ဝံမကြီး ပြောပြညွှန်ကြားသည့်အတိုင်း ဖခင် ဗယမာန်ရဲကို လိုက်လံရှာဖွေ၏။ ဗယမာန်ရဲကလည်း ဝမ်းသာအယ်လဲ ကြိုဆိုသည်။ ကွန်ဒိုင်အမည်ဖြင့် မြှောက်စားသည်။ ကွန်ဒိုင်ဟူသည် ဝက်ဝံမင်းသားဟု အဓိပ္ပာယ်ရ၏။

ဝက်ဝံမင်းသားသည် တွေ့လိုသောဖအေနှင့် တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်နေလေ၏။ အချိန်ကြာမြင့်လာသောအခါတွင်ကား နေရာဟောင်းကိုလွမ်းသည်။ အမေ့ကို သတိရသည်။ သို့အတွက် ခမည်းတော်ဘုရင်မင်းမြတ်ကိုခွင့်ပန်ကာ ရွှေနန်းတော်မှ ထွက်ခွာလာခဲ့၏။

တောထဲတောင်ထဲရောက်သောအခါ ဝက်ဝံမင်းသား ပျော်ရွှင်၏။ ချောင်းတွေကိုဖြတ်၊ မြစ်တွေကိုကူး၊ တောတွေကိုတိုးရလျှင် ပိုပြီးပျော်သည်။

တေးချင်းတကြော်ကြော်ဖြင့် လာခဲ့ရာ သုံးရက်မြောက်နေ့တွင် စမ်းချောင်းတစ်ခု၏အဖျား၌ မိန်းမချောကလေးတစ်ယောက်ကို တွေ့သည်။

မိန်းမချောသည် ကွန်ဒိုင်ကို မမြင်ယောင်ဆောင်ကာ တေးတညည်းညည်းဖြင့် ရေချိုးနေ၏။ သူ့အား မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ ကွန်ဒိုင် ခရီးမဆက်နိုင်တော့ပါ။

ထိုမိန်းမချောမှာ လူမဟုတ်ချေ။ လူယောင်ဆောင်နေသော နဂါးမတစ်ကောင်သာဖြစ်၏။

နဂါးမမှာလည်း ကွန်ဒိုင်အား မပယ်လှန်နိုင်ပါ။ ရက်ပေါင်းများစွာ မိုးမမြင် လေမမြင် ပေါင်းသင်းနေထိုင်ကြသည်။

တစ်နေ့တွင်ကား နဂါးမကလေးသည် အစာရှာထွက်ရန် လိုအပ်လာတော့သည်။ ချစ်လင်အပါးမှ မခွာလိုသော်လည်း အစာရှာထွက်မှဖြစ်မည်။

"မောင်မောင်စားဖို့ သစ်သီးတွေ ငါးပုစွန်တွေ သွားရှာချေဦးမယ်

တည်း ဖြစ်နေသည့် သဘောပင်။

ပုံပြင် အမှတ် ၁၄ ကား 'မိုးစက်ကလေးတွေ အောင်ပွဲခံလေပြီ' ဖြစ်ပေသည်။ ပုံပြင်၏ဇာတ်လမ်းမှာ မကြီးကျယ်သော်လည်း အတွေးအခေါ်ကား ကြီးကျယ်၏။ ခမ်းနား၏။ စိတြဂီဝါ ခိုမင်းဇာတ်၊ ရသေ့ကောက်ကို စုပေါင်းအောင်ပွဲခံသော ဝက်များ၏ဇာတ်တို့သည် တစ်မျိုးကောင်း၍ ဤပုံပြင်မှာလည်း သူ့နည်းသူ့ဟန်ဖြင့် တစ်ဖုံ ကောင်းမွန်နေသည်သာ ဖြစ်၏။

တစ်ဦးနှင့်တစ်ဦး ထပ်တူနီးပါး တူညီသောပုံပြင်များ၊ ဆင်တူယိုးမှား တူညီသောပုံပြင်များ၊ အနှစ်သာရ မကွဲပြားသော ပုံပြင်များ များစွာ ရှိနေပါသေးသည်။

သို့ရာတွင် တစ်အူထုံ့ဆင်း ညီနောင်သားချင်းတို့၌ ဤကဲ့သို့သော ပုံပြင်များရှိကြောင်း စာမြည်းအဖြစ်ဖြင့် စုဆောင်းဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။

စာရှုသူတို့သည် သွေးသားရင်းချာတို့၏ ပုံပြင်များမှာ ဤသို့လည်း ရှိကြပါကလားဟု သဘောပေါက်လိမ့်မည်။ ထိုအခါတွင် "လက်စသတ်တော့ ရုပ်ချင်းတူတာဟာ ညီအစ်ကို ဖြစ်နေလို့ကိုး" ဟု တစ်ခါတစ်ရံ တအံ့တသြ ပြောကြရဖူးသည်ကို သတိရကြလိမ့်မည်။

ဤသို့လျှင် 'မြန်မာ့ရိုးရာ သွေးသားရင်းချာ ပုံပြင်များ' စာအုပ်ကို တသီးတခြား ပြုစုခြင်းမှာ ဤနှယ် ခံစားနိုင်ကြစေရန်မျှသာ ဖြစ်ပါကြောင်း။

**ဦးအောင်သိမ်းမြတ်**

❑

နော်၊ သိပ်မကြာဘူး... ခဏလေးပါ"

သည်သို့ မှာထားရရုံဖြင့် နဂါးမမှာ စိတ်မချ။ သို့ကြောင့် သူ့လင်ကို ပိုက်ကွန်ကြီးဖြင့် အုပ်ထားခဲ့သည်။

ဝက်ဝံမင်းသားမှာ ဤသို့လုပ်သည်ကို ခံနေတတ်သူမဟုတ်ရကား ပိုက်တစ်ခုလုံး အစိတ်စိတ် အမြွာမြွာဖြစ်အောင် ဓားဖြင့် ဖောက်ခွဲဖျက်ဆီးပစ်ပြီး ထွက်လာသည်။ သူသည် သူ့မယား၏ ခြေရာကိုခံကာ လိုက်လာသည်။

မယားနဂါးမမှာ လင့်အတွက် အစားအစာများကို ကမ်းပေါ်တွင် ချထားကာ နဂါးအသွင်ဖြင့် လွတ်လပ်အေးဆေးစွာ ရေချိုးနေခိုက်ဖြစ်သည်။ လင်ကို မြင်လိုက်ရချိန်ဝယ် နဂါးအသွင်ယူထားမိသည်ကိုမေ့ပြီး စိုးရိမ်တကြီးအော်၏။

"မောင်မောင်... ဘာပြုလို့ လိုက်လာတာတုံး၊ အို... မောင်မောင်ရယ်၊ တောကောင်တွေနှင့် တွေ့မှဖြင့်"

အသံမှာ သူ့မယား၏အသံ။ မြင်ရသောအရာမှာ နဂါးကြီး။ စမ်းချောင်းကမ်းပါးပေါ်တွင် သစ်သီးများနှင့် ငါးများ ပုစွန်များ။

ထိုအခါတွင် ထိုနဂါးမှာ သူ့မယားဖြစ်ကြောင်း ဝက်ဝံမင်းသား နားလည်လိုက်လေ၏။

နဂါးမမှာ ကိုယ့်အမှားကို သတိပြုမိသည်။ လူ့အသွင်သို့ သူပြောင်းလွဲသော်လည်း အမှားကို ပြင်၍မရ။

"နှမငယ်... မင့်ကို လူထင်ပြီး ပေါင်းသင်းခဲ့မိတယ်၊ လက်စသတ်တော့ မင်းဟာ အဆိပ်ပြင်းတဲ့ မြွေနဂါးပါကလား"

"နှမ... ဘယ်တော့မှ နဂါးအသွင်ကိုမပြောင်းတော့ပါဘူး မောင်မောင်"

နဂါးမက ဝမ်းနည်းစွာ အသနားခံသည်။

"သို့သော်မဲ့ နဂါးဟာ နဂါးပဲကွယ်၊ မောင်တို့အချစ်ကို ရပ်တန့်ကြပါစို့"

"နှမမှာ သားသမီးရှိနေပြီ မောင်မောင်၊ မျက်နှာမြင်ပြီးသည်အထိ သည်းခံပါမောင်မောင်"

ဝက်ဝံမင်းသား၏ အဖြေမှာ ခေါင်းခါခြင်းသာဖြစ်သည်။

"သို့ဖြစ်ရင် ခဏဆိုင်းပါနော်"

"အေး... ခဏဆိုရင်တော့ ဆိုင်းနိုင်ရဲ့"

ထိုတစ်ခဏတွင် နဂါးမသည် သူ့တန်ခိုးဖြင့် ပဋိသန္ဓေ ရင့်မာလာအောင် လုပ်သည်။ သန္ဓေကို မွေးဖွားသည်။ ယောကျ်ားကလေး။

"နဂါးပြည်ကို သည်သားကလေးကို ခေါ်သွားလို့မရတဲ့အတွက် မောင်မောင်ပဲ ခေါ်သွားပါတော့"

"ကလေးက ငယ်လွန်းတယ်ကွယ်၊ ဘယ်လိုလုပ်ပြီး နို့တိုက်မတုံး"

"မစိုးရိမ်နှင့် မောင်မောင်၊ မဲနိုင်ရွက်ထဲမှာ နို့ညှစ်ပြီး ထည့်ပေးထားမယ်၊ ကလေးနို့ဆာရင်... လာ လာပြီး ယူပေါ့"

ဤသို့ဖြင့် ဝက်ဝံမင်းသား ကွန်ဒိုင်သည် သားငယ်နီတာထွေးကို ယူဆောင်ခွဲခွာခဲ့လေ၏။ ထိုသားကလေး ကြီးပြင်းလာသောအခါ ဝက်ဝံမင်းသားသည် အမျိုးကို ထိမ်ချန်မထားပေ။ အဘွား ဝက်ဝံမ၊ အမေ နဂါးမဖြစ်သည်ဟု ဖွင့်ပြောပြ၏။

သို့အတွက် သားတော်ကလေးသည် မိခင်နဂါးမထံ သွားရောက်လည်ပတ်ရာ ဘိုးအေ နဂါးကြီးကိုပါ တွေ့ရသည်။

ဆွေမျိုးနဂါးများက သားတော်ကလေးအား ချစ်ခင်ကြပါ၏။ ချစ်ခင်သော်လည်း မျိုးမတူ ဇာတ်ခြားသဖြင့် ကြာရှည်စွာ မနေနိုင်။ ဖခင်ရှိရာ လူ့ရပ်ဌာန်သို့ ပြန်လာခဲ့၏။ သူအပြန်တွင် ဘိုးအေနဂါးကြီးက ကြေးအိုးတစ်လုံး လက်ဆောင်ပေး၏။

"ငါ့မြေးမှာ အခက်အခဲတွေ့ရင် ဖြေရှင်းဖို့"

သားတော်ကလေးသည် လူ့ရွာသို့ ပြန်လာခဲ့၏။ သူရဲကောင်းမျိုး

ဖြစ်သဖြင့် လမ်းရှာ မနေပေ။ တောကြီးကို တိုးပြီးလာသည်။

တောကြီးကား ရှေ့တိုးလေလေ ထူထပ်လေလေ ဖြစ်ရုံမက နောက်ဆုံးတွင် ဆူးတောအလယ်သို့ ရောက်သွားတော့သည်။

သားတော်ကလေးမှာ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ဖြစ်လာသဖြင့် ကြေးအိုးဖြင့်ယမ်းလိုက်ရာ တောကြီးပျောက်ပြီး မြို့တစ်မြို့ ပေါ်လာလေ၏။

ပေါ်လာသောမြို့မှာ သာယာလှပသည်။ ကြီးကျယ်စည်ကားသည်။ မိုင်ဝိုင်းမြို့ဟု ခေါ်တွင်သည်။

## လှံပျံရှင်ဘုရင် လုန်ဂေါ်

ဝက်ဝံမင်းသား၏ခမည်းတော် ဗယမာန်ရဲ၏ မိဖုရားမှာ လပုန်မင်း၏ သမီးတော်ဖြစ်သည်။ ထိုမိဖုရားမှာ ခွန်ကောင်အမည်ရှိ သားတော်တစ်ပါးနှင့် ခွန်လန်အမည်ရှိ သားတော်တစ်ပါး မွေးဖွားလေသည်။

ထိုအချိန်တွင် ဇင်းမယ်တိုင်းပြည်မှာ ဘုရင်ကင်းမဲ့နေသည်။ တိုင်းသူ ပြည်သားတို့ ကိုးကွယ်သော ရသေ့နှစ်ပါးရှိသည်။ သူတို့က မင်းမဲ့တိုင်းပြည်အဖြစ် ကြာရှည်နေမည်ကို စိုးရိမ်ကြသည်။ သင့်လျော်မည့်သူကို ရှာဖွေသောအခါ နာနင်သာမ ဒေဝီကို တွေ့ကြရ၏။

နာနင်သာမဒေဝီသည် မုနိန်အရဝေါင် ဘုရင်၏ သမီးတော်ဖြစ်၏။ ထိုမင်းသမီး၏လင်မှာ သုဗြဟ္မရာဇာဖြစ်ရာ မယားနှင့်သားကိုပစ်ပြီး တောထွက်ရဟန်းပြုသွားသဖြင့် သားနှစ်ယောက်နှင့် ကျန်ခဲ့ရှာ၏။ သူ၏သားတော်များမှာ မဟာနန္ဒရာဇနှင့် နန္ဒရာဇာ ဖြစ်ပေ၏။

ရသေ့နှစ်ပါးသည် နာနင်သာမ ဒေဝီထံသို့ ကြွရောက်လာကြပြီး ဇင်းမယ်နိုင်ငံသို့ လာရောက်စိုးစံရန် အမိန့်ရှိကြ၏။ မင်းသမီးက မိန်းမသား ဖြစ်သဖြင့် မလုပ်လိုကြောင်း အကြောင်းပြ ငြင်းဆန်၏။ ရသေ့

များက "လုပ်သာလုပ်ပါ၊ အခက်အခဲဟူသ၍ ဖြေရှင်းပေးမည်" ကတိခံကြသဖြင့် သဘောတူ လက်ခံလိုက်သည်။

ဇင်းမယ်ဘုရင်မ နာနင်သာမ ဒေဝီသည် တစ်ခုသော ဆောင်းရာသီတွင် နန်းမတော်ခါးဝဌ် နေစာလှုံနေစဉ် ကျီးကန်းတစ်ကောင်ရောက်လာကာ နှုတ်သီးဖြင့် ထိုးဆိတ်သွားလေသည်။ ဘုရင်မမှာ သတိရှိသဖြင့် အနာတရ မဖြစ်။

သို့ရာတွင် အကြောင်းခြင်းတကို သိလိုသဖြင့် ပညာရှိများအား ပင့်ခေါ်မေးမြန်းသည်။

"မှန်လှပါ အရှင်သခင်မကြီးဘုရား... ကျီးကန်းဟာ ကျီးကန်းမဟုတ်မူ၍ သမ္မာဒေဝနတ် ဖြစ်ကြောင်းပါဘုရား၊ အရှင် သခင်မ ဘုရား နေစာလှုံသည့် နေရာအောက် မြေကြီးထဲတွင် မြတ်စွာဘုရား၏ သရီရဓာတ်တော်မြတ်များ ကိန်းအောင်းနေတဲ့အတွက် ဖြစ်ကြောင်းပါဘုရား"

ဤတင်လျှောက်ချက်ကို ပညာရှိတစ်ဦးက ထပ်မံ ဖြည့်စွက်၏။

"သို့ရာတွင် သရီရ ဓာတ်တော်မြတ်များကို အလွန်ဆိုးသွမ်းတဲ့နတ်က စောင့်ကြပ်နေကြောင်းပါ၊ သူ့အမည် စိုင်ယောင်ခေါ်ကြောင်းပါဘုရား"

ထိုအခါ ဘုရင်မကြီးက ဤသို့မိန့်တော်မူ၏။

"ယင်းသို့ဖြစ်က သင့်လျော်သောသူကို ရှာဖွေကာ ဖော်ထုတ်စေမောင်မင်းများ"

အမတ်များသည် သင့်လျော်သောသူကို ရှာဖွေကြရာ အစွမ်းထက်သော မှော်ဆရာတစ်ဦးကို တွေ့ကြရ၏။ မှော်ဆရာသည် မင်းမိန့်ဖြစ်၍ လိုက်လာရသော်လည်း ထိုအလုပ်ကို မလုပ်လိုချေ။

"အစောင့်နတ်ဟာ အလွန်ကြမ်းတမ်းပါတယ်ဘုရား၊ သို့ရာတွင် သာသနာတော်အရေးမို့ အသက်ပေးပြီး ဆောင်ရွက်ပါမယ်ဘုရား"

မော်ဆရာသည် ဓာတ်တော်မွေတော်များ တူးဖော်ရေးကို မဆောင်ရွက်သေးပေ။ နတ်ရေစင်များကို ဦးစွာစီရင်ပြီး အမတ်များအား ပေးအပ်၏။

"အမတ်မင်းတို့၊ ဓာတ်တော် မွေတော်များကို ကျွန်တော် တူးဖော်တဲ့အခါ အစောင့်နတ်မိစ္ဆာက ရန်ရှာပါလိမ့်မယ်၊ ကျွန်တော်လဲကျသွားတိုင်း ဟောသည့် နတ်ရေစင်နှင့် ဖျန်းပေးတော်မူကြပါ"

မော်ဆရာသည် မှာကြားပြီးနောက် တပည့်လက်သားများကို ကွပ်ကဲဦးဆောင်လျက် မြေပြင်ကိုတူးသည်။ ကျောက်သေတ္တာကြီးကို တွေ့သဖြင့် ဆွဲဖွင့်နေစဉ်မှာပင် မော်ဆရာ ခေါင်းပြတ်လျက် လဲကျသွားသည်။

အမတ်များက မော်ဆရာကို ပွေ့ထူကြသည်။ ခေါင်းကိုပြန်တော့ကာ နတ်ရေစင်ဖြင့် တောက်ပေးလိုက်သည်။ မော်ဆရာပြန်လည်အသက်ဝင်လာကာ ဆက်လက်ဖွင့်သည်။ ကျောက်သေတ္တာထဲမှ သံသေတ္တာ ကို မြေပြင်ပေါ်သို့ သယ်ထုတ်လာကြသည်။ ကျောက်သေတ္တာထဲ၌ သံစေတီကို တွေ့ရသည်။ သံစေတီကို မလိုက်သောအခါ ကြေးစေတီပေါ်လာသည်။

ထို့နောက် ငွေစေတီကို လက်နှင့်ပင့်၍ မလိုက်ရာတွင် မော်ဆရာ လဲသွားပြန်သည် အမတ်များလည်း ယခင်နည်းအတိုင်း အလျင်အမြန်ဆောင်ရွက်သည်။

မော်ဆရာလည်း ဆက်လက်ပြီး တာဝန်ထမ်းဆောင်ရာ ရွှေစေတီအောက်၌ နဝရတ်စေတီကို တွေ့ရသည်။ နဝရတ်စေတီကို ဖယ်လိုက်သောအခါ သရီရဓာတ်တော်များ ရောင်ခြည်တော်ခြောက်ဆိုင်ကွန့်မြူးလျက် ဖူးတွေ့ကြရ၏။

မိစ္ဆာနတ် ဆုတ်ခွာသွားသင့်၏။ မသွားပါ။ ရေစင်ခွက်ကို ခြေဖြင့်ကန်ပစ်သည်။ ဓာတ်တော်များထံ အာရုံရောက်နေကြသဖြင့် နတ်ရေစင်ခွက် မှောက်သွားတော့သည်။

ထိုအခါတွင်မှ နတ်ယုတ်သည် နောက်ဆုံးအကြိမ်အဖြစ် လက်စားချေရာ နတ်ရေစင် မရှိတော့သဖြင့် မှော်ဆရာမှာ အသက်ဆုံးရှုံးရလေ၏။

လူအများမှာ မှော်ဆရာအတွက် စိတ်မကောင်းကြပါ။ သရီရဓာတ်တော်များကို ရရှိကိုးကွယ်နိုင်သဖြင့် ဝမ်းမသာဘဲလည်း မနေနိုင်ပါ။ ဝမ်းနည်းဝမ်းသာဖြင့် စေတီတည်ကာ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဌာပနာကြ၏။ မှော်ဆရာ၏ သားသမီးများကိုလည်း ချီးမြှင့်မြှောက်စားကြ၏။

စေတီတော်ကြီး ပြီးစီးသွားပြီ။ နိုင်ငံတော်ကြီးမှာလည်း မကြုံဖူးအောင် စည်ကားတိုးတက်လာ၏။ ကုန်စည်ရောင်းဝယ် ဝင်ထွက်သွားလာသူများနှင့် စည်ကားလွန်းလှသည်။ ဘုရင်မ၏ ဘုန်းဂုဏ်သတင်းမှာ ထက်အောက် ညာကြေ ပျံ့နှံ့ထင်ရှားသည်။

တစ်ခုသော ညီလာခံကျင်းပနေစဉ် ဘုရင်မ၏ ရာဇပလ္လင်ရှေ့သို့ လုံပျံတစ်စင်း ရောက်လာသည်။

လုံဖျား၌ စာဆွဲထားသည်။

"ကျွန်ုပ် ဝဘုရင် လုန်ဂေါ် အကြောင်းကြားလိုက်သည်၊ ဇင်းမယ် ဘုရင်မကြီး နာနင်သာမ ဒေဝီ... ကျွန်ုပ်သည် သင်မိဖုရားကြီးနှင့် လက်ဆက်ခြင်းဖြင့် နှစ်ပြည်ထောင် ညီညွတ်အေးချမ်းစေလိုသည်၊ သို့အတွက် လက်ဆောင်တော်များနှင့် တမန်ရှေ့လုံကို ရာဇသံစေလိုက်သည်"

လူမပါဘဲ လုံကိုချည်း ပစ်လွှတ်နိုင်သူအား နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ပမာမခန့် မလုပ်ရဲပါ။

သို့အတွက် ဘုရင်မကြီးသည် တမန်ရှေ့လုံအား ကောင်းမွန်စွာ စကားပြောရ၏။

"အသင်တမန်တော်၊ ပြန်စာရှေ့ပေးနှင့် လက်ဆောင်တော်တွေ စီစဉ်ချင်သေးတဲ့အတွက် ရက်အနည်းငယ်ဆိုင်းငံ့ပြီး သံတဲမှာ နေပါဦး"

အမတ်များသည် သံတမန်များ တည်းခိုနေထိုင်လေ့ရှိသော သံတဲသို့ တမန်ရွှေလှံကို သယ်ပိုးသွားကြ၏။ ရွှေသလွန်ပေါ်၌ ကောင်းမွန်စွာ တင်ထား၏။

ထိုအတောအတွင်း၌ ဘုရင်မကြီးသည် အတွင်းခံထဘီမှ ချည်မျှင်များကို တစ်မျှင်စီဆွဲထုတ်သည်။ ချည်မျှင်များကို လျှော်ဖွပ်ပြီးနောက် ခေါင်းစွပ်အဖြစ် ရက်လုပ်သည်။

ခေါင်းစွပ်ပြီးစီးသောအခါ အခြားလက်ဆောင်များနှင့် ခေါင်းစွပ်ကို ရွှေပေနှင့်အတူ တမန်ရွှေလှံတွင် ချိတ်ဆွဲပေးလိုက်လေ၏။

ဘုရင်မင်းတရားကြီး လုန်ဂေါ်သည် ရွှေလှံသယ်ဆောင်လာသော ပြန်ကြားစာပေလွှာကို ဖတ်ရသောအခါ အလွန် ရွှင်လန်းဝမ်းသာ၏။

"လေးမြတ်စွာ ကြားရောက်လိုက်သည် အကြည်တော် လုန်ဂေါ် ဘုရင်မင်းမြတ်... ကျွန်ုပ်အား လက်ဆက်လိုကြောင်းသိရသဖြင့် များစွာဝမ်းသာပါသည်။ သို့ရာတွင် ကျွန်ုပ်၏ သားတော်နှစ်ပါးမှာ ငယ်ရွယ်သေးသဖြင့် ထိုကလေးတွေ အရွယ်ရောက်အောင် စောင့်ဆိုင်းပါရန် မေတ္တာရပ်ခံပါသည်၊ ဤစာနှင့်အတူ အထူးထူး အပြားပြားသော မိတ်သဟာ လက်ဆောင်တော်များသာမက အရှင်မင်းကြီး ချမ်းစီးသောကာလတွင် ခေါင်းကိုစွပ်၍ ဖုံးအုပ်နိုင်ရန် အထူးလက်ဆောင်တော် စီမံပေးပို့လိုက်ပါသည် အကြည်တော် လုန်ဂေါ် ဘုရင်မင်းမြတ်"

ဘုရင်လုန်ဂေါ်သည် သဝဏ်လွှာကိုဖတ်ရသောအခါ အလွန်ကျေနပ်၏။ မိမိပြည်ထက် များစွာကြီးကျယ်သော တိုင်းပြည်မှ ဘုရင်မက လက်ဆောင်တော် ဆက်သလိုက်ပြန်သောအခါ ရွှင်လန်းစွာ ဂုဏ်ယူ၏။ ဂုဏ်ယူသည့်အလျောက် မချမ်း မအေးပါဘဲလျက် ခေါင်းစွပ်ကြီးကို စွပ်၏။

"တိုင်းကြီးပြည်ကြီး သခင် ဘုရင်မရဲ့ အချစ် လက်ဆောင်ပါ

တကား”

ယုတ်နိမ့်သောနေရာမှလာသော ချည်မျှင်များဖြင့် ရက်လုပ်ထားသော ခေါင်းစွပ်သည် ဘုရင်လုန်ဂေါ်၏ တန်ခိုးအာနိသင်များ၊ ဘုန်းကျက်သရေများကို ဖျက်ဆီးပစ်၏။ နှိမ့်ချပစ်၏။

ဘုရင်မကြီးသည် ရှေးအခါကမူ ဘုရင်လုန်ဂေါ်ကို အမှတ်မဲ့ နေခဲ့၏။ ယခုအခါတွင် အမှတ်မဲ့ မနေရဲတော့ပါ။ ထိုဘုရင်၏ နန်းတော်သို့ မိမိလူများကို အကြောင်းအမျိုးမျိုးပြလျက် စေလွှတ်ရ၏။ အချို့သည် အထင်အရှားဖြစ်၍ အချို့မူ လျှို့လျှို့ဝှက်ဝှက် နေထိုင်စုံစမ်းကြ၏ ။

ဘုရင်မကြီး၏ သားတော်များဖြစ်သော မဟာနန္ဒရာဇနှင့် နန္ဒရာဇာတို့လည်း ဓား၊ လှံ၊ လေး၊ မြား၊ ကာ၊ လွှား စသည့်လက်နက်များကို လျှို့ဝှက်စွာ ပြင်ဆင်ကြ၏။ စစ်တိုက်ရန် ကျစ်လျစ်စွာ အားမွေး၏။

ဘုရင်လုန်ဂေါ်ထံသို့ အကြောင်းပြန်ကြားလိုက်ချိန်မှစ၍ တစ်နှစ်ပြည့်ချိန်ဝယ် ဘုရင်မသားတော်များ အသင့်ဖြစ်ပြီ။

စေလွှတ်ထားသော သူလျှိုများထံမှ သတင်းကောင်းရရှိ၏။ သတင်းကောင်းမှာ “ဘုရင်လုန်ဂေါ်၏ ဘုန်းတန်ခိုးများ ကွယ်သွားပြီ၊ လှံပျံလည်း သူ့အလိုလို မသွားတော့” ဟူ၍ပေတည်း။

သို့ဖြစ်သဖြင့် ဘုရင်မကြီး၏ သားတော်နှစ်ပါးသည် အလုံးအရင်း ကြီးစွာဖြင့် ချီတက်သွားကြပြန်သည်။ ဘုရင်လုန်ဂေါ်၏ ပိုင်နက်နယ်မြေများကို လျင်မြန်စွာ သိမ်းပိုက်သည်။

ဘုရင့်ဘုန်းတန်ခိုးကို အားကိုးနေခဲ့ပြီး ကိုယ့်စွမ်းကိုယ်စကို မေ့လျော့နေခဲ့သော တိုင်းသူပြည်သားများမှာ စစ်ရေး ရှုံးနိမ့်လေတော့သည်။

ဤသို့ဖြင့် ဘုရင်လုန်ဂေါ် ထွက်ပြေးရသည်။

သူ့တိုင်းပြည်လည်း နာနင်သာမဒေဝီ၏ လက်အောက်သို့ ကျ

ရောက်သွားလေတော့၏။

## ဗယမာန်ရဲ မင်းနေပြည်

ဗယမာန်ရဲသည် တစ်ကိုယ်တော်တည်း တောကစားထွက်လာသည်။ သူ့အတွက် ထုံးလိုခြေ ရေလိုနှောက်နိုင်သောနေရာဖြစ်သည်။ မျက်စိမှိတ်ပြီး သွားဦးတော့ လမ်းမမှား။ သို့ပါလျက်နှင့် ဗယမာန်ရဲ လမ်းမှားသည်။

လမ်းမှားခြင်းမှာ နတ်တို့ လှည့်စား၍ဖြစ်သည်။ နတ်တို့က ဤအရပ် ဤဒေသ၌ ဗုဒ္ဓသာသနာတော် ထွန်းကားပွင့်လင်းစေချင်သည်။ ထွန်းကားပွင့်လင်းစေရန်မှာ ဗယမာန်ရဲလို သတ္တိ ဇွတ္တိ နှစ်ဌာနစွမ်းသူ ရောက်လာမှ ဖြစ်မည်။

သို့အတွက် မျက်စိလည်အောင် လုပ်ခြင်းဖြစ်သည်။

ဗယမာန်ရဲမှာ နောက်ကြောင်း ပြန်လှည့်ရမလိုလို၊ ညာဘက် ချိုးရမလိုလိုဖြစ်နေစဉ် ရွှေသမင်ကိုမြင်၏။ ဗယမာန်ရဲ လုံ့ဖြင့်လှမ်းပစ်၏။ ပွတ်ကာ သီကာ လွဲသွား၏။

သို့ကြောင့် ကြိတ်မနိုင် ခဲမရ ဖြစ်ကာ အစွမ်းကုန် ပြေးလိုက်လေ၏။ ရွှေသမင်လည်း တစ်ဟုန်ထိုး ထွက်ပြေးပျောက်ကွယ်သွားလေ၏။

ဗယမာန်ရဲသည် ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်ပြီး အမောဖြေ၏။ သူ့မြင်ကွင်းထဲတွင် ကြီးမားကျယ်ပြန့်သော လွင်ပြင်ကြီး။ စမ်းချောင်းကလေးတွေ ဝိုက်ခွေ ရစ်လည်နေသည်။ တောသား တောကောင် တောကျေး တောငှက်များ ဆော့ကစား ပြေးလွှား တွန်ကြော်နေကြသည်။ တောပန်း တောင်ပန်းများအလယ်တွင် ပိတုန်းများနှင့် လိပ်ပြာရောင်စုံတို့ မြူးထူးနေကြသည်။

ရွှေမြို့တော်ကြီး တည်ထောင်နန်းစိုက်ဖို့ ကောင်းတဲ့ မြေနေရာ

ခွန်လန်သည် နောင်တော်စစ်နားထားသည်ကို သဘောမကျချေ။ စစ်မြေပြင်သို့ မယားကိုခေါ်လာရပါမည်လားဟု အပြစ်တင်သည်။ ညီအစ်ကိုစကားများသောအခါ ရန်သူဝမ်းသာသည်။ ညီနောင်နှစ်ပါး၏ အင်အားကို ရန်သူမခံနိုင်။ သည်ညီနောင် စိတ်ဝမ်းကွဲသောအခါ ငယ်သားများလည်း မညီညွတ်တော့ချေ။

ဗယမာန်ရဲသည် မညီညွတ်ခြင်း ကပ်ရောဂါဆိုးကို ပြန့်ပွားခွင့် ကူးစက်ခွင့် မပြုနိုင်ပါ။

သားတော်နှစ်ပါးကို ရွှေမြို့တော်သို့ ပြန်ခေါ်လိုက်သည်။ စစ်တပ်ထက် ပိုမိုထိရောက်သော သူလျှိုနှစ်ယောက်ကို ဝဘုရင် မောင်ယို့ုင်ထံသို့ စေလွှတ်လိုက်လေတော့၏။

ဝဘုရင် မောင်ယို့ုင်ထံ အခစားဝင်လာသော မာန်ကုမ်နှင့် မာန်ကျိန်တို့မှာလည်း ဝများသာ ဖြစ်သည်။

သူတို့သည် ဗယမာန်ရဲ မကောင်းကြောင်း များစွာပြောသည်။ ဗယမာန်ရဲ မတရားနှိပ်စက်သဖြင့် ထွက်ပြေးလာရကြောင်း၊ ဝဘုရင် မောင်ယို့ုင်၏ ထံတော်ပါး၌ ခစားထမ်းရွက်လိုပါကြောင်း လျှောက်ထားကြသည်။

ဘုရင်မောင်ယို့ုင်သည် မာန်ကျိန်နှင့် မာန်ကုန်တို့အား အပါးတော်တွင်ထားသည်။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပြုသည်။ ထိုသို့ဖြင့် ဘုရင်မောင်ယို့ုင်ပြောသမျှသည် ဗယမာန်ရဲထံ ချက်ချင်း ရောက်သွားသည်။

ဗယမာန်ရဲသည် ရသောသတင်းများကို အခြေပြုတည်ပြီး အသင့်ပြင်ဆင်ထားနှင့်သည်။

သုံးနှစ်ခန့်ကြာသောအခါ ဘုရင်မောင်ယို့ုင်၏ တိုင်းပြည်တစ်ခုလုံးကို နိုင်နိုင်သောအခြေအနေ ရှိနေပြီ။ သူလျှိုနှစ်ယောက်ထံမှ အခွင့်သာပြီဆိုသည့်သတင်း ရလျှင်ရချင်း မောင်ယို့ုင်၏တိုင်းပြည်ကို တရ

ကြမ်း ချီတက်တိုက်ခိုက်တော့သည်။

ဘုရင်မောင်ယ္ပိုင်မှာ စစ်တိုက်ရာတွင်ပါ သူလျှိုနှစ်ယောက်ကို လက်သုံးထားမိသည်။ သူလျှိုတွေက ဗယမာန်ရဲအကြောင်းကို အဆများစွာ ချဲ့ကားပြီး သတင်းလွှင့်သည်။ ဝစစ်သည်တွေမှာ မတိုက်ရမီက စစ်ရှုံးသောစိတ် ကိန်းအောင်းနေခဲ့ပြီ။ ဝဘုရင် မောင်ယ္ပိုင်မှာ စစ်ရှုံး၍ ထွက်ပြေးရာတွင်ပင် သူလျှိုနှစ်ယောက်အား ချန်မထားနိုင်ခဲ့ပေ။ ထိုအခါ အခြံအရံ အနည်းငယ်ဖြင့်သာ ပြေးပါသည်။ ဗယမာန်ရဲ၏လက်ထဲသို့ သုံ့ပန်းအဖြစ် ကျရောက်သွားလေ၏။

ဗယမာန်ရဲသည် သူလျှိုဖြင့်လုပ်ကြံရသည့် အရသာကို ကောင်းစွာ သိသွားပြီ။

သို့အတွက် ဒွိုင်ဒုန်နယ်သား ဝတစ်ယောက်ကို ဇင်းမယ်သို့ လွှတ်ပြန်သည်။ ထိုသူလျှို ဝ၏အမည်မှာ မာန်ဖဖြစ်ပေသည်။

ထိုအချိန်တွင် ဘုရင်မကြီး နာနင်သာမဒေဝီ နတ်ရွာစံခဲ့ပြီ။ မြေးတော်များ အုပ်စိုးနေပြီ။

ဇင်းမယ်ဘုရင်သည် မာန်ဖကို အလွန်ယုံကြည်သည်။ လက်ရုံးတစ်ဆူ အရာ၌ ထားသည်။

မာန်ဖကလည်း ဘုရင်ကြိုက်သမျှ အကုန်ဆောင်ရွက်ပြီး မကောင်းဟူသရွေ့ကို ဘုရင့်အမိန့်ဖြင့် ကျူးလွန်သည်။

ဇင်းမယ်ပြည်သူပြည်သားတွေက ဘုရင်ကိုအထင်လွဲသည်။ တစ်နေ့တခြား မုန်းတီးလာကြသည်။ သည်ဘုရင်မရှိမှ အေးမှာပါဟူသောအတွေး ပြည်သူ့ရင်၌ ပြည့်လျှံလာချိန်သည် ရန်သူဗယမာန်ရဲ၏ စစ်တပ်ကြီး ရောက်လာချိန်ဖြစ်သည်။

ဗယမာန်ရဲ၏တပ်များကို ဇင်းမယ်ဘုရင် မနင်ထုတ်နိုင်။ ညီတော်၏ တပ်များရှိရာအထိ ဆုတ်ခွာခဲ့ရသည်။

ညီတော်မှာ ဗယမောင်ကိန်ဂွမ်တိုင် ဖြစ်ပေသည်။

သို့ရာတွင် ဗယမာန်ရဲ၏တပ်များကို နှစ်ဦးပေါင်းအင်အားဖြင့်လည်း မတွန်းလှန်နိုင်ချေ။

ဤသို့ဖြင့် နာနင်သာမဒေဝီမင်းဆက်သည် ဇင်းမယ်၌ ဇာတ်သိမ်းခဲ့လေ၏။

ဗယမာန်ရဲသည် ထီးပြိုင်နန်းပြိုင်များကို ဖယ်ရှားပြီးနောက်တွင် နန်းတော်ဆောက်ရန်စီစဉ်သည်။ သူ့သဘောကျသောနေရာမှာ ရွှေသမင်လိုက်ရင်း သူတွေ့ခဲ့သည့် လွင်ပြင်ဖြစ်သည်။

ဟူးရား ပညာတတ်တို့ကမူ မာန်ယွိုင် (မောင်ယွိုင်) ၏နန်းတော်ဟောင်းရှိခဲ့ဖူးသည့် ကန်ကျောက်အရပ်သာ အကောင်းဆုံးဟု အဟောထွက်သည်။

နက္ခတ်ပညာရှင်များကလည်း သားတော်အစဉ် မြေးတော်အဆက်ငါးဆက်အထိ ဘုန်းမီးနေလ တောက်လိမ့်မည်ဟု ဟောကိန်းထုတ်သည်။

"မောင်မင်းများ... မင်းဆက်ငါးဆက်ဟာ လွန်ရောကျွံရော နှစ်ရာ့ငါးဆယ် သုံးရာပဲ ကြာရှည်မှာပါကလား"

လုံ့လကြီးစွာ ပြုစုပျိုးထောင်ပြီး ခက်ခဲစွာတည်ဆောက်ရသောမင်းဆက်တစ်ဆက်သည် ဤမျှသာ တည်တံ့မည်ဆိုခြင်းကို ဗယမာန်ရဲသဘောမကျပါ။ ထိုအခါ ဗေဒင်ပညာရှင်က တင်လျှောက်၏။

"ရွှေမြို့တော်ကြီး ကြီးကျယ်စည်ကားစေချင်ရင် မြို့စောင့်နဂါးမကို ခမ်းနားကြီးကျယ်စွာ ပသပါဘုရား၊ မြို့သက် နန်းဆက်ရှည်မြင့်ရေးအတွက်ကတော့ ရသေ့တစ်ပါးကိုပင့်ပြီး နန်းအပ်ပါဘုရား"

ဗယမာန်ရဲ ထိတ်လန့်သွား၏။

"အလို ဘာကြောင့် ရသေ့ကို နန်းအပ်ရမှာတုံး" ဟုမေး၏။

"သည်နေရာကို စတင်တွေ့သူဟာ ရသေ့ဖြစ်လို့ပါပဲ အရှင်မင်း

ကြီး၊ အမှန်တကယ် စီရင်အုပ်ချုပ်ရမှာက အရှင်မင်းကြီးဖြစ်ပေမဲ့ မင်းဆက်ရှည်မြင့်ရေး ကိန်းခန်းအရကတော့ ရသေ့ရဟန်းများသာ အမည်ခံပြီး အုပ်ချုပ်သင့်ပါတယ် ဘုရား”

မည်သို့ဖြစ်စေ ဗယမာန်ရဲသည် နန်းတော်ကြီးကို ဆောက်လုပ်သည်။

နေရာဟောင်းမှ ရွှေ့ပြောင်းနိုင်သူများကို အိုးအိမ် တည်ထောင်နေထိုင်ကြရန် ခေါ်ယူနေရာချထားပေးသည်။

ထိုသူတွေ ကြီးပွားချမ်းသာသည်ကို မြင်ရ ကြားရသူများ အများအပြား ရွှေ့ပြောင်းလာကြရာ လေးငါးနှစ်အတွင်း၌ စည်ကားကြီးကျယ်သော ရွှေမြို့တော်ကြီး ဖြစ်လာခဲ့လေ၏။

သို့သော် နန်းတော်ကြီးပြီး၍ နန်းတက်မည်ရှိသောအခါ ဗယမာန်ရဲမှာ အခက်အခဲတစ်ခုကို မမျှော်လင့်ဘဲ ကြုံရလေ၏။

ယင်းမှာ ယတြာဆရာ၏ အဟောဖြစ်၏။

“အရှင်မင်းကြီးဟာ ယွန်းဖြစ်တဲ့အတွက် ဦးစွာပထမ ဝကို နန်းတင်သင့်ကြောင်းပါဘုရား၊ ထို့နောက်တွင်မှသာ ဝကိုနှင်ထုတ်ပြီး အရှင်မင်းကြီး ဘိသိက်ခံသင့်ကြောင်းပါ၊ ဤသို့ဆောင်ရွက်ပါမှ မြေးတော်အစဉ် မြစ်တော်အညွန့်သာမက တီ၊ တွတ်၊ ကျွတ်ဆက်အထိ မင်းဆက်ရှည်လျားနိုင်ကြောင်းပါ ဘုရား”

“အကြောင်းကို တင်စမ်းဦး မောင်မင်း”

“သည်အရပ်ဟာ ဂုံတွေရဲ့အရပ် ဖြစ်နေလို့ပါပဲ ဘုရား”

ဗယမာန်ရဲ စိတ်ရှုပ်သွားသည်။

သူစစ်ပြုရသူများမှာ ဝတွေသာဖြစ်သည်။

ယခု နန်းတော်ဆောက်၊ မြို့တည်သောအရပ်မှာလည်း ဝဘုရင်စံစားသွားသော နေရာဟောင်းသာဖြစ်သည်။ သို့ပါလျက် အဘယ်ကဂုံ၏နေရာ ဖြစ်ရသနည်း။

သို့သော် သူသည် တိုင်းသူပြည်သားများ စိတ်ရွှင်လန်းချမ်းမြေ့စေရန်အတွက် ထိုအရာများကို လိုက်လျောခွင့်ပြုသည်။

ဤသို့ဖြင့် နန်းသိမ်းပွဲ ဆင်နွှဲသူမှာ မာန်ဖဖြစ်နေသည်။

မာန်ဖမှာ ဘုမသိ ဘမသိဖြင့် နန်းသိမ်းပွဲ ဆင်နွှဲရသည်။ စားတော်ခေါ်ရန် တည်ခင်းထားသည်များကို စားသောက်ရသည်။ စားသောက်နေဆဲတွင်မှ သူ့သခင် ဗယမာန်ရဲ ရောက်လာသည်။

“ဒါ မင့်နေရာလား၊ သွားစမ်း၊ အခုထွက်သွား”

ဗယမာန်ရဲသည် အများဆန္ဒကို ဤနှယ်လိုက်လျောရုံမက ဂုံအဝတ်ကိုဝတ်ရသေးသည်။ ဂုံအိမ်ထောင်စု ကိုးဆယ့်ခြောက်အိမ်ထောင်ကိုပါ ဖိတ်ခေါ်ပြီး နေရာချထားပေးရပြန်သေးသည်။

ဂုံပြည်ကြီး လွန်စွာကြီးကျယ် စည်ကားလာပြီ။

ဥတ္တရာသန်မင်းထံမှ ကန်တော့လက်ဆောင်တောင်းသော ရာဇသံရောက်လာသည်။

ဗယမာန်ရဲက ပြက်ရယ်ပြုလွှတ်လိုက်သည်။

သို့ကြောင့် ဥတ္တရာသန်စစ်သည်များ သိန်းချီလျက် ရောက်ရှိလာသည်။ ဗယမာန်ရဲ၏ အင်အားလည်း မသေးငယ်ပါ။ သို့ရာတွင် ဥတ္တရာသန်များကို မနှင်ထုတ် မချေမှုန်းနိုင်။ မြို့တွင်းမှ ခုခံနေရတော့သည်။

ဥတ္တရာသန်များလည်း ကြာလာသောအခါ စားနပ်ရိက္ခာခက်ခဲလာသည်။ မြို့ထဲသို့လည်းမဝင်နိုင်။ မြို့ထဲသို့ ဥမင်တူးဝင်လျှင် မြို့ကိုသိမ်းနိုင်မည်။

ဥတ္တရာသန်ဗိုလ်ချုပ်သည် ဥမင်တူးရန် သင့်လျော်မည့်နေရာကိုလိုက်လံစစ်ဆေးသည်။

ဗယမာန်ရဲ၏ သူရဲကောင်း ဗယနမ်တောင်က ထိုအခွင့်အရေးကိုလက်လွှတ်မခံ။

သူ့ရဲခိုအတွင်းမှထွက်ကာ လေးဖြင့် ခွင်းတော့သည်။

ဥတ္တရာသန်များတွင် စစ်သည်အင်အား ကြီးမားပါ၏။ စိတ်ဓာတ်အင်အားကား နုံချာလွန်းသည်။

သူတို့ဗိုလ်ချုပ်ကျဆုံးသွားလျှင် မလုပ်တတ် မကြံတတ်တော့။ စိတ်ဓာတ်ကျဆင်းကုန်သည်။

ဤအခွင့်ကောင်းကို ဗယမာန်ရဲ အမိဖမ်းပြန်သည်။


လမိုက်ညတစ်ညတွင် မြို့တံခါးဖွင့်ပြီး တရကြမ်း ထွက်တိုက်တော့သည်။

ဥတ္တရာသန် အများအပြား သေသည်။ အများအပြား သုံ့ပန်းဖြစ်ကုန်သည်။ လက်နက် ဆင်မြင်း တောင်ပုံကန်သင်း ကျန်ခဲ့သည်။

ထိုအချိန်မှစ၍ ဥတ္တရာသန်များ နောက်ထပ်မလာတော့ချေ။

**(ဝပုံပြင်)**

❑





## ပြုသူထံ ရောက်သောကံ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းတွင် သီလ သမာဓိဖြင့် ပြည့်စုံသော ဆရာတော်ကြီးတစ်ပါးရှိသည်။ ဆရာတော်ကြီးသည် ကျေးရွာတစ်ရွာအနီးတွင် သီတင်းသုံးနေတော်မူသည်။ ရွာနှင့်ကျောင်း၏ ကြားရှိ ဥယျာဉ်တွင် စိုက်ပျိုးလုပ်ကိုင်နေသော ဒါယကာမှာ ဆရာတော် ဘုရားကြီးအား အလွန်ကြည်ညိုသည်။ ကျောင်းသို့ တစ်နေ့တစ်ခေါက် ရောက်လာကာ ဆရာတော်ဘုရား၏ တရားတော်များကို နာယူလေ့ရှိသည်။

သူသည် ကျောင်းသို့ရောက်လာသည့်အခါတိုင်း လှူဖွယ်ဝတ္ထု တစ်ခုခု ပါလာလေ့ရှိသည်။

ထိုနေ့တွင်ကား ဒါယကာသည် လှူစရာမပါဘဲ ရောက်လာ သည်။ စိတ်ဆင်းရဲစရာ တစ်ခုခု ကြုံလာရဟန်ရှိ၏။

ဆရာရင်း ဒါယကာရင်း ဖြစ်နေရကား ဆရာတော်ဘုရားကြီးက ရင်းနှီးစွာ မေးမြန်းသည်။

"ဒကာကြီး... မျက်စိမျက်နှာ မကောင်းပါကလား၊ ဘာဖြစ်လာ သတုံး"

ဒါယကာသည် ရုတ်တရက်မဖြေသေးဘဲ ငေးမောနေပြီးမှ စိတ်

မချမ်းသာသောအသံဖြင့် လျှောက်ထား၏။

"ကျောင်းကိုလှူဖို့ရည်စူးထားတဲ့ ဒူးရင်းသီးဘုရား၊ သည်အချိန် ဆိုရင် ဆွတ်ဖို့တော်ပြီဆိုပြီးသွားတော့ မိုက်လိုက်တဲ့ ရှဉ့်ငပေါ်ဘုရား၊ သည့်ပြင်အလုံးတွေကို ကိုက်ရင်မပြောပါဘူးဘုရား၊ အလုံးကောင်း မျိုး ကောင်းမို့ ကျောင်းလှူမယ်ရည်စူးထားတဲ့အလုံးကိုမှ ကိုက်သွားလို့ပါ ဘုရား"

"စကားပုံရှိတယ်မဟုတ်လား ဒကာ၊ ငရှဉ့်ကံ ငရှဉ့်ရောက်၊ မုဆိုး ကံ မုဆိုးရောက်၊ မြွေကံ မြွေရောက်ဆိုတာ"

"ကြားဖူးသလိုလိုတော့ ရှိပါသ ဘုရား"

"အေး အေး... အဲဒါကြောင့် ဒကာကြီး ဘယ်လိုမှ စိတ်မကောင်း ဖြစ်မနေနှင့်၊ အလဟဿဖြစ်ပြီး ဆုံးရှုံးလိုက်ရတဲ့ သစ်သီးအတွက်လည်း နှမြောတသ ပူပန်မနေနှင့်တော့၊ မကြာခင်မှာပဲ ရှဉ့်ငပေါ်ကံဟာ ရှဉ့်ငပေါ် ဆီ ရောက်လိမ့်မယ် ဒကာကြီး"

ဆရာတော်ဘုရားကြီး၏ တရားပြစကားကို ဒါယကာ ခေါင်း တညိတ်ညိတ်ဖြင့် နာယူသည်။

သို့သော် ရှဉ့်ငပေါ်အား မည်သူကလာပြီး ကိုက်မည်နည်း စဉ်း စားကြည့်သည်။ စဉ်းစား၍မရသော်လည်း ဆရာတော်ကြီး၏ စကား များမှာ မှားယွင်းခဲ့သဖြင့် ထပ်တွန့် မလျှောက်ရဲပေ။

သို့ဖြင့် အခြားတရားစကားများဘက်သို့ ရောက်သွားသည်။ ရှဉ့် ငပေါ်အကြောင်း၊ ဒူးရင်းသီးအကြောင်းသို့ စကားမရောက်တော့ပေ။

ဒါယကာသည် နောက်နေ့များတွင်လည်း ကျောင်းသို့ရောက် သည်သာ။ အထက်ပါအကြောင်းကိုကား စကားမစပ်မိချေ။

တစ်နေ့သောအခါတွင်ကား ဒါယကာသည် ကျောင်းပေါ်သို့ ပျာ ယီးပျာယာ တက်လာသည်။

"ရှဉ့်ပေါက်ကံ ရှဉ့်ပေါ်ထံရောက်ဆိုတဲ့စကားဟာ တယ်မှန်ပါက လား" ဆိုပြီးမှ ဝတ်ချ၏။

ဆရာတော်ဘုရားကြီးသည် ကေသီကို လက်ကတော့ပြင်ထိုးရာက လှမ်းမေး၏။

"ဒကာကြီး၊ ဘာတွေအကြောင်းထူးလာလို့ အော်ကျယ်အော်ကျယ် ဖြစ်လာရတာတုံး၊ အေးအေးဆေးဆေး ပြောပါဦး"

"ထူးဆို ရှဉ့်ပေါ်ကြီးဘုရား"

"ဒကာကြီးဥယျာဉ်ထဲမှာ ရှဉ့်ပေါ်တွေ အများကြီးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ပြောတဲ့ ရှဉ့်ပေါ်က ကျော မွေးတွေနီရဲနေလို့ မှတ်မိနေပါတယ်ဘုရား၊ တပည့်တော်ကျောင်းလှူဖို့ ရည်စူးထားတဲ့ ဒူးရင်းသီးကိုမှ ရွေးကိုက်သွားတဲ့အကောင်ပါဘုရား"

ဆရာတော်ဘုရားကြီးသည် မည်သို့မျှ မစွက်တော့ဘဲ စကား အဆက်ကိုသာ ငံ့လင့်တော်မူ၏။

"မနက်ကတော့ တပည့်တော်ရဲ့ မျက်စိအောက်တွင်ပဲ ကျောနီ ကြီးဟာ မုဆိုးရဲ့ မြားချက်တန်းလန်းကြီးနှင့် ကွမ်းသီးပင်ပေါ်က လိမ့် ကျသွားတာ မြင်လိုက်ရပါတယ်ဘုရား၊ အဲဒါကြောင့် ရှဉ့်ပေါ်ရဲ့ကံဟာ ရှဉ့်ပေါ်ထံ ရောက်ဆိုတဲ့စကားဟာ တယ်မှန်ပါကလားလို့ ပြောတာပါ ဘုရား"

ဆရာတော်ဘုရားကြီးသည် ခေါင်းတစ်ချက် ဆတ်လိုက်ရာက မိန့်တော်မူ၏။

"အင်း အင်း... မုဆိုးကံလည်း မုဆိုးထံ ရောက်ရမှာပဲ"

ဒါယကာသည် အခြားတရားစကားများကို လျှောက်ထားဆွေး နွေးပြီးနောက် ကျောင်းမှ ပြန်သွားလေ၏။

ရက်များစွာကြာသွားချိန်တွင် ရှဉ့်ပေါ်ကိုပစ်ခတ်ခဲ့သော မုဆိုးမှာ

တောလည်ရင်း မြွေခဲခံရပြီး ကွယ်လွန်လေ၏။

အထက်ပါ ဒါယကာကြီးသည် ထိုသတင်းကိုကြားလျှင် ကြားချင်း ကျောင်းသို့ပြေးလာပြန်၏။

"မုဆိုးရဲ့ကံ မုဆိုးထံရောက်ဆိုတာ တယ်မှန်ပါကလားဘုရား" အစချီကာ သူကြားခဲ့ရသမျှကို ဆရာတော်ဘုရားအား လျှောက်ထားလေ၏။

ဆရာတော်ဘုရားကြီးသည် ကွမ်းတမြုံ့မြုံ့ဝါးနေရာက ထွေးခံယူကာ ကွမ်းသွေးထွေးပြီးမှ အေးဆေးစွာ မိန့်တော်မူ၏။

"အေးလေ… မြွေရဲ့ကံဟာလည်း မြွေထံ ရောက်ရဦးမှာပဲပေါ့"

တစ်ကြိမ်ပြော တစ်ခွန်းပြောဖြစ်သော်လည်း ဒါယကာ မှတ်မိသည်။ ရှဥ့်ပေါနှင့် မုဆိုးအဖြစ်ကိုသိပြီးသဖြင့် ယုံကြည်စွဲမြဲသည်။

ထိုဒါယကာသည် မိမိ၏ဥယျာဉ် အလုပ်များကို နေ့စဉ်လုပ်ရ၏။

ကွမ်းခူး၊ ကွမ်းသီးပင်တက်၊ ဒူးရင်းပင်ရှင်း၊ မြေဖို့ အမှိုက်ရှင်း စသည်ဖြင့် အလုပ်များမှာ လုပ်၍ ကုန်သည်မရှိ၊ တစ်ခုပြီးတစ်ခု စီရီနေသည်။

တစ်နေ့တွင် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေသော ထိုဒါယကာသည် မြွေကို ဓားဖြင့်ခုတ်မိလေ၏။ ချုံကမည်းမည်း၊ မြွေကမည်းမည်းမို့ အရောင်ချင်းရောနေ၏။ ခုတ်မိပြီးသော အပိုင်းအစက တွန့်လိမ်ခုန်ပေါက်နေမှ မြွေကိုခုတ်မိပါကလားဟု ဒါယကာသိလေ၏။

သိသည်နှင့် တစ်ပြိုင်နက်တည်း ဆရာတော်၏ မိန့်မြွက်စကားသည် ပေါ်လာတော့၏။

"ရှဥ့်ကံ ရှဥ့်ထံရောက်၊ မုဆိုးကံ မုဆိုးထံရောက်၊ မြွေကံ မြွေထံသို့ရောက်"

ရှဥ့်ပေါကိုသတ်သောမုဆိုးကို မြွေကကိုက်သတ်သည်။

ထိုမြွေကိုသတ်မိသောငါသည်လည်း တစ်နည်းနည်းဖြင့် ဒုက္ခရောက်တော့မည်။ မြွေကိုက်ခံရမည်လော၊ သစ်ပင်ပိမည်လော၊ ကျားကိုက်ခံရမည်လော။

ဒါယကာဥယျာဉ်သမားမှာ အလုပ် ဆက်မလုပ်နိုင်တော့ပါ။ မိမိလည်း ရှဥ္ဇငပေါနှင့် မုဆိုး၊ မြွေတို့နည်းတူ ဒုက္ခတွေ့တော့မည်ဟု ထင်နေသောကြောင့် ဖြစ်သည်။

ဒါယကာမှာ အလုပ် မလုပ်နိုင်ရုံသာမက နေ၍လည်း မဖြောင့်တော့ပါ။ စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ်ဖြင့် ဖြစ်နေတော့ရာ နောက်ဆုံး၌ ဘုရင့်ဥယျာဉ်ထဲဝင်ပြီး ဘုရင့်ရွှေဥဒေါင်းကို ခိုးယူသတ်စားလေ၏။

ဘုရင် အမွန်တမြတ်ထားသော ရွှေဥဒေါင်းပျောက်လျှင် ပျောက်ချင်း မင်းချင်းတို့ အပူတပြင်း စုံစမ်းရှာဖွေကြသည်။

ဥယျာဉ်သမား ဒါယကာကို ခိုးထုပ်ခိုးထည်ဖြင့် ဖမ်းမိသည်။ ဖမ်းဆီးချုပ်နှောင်ကာ ဘုရင့်ရှေ့တော်သို့ ပို့ဆက်ကြသည်။

ရှင်ဘုရင်သည် မင်းဘဏ္ဍာကို ကျူးကျော်စော်ကားသော ဥယျာဉ်သမားအား သေချာစွာ စစ်မေးတော်မူသည်။ ဥယျာဉ်သမားလည်း ဆရာတော်အားလှူရန် ရည်စူးထားသော ဒူးရင်းသီးကြီး ရှဥ္ဇငပေါ အကိုက်ခံရပုံကို စတင် ဇာတ်ကြောင်းလှန်သည်။ မြွေကို ဓားဖြင့် ခုတ်မိပုံအထိ တင်လျှောက်အပြီးတွင် ဤသို့ နိဂုံးချုပ်၏။

"ကျွန်တော်မျိုးရဲ့ကံဟာလည်း ကျွန်တော်မျိုးဆီ မုချရောက်တော့မှာ သေချာပါတယ် အရှင်မင်းကြီး၊ ဒါဖြင့် ရပ်ပျက်ဆင်းပျက် ဝဲကုတ်ခံပြီး သေမလား၊ ကျားကိုက်ခံပြီးသေမလား စဉ်းစားကြည့်တော့ အဖိုးမတန်တဲ့ သေနည်းနှင့် သေမယ့်အစား ဂုဏ်ရှိရှိ အထက်တန်းကျကျ သေမယ်ဆိုတဲ့စိတ်ကူး ပေါ်လာပါတယ် အရှင်မင်းကြီး"

"ဟဲ့ တရားခံ၊ လိုရင်းကိုတင်ဟဲ့"

အာဏာသားများက ကြိမ်းမောင်းငေါက်ငမ်းခြင်းဖြစ်၏။

"မှန်ပါ၊ အထက်တန်းကျကျ ဂုဏ်ရှိရှိ သေဖို့နည်းကတော့ တိုင်းပြည်မှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ ရှင်ဘုရင်သတ်တာခံပြီး သေဖို့ပဲရှိတယ်၊ ဟိုးလေးတကျော်ကျော် ဖြစ်သွားပါလိမ့်မယ်၊ အဲသည်လိုတွေးမိတဲ့အတွက် မင်းပြစ်မင်းဒဏ် မသင့်သင့်အောင် မင်းဘဏ္ဍာကို ခိုးယူသတ်ဖြတ် စားသောက်ခြင်း ဖြစ်ပါတော့သည် အရှင်မင်းကြီး"

ဘုရင်မင်းမြတ်သည် သာမန်ရာဇဝတ်မှုအဖြစ် မရှုမြင်ချေ။ လေးလေးနက်နက် ဆင်ခြင်သုံးသပ်သည်။ အတန်ကြာအောင် တွေးတောသုံးသပ်ပြီးမှ အမိန့်တော်မြတ်ချမှတ်တော်မူသည်။

"ဟဲ့ ဥယျာဉ်သမား၊ မောင်မင်းရဲ့ကံကို ငါဆက်ပြီး မယူချင်ဘူး၊ အကုသိုလ် အကြောင်းတရားဟာ သည်မှာဆုံးပါစေတော့၊ ဒါကြောင့် မောင်မင်းကို ရာဇဒဏ်ပေးခြင်းအားဖြင့် လက်စားမချေလို၊ အမှုမှလွတ်စေ"

**(မှန် ပုံပြင်)**

❑

## နန့်နှောင်းခါရီ ဒွေးမယ်နော်

### နဂါးပတ် ကျော့ကွင်းဖြင့်

ရှေးသရောအခါက မုဆိုးတစ်ယောက် ရှိလေသည်။ ထိုမုဆိုးသည် သားကောင်များဖမ်းဆီးရန် တောထဲ၌လှည့်လည်စဉ် ကြီးမားသော ရန်ပွဲကြီးကို တွေ့ရလေ၏။ ရန်ပွဲကား ဂဠုန်နှင့် နဂါးတို့၏ ရန်ပွဲပေတည်း။

ဂဠုန်သည် နဂါးကို ဖမ်းဆီးသတ်ဖြတ်စားမျိုပစ်ရန်အတွက် အပြင်းအထန်လိုက်သည်။ မုဆိုး၏ မျက်စိအောက်တွင်ပင် ဖမ်းမိသွားသည်။ ထိုအခါ မုဆိုးလည်း နဂါးကိုသနားသဖြင့် ဂဠုန်ကို လေးဖြင့်ပစ်သည်။ ဂဠုန်မြားမှန်ပြီး လိမ့်ကျသေဆုံးသွားသည်။

နဂါးမှာ ဝမ်းသာလွန်းသဖြင့် မုဆိုးအား အဖိုးတန်ပစ္စည်းတစ်ခု ပေးသွားသည်။ ထိုအရာမှာ နဂါးပတ်ကျော့ကွင်းဖြစ်သည်။

မုဆိုးသည် နဂါးပတ်ကျော့ကွင်းကိုယူလျက် ဆက်လက်ထွက်ခွာလာရာ ဘုတ်တလုတ်ရေကန်သို့ ရောက်လာလေသည်။ မုဆိုးသည် ထိုရေကန်သို့ ယခင်ကလည်း မကြာခဏ ရောက်ဖူးသည်။ မည်သို့မျှ အံ့သြစရာမရှိ။ အထူးအဆန်း မတွေ့။

ယနေ့မူကား အသက်ရှူမှားစရာ အထူးအဆန်းကို မြင်ရလေပြီ။



သာယာသော ရေကန်ထဲတွင် အလွန်လှပသော သတို့သမီးငယ် ခုနစ်ယောက် ရေချိုးနေကြသည်။ သည်လောက်လှပသော ယမင်းကညာများကို တစ်သက်နှင့်တစ်ကိုယ် သည်တစ်ကြိမ်သာ မြင်ဖူးသောကြောင့် မုဆိုးမှာ မူးမေ့မတတ် ရူးသွပ်မတတ် ခံစားရသည်။

ထို့နောက် ပါးစပ်မှ အမြှုပ်တစီစီထွက်၊ အကြောဆိုင်းကာ တွန့်လိမ်နေသည်များကို သတိဖြင့် ထိန်းချုပ်သည်။

အလှကညာများကို နဂါးပတ်ကျော့ကွင်းဖြင့် ပစ်ဖမ်းတော့သည်။

လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေသော လှကညာကလေးတွေ ရေထဲမှ ထိတ်လန့်တကြား ပြေးတက်သည်။

ကမ်းပေါ်တွင် ချွတ်ပုံထားသော အဝတ်တွေကို ကပျာကသီ ဝတ်သည်။ ဘယက်လည်ဆွဲများကို အပြေးအလွှားကောက်ဆင်သည်။ ကောင်းကင်သို့ သေပြေးရှင်ပြေး ပျံတက်ပြေးကြသည်။

အလှကလေးတစ်ယောက် နဂါးပတ်ကျော့ကွင်းတန်းလန်းဖြင့် ကျန်ခဲ့သည်။ လက်တွင် နဂါးပတ်ကျော့ကွင်းက ပတ်ထားသည်။ ဆွဲဖြုတ်၍။ မရ။ ဝမ်းသာအားရဖြင့် မုဆိုးပြေးလာသည်။ သူ့ကိုသတ်စားလိမ့်မည်ထင်သဖြင့် ကြောက်ရွံ့စွာ တောင်းပန်၏။

မုဆိုးမှာ ဖမ်းစဉ်က လိုချင်သောကြောင့် ဖမ်းခြင်းဖြစ်၏။ သူ့လက်ထဲသို့ ရောက်လာသောအခါ တစိမ့်စိမ့်ကြည့်သည်။ ကြည့်လေလှလေ ဖြစ်သည်။ ထိရက် ကိုင်ရက်စရာ မရှိအောင် နုနယ် ပျိုမျစ်လွန်းသည်။

သို့အတွက် မင်းနေပြည်တော်သို့ခေါ်လာကာ ဘုရင့်သားတော် အိမ်ရှေ့မင်းကို ဆက်သလိုက်သည်။

မုဆိုး၏ အဆောင်အရွက်မှာ မှန်ကန်၏။ သူဖမ်းမိသောအလှကလေးကို သိမ်းပိုက်ပြီးအခံ့၊ အလှကလေးမှာ အစားဆင်းရဲ အနေဆင်း

ရဲဖြင့် ကြာရှည် အသက်ရှင်ရန်မလွယ်။ အိမ်ရှေ့မင်းထံဆက်သလိုက် သောအခါ မုဆိုးလည်း ဆုလာဘ်များစွာရသည်။ အလှကလေးလည်း ပြည့်စုံချမ်းသာစွာ နေရသည်။

## ပုရောဟိတ်၏ လက်စားချေမှုကြီး

အလှကလေးသည် လှပတင့်တယ် ရှုချင့်စဖွယ်ကောင်းသော အိမ်ရှေ့မင်းကိုပင် ကြောက်ရွံ့သည်သာဖြစ်၏။ ကြောက်ရွံ့ရခြင်းမှာ သဘာဝမတူ ဇာတ်ခြားသဖြင့် ဖြစ်ပေ၏။

လှယမင်းကလေးမှာ မုဆိုးကဲ့သို့ အိမ်ရှေ့မင်းကဲ့သို့ လူသားစင်စစ်မဟုတ်ချေ။ နတ်ကိန္နရီဖြစ်သည်။

နတ်ကိန္နရီများသည် ငွေတောင်ပြည်၌ ကြီးကျယ်ခမ်းနားသော တိုင်းပြည်တည်ထောင်၍ နေထိုင်ကြသည်။

ထိုတိုင်းပြည်သို့ လူသာမန်တို့ မရောက်ပေါက်နိုင်။ သို့အတွက် လှပဆန်းကြယ်သော နတ်ကိန္နရီတို့၏ ငွေတောင်ပြည်ကို လူတို့ မသိကြလေ။

ငွေတောင်ပြည် ပြည့်ရှင်မင်းတွင် သမီးတော်ခုနစ်ပါးရှိသည်။ အိမ်ရှေ့မင်း၏ ကြင်ရာတော် ဖြစ်လာသော လှကညာကလေးမှာ အငယ်ဆုံးဖြစ်သည်။ ထိုနတ်ကိန္နရာများသည် လူတို့နှင့်ခြားနားသော အချက်တစ်ချက်သာရှိသည်။ ထိုတစ်ချက်မှာ ဘယက်တန်ဆာများကိုချွတ်ထားလျှင် မိုးပေါ်သို့ မပျံတက်နိုင်။ ဘယက်တန်ဆာများ ဆင်ယင်လိုက်မှသာ ငှက်ကိန္နရီများနည်းတူ ပျံသန်းနိုင်သည်။

နတ်ကိန္နရီကလေး၏အမည်မှာ ဒွေးမယ်နော်ဖြစ်သည်။

ဒွေးမယ်နော်သည် အိမ်ရှေ့မင်းသားနှင့် ချစ်ကြည်ဖြူစွာပေါင်းသင်းလာကြရာ သားတစ်ယောက်ရချိန်တွင် ကြမ္မာဆိုးဝင်လာတော့၏။

ကြမ္မာဆိုးမှာ ဘုရင်မင်းတရားကြီး၏ အိပ်မက်နှင့် ပုရောဟိတ်၏ ရန်ငြိုး ဖြစ်သည်။

ပုရောဟိတ်သည် တစ်ချိန်သောအခါက တရားစီရင်ရေးတွင်ပါ အခွင့်အရေး ရရှိခဲ့၏။ သို့ရာတွင် လာဘ်စားလွန်း၏။ လာဘ်စားပြီ ဆိုလျှင် အမှားကိုအမှန်၊ အမှန်ကိုအမှားဟု ကပြောင်းကပြန် လုပ်ရတော့ ၏။ သို့အတွက် တရားသူကြီးပုရောဟိတ်အား လူတို့ မုန်းတီးကြ၏။

တစ်နေ့သောအခါတွင်ကား လူအများ မခံမရပ်နိုင်အောင် သိသာ ထင်ရှားစွာ လာဘ်စားမှုကို ပုရောဟိတ်ကျူးလွန်၏။ လူတို့ မကျေနပ် သော်လည်း ဘယ်သို့သွားပြီး မည်သို့မည်ပုံ တိုင်တန်းရမည်ကိုမသိ။

ထိုသို့ဖြစ်နေစဉ်တွင် အိမ်ရှေ့မင်းသည် လွှတ်တော်မှဆင်းလာ၏။ မကျေနပ်သူများသည် မြေပြင်တွင် ဝပ်တွားလျက် အိမ်ရှေ့မင်းအား ရှိခိုးကြ၏။

အိမ်ရှေ့မင်းက အကျိုးအကြောင်းမေးမြန်းသည်။ သိလျှင်သိချင်း နှစ်ဖက်အမှုသည် သက်သေများကို ဆင့်ခေါ်၏။ အမှုကိုချက်ချင်းကြား နာပြီး ဆုံးဖြတ်ပေးလိုက်၏။

လူတွေမှာ ဝမ်းသာလွန်း၍ "အိမ်ရှေ့မင်း သက်တော်ရာကျော် ရှည်ပါစေ" အော်ဟစ်ဆုတောင်းကြ၏။ ဦးရစ်ခေါင်းပေါင်းများ ပစ် မြှောက်ကြ၏။ အုတ်အော်သောင်းတင်း ပြောဆိုကြ၏။

ထိုအသံကို ပြည့်ရှင်မင်းကြားတော်မူသောအခါ အမတ်တို့ကို ခေါ်၍ မေးတော်မူ၏။ အမတ်များက ပုရောဟိတ် မတရားလုပ်သည် ကို အိမ်ရှေ့မင်း ဝင်ရောက်ပြုပြင်ရာက ပြည်သူတို့ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်သံများဖြစ်ကြောင်း လျှောက်တင်ကြ၏။

သို့အတွက် ဘုရင်မင်းမြတ်က ပုရောဟိတ်အား တရားသူကြီး အရာမှ ဖယ်ရှား၏။

ပုရောဟိတ်မှာ တရားသူကြီး မလုပ်ရတော့သဖြင့် လာဘ်စားစရာ လမ်းပိတ်သွားတော့၏။ လာဘ်မစားရ၍ အိမ်တွင် မစိုပြည်တော့ပါ။ သို့အတွက် အိမ်ရှေ့မင်းအား ကျိတ်ပြီး ရန်ငြိုးဖွဲ့ထား၏။ နေနှင့်ဦးပေါ့ ကွာ စသည်ဖြင့်။

ယခုအိမ်ရှေ့မင်း၏ ခမည်းတော်တွင် အိပ်မက်ဆိုးမက်ပြီ။ အိပ်မက်၏ အတိတ်နိမိတ်ကိုဖတ်ရန် ပုရောဟိတ်အား မိန့်မြွက်တော်မူသည်။ ပုရောဟိတ်သည် အချက်ပေါ်ပြီဟု သဘောထားကာ ခြောက်လှန့်ပြီး နိမိတ်ဖတ်တော့သည်။

ကြင်ရာတော်အိမ်ရှေ့မင်းသားနှင့် ဒွေးမယ်နော်တို့မှာ ပုရောဟိတ်၏ ရန်ငြိုး၊ ဘုရင်၏ အိပ်မက်သာမရှိလျှင် ပျော်ရွှင်စွာ နေကြရလိမ့်မည်။ ယခု ဒုက္ခရောက်ကြရပြီ။

ဘုရင်မင်းမြတ် အိပ်မက်မက်ချိန်ဝယ် အိမ်ရှေ့မင်းမှာ နေပြည်တော်တွင် မရှိချေ။ နယ်စွန်နယ်ဖျားတွင် မုဒိမ်းတန္တ ထကြွနေသည် တင်လျှာရောက်လာသဖြင့် ကြွချီ နှိမ်နင်းနေရသည်။

ပုရောဟိတ်သည် ဘုရင်မင်းမြတ်၏ အိပ်မက်ကို ကြားရသောအခါ အလွန်ဝမ်းသာ၏။ ဝမ်းသာသော်လည်း ထိတ်လန့်ဟန်ဖြင့် "အရှင်မင်းကြီး၏ အသက်အန္တရာယ်ကိုလည်းကောင်း၊ ရွှေနန်းစည်းစိမ်ကိုလည်းကောင်း အန္တရာယ်ပြုကိန်းမြင်ကြောင်းပါဘုရား" ဟုလျှောက်တင်၏။

"ဟဲ့ ပုရောဟိတ်၊ သို့ကလိုဆိုက မည်သို့ လုပ်မည်နည်း"

"မှန်လှပါ၊ ယဇ်ကြီးပူဇော်မှသာလျှင် အန္တရာယ်များက ကင်းစင်ဝေးကာ ဘုန်းကြီး၍ အသက်ရာကျော်ရှည်ပါလိမ့်မည်ဘုရား"

ပြည့်ရှင်မင်း သဘောကျမည့်စကားများကို တမင်ရွေးပြီးတင်လျှောက်ခြင်းဖြစ်သည်။

"ယဇ်ကြီးဆိုသည်မှာ ဘယ်လိုတုန်း မောင်မင်း"

"ရာလေးသီပါဝင်သောယဇ်ကို မဟာယဇ် ခေါ်ကြောင်းပါဘုရား၊ ကုန်းသတ္တဝါတစ်ရာ၊ ကျွဲ နွား ဆိတ် ဝက် ခွေး မြင်း ကုလားအုတ် ကြောင် စသည်တို့ဖြစ်ပြီး ရေသတ္တဝါတစ်ရာ၊ လေထဲတွင် ပျံသန်းနိုင်သော ငှက်မျိုးပေါင်းတစ်ရာ၊ ထိုမှတစ်ပါး လူမဟုတ် ငှက်မဟုတ်သော နတ်ကိန္နရာ၏ လည်ချောင်းသွေးနှင့် လူတစ်ရာတို့ ဖြစ်ကြောင်းပါဘုရား"

"အမြန်ဆုံးဆောင်ရွက်စေ မောင်မင်း"

မိမိအသက်ဆုံးရှုံးလျှင် ဆုံးရှုံး၊ သို့မဟုတ် ထီးနန်းစည်းစိမ် ဆုံးရှုံးမည်။

ဘုရင်ကြီးသည် မည်သည့်အချက်ကိုမျှ လက်မခံနိုင်ပါ။

သို့ဖြစ်သဖြင့် ပုရောဟိတ်အား အာဏာကုန် လွှဲအပ်လိုက်တော့သည်။

အာဏာကုန် ရလျှင်ရချင်း ပုရောဟိတ်နှင့် နောက်လိုက်များသည် ရွှေမြို့တော်အတွင်း၌ သောင်းကျန်းကြတော့၏။ သူတို့ကြိုက်သော ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ မြင်းကို သူတို့ဆွဲလိုသော အိမ်ထဲဝင်ပြီးဆွဲခွင့်ရှိ၏။ မည်သူမျှတားဆီးခွင့်မရှိ။ တားဆီးသူသည် အာဏာလွှဲဖြစ်မည်။

## ယောက်ျားတို့လုံ့လ သေခါမှလျှော့

မင်းနေပြည်တော်တစ်ခုလုံးတွင် အော်ဟစ်ငိုယိုသံများ ပွက်လောရိုက်နေသည်။ မည်သည့်အတွက် ဤသို့ဖြစ်ရသနည်းဟု မင်းချင်းတွေ အပြေးအလွှား စုံစမ်းကြသည်။

"ယဇ်ပူဇော်ဖို့အတွက် လူသူ ကျွဲ နွား ကျေးငှက်တွေကို ဝင်ဖမ်းဝင်ဆွဲနေတာပဲဟေ့"

မင်းချင်းများသည် ပုရောဟိတ်၏ တပည့်တပန်းများထံ ချဉ်းကပ်စုံစမ်းကြပြန်၏။ ရက်စက်သော လက်စားချေမှုကြီး ပေါ်လာ၏။

"ကုန်းသတ္တဝါ ရေသတ္တဝါနှင့် လေသတ္တဝါ လူသတ္တဝါ တစ်ရာစီနှင့် မပြီးဘူးဟေ့၊ လူမဟုတ် ငှက်မဟုတ်တဲ့ နတ်ကိန္နရာရဲ့ လည်ချောင်းသွေးလည်း ပါသကွ"

"နတ်ကိန္နရာက ဘယ်မှာရမှာတုံး"

"နပါပေ့ မင်းချင်းရယ်၊ ဘုရင်မင်းမြတ်ရဲ့ ချွေးမတော်ဟာ နတ်ကိန္နရာမဟုတ်လို့ ဘာတုံး"

တိုင်းတော်ပြည်တော်အတွင်း၌ အိမ်ရှေ့မင်းအား ကြည်ညိုသူပေါ၏။ ချစ်ခင်လိုလားသူ များပြား၏။ အိမ်ရှေ့မိဖုရား ဒွေးမယ်နော်ကိုလည်း နှစ်သက်လိုလားသူတွေ များစွာရှိသည်။

ထို ချစ်ခင် ကြည်ညို လိုလားသူများသည် အိမ်ရှေ့မင်း၏ အိမ်တော်သို့ အပြေးအလွှား ရောက်သွားကြသည်။

အိမ်ရှေ့မင်း၏ မယ်တော်မိဖုရားကြီးမှာလည်း နန်းတော်တွင် အနေနည်း၏။ မြေးတော်၏မျက်နှာကို ကြည့်ချင်သဖြင့် အိမ်ရှေ့ အိမ်တော်တွင်သာ အနေများသည်။

မယ်တော် မိဖုရားကြီးသည် မင်းချင်းများထံမှ မကောင်းသတင်းကို ကြားခါ ခဏတွင် ချွေးမတော်၏ ဘယက်တန်ဆာများကို အထုတ်ခိုင်း၏။ အဝတ်လဲခိုင်း၏။ ဒွေးမယ်နော်မှာ ယောက္ခမ မယ်တော်ကြီးခိုင်းသောကြောင့်သာ ဝတ်ရ၏။ မည်သည့်အကြောင်းကြောင့်ဟူ၍ကားမသိ။

"ချွေးမတော်မှာ အသက်အန္တရာယ် ပေါ်ပေါက်နေပြီ၊ သည်တန်ဆာတွေကိုဝတ်ပြီး မယ်မင့်ဌာနေကို ပြန်ပေတော့"

မယ်တော်ယောက္ခမကြီးမှာ မပြောလျှင် မဖြစ်သဖြင့် မျက်ရည်လည်ရွှဲဖြင့် ပြောရတော့သည်။ နို့မခွဲသေးသော သားတော်ကလေးကို ဒွေးမယ်နော် မည်ကဲ့သို့ ခွဲခွာသွားနိုင်ပါမည်နည်း။

"သားတော်ကို မခွဲနိုင်ဘူး ဘုရား"

"မခွဲနိုင်လို့မဖြစ်ဘူး သမီးတော်၊ အသက် မသေသေးရင် နောင်တစ်နေ့မှာ ပြန်တွေ့ကြမှာပဲ၊ ကဲ… သွားတော့"

ဒွေးမယ်နော်သည် အိမ်ပြတင်းမှ ပျံတက်ထွက်ခွာ၏။ သားကလေး၏ ငိုသံပေါ်လာသဖြင့် ပြန်ဆင်းလာကာ နို့တိုက်၏။ မျက်ရည်လည်ရွဲဖြင့် ပွေ့ပိုက်နမ်းရှုပ်၏။

ထိုအချိန်တွင် "ဝိုင်းဟ ဝိုင်းဟ၊ မလွတ်ပေစေနှင့်" အော်သံများပေါ်လာ၏။ အိမ်တော်ဝင်းအတွင်းသို့ ပုဏ္ဏားဆယ်ယောက် ကြိုးတွေ ဓားတွေ တုတ်တွေ ဆွဲလျက် အော်ဟစ်ပြေးဝင်လာ၏။

"ချွေးမတော် ပြေး ပြေး၊ ဟိုမှာ လာနေကြပြီ"

မယ်တော် ယောက္ခမကြီးက အိမ်တော်ဝင်းအတွင်းသို့ မျှော်ကြည့်ရာက ဒွေးမယ်နော်အား ပြော၏။

ဒွေးမယ်နော်လည်း ကလေးငယ်ကို အထိန်းလက်ထဲသို့ ထိုးပေးကာ ပျံသန်းပြေးထွက်ခဲ့ရလေတော့၏။

သူသည် မုဆိုးနောက်သို့ ခြေကျင်လိုက်ခဲ့ရဖူးသော လမ်းဟောင်းအတိုင်း ပျံသန်းလာ၏။ ငွေတောင်ပြည်အစပ်သို့ ရောက်လာ၏။ ရသေ့ကျောင်းသင်္ခမ်း မြင်သဖြင့် ဆင်းလာ၏။ ရသေ့အား လက်စွပ်တစ်ကွင်းပေးကာ အကျိုးအကြောင်း မှာကြားပစ်ခဲ့၏။

အိမ်ရှေ့မင်းသားမှာ မငြိမ်သက်သောဒေသတွင် နေသားတကျရှိအောင် စီမံပြီးနောက် တိုင်းပြည်သို့ ပြန်လည် ချီတက်လာသည်။

ခမည်းတော် မယ်တော်နှင့် ဆွေတော်မျိုးတော်များ တိုင်းသူပြည်သားများက ဝမ်းသာ ဝမ်းမြောက် ကြိုဆိုကြ၏။

အိမ်ရှေ့မင်းသည် အိမ်တော်သို့ မျှော်လင့်ခြင်းများစွာဖြင့် ရောက်လာ၏။ သားကိုကား တွေ့၏။ မယားကိုကား မတွေ့။

မယ်တော်ဘုရားမှာ မပြောလျှင် မဖြစ်သောကြောင့် ပြောရတော့သည်။ မလိုက်ခဲ့ရန် မှာကြားသွားကြောင်းလည်း တစ်ဆင့် ပြန်ပြောပြသည်။

အိမ်ရှေ့မင်း လက်မခံပါ။ လေး၊ မြား၊ ဓား၊ လှံ၊ စားနပ်ရိက္ခာများယူပြီး မယားနောက်သို့ လိုက်လာခဲ့လေသည်။

ရက်ပေါင်းများစွာ လာခဲ့ပြီးချိန်တွင် ရသေ့ကျောင်းကိုတွေ့သဖြင့် ဝင်ရောက်ဖူးမြော်သည်။ ရသေ့က ဒွေးမယ်နော်ပေးခဲ့သော မြလက်စွပ်ကို ပေးသည်။ အန္တရာယ်များသောကြောင့် ဤနေရာမှ လှည့်ပြန်ရန် မှာခဲ့ကြောင်း မိန့်တော်မူသည်။ သို့ရာတွင် အိမ်ရှေ့မင်း မနာယူပါ။ ကျောက်တုံးကြီး နှစ်လုံး ဆောင့်နေသည့်ကြားမှ ဖြတ်ကျော်သည်။ မီးတောက်ကို ကျော်နင်းသည်။

နောက်ဆုံးခရီးကား သဲမြစ်ဖြစ်သည်။

ရိုးရိုးမြစ်ထဲတွင် ရေတွေစီးဆင်းနေသည်။ သဲမြစ်ထဲတွင် သဲတွေစီးမျောနေသည်။ အိမ်ရှေ့မင်းကား ယောကျ်ားကောင်းတို့၏ထုံး နှလုံးမူလျက် ရအောင်ဖြတ်သန်းသည်။

သို့ရာတွင် သဲမြစ်တစ်ဖက်ကမ်းရှိ ကမ်းပါးပြတ်ပေါ်သို့ ရောက်သောအခါ ခရီးဆုံးပြီ။ မည်မျှနက်၍ မည်မျှကြာကြာဆင်းရမည်ဟူသည်ကို မည်သူမျှ မသိပေ။

အိမ်ရှေ့မင်းသည် အပန်းဖြေရင်း အခြေအနေကို လေ့လာသည်။ သည်နေရာသို့ ငှက်ဆင်ကြီးတွေ လာ၍ လာ၍ နားသည်။ အိမ်ရှေ့မင်းသွားလို၍ မျှော်ကြည့်နေသော မှိုင်းမှိုင်းညို့ညို့ ဝေဝေရီရီ အရပ်သို့ ပျံသန်းသွားကြ၏။

ကောင်းစွာ နားနေ အိပ်စက်ရပြီးနောက်တွင် အိမ်ရှေ့မင်းသည် ကျောက်တုံးများကြားတွင် ဝင်လျက် စောင့်ဆိုင်းနေခဲ့သည်။ ငှက်ဆင်ကြီးတစ်ကောင်ရောက်လာသည်။ ချီလာသောအစာကို ချပြီးစားသည်။

တို့နောက် ပျံသန်းရန် အားယူသည်။ အိမ်ရှေ့မင်းသား ပြေးထွက်လာသည်။ ခြေထောက်ပေါ်တက်ရပ်ပြီး လိုက်ပါသွားသည်။

ငှက်ဆင်နားသောနေရာသည် အမှန်ပင် ငွေတောင်ပြည်ဖြစ်၏။

အိမ်ရှေ့မင်းသည် တောင်ပေါ်မှ တရွေ့ရွေ့ ဆင်းလာသည်။ ရေကန်၌ ရေခပ်နေသော မိန်းမချောများကိုမြင်သဖြင့် ချဉ်းကပ်စုံစမ်းသည်။

"အကျွန်တို့ ညီမငယ်... လူ့ပြည်က လူသားတစ်ယောက်နှင့် အိမ်ထောင်ကျပြီး သုံးနှစ်ကျော်မှ ပြန်ရောက်လာတယ်၊ ဒါကြောင့် သူ့ကို အကျွန်တို့နှင့် မရောယှက်ဘဲ တစ်နှစ်ထားတယ်၊ အခု သူ့ကိုယ်က လူနံ့တွေကို မင်္ဂလာရေကန်ကရေနှင့် သန့်စင်ပေးပြီး မူလနေရာမှာ ပြန်ဝင်ခွင့်ပေးမလို့"

"သည်လိုဆိုရင် အကျွန်ပင့်ပေးပါရစေ"

အိမ်ရှေ့မင်းသည် ဒွေးမယ်နော်၏ အစ်မခြောက်ယောက်အား ရေအိုးပင့်ပေးသည်။ နောက်ဆုံးမိန်းမလှ၏ ရေအိုးထဲသို့ ဒွေးမယ်နော်၏ မြလက်စွပ်ကို ထည့်ပေးလိုက်သည်။

မင်္ဂလာရေစင် ရေမြတ်များဖြင့် ဒွေးမယ်နော်အား ခေါင်းဆေးမင်္ဂလာပြုပေးကြသည်။ ခေါင်းမှဖြို၍ လောင်းကြသည်။ နောက်ဆုံးရေအိုးထဲမှ ရေအကုန်တွင် ဒွေးမယ်နော်၏လက်ဝယ် မြလက်စွပ်ကြီးဝတ်ပြီးသားဖြစ်သွားလေ၏။

"ဟင် သူ ... သူ ... သူ လိုက်လာပါပြီကော"

ထိုသို့ရေရွတ်ကာ ဒွေးမယ်နော် ချုံးပွဲချ ငိုကြွေးလေ၏။

ထိုသတင်းသည် ဒွေးမယ်နော်၏ခမည်းတော် ဒုမရာဇာမင်းကြီး၏ ရွှေနားတော်သို့ ချက်ချင်း ရောက်သွားလေတော့သည်။ မင်္ဂလာရေကန်ဘက်သို့ မင်းချင်းများ အမြန်စေလွှတ်ကာ လူစိမ်းအား အဖမ်းခိုင်းသည်။

နတ်ကိန္နရာတိုင်းပြည်၏ဥပဒေကား ကျူးကျော်ဝင်ရောက်လာသော သူစိမ်းမှန်သမျှအား သေဒဏ်ပေးစေ။

သို့ရာတွင် ယခုဖမ်းမိလာသော လူသားသည် သူစိမ်းလော။

သူတစိမ်းမဟုတ်၊ သမက်တော်ဖြစ်သည်။

မိဖုရားခေါင်ကြီးနှင့် ဘုရင်မင်းမြတ်တို့ သဘောကွဲလွဲကြသည်။

ထိုဒွိဟသည် နန်းတွင်းရှိ အမတ်များသို့ပါ ကူးစက်တော့သည်။

သို့ကြောင့် ဘုရင်ကြီးမှာ သမက်တော်သေစေရန် ဉာဏ်ဆင်ရသည်။ ဉာဏ်ဆင်ပုံမှာ လူစွမ်းအပြခိုင်းခြင်း ဖြစ်သည်။

အိမ်ရှေ့မင်းသည် မြင်းဆိုး ဆင်ဆိုးများကို နိုင်အောင်စီးပြသည်။ လူစွမ်းကောင်းများနှင့်ယှဉ်ပြိုင်၍ ဓားရေး လှံရေး ပြသည်။ လေးစွမ်းပြသည်။ ဤကဲ့သို့ အစွမ်းထက်မြက်သော ယောကျ်ားကောင်းတစ်ယောက် အချည်းနှီး မသေစကောင်းဟု မြင်လာသည်အထိ အစွမ်းပြသည်။

ယောက္ခမ ဘုရင်ကြီး လက်လျှော့လိုက်သည်။ သမီးတော်နှင့် သမက်တော်တို့အား ကိန္နရာလေ့ဖြင့် ထိမ်းမြားပေးလိုက်သည်။

အိမ်ရှေ့မင်း ဇနီးမောင်နှံသည် ငွေတောင်ပြည်တွင် လအနည်းငယ်ကြာအောင် နေထိုင်ပြီးလျှင် လူ့ပြည်သို့ ပျော်ရွှင်စွာ ပြန်လာခဲ့ကြလေသတည်း။

## ပြေးနိုင်မှ လွတ်မယ်ပော့နော်

ခမည်းတော်မင်းတရားကြီး နတ်ရွာလားသောအခါ အိမ်ရှေ့မင်းသည် ပြည်စည်းစိမ်ကို ရရှိ၏။ အိမ်ရှေ့မိဖုရား ဒွေးမယ်နော်လည်း မိဖုရားခေါင်ကြီး နန့်နှောင်းခါရီ ဒွေးမယ်နော် အမည်တွင်လာ၏။

သူတို့၏သားတော်ကား မင်းရွှေကြူဖြစ်၍ မင်းရွှေကြူ၏ မိဖုရားမှ သမီးတော်တစ်ပါး ဖွားမြင်၏။ နန့်သော်ကဟု အမည်ပေးကြ၏။

မင်းရွှေကြူသည် အိမ်ရှေ့ဥပရာဇာပင်ဖြစ်သော်လည်း ခမည်းတော်ဘုရား၏ လွှဲအပ်ချက်အရ ပြည်အလုံးကို စီရင်ခွင့်ရထားသည်။

သမီးတော် နန့်သော်ကာသည် ဘုရင့်မြေး အိမ်ရှေ့မင်းသမီးတော်ဖြစ်ပါလျက် ဆင်ထိန်းမောင်ထော်ပိုင်နှင့် ချစ်ကြိုက်နေသည်။ ရာဇဝတ်အိုးကို တုတ်ဖြင့်ထိုးခြင်းပါတကားဟု မသိရှာကြ။

ထိုအတောအတွင်း၌ ခမည်းတော်ပြည့်ရှင်မင်း နတ်ရွာလားသောအခါ ရွှေကြူမင်း မင်းဖြစ်လာသည်။ နန်းသိမ်းပွဲ ကျင်းပချိန်မှာပင် သမီးတော်၏သတင်းကို ရွှေကြူမင်းသိသည်။ အမျက်ဒေါသဖြစ်ပုံမှာ အိုးကင်းထဲသို့ နှမ်းစေ့ကို ပစ်ချလိုက်သကဲ့သို့ပေတည်း။

"ရာ၏ မရာ၏၊ တော်၏ မတော်၏ မဆင်မခြင် စော်ကားသော ငထော်ပိုင်အား ယခု ဖမ်းဆီးကွပ်မျက်စေ"

မောင်ထော်ပိုင်၏ သူငယ်ချင်းများမှာ တစ်နေ့နေ့တွင် ဤမိန့်တော်သံကို နာခံရလိမ့်မည်ဟု မျှော်လင့်ထားသည်။ အချစ်မှန်နေသော မောင်ထော်ပိုင်က ဘာမျှမလုပ်။ သူငယ်ချင်းတွေကသာ စိုးရိမ်စွာဖြင့် ပြင်ဆင်ထားခြင်းဖြစ်၏။ ထိုသတင်းကို သန့်ခနဲကြားသည်နှင့် တစ်ပြိုင်နက်တည်း မောင်ထော်ပိုင် ပြေးလေတော့သည်။

ရွှေကြူမင်း၏ အမိန့်တော်ကား သည်မျှဖြင့် မပြီးလေ။

"သမီးတော် နန့်သော်ကာသည် အမျိုးဂုဏ်ကို မစောင့်စည်း၊ မိဘမျက်နှာမထောက်၊ ကျေးကျွန်နှင့် ဖောက်ပြန်သူဖြစ်သောကြောင့် မီးတိုက်သတ်စေ၊ မီးတိုက်သတ်ရာသို့ ဆွေတော်မျိုးတော်များ လာရောက်ကြည့်ရှုကာ တစ်ယောက်လျှင် ထင်းတစ်ချောင်းစီထည့်ကြစေ"

မင်းရွှေကြူက ပြည့်ရှင်မင်းအမြင်ဖြင့်ကြည့်ကာ အမျိုးမစောင့်သူအား ထိုက်တန်သောပြစ်ဒဏ်ကို စီရင်သည်။ သို့ရာတွင် မိဖုရားကြီးမူကား မအေစိတ်ဖြင့်သာ ကြည့်မြင်ခံစားသည်။

"အရှင်မင်းကြီး... သမီးတော်ဟာ ငယ်ရွယ်သူဖြစ်တဲ့အတွက် မလိမ္မာ တစ်ခါမိုက်တာကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်တော်မူပါဘုရား"

"အထိန်းတော် အချော့တော်တွေကိုပါ အပြစ်ဒဏ် မစီရင်ခြင်းမှာ ခွင့်လွှတ်ခြင်း ဖြစ်ပေသည် ရှင်မိဖုရား"

မိဖုရားကြီး ဆက်လက် အသနား မခံရဲပေ။ ဒေါသကြီးနေသော ရှင်ဘုရင်အား ဆက်လက် တောင်းပန်လျှင် မိမိပါ ရာဇဝတ်သင့်နိုင်၏။ သို့ဖြစ်သဖြင့် ယောက္ခမတော်မိဖုရားကြီး၏ ခြေကို ပြေးဖက်၏။

"မယ်မယ်ဘုရား... တစ်ပါးတည်းသာရှိတဲ့ မလိမ်မိုး မလိမ္မာ မြေးတော်ကလေးကို မသနားတော့ဘူးလား ဘုရာ့"

မယ်တော် နန့်နှောင်းခါရီ ဒွေးမယ်နော်သည် နတ်ကိန္နရီမျိုးဖြစ်သဖြင့် စိတ်နှလုံး ယဉ်ကျေး၏။ သဘောသကာယ နူးညံ့၏။ တစ်ဦးတည်းသော မြေးမကလေးကိုလည်း များစွာ ချစ်တော်မူ၏။

"သားတော်မင်းရွှေကြူ... နောင်လာနောက်သားတို့ ပြောစမှတ်ဖြစ်အောင် မရက်စက်ပါနှင့် သားတော်၊ ဒါကြောင့် သမီးတော်အတွက် ချမှတ်ထားတဲ့ မင်းမိန့်ကို လျှော့ပေါ့ပြင်ဆင်ပါဦး သားတော်မောင်"

"အမျိုးကို မဖျက်ရဲကြအောင် စံထားတဲ့အမိန့်ပါ မယ်ဘုရား"

"မယ်ဘုရားကို ရိုသေမြတ်နိုးတာဖြင့် မြေးတော်ကလေးကို ညှာသနားတဲ့အမိန့်အဖြစ် လျှော့ပေါ့ပေးပါသားတော်၊ မယ်ဘုရား... မေတ္တာရပ်တယ်ကွယ်"

သို့ဖြစ်သဖြင့် မင်းရွှေကြူသည် မီးရှို့သတ်စေအမိန့်ကိုပယ်ဖျက်၍ လျှော့ပေါ့ပေး၏။

"အမျိုးဂုဏ်ကို ဖျက်ဆီးသော သမီးတော်မိုက်အား ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်၍ မြို့ရပ်သို့ နှင်စေ"

နုနယ်သော မိန်းမသားအား ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်

ပေးလျှင် သေရုံသာရှိ၏။ မင်းမှုထမ်းများမှာကား အမိန့်တော်အတိုင်း ဆောင်ရွက်ရန်သာ ရှိတော့၏။ သို့ရာတွင် ဘုရင့်မယ်တော်ကိုယ်တိုင်က လာဘ်ထိုးလာသောအခါ မင်းမိန့်သည် ပျက်ပြယ်ရတော့၏။

သမီးတော် နန့်သော်ကမှာ ကြိမ်ဒဏ်မခံရဘဲ နန်းမှ ထွက်ခွာလာခဲ့ရလေ၏။ အချစ်ဖြင့် မွှန်နေသောကြောင့် နန့်သော်က အပြုံးမပျက်ပါ။ မောင်ထော်ပိုင် "သည်လမ်းအတိုင်း ပြေးလေရဲ့" ဟူသည့် စကားကြောင့် အားကြီးအင်ကြီးဖြင့် ရော်ရမ်းလိုက်ခဲ့သည်။ နေမပူစေရန် ထီးမိုးပေးမည့်သူ မပါပါ။ ပွေ့ချီ ထမ်းပိုးမည့်သူလည်း မပါပါ။ ခယောင်းတော၊ ဆူးတော၊ ခလုတ်တော၊ သားရဲတော၊ မြွေတောကို ပန်းခင်းသောလမ်းဟု နန့်သော်ကထင်သည်။

## ချဉ်ပေါင်ဟင်းကြောင့် ခလေ့ပြောင်း

ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီ။

နန့်သော်ကမှာ ယှဲ့ယှဲ့သာကျန်တော့သည်။ ခြေထောက်တွေ ဖူးရောင်နေပြီ။ ပေါက်ပြဲပြီး သွေးစက်စက်ကျနေပြီ။ ချုံတွေကို တိုးရသဖြင့် အဝတ်တွေ အမြွှာ အမြွှာ စုတ်ပြတ်နေသည်။ သစ်ကိုင်းဖြင့်ရိုက်မိ၊ ခလုတ်တိုက်၊ ချော်လဲ၊ လိမ့်ကျ... စသည်တို့ ကြိမ်ဖန်များစွာဖြစ်ခဲ့သဖြင့် တစ်မျက်နှာလုံး ဒဏ်ရာဗရပွ ဖြစ်နေသည်။

နန့်သော်က၏ လဲလုလု အခြေအနေကို လူနေအိမ်စုစုက ထိန်းမတ်အားလောင်းပေးလိုက်သည်။ ချောင်းကမ်းဘေးက ငါးအိမ်စုရွာကလေး။ ချောင်းကမ်းတွင် မေးတင်ထားသော အိမ်ကလေးပေါ်တွင် ထမင်းစားနေသူမှာ မောင်ထော်ပိုင်နှင့် တူလှချည့်ရဲ့။

နန့်သော်ကမှာ အားခွန်တွေ ပြည့်ဝလာ၏။

"ကိုထော်ပိုင်ရေ... ကိုထော်ပိုင်"

သည့်အသံကို မောင်ထော်ပိုင်ကြား၏။ ကြားသော်လည်း ကြားသည်ဟု မောင်ထော်ပိုင် မယုံကြည်ပါ။ အခြေအနေချင်း ကွာလှမ်းလွန်းသဖြင့် ဝေးခဲ့ကြရပြီးပြီ မဟုတ်သလော။ စိတ်ကစွဲလမ်းသဖြင့် ကြားယောင်မှုသာ ဖြစ်ရမည် ထင်နေဆဲ၌ အသံက ရေဆင်းတံတားပေါ်မှ ပေါ်ထွက်လာသည်။

"ကိုထော်ပိုင်၊ ကျွန်မ နန့်သော်က လိုက်လာပြီလေ"

နန့်သော်ကသည် ပြောပြောဆိုဆို ပြေးတက်လာသည်။

မောင်ထော်ပိုင်မှာ မှင်တက်မိနေ၏။ တကယ်မှဟုတ်ရဲ့လား သံသယဖြင့် ငေးငိုင်နေ၏။ နန့်သော်က ပြေးတက်လာပုံမှာ ကြမ်းတစ်ပြေးတည်း ဖြစ်၏။ ကြမ်းခင်းသော ဝါးခြမ်းပြားများကို လျှော်ဖြင့်ကွပ်ထားရာ အကွပ်တွေ ဆွေးနေပြတ်နေ၏။ သည်ကနင်းလျှင် ဟိုကထောင်၊ ဟိုကနင်းသော် သည်ကထောင်။

ဝမ်းသာအားရ ပြေးတက်လာသော ကြမ်း၏ ဟိုဘက်အဖျားတွင် မောင်ထော်ပိုင်ချထားသော ချဉ်ပေါင်ဟင်းခွက်။ ကြမ်းအထောင်တွင် ဟင်းခွက်လည်း ကျွမ်းပြန်ကျလေ၏။

ဟင်းခွက်မှောက်သည်ကို မောင်ထော်ပိုင် အရေးမစိုက်။ သူ့အသက် သူ့အသည်းသည် သူ့ရှေ့သို့ ရောက်လာသည် မဟုတ်သလော။

သို့သော် အိမ်ရှင် ဒေါ်နန်းမူအတွက်ကား နန့်သော်ကသည် အသက်မဟုတ်။ အသည်းမဟုတ်။ မိန်းမတစ်ယောက်သာဖြစ်သည်။ သို့ကြောင့် မှောက်သွားသောချဉ်ပေါင်ဟင်းက တက်လာသောမိန်းမထက် အရေးကြီးသည်။

"အဝေး... ချဉ်ပေါင်ဟင်းတွေအများကြီးပဲ၊ မှောက်သွားတာ နမြောစရာကြီးပဲဟော့၊ ဒါဟာယောက်ျားရှိရာကို မိန်းမလာလို့ဖြစ်ရတာ၊ နောက်နောင်ကို မိန်းမရှိရာကို ယောကျ်ားသွားတဲ့လေ့ ပြောင်းကြပါစို့လားဟယ်"

ရှေးအခါက ယောကျ်ားရှိရာသို့ မိန်းမပျိုက သွားရောက် အပျိုလှည့်ရသောဓလေ့ ရှိခဲ့သည်။ ဒေါ်နန်းမူ၏ ချဉ်ပေါင်ဟင်းမှောက်သွားချိန်မှစပြီး ပြောင်းပြန်ဖြစ်သွားသည်။ မိန်းမထံသို့ ယောကျ်ားပျိုက သွားရောက်လူပျိုလှည့်ရသော ဓလေ့သို့ ပြောင်းလဲခဲ့သည်။

ထိုသို့ မိန်းမပျိုထံ လာရောက်စကားပြောသော ကာလသားကို လူပျိုသည် လက်ရဲဇက်ရဲ ဖြစ်လာပါက မိန်းမပျိုသည် မီးထွန်းလေ့ရှိ၏။ မီးရောင်ဖြင့် ထင်းချောင်းများကို ပြသ၏။

ရည်ရွယ်ချက်မှာ နန့်သော်ကအအား ဆွေမျိုးတွေက ထင်းတစ်ယောက်တစ်ချောင်းထည့်ကာ မီးတိုက်သတ်စေ အမိန့်ချမှတ်သည်ကို သတိရပါလေဟု သတိပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ လက်ပါ ပါလာသော ကာလသားကိုလည်း နောက်တစ်ကြိမ် လက်ခံစကားပြောလေ့မရှိကြချေ။

ဒေါ်နန်းမူ၏ ချဉ်ပေါင်ဟင်းမှာ သည်မျှဖြင့် မပြီးသေးပေ။

ချဉ်ပေါင်ဟင်းမှောက်သည်ကို အကြောင်းပြုပြီး နိမိတ်ဖတ်သေး၏။

"ချဉ်ပေါင်ဟင်းခွက် မှောက်တဲ့အလိုအရ မင်းတို့ချစ်သူနှစ်ဦးပေါင်းကြရပေမဲ့ ဆင်းရဲမယ်၊ ဒုက္ခကြီးစွာရောက်ပြီး ဇာတ်သိမ်းကြလိမ့်မယ်"

မည်သို့ဖြစ်စေ ချစ်သူတို့ ပေါင်းဆုံမိကြပြီ။

မမြင်ရသေးသော ဒုက္ခတစ်သောင်းကို အချစ်ဖြင့် ပေါင်းစည်းခုခံမည်။

## ကျား သောင်းကျန်းသော ကာလပျက်

မောင်ထော်ပိုင်နှင့် နန့်သော်ကတို့သည် ပါးစပ်ပုပ်ကြီးဖြင့် မဦးမချွတ် ပြောသော မနန်းမူ၏ နိမိတ်ဖတ်စကားကို မေ့ပစ်ကြ၏။ ငါးအိမ်စုရွာကလေးတွင် ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ကြ၏။ ရပ်ရွာထုံးစံ

အလိုက် လုပ်ကိုင်စားသောက်နေကြလေ၏။

နန့်သော်ကတွင် သားသမီးရတနာ ခိုအောင်းလာ၏။

လင်မယားနှစ်ယောက်လုံး ပျော်ရွှင်စွာဖြင့် မွေးဖွားလာမည့်ရက်ကို စောင့်ကြိုကြ၏။ တရွေ့ရွေ့ဖြင့် မီးနေရက်သည် နီးကပ်လာ၏။ ရက်ပိုင်းမျှသာ လိုတော့ချိန်ဝယ် ကမ္ဘာပျက်ကိန်း ကြုံလာ၏။

အကြောင်းမှာ ငါးအိမ်စုရွာသို့ ကျားဆိုးတစ်ကောင် ရောက်လာသည့်အတွက် ဖြစ်ပေ၏။

ကျားသည် ကျွဲ၊ နွား၊ ဝက်များသာမက လူများကိုပါ ကိုက်ချီသွားတတ်၏။ လူများမှာ လူအင်အားနည်းပါး၏။ လက်နက်ကောင်းမရှိ။ သို့အတွက် ရွာထဲသို့ ကျားဝင်လာလျှင် အိမ်တံခါး လုံအောင်ပိတ်ပြီး ဝါးချက်တီးရုံ၊ ဒီတုတ်ရုံ၊ ပဒိုး (တံပိုး) မှုတ်ရုံ၊ ဖားစည်နှိပ်ရုံသာ တတ်နိုင်ကြ၏။

ဝါးချက်တီးသည်ဆိုသည်မှာ ဝါးလုံးတွေ ဝါးခြမ်းတွေကို ဆူညံသော အသံကြီးဖြစ်အောင် ရိုက်ပုတ်တီးခေါက်ခြင်းဖြစ်ပေ၏။ ဒီတုတ်သည် ဟူသည်မှာကား ကာလသားတွေ ဒီထိုး (တွတ်ထိုး) တမ်းကစားသောအခါ ဒီ ဒီ ဒီ ဟု အဆက်မပြတ် မြည်သကဲ့သို့ အသံမပြတ်အောင် အော်ကြသည်ကိုခေါ်၏။ ပဒိုးကို ဂဒိုးဟုလည်း ခေါ်ကြသေး၏။ ကျွဲချို ထိပ်ဖျား အပေါက်ကျဉ်းကလေးတွင် ပါးစပ်တေ့ကာ အားကုန်မှုတ်လျှင် အဝကျယ်သောဘက်မှ ကျယ်လောင်သောအသံကြီး ထွက်လာသည်။

ဖားစည်နှိပ်မှာကား ဆူညံစွာတီးခတ်ခြင်း ဖြစ်ပေသည်။

ထိုသို့ ကျားကိုခြောက်လှန့်ရာ ကျားသည် ခဏသာပြေး၏။

သူ့နောက်သို့ အလုံးအရင်းဖြင့် လိုက်မလာကြောင်း သိသောအခါ ပြန်လှည့်လာ၏။ အိမ်ထဲသို့ တိုးဖေ့ဝင်ရောက်သည်။ လူကိုဆွဲသွားသည်။

လူပါသွားသည်သတင်းထွက်လာလျှင် လွှတ်မည်ထင်ရာသို့ ပြေးကြတော့သည်။ ချောင်းကမ်းနဖူးက ငါးအိမ်စုရွာကလေး ပျက်ပြီ။

ဤလက်ကျဲကြီးထဲတွင် မောင်ထော်ပိုင်လင်မယား မပြေးနိုင်။

နန့်သော်က၏ကိုယ်ဝန်မှာ ကမ္ဘဇလေ လှုပ်ရှားနေပြီ။ မည်သို့မျှ မပြေးနိုင်။ တစ်လောကလုံးတွင် လင်မယားနှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ကျားသည် ရွာထဲသို့ဝင်လာသည်။ စားစရာ လူမတွေ့သောအခါ ဒေါသတကြီးဟိန်းသည်။ ကျားဟိန်းသံ ဆူညံနေသည့်ကြား၌ နန့်သော်က မျက်နှာမြင်သည်။ သားယောကျ်ားကလေး။

မောင်ထော်ပိုင်မှာလည်း ကျားကို ကြောက်ရွံ့မနေနိုင်။ မယားမီးနေရန်အတွက် အိမ်မှထွက်ပြီး ထင်းရှာရသည်။

နန့်သော်ကမှာလည်း မီးနေသည်အဖြစ် နွဲ့ယိုင်ခွေနုံး မနေအားပါ။ ဘွားတော် နန့်နှောင်းခါရီ ဒွေးမယ်နော် ခမည်းပေးထားသော ရွှေဖက်လိပ် နားတောင်းကိုဖြုတ်သည်။ ရွှေပြားကိုဖြန့်သည်။ မိမိ၏အဖြစ်အပျက်များကို ရွှေပြားတွင်ရေးပြီး ပြန်လိပ်သည်။ ကြိုးဖြင့်သီပြီး ကလေးလည်တွင် ဆွဲပေးထားသည်။

နန့်သော်ကမှာ ကလေးကို ရင်ခွင်ထဲ၌ မထားရဲပေ။ ရင်အုပ်မကျွာထားလျှင် အိမ်ထဲသို့ ကျားဝင်ဆွဲပါက ကလေးမှာ ကျားတစ်လုတ်စာသာ ရှိသည်။ သို့အတွက် အိမ်အနီးရှိ ကညင်ပင်အမြစ်များကြားသို့ သွားရောက် ဝှက်ထားရသည်။ ကလေးငိုသံကြားမှ ကပျာကယာ ပြေးသွားပြီး နို့တိုက်၊ ထို့နောက် သစ်မြစ်များကြား၌ ပြန်ထားခဲ့။

တစ်ခုသောနေ့တွင် မောင်ထော်ပိုင်မှာ စားစရာအရှာထွက်ရာမှ အချိန်မီ ပြန်ရောက်မလာခဲ့ချေ။ နန့်သော်ကသည် ကလေးကို နို့တိုက်ပစ်ခဲ့ပြီး လင်ကို လိုက်လံရှာဖွေသည်။ ဝေးဝေး မသွားလိုက်ရ။ ရွာစပ်

တွင် ကျားစားနေသောအရာမှာ မောင်ထော်ပိုင်ဖြစ်သည်။

"ဟဲ့ သွား... ဒါ ငါ့လင်ရဲ့အလောင်းဟဲ့"

နန့်သော်ကသည် ကျားကို သစ်ကိုင်းဖြင့် ရိုက်နှက်နှင်ထုတ်သည်။ လင်၏ အလောင်းကို ဖက်ပြီးငိုသည်။

မောင်ထော်ပိုင်ကို သတ်သောကျားမှာ ရတ်တရက်မို့ ထွက်ပြေးသော်လည်း ပြန်လှည့်လာသည်။ သူ့အစာကို လုယူသော နန့်သော်ကကိုပါ ကိုက်သတ်လိုက်သည်။

•

**သမိန်စကာကျွန်းမှ ဒလသို့**

ကညင်ပင်အမြစ်များကြားမှ ကလေးငယ်မှာ မိဘမဲ့ရှာပြီ။

ကလေးသည် နို့ဆာသောအခါ အပြင်းအထန် ငိုကြွေးတော့သည်။

ကညင်ပင်ပေါ်၌ ဝံလိုင္ဂက် ဇနီးမောင်နှံတို့သည် အသိုက်လုပ်ပြီး နေလျက် ရှိကြသည်။ သူတို့သည် ကလေးငိုသံကြားသောအခါ ငုံ့ကြည့်ကြသည်။ ဘာပါလိမ့်၊ ဘယ်ကပါလိမ့် စူးစမ်းကြသည်။ ဩော် ... လူသား ကလေးငယ်ပါကလား။

အမေနှင့် အဖေတို့ သေကုန်ပြီကို ကလေးငယ် မသိရှာပါ။ ဆာလောင်မွတ်သိပ်သောကြောင့် ငိုသည်။ ငို၍မောလျှင် အိပ်ပျော်သွား၏။ အိပ်ရာမှနိုးသောအခါ ဆာလောင်မှုကိုမခံနိုင်၊ ငိုသည်။ အမေလည်း ရောက်မလာ၊ နို့လည်းမစို့ရ။ မိမိမှု ငိုရသဖြင့် မောနေပြီ။ အမောပြေစေရန် လက်ညှိုးကိုစုပ်သည်။

ကြာလာသောအခါ ကလေးငယ်သည် သည်းမခံနိုင်တော့ပြီ။ အလွန်တရာ မွတ်သိပ်လာပြီ။ တက်မတတ် ချက်မတတ် ငိုသည်။

ကလေးငိုသံသည် ကျားကိုလှုံ့ဆော်သည်သို့ ရှိ၏။ အလောင်းနှစ်လောင်းကိုစား၍ မကုန်သေး။ သို့သော် ဘာသံပါလိမ့် စူးစမ်းရန်

လာ၏။ ကညင်ပင်ခြေရင်းသို့ ကျားချဉ်းကပ်လာစဉ် ဝံလိုင်ငှက်တစ်ကောင်က ကျား၏မျက်လုံးကို အတောင်ဖြင့် ရိုက်ပုတ်သွား၏။

ကျား အထိတ်တလန့် ထွက်ပြေး၏။ ဝံလိုင်ငှက် လင်မယားသည် သစ်မြစ်များကြားမှ ကလေးငယ်ကို ယုယုယယ သယ်ယူကာ သူတို့အသိုက်ထဲတွင်ထား၏။ ဥခွံထဲတွင် ငှက်မွေးတွေ ခံထားပြီးမှ ကလေးကိုထည့်၏။ သို့သော် ကလေးသည် အငိုမတိတ်။ သို့ကြောင့် စမ်းရေကို ယောက်သွားဖြင့် ခပ်ပြီးတိုက်မှ အငိုတိတ်၏။

ကလေးမှာ မအေနို့ရည်ဖြင့်သာ ကြီးပြင်းရမည့်အရွယ် ဖြစ်၏။ ဖြစ်သော်လည်း ဝံလိုင်ငှက်မ၌ နို့မရှိ။ သို့အတွက် သေးကွေးနူးညံ့သော အစာများ ခွံ့သည်။ ရေတိုက်သည်။

သေကံမရောက် သက်မပျောက်သေးသဖြင့် ကြမ်းတမ်းခက်ခဲစွာဖြင့် ကြီးပြင်းလာတော့သည်။

ထိုကလေးသည် ဝံလိုင်ငှက်တို့၏ ဥခွံထဲတွင် ကြီးပြင်းသောကြောင့် မောင်တီဟုခေါ်ကြ၏။

မောင်တီ အရွယ်ရောက်လာသောအခါ သမိန်စကာကျွန်းသို့ ပြောင်းရွှေ့နေထိုင်လေ၏။ ပင်လယ်လမ်းကြောင်းနှင့် နီးကပ်သောကြောင့် ရံဖန်ရံခါ ပင်လယ်ကူးသင်္ဘောများ ဖြတ်သန်းသွားလာသည်ကို မြင်ရ၏။

ငှက်များ သားရဲတိရစ္ဆာန်များကြား၌ ရှင်သန်ကြီးပြင်းလာရသူဖြစ်သော်လည်း မောင်တီမှာ လူတွေကိုမြင်ရလျှင် ပျော်ရွှင်နေ၏။ သို့ကြောင့် သမိန်စကာကျွန်းသို့ ပြောင်းလာခြင်းဖြစ်ပေ၏။

တစ်ရံသောအခါ သမိန်စကာကျွန်းသို့ သင်္ဘောတစ်စင်း ဝင်ရောက်ဆိုက်ကပ်၏။ သင်္ဘောပေါ်တွင် ရေချိုကုန်သောကြောင့် ကျွန်းပေါ်သို့ တက်ရောက် ရေချိုရှာဖွေခြင်းဖြစ်၏။

မောင်တီမှာ လူတွေကို မြင်ရသဖြင့် ဝမ်းသာ၏။ သို့ရာတွင် ထို

သူတွေကို သေချာစွာကြည့်သောအခါ သူနှင့်မတူချေ။ အားလုံးမှာ အဝတ်ဝတ်လျက် လုံလုံခြုံခြုံ ရှိကြ၏။ သို့ကြောင့် မောင်တီမှာ ဝမ်းနည်းစွာဖြင့် မိမိကိုယ်ကို လက်ဝါးဖြင့်အုပ်လျက် တောထဲသို့ ဝင်ပြေးခဲ့ရလေ၏။

သူသည် အတန်ကြာအောင် ဝမ်းပန်းတနည်း ငေးမောနေပြီးမှ အကြံရလာ၏။ သူမှတ်သားထားသောနေရာသို့သွားကာ ငါးကြင်းတစ်ကောင်ကိုဖမ်း၏။ ကောင်းမွန်စွာ မီးကင်၏။ ထိုငါးကင်သည် လမ်းခရီး၌ ပုပ်ပွပျက်စီးရန် အကြောင်းမရှိဟု သေချာတော့မှ ငါးကင်ကိုယူလျက် တောထဲမှ ထွက်လာ၏။

ရေချိုတင်သောသင်္ဘောသည် ရေချိုရသဖြင့် ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေပြီ။ မောင်တီ အော်ဟစ်လျက် ငါးကင်ကို မြှောက်ပြ၏။ ထို့နောက် သင်္ဘောမာလိန်၏ လက်ထဲသို့ ကြီးမားသော ငါးကြင်းကင်ကြီးကို ပေးအပ်၏။ နောက်တစ်ခေါက်လာလျှင် အဝတ်အထည်များ ယူခဲ့ပါရန် မှာကြား၏။

မောင်တီ၏ ဆိုလိုရိပ်ကို မာလိန် သဘောပေါက်၏။ ငါးကင်ကိုကြည့်သောအခါ အလွန်တရာကြီးမားနေ၏။ ငါးကင်မှထွက်သော ရနံ့မှာလည်း ထူးဆန်းနေ၏။ သို့အတွက် မာလိန်သည် ဘုရင်အား ဆက်သရန် အကြံရသဖြင့် မပျက်စီးအောင် စောင့်ရှောက်ယူဆောင်ခဲ့သည်။

တိုင်းပြည်သို့ရောက်လျှင်ရောက်ချင်း နန်းတော်သို့ အပြေးသွားကာ ဘုရင်ထံ ဆက်သသည်။

ဘုရင်မှာ ထူးဆန်းသော ငါးကြင်းကင်ကြီး၏အရသာကို ခံစားမနေနိုင်ပါ။ ဦးယည်းခေါင်းခဲနာ စွဲကပ်နေသဖြင့် အော်နေရသည်။ သမားအကျော်အမော်တွေ လက်လွှတ်ရခမန်းဖြစ်နေပြီး သို့ရာတွင် ကြီးမားသော ငါးကြင်းကင်ကြီးကိုကား လက်ခံယူထားလိုက်ကာ ရွှေကလပ်ပေါ်၌ တင်ထား၏။

ထိုသို့ လက်ခံယူထားလိုက်ခြင်းသည် အလွန်မှန်ကန်သော အပြုအမူဖြစ်၏။ ထိုငါးကြင်းကင်ကြီးကို အဆောတလျင် စားသုံးမပစ်ဘဲ အနီးတွင်ထားခြင်းမှာလည်း ကောင်းမွန်သောအဆောင်အရွက် ဖြစ်နေပြန်၏။

ထိုသို့သင့်လျော်သော အကြောင်းအရာများကို ဖန်တီးမိသည့်အတွက် ပြည့်ရှင်မင်းမှာ မယုံကြည်နိုင်အောင် အံ့သြနေ၏။ အကြောင်းသော်ကား အော်ဟစ်နေရသည့် ဦးယဉ်းခေါင်းခဲနာ အကြွင်းမဲ့ ပျောက်ကင်း ချမ်းသာနေသောကြောင့်တည်း။

ဘုရင့်သားတော် သမီးတော်တွေနှင့် မိဖုရားတွေ မောင်းမ မိဿံတွေ အံ့သြကြ၏။ ဝမ်းသာကြ၏။ သမားတော်များသည် မည်သည့်အတွက် သည်မျှ လျင်မြန်စွာ ပျောက်ရသနည်း၊ ပျောက်ကင်းပုံထူးခြားသည်ဆိုကာ လေ့လာ စူးစမ်းကြ၏။ ရွှေကလပ်ပေါ်တွင်တင်ထားသော ငါးကြင်းကင်ကြီး၌ ထူးဆန်းသောပိုးကောင်တွေ အုံနေ၏။

ဆေးသမားများသည် အမည်မသိပိုးမွှားတွေကိုဖမ်းသည်။ သမားအိုကြီးများထံ သွားရောက်ပြသကြ၏။ ဘုရင်ကြီး၏ ခေါင်းခဲဝေဒနာမှာ မယုံနိုင်ဖွယ် ပျောက်ကင်းရခြင်းအကြောင်းကို သိကြရတော့၏။

"မှန်လှပါ၊ အရှင်မင်းကြီး၏ ဆိုးရွားပြင်းထန်သော ဝေဒနာ ဤမျှလျင်မြန်စွာ ပျောက်ကင်းရခြင်းမှာ ထူးဆန်းသော ငါးကြင်းကင်ကြောင့်ပါဘုရား"

ဘုရင်မင်းမြတ်မှာ ယုံရအခက် မယုံရအခက် ဖြစ်တော်မူ၏။

"သမားဆရာတို့၊ ပြည့်စုံစွာ ထပ်လောင်းတင်လျှောက်ကြပေဦး"

"မှန်လှပါ၊ အရှင်မင်းကြီး၌ နှစ်ရှည်လများ ဦးယဉ်းခေါင်းခဲနာ စွဲကပ်နေခြင်းမှာ ဦးခေါင်းထဲသို့ဝင်ရောက်နေသော မီးစက်ပိုးများကြောင့် ဖြစ်ကြောင်းပါဘုရား"

သမားပျိုတို့က ပိုးကောင်အချို့ကို ဘုရင့်လက်တော်သို့ ဆက်သပြီးမှ ဆက်လက်တင်လျှောက်ကြ၏။

"သမား တိကိစ္ဆာ… အကျော်အမော်တို့ ကြပ်မတ်ကုသကြသော်လည်း မသေမကျေ မထွက်ခွာကြသော မီးစက်ပိုးများသည် ငါးကင်၏ရနံ့ကိုရသောအခါ မနေနိုင်ကြတော့ပါ၊ အရှင်မင်းကြီး၏ ခေါင်းထဲမှ ထွက်လာကြကာ ကလပ်ပေါ်တွင်တင်ထားသော ငါးကင်ကြီးတွင် ဝိုင်းအုံတွယ်ကပ်ကုန်ကြသောကြောင့် ခေါင်းခဲဝေဒနာ ကင်းစင်လွင့်ပျောက်သွားရခြင်း ဖြစ်ပါသည် ဘုရား၊ သို့ပါ၍ အရှင်မင်းကြီး၏ ဆိုးရွားပြင်းထန်သော ဝေဒနာ လျင်မြန်စွာ ပျောက်ကင်းချမ်းသာခြင်းမှာ ထူးဆန်းသော ငါးကြင်းကင်ကြီးကြောင့်ဟူ၍ တင်လျှောက်ခဲ့ခြင်း ဖြစ်ကြောင်းပါ ဘုရား"

ဘုရင်မင်းမြတ်မှာ အလွန် ဝမ်းမြောက် ကြည်နူးနေသည်။

သို့အတွက် ထူးဆန်းသော ငါးကြင်းကင်ကြီးကို ကျေနပ်စွာ ရှုစားရင်း မေးတော်မူ၏။

"သည်ငါးကင် ဘယ်လို ရောက်လာသတုံး မောင်မင်းများ"

"အရှေ့ပင်လယ်သွားသင်္ဘောတစ်စင်းမှ မာလိန်တစ်ဦးက ထူးထူးခြားခြား မွန်မွန်မြတ်မြတ်ပစ္စည်းအဖြစ် လာရောက်ဆက်သသွားကြောင်းပါဘုရား"

"သို့ဖြစ်က ထိုမာလိန်အား ရှေ့တော်သို့သွင်းစေ"

မင်းချင်းများသည် ထူးဆန်းသော ငါးကြင်းကင် ဆက်သသွားသော သင်္ဘောမာလိန်အား လိုက်လံရှာဖွေကာ ဘုရင့်ရှေ့တော်သို့ ခေါ်ဆောင်လာကြ၏။

"ငါးကင် ဆက်သသွားသော မာလိန်ဖြစ်ကြောင်းပါဘုရား"

ဘုရင်မင်းမြတ်သည် ဝမ်းသာလွန်း ကျေးဇူးတင်လွန်းသဖြင့် အ

စားအသောက်များကို ကိုယ်တော်တိုင် ရွှေလက်တော်ဖြင့် ပြင်ဆင် ကျွေးမွေးလေ၏။

"ကိုယ်တော့်မှာစွဲကပ်နေတဲ့ ခေါင်းကိုက်ဝေဒနာဟာ မောင်မင်းဆက်သတဲ့ ငါးကင်ရနံ့ကြောင့် ရှင်းရှင်းပျောက်သွားပြီ၊ မောင်မင်း ကျေးဇူးကြီးမားလှတယ်၊ အကြောက်အရွံ့မရှိ… စားဟဲ့ သောက်ဟဲ့၊ လိုရာဆုကို တောင်းဟဲ့"

မာလိန်ကား စိတ်ကောင်းစိတ်မြတ်မွေးသော လူရိုးလူဖြောင့်ဖြစ်၏။

"မှန်ပါ၊ ဤငါးကင်ကို သမိန်စကာကျွန်းနေ တောတွင်းသားတစ်ယောက်က နောက်တစ်ကြိမ်အလာတွင် အဝတ်အထည်များ ယူခဲ့ပါရန် မှာကြားပြီး လက်ဆောင်ပေးလိုက်ခြင်းဖြစ်ကြောင်းပါဘုရား"

မာလိန်မှူးမှာ ဆုလာဘ်တွေ များစွာရ၏။ သားတော် သမီးတော်များနှင့် မိဖုရားငယ်များအပါအဝင် မိဖုရားကြီးကရော ဘုရင်ကပါ ဝမ်းသာအားရ ကျေးဇူးတတင် ပေးကြသော ဆုလာဘ်တွေဖြစ်၏။

"အမောင်မာလိန်မှူး၊ ဆုတော် လာဘ်တော်များကို အိမ်သို့ အမြန်ပို့လော့၊ ကျေးဇူးရှင်နေထိုင်ရာ သမိန်စကာကျွန်းသို့ သင်္ဘောလွှင့်ရန် အမြန်ပြင်ဆင်ပေ့"

ရောက်သည်မှာ မကြာသေး။ သို့ပါလျက် ချက်ချင်းပြန်ထွက်ရမည်။ သင်္ဘောသားတို့ ငြူစူစရာဖြစ်၏။ သို့ရာတွင် လာဘ်သပ်ပကာတွေ အစုလိုက် အပုံလိုက် ရထားသဖြင့် သင်္ဘောမာလိန်မှာ ညည်းညူရန် သတိမရချေ။

## ခုတ်တာလွဲ ရှုတာခြားဖြစ်

မာလာဒီပကျွန်းကြီးသခင် ဘုရင်မင်းမြတ်သည် ထူးဆန်းသော ငါးကြင်းကင်ကြီး ပေးလိုက်သူ၏ အခြေအနေကို လေးစားစွာ မသုံးသပ်

မိချေ။ မိမိဘဝပေါ်တွင်မူတည်ကာ လိုရာဆွဲပြီး သုံးသပ်သည်။ သို့ အတွက် မောင်တီအတွက် အဝတ်အထည်သည် အရေးအကြီးဆုံး ဖြစ် ကြောင်း သဘောမပေါက်ပေ။

ဘုရင်မှာ မွေးကတည်းက အဝတ် ဝတ်လာရသူဖြစ်၏။ သို့ကြောင့် အဝတ်သည် သူ့အတွက် အရေးမပါ။ စိန်၊ ရွှေ၊ နီလာ၊ ပတ္တမြား စသည့် ကျောက်မျက်များသာ အရေးကြီးသည်၊ အဖိုးတန်သည် ထင်နေ၏။

ထင်နေသည့်အလျောက် မောင်တီထံသို့ ကျောက်မျက်ကောင်း တွေ ပေးပို့ခြင်းဖြင့် တုံ့ပြန်သည်။

မာလာဒီပဘုရင်သည် ကျောက်ကောင်းတွေကို အုန်းသီးထဲထည့် သည်။ ခိုင်ခံအောင် ပြန်လည်စေ့ချုပ်ပြီးနောက် သင်္ဘောမာလိန်၏လက် ထဲသို့ ထည့်လိုက်သည်။

"ထူးဆန်းသောငါးကြင်းကင်ကြီး ဆက်သလိုက်သော သမိန် စကာကျွန်းနေ တောတွင်းသားထံ ပေးပို့စေ"

သင်္ဘောမာလိန်လည်း ချက်ချင်း သင်္ဘောလွှင့်ခဲ့သည်။

လေသင့်သောကြောင့် သမိန်စကာကျွန်းသို့ ခုနစ်ရက်ဖြင့် ရောက် သည်။

မောင်တီမှာ သင်္ဘောမြင်လျှင် ပျော်နေသူဖြစ်သည်။ သူ့ကျွန်း ဘက်သို့ ဦးတည်လာသော သင်္ဘောကို ဝမ်းသာအားရ ကြိုဆိုသည်။

မာလိန်ကလည်း ရတနာအုန်းသီးကို ဝမ်းပန်းတသာ ပေးသည်။

သို့သော် မောင်တီ ဝမ်းမသာပါ။

"ငါလိုချင်တာက အဝတ်၊ သည်အုန်းသီး ဘာလုပ်ဖို့တုံး"

စိတ်ဆိုးဆိုးဖြင့် ကိုင်ပေါက်သည်။ အုန်းသီး ဟက်ခနဲကွဲသည်။ ရတနာတွေ ထွက်လာသည်။

ဈေးနာမရှိ လူသူမရှိသော အရပ်တွင် စိန်သည် အသုံးမဝင်ချေ။

ပတ္တမြားသည်လည်း ငှက်ပစ်စရာ ကျောက်ခဲတစ်လုံးထက် တန်ဖိုးမပို ပေ။ နီလာ၊ မြ စသည်တို့လည်း ထမင်းတစ်ဆုပ် ရေတစ်မှုတ်လောက် မျှ အသုံးမဝင်ချေ။

"အဖိုးထိုက် အဖိုးတန် ရတနာတွေပါ မိတ်ဆွေ"

သဘော်မာလိန် နှစ်သိမ့်သော်လည်း မောင်တီ နားမဝင်ပါ။ စိတ် ပျက်စွာ ခေါင်းခါပြသည်။

တရွေ့ရွေ့ထွက်ခွာသွားသော သဘော်ကို နားမလည်နိုင်စွာ ငေး မောကျန်ရစ်ခဲ့သည်။

ဒေါသပြေတော့မှ အုန်းသီးကို မောင်တီကောက်ယူသည်။

"ငါ့အတွက် အသုံးမဝင်ပေမဲ့ သူတို့လို မြို့ကြီး ပြကြီးမှာ နေသူတွေ အတွက်တော့ အဖိုးတန်ပုံပေါ်တယ်"

သို့ကြောင့် ကျောက်သံ ပတ္တမြားတွေကို အုန်းသီးထဲသို့ ပြန်ထည့် သည်။ ကောင်းမွန်သေသပ်စွာ ပြန်ချုပ်သည်။

သူနေထိုင်သော သစ်ပင်ပေါ်တွင် သေချာစွာတင်ထားကာ သဘော်များကို မျှော်မြဲ မျှော်နေပြန်လေ၏။

နှစ်နေဝင် နှစ်မိုးချုပ်ခဲ့ပြီ။

"ဟား သဘော်တစ်စင်းဟ"

မောင်တီထခုန်သည်။ သစ်ကိုင်းကြီးတစ်ကိုင်း ချိုးယူပြီး လှုပ်ယမ်း ပြလေသည်။

ထိုသဘော်မှာလည်း ရေချိုတင်ရန်ဝင်လာသောသဘော်ဖြစ်သည်။

မောင်တီသည် ရေချိုရှိရာကိုညွှန်ပြသည်။ သဘော်၏ မူရင်း တိုင်းပြည်ကို စုံစမ်းသည်။

"နောက်တစ်ခေါက် သည်ဘက်ကိုလာရင် အဝတ်ယူခဲ့ပါ" ဆိုကာ ရတနာအုန်းသီးကို ပေးလိုက်လေသည်။

သဘော်ာမာလိန်သည် မောင်တီပေးလိုက်သော ထိုအုန်းသီးကို မာလာပုတ်မင်းသို့ ဆက်သ၏။

မာလာပုတ်မင်းမှာ အုန်းသီးတောထဲက ဘုရင်ဖြစ်သည်။ အုန်းသီးပေါသောဘုရင်သို့ ဆက်သသောအုန်းသီးမှာ သာမန်မဖြစ်နိုင်။

သို့ကြောင့် အုန်းသီးကို ခွဲကြည့်တော့၏။

မာလာဒီပကျွန်းက ကျောက်သံပတ္တမြားပေါကြွယ်သလောက် မာလာပုတ်ဘုရင်မှာ ကျောက်သံပတ္တမြားရှားပါး၏။

သို့ကြောင့် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာကြ၏။ မောင်တီ၏ အုန်းသီးထဲမှ ထွက်လာသောအရာများမှာ မာလာပုတ်နန်းတော်တွင် မရှိသေးသော ကျောက်ကောင်း ကျောက်မြတ်တွေ ဖြစ်၏။

သို့အတွက် သဘော်ာမာလိန်အား ရှေ့တော်သို့ခေါ်ကာ စုံစမ်းရ၏။ အဝတ်လိုချင်သောကြောင့် အုန်းသီးဆက်သကြောင်း သိရသဖြင့် အဝတ်ပေးရန် စီစဉ်၏။

သို့ရာတွင် ဘုရင်ပေးသောအဝတ်သည် လူသာမန်တို့၏အဝတ်နှင့် မတူစေရ။ အဖိုးထိုက်ရမည်၊ အဖိုးတန်ရမည်။

မာလာပုတ်ဘုရင်သည် အဖိုးထိုက် အဖိုးတန် အဝတ်ကောင်းတွေကို အလျင်အမြန် စီစဉ်သည်။ လှပခမ်းနားသော စည်တော်ကြီးထဲတွင် အဝတ်တွေထည့်သည်။ အမြန်ဆုံးကျေးဇူးတုံ့ပြန်စေဟု မိန့်တော်မူကာ အဝတ်စည်ကို မာလိန်၏လက်ထဲသို့ ထည့်လိုက်လေတော့၏။

မာလာပုတ်သဘော်ာမာလိန်သည် မောင်တီထံသို့ ဝမ်းသာအားရလာ၏။

အဝတ်စည်ကြီးကို ပေးအပ်ထားခဲ့၏။

မောင်တီမှာကား စည်ကြီးကိုကြည့်လျက် စိတ်ညစ်နေရပေတော့၏။

"ငါလိုချင်တာကအဝတ်၊ သူတို့ပေးတာက စည်၊ စည်တီးပြီး က

ရမှာလား၊ စည်ကိုဖောက်ပြီး ကိုယ်မှာ စွပ်ထားရမှာလား"

မောင်တီသည် မာလာပုတ်မင်း၏စည်ကြီးကို ဖောက်မိလျှင် သူ့ဆန္ဒပြည့်ဝမည်မှာအမှန်။ မဖောက်မိသောအခါ သူ့ဆန္ဒမပြည့်တော့ပါ။

ရေထဲ မျှောပစ်ရ သင့်အံ့လော၊ မီးတိုက်ပစ်ရသော် ကောင်းအံ့လော မောင်တီစဉ်းစားနေစဉ် သင်္ဘောတစ်စင်း ဝင်ရောက်ဆိုက်ကပ်၏။

လင်္ကာဒီပမှ သင်္ဘောဖြစ်သည်။

မောင်တီလည်း အဝတ်အလိုရှိကြောင်းပြောပြီး စည်ကြီးကို ပေးလိုက်လေသည်။

လင်္ကာဒီပဘုရင်သည် စည်ကိုရရှိသောအခါ တီးခတ်ကြည့်သည်။ ဘာသံမျှ မထွက်လာချေ။ သို့ကြောင့် စည်ကို ဖောက်ခွဲပစ်လိုက်သည်။ ပြိုးပြောင်တောက်ပသော အဝတ်တွေ ထွက်ပေါ်လာတော့သည်။

ကောင်းချီးပေးသံများဖြင့် တစ်နန်းတော်လုံး ဆူညံသွားလေတော့သည်။

"နတ်ဝတ်တန်ဆာအလား ကောင်းမြတ်၍ အတိုင်းမသိ အဖိုးထိုက်တန်သော ဤအဝတ်အထည်များဆက်သသော တောတွင်းသားအား ထိုက်တန်သောပစ္စည်းကောင်းဖြင့် တုံ့ပြန်ကြစေ"

ပညာရှိများသည် ဘုရင့်အမိန့်ကို ဦးထိပ်ထားကာ အလေးအနက် တိုင်ပင် ဆွေးနွေးကြရလေသည်။

"အဖိုးထိုက် အဖိုးတန် အဝတ်တွေ ဆက်သလိုက်ပုံထောက်တော့ သည်တောတွင်းသားမှာ အဝတ်အထည်တွေ အလျှံပယ်ရှိနေလို့ ဖြစ်ရမယ်၊ သို့ဖြစ်လျှင် သူ့အတွက် အရေးပါအရာရောက်တာ ဘာရှိမတုံး"

"တောထဲ တောင်ထဲမှာ တစ်ယောက်တည်းနေသူပဲ အမတ်မင်းရဲ့၊ သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ် ရှိမှာပေါ့"

"ဟုတ်ပြီ၊ သလိုဆိုရင် သတ္တရုဇေယျလေးတော်ကို လက်ဆောင်

အဖြစ် တုံ့ပြန်လိုက်ကြစို့"

ဤသို့ဖြင့် အရှက်ကိုဖုံးရန် အဝတ်လိုချင်သော မောင်တီထံသို့ ရန်အောင်မြင် လေးတော်ကြီး ရောက်သွားလေတော့သည်။

မောင်တီမှာ စိတ်ပျက်စွာဖြင့် သစ်ပင်ခွကြားတွင် တင်ထားသည်။

တစ်လမျှ ကြာသွားသည်။

သဘော်ာတစ်စင်း ဝင်လာသည်။ ရေချိုရှာရန်မဟုတ်။ မုန်တိုင်းမိသဖြင့် ဝင်ရောက်ခိုလှုံခြင်းဖြစ်သည်။

ရာသီဥတုသာယာ၍ လှိုင်းလေငြိမ်သက်ချိန်ဝယ် သုဝဏ္ဏဘုမ္မိမှ ထိုသဘော်ာသည် ခရီးဆက်ရန်ပြင်ဆင်သည်။ မောင်တီမှာ လေးကြီးကို မြင်နေရလျှင် ဒေါသထွက်နေရသဖြင့် အပြေးအလွှား ရောက်လာသည်။

"မိတ်ဆွေတို့အတွက် အသုံးဝင်လိုဝင်ငြား သည်ဟာကြီးယူသွားကြပါ"

သဘော်ာမာလိန်သည် လေးကိုမြင်ကာမျှဖြင့် သာမန်မဟုတ်ကြောင်း ခန့်မှန်းမိ၏။

"ဘယ်လောက်ပေးရမတုံး တောတွင်းသား"

"မိတ်ဆွေတို့ ခရီးကြုံတဲ့အခါ အဝတ်အထည်ယူခဲ့စေချင်ပါတယ်၊ မိတ်ဆွေတို့လို အဝတ်ဝတ်ချင်တယ်၊ ဒါပဲ"

"စိတ်ချ မိတ်ဆွေ၊ စိတ်ချ"

## ကျူးကျော်သူနှင့် လေးတော်ကြီး

မောင်တီ စိတ်ပျက်လက်ပျက်ဖြင့် ပေးပစ်လိုက်သော လက်ဆောင်များသည် အဖိုးတန်တွေချည်း ဖြစ်နေ၏။ ယခု သုဝဏ္ဏဘုမ္မိသဘော်ာသို့ ပေးလိုက်သော သတ္တရဓေယျလေးကြီးကား သုဝဏ္ဏဘုမ္မိတိုင်းပြည်ကြီး အတွက် အတိုင်းမသိ အဖိုးထိုက်နေပြန်ပေတော့၏။

ထိုလေးကြိုး သုဝဏ္ဏဘုမ္မိတိုင်းပြည်သို့ ရောက်သွားပြီးနောက် များမကြာမီပင် ရန်သူများ ရောက်လာကြတော့သည်။ ရေတပ်ရော ကြည်းတပ်ပါ ညှပ်ပိတ်လျက် နေပြည်တော်ကို ဝန်းရံထားသည်။

"လက်ဆောင် ဆက်မလား၊ စစ်ထိုးမလား"

တေလင်္ဂနများသည် ထောင်လွှားမောက်မာစွာ ရာဇသံပေးကြ၏။

လက်ဆောင်ဆက်ခြင်းသည် သူ့အောက်ကျို့ရာရောက်၏။ သူ့ အောက်ကျို့ခြင်းသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းကို သူ့လက် ထဲသို့ သွယ်ဝိုက်အပ်နှံရာ ရောက်တော့သည်။

သုဝဏ္ဏဘုမ္မိ ဘုရင်မင်းမြတ်သည် ထိုသို့အတွေးပေါက်သဖြင့် ခက်ထန်စွာ မိန့်တော်မူသည်။

"ကိုယ့်မြေ ကိုယ့်ရေမှာ သေချင်ရင် အမြန်ဆုံးဆုတ်ခွာကြ၊ မဆုတ် ခွာရင် နင်တို့အားလုံး နက်ဖြန်နံနက် နေထွက် တစ်ပြုမှာ အလောင်း ချင်းထပ်စေ့မယ်"

ပြင်းထန်သောတုံ့ပြန်စကားဖြစ်သည်။ သုဝဏ္ဏဘုမ္မိမင်းသည် အပြောနှင့်အလုပ် ညီအောင်လုပ်သည်။ နောက်တစ်နေ့ နေမထွက်မီ မြို့တံခါးဖွင့်ပြီးထွက်သည်။ ကိုယ်တော်တိုင် ဆင်စီးပြီး သတ္တရဓေယျ လေးတော်ဖြင့် မြားမိုး ရွာချသည်။

သုဝဏ္ဏဘုမ္မိ ရဲမက်တို့ကား "သူ့နိုင်ငံသား သံမှုန့်စားမှ တို့စား တုံးမည်" သမားတွေဖြစ်ကြ၏။

ကျူးကျော်သူ တေလင်္ဂနတို့မှာ သံမှုန့်စားသူများ မဟုတ်။ သူလို ငါလို ထမင်းသာစားသူများဖြစ်ကြ၏။ ထိုအခါ သုဝဏ္ဏဘုမ္မိ စစ်သည် ရဲမက်တို့၏ဓားများသည် ပဲ့ရွဲ့ရန်၊ တုံးရန် အကြောင်းမရှိ။

သို့အတွက် ကျူးကျော်သူတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပြတ်ကြွေသည်။ ပြုတ်လွင့်သည်။ သတ္တရဓေယျလေးတော်မှ ပစ်လွှတ်

သော မြားဒဏ်မှ လွတ်ကင်းသမျှသည် ဓားစာဖြစ်ကုန်တော့သည်။ လှံစာ၊ မိုန်းစာ၊ တင်းပုတ်စာ... ဖြစ်ကုန်တော့သည်။

သုဝဏ္ဏဘုမ္မိ ရဲမက်တော်တို့၏ စစ်ကြွေးသံသည် ဒီလှိုင်းကြီးများ တက်လာသလို ပြင်းထန်ကျယ်လောင်သည်။ ကျူးကျော်သူတို့၏ အော်ဟစ်သံမှာ လှိုင်းလုံးပြန်ဆုတ်သံလို ပျော့ညံ့လွန်းသည်။

ကျူးကျော်သူတွေမှာ အသက်နှင့်ကိုယ်မြဲပြီး ကျန်သူဟူ၍ နည်းပါးလွန်းသည်။ ထိုအနည်းအကျဉ်းသည်ပင် လှေဖြင့် သင်္ဘောဖြင့် မပြေးနိုင်။ ပါလာသမျှ လှေ၊ သင်္ဘော၊ ဆင်၊ မြင်း၊ လက်နက်၊ ရိက္ခာများ ထားပစ်ခဲ့ကာ ကိုယ်လွတ်ပြေးကြရခြင်းဖြစ်သည်။

သုဝဏ္ဏဘုမ္မိ မြို့သူမြို့သားတွေ အော်ဟစ်လျက် ပြေးထွက်လာကြ၏။ သူတို့တွင် တောင်းပလုံး၊ တူရွင်းတွေ ပါလာသည်။ ရဲမက်တော်တွေ မနိုင်မနင်းသယ်ယူနေရသော ရန်သူ့အလောင်းတွေကို ကူညီ မြေမြှုပ်ပေးကြသည်။ ရဲမက်တော်တွေ မသိမ်းဆည်းနိုင်၍ ကျန်ခဲ့သည်များကို သယ်ယူကြသည်။

သုဝဏ္ဏဘုမ္မိ ရွှေမြို့တော်အတွင်း၌ တေးဂီတသံများ ခြိမ့်ခြိမ့်မြမ်းနေသည်။ ရွှေနန်းတော်ကြီးအတွင်း၌လည်း အပြုံးပန်းတွေ ဝေနေသည်။ အမည်မသိရပ်သွင်ခန့်မှန်း၍ မရသော တောတွင်းသားအား ကျေးဇူးတင်နေကြသည်။ မည်သို့ ကျေးဇူးဆပ်ရသော် သင့်မည်နည်း ကြံဆနေကြသည်။

ထိုအတွေးအဆကို ပညာရှိအမတ်ကြီးက ဤသို့တင်လျှောက်သည်။

"တောတွင်းသားဆက်သလိုက်သော လေးတော်ကြီးမှာ စွမ်းပကားပြည့်စုံသော သားတော်တစ်ပါးနှယ် အားကိုးရပါသောကြောင့် ထိုလေးဆက်သလိုက်သူအား သားပမာ သဘောပိုက်သင့်ကြောင်းပါ ဘုရား"

ထိုစကားကို အမတ်များ နှစ်ခြိုက်ကြ၏။

ပြည့်ရှင်မင်းကိုယ်တော်တိုင်လည်း ခေါင်းတညိတ်ညိတ် ပြုံးတော်မူ၏။

“သို့ဆိုလျှင် မည်သို့ စီမံလျှင် သင့်မည်နည်း အမတ်ကြီး”

“မှန်လှပါ၊ ရာဇဝတ်ဘေးမှ ကင်းလွတ်ခွင့်ပေးပါက တင်လျှောက်လိုပါသည် ဘုရား”

“တင်လျှောက်စေ အမတ်ကြီး”

“မှန်ပါ၊ သားတော်တစ်ပါးသဖွယ် သဘောတော်ထားပါလျှင် ထိုသို့ထားသည်နှင့် လျော်ညီစေရန် သမီးတော်နှင့်လက်ဆက်ပေးကာ ရွှေနန်းတွင်းသို့ အပါခေါ်သင့်ကြောင်းပါဘုရား”

ဘုရင်မင်းမြတ်၏ရွှေမျက်နှာတော်မှာ လပြည့်ဝန်းကြီးသဖွယ် တင့်ရှန်း ကြည်လင်ဝင်းပသွားလေ၏။

“သင့်မြတ်လျော်ကန်ပေစွ အမတ်ကြီး”

ထို့နောက်တွင် သမီးတော်အား ရှေ့တော်သို့ ဆင့်ခေါ်သည်။ တောတွင်းသားရှိရာ သမိန်စကာကျွန်းသို့ လိုက်ပါရန်၊ တောတွင်းသားနှင့် ပေါင်းသင်းနေထိုင်ကာ နန်းတွင်းသို့ အပါခေါ်ခဲ့ရန် အမိန့်ပေးသည်။

သမီးတော်သည်လည်း အမည်မသိ တောတွင်းသားအား ကျေးဇူးဥပကာ တင်မိသူသာဖြစ်၏။ ထိုသို့ ကျေးဇူးရှိသူထံ သွားရောက်ရမည်ဟူသည့်အမိန့်တော်ကို ငြင်းဆန်လိုစိတ် မရှိချေ။

ကိုယ်ကိုအပ်နှင်းပြီး ထံရင်း အလုပ်အကျွေးအဖြစ် နေထိုင်ဆောင်ရွက်ခြင်းသည် ထိုက်တန်သော ကျေးဇူးဆပ်ခြင်းဟု နားလည်လက်ခံ၏။

## ပုညရာဇာ၏ သားတော်

မောင်တီသည် မည်သည့်အရပ်မှ ရွက်ဖွေးဖွေးနှင့် သုံးပင်တိုင်သင်္ဘောပေါ်လာပါမည်နည်းဟု မျှော်၏။ သူ့အတွက် အဝတ်အထည်

တွေ ယူဆောင်လာမည့်သင်္ဘောသည် မည်သည့်ဘက်မှလာသော သင်္ဘောဖြစ်ပါမည်နည်း ဟူ၍လည်း ငေးမျှော်၏။

ဟော... သင်္ဘောတစ်စင်း။ တရွေ့ရွေ့ကပ်လာသည်။ ရေချိုတင်ရန်လော၊ အစားအစာ ရှာဖွေရန်လော။

မောင်တီကား ထုံးစံအတိုင်း သစ်ကိုင်းကြီး ယမ်းရော့ကာ ကြိုဆိုသည်။ သို့သော် သင်္ဘောသားတွေ ထွက်မလာ။ ထူးဆန်းသောသွင်ပြင်ရှိသည့် လူဟုထင်ရသော သတ္တဝါတစ်ကောင်ကား ကန္တကလျှသွင်မူဟန်ဖြင့် ဆင်းလာသည်။ သူ့လက်ထဲတွင် အဝတ်အထည်တွေ ပွေ့ထားသည်။

ထွက်ပြေးရကောင်းနိုး၊ ပုန်းနေရကောင်းနိုး မောင်တီစဉ်းစားသည်။

သို့စဉ်တွင် ထိုသတ္တဝါက သူ့ကိုမြင်သွားပြီ။ အဝတ်တွေဖြန့်ပြသည်။ လက်ယပ်ခေါ်သည်။ အဝတ်ကိုမြင်ရသောအခါ မောင်တီ မပြေးမိ။

မောင်တီမှာ အဝတ်အထည်များဖြင့် ပတ်ရံမိသည်။ မိန်းမမာယာဖြင့်လည်း အပတ်အခြုံခံရသည်။ မာယာဖြင့် ချုပ်နှောင်သူမှာ သုဝဏ္ဏဘုမ္မိဘုရင့်သမီးတော်ပေတည်း။

သမီးတော်သည် အခြွေအရံ မှူးမတ်များ ရံရွေတော်များကို ညဉ့်အခါရောက်မှသာ သင်္ဘောပေါ်မှဆင်းရန် မှာကြားပစ်ခဲ့သည်။

ထူးဆန်းသော အဆောင်အယောင် အဆင်တန်ဆာတွေကိုမြင်ပြီးတောတွင်းသား ထွက်ပြေးမည် စိုးရိမ်၍ ဖြစ်သည်။

တောတွင်းသားမှာ မင်းသမီးအား ကညင်ပင်ပေါ်ရှိ အသိုက်ထဲသို့ခေါ်သွားကာ အစားအစာ ရှာဖွေ ကျွေးမွေး၏။ အတူနေထိုင် ပေါင်းသင်းကြ၏။ မင်းသမီးသည် မောင်တီအား လူတို့အရပ်ဒေသသို့ လိုက်ခဲ့ရန် နေ့ရှိသရွေ့ ဖျောင်းဖျ၏။

ရက်ပေါင်းများစွာ ကြာမြင့်လာသောအခါ မောင်တီ စိတ်ပါလာ၏။

သို့ဖြင့် မင်းသမီး၏နေရပ်ဒေသ သုဝဏ္ဏသို့ အတူသွားကြရန်

သဘော်ာရှိရာသို့ မင်းသမီးနှင့် မောင်တီတို့ ထွက်ခွာလာကြ၏။ သဘော်ာသို့ရောက်ရန် အနည်းငယ်အလိုတွင် မောင်တီသည် ပုန်းလျှိုးဝှက်လျှိုးနေထိုင်ကြသော နန်းတွင်းသူ နန်းတွင်းသားများကို မြင်သွားလေ၏။

"ရန်သူ ရန်သူ"

သူမြင်ဖူးသော သဘော်ာသားများနှင့် လုံးဝခြားနားသော အသွင်ရှိသူများဖြစ်သည်။ မောင်တီက ရန်သူထင်ပြီး ထွက်ပြေးသည်။

"ရန်သူမဟုတ်ဘူး၊ နမတော်ရဲ့ အခြွေအရံတွေပါ"

"ရန်သူ ရန်သူ"

မောင်တီသည် မင်းသမီး၏စကားကို နားမဝင်။ အတင်းအော်ဟစ်ပြေးသည်။ အသိုက်ရှိသော ကညင်ပင်ပေါ်တက်ပြေးသည်။

ကညင်ပင်ပေါ်တက်ပြေးမှဖြင့် လွတ်ထွက်ရန်မစိုးရိမ်ရ။ သို့အတွက် "လိုက်ကြ၊ လိုက်ကြ၊ လက်ရဖမ်း" ဟု အမိန့်ပေးမိလေ၏။ အမတ်များ၊ မင်းချင်းများလည်း ကညင်ပင်ကိုဝိုင်းထားပြီး သုံးလေးယောက်က သစ်ပင်ပေါ်သို့ တက်ကြ၏။

မောင်တီသည် ဖမ်းမည့်သူများ မလိုက်နိုင်စေရန် သစ်ပင်ထိပ်ဖျားသို့ တက်ပြေး၏။ မင်းသမီးပြောသည်ကို သူလျစ်လျူရှုသည်။ မယုံကြည်။ မည်မျှ တောသားဘာဝ ကျွမ်းကျင်သည်ဆိုစေကာမူ အကြောက်လွန်းလာသဖြင့် မောင်တီမှားသည်။

သစ်ပင်ထိပ်ဖျားမှ စောက်ထိုးမိုးမျှော် လိမ့်ကျလေတော့သည်။

မြေမာပေါ်သို့ ကားကားကြီးကျသည်။ သေပွဲဝင်ပုံမှာ မြင်မကောင်းရှုမကောင်း သွေးအိုင်ထွန်းနေတော့သည်။

မင်းသမီးမှာ ရင်ကိုထုလျက် ငိုသည်။ မောင်တီကိုပွေ့ပြီးငိုသည်။ မိမိ၏ မစီမံတတ်မှုကြောင့် ဤကဲ့သို့ ဆုံးရှုံးရလေခြင်းဟု ယူကျုံးမရဖြစ်ရသည်။

ငိုယိုရင်း ပွေ့ဖက်ရင်းက မင်းသမီးသည် ချစ်လင်မောင်တီ၏ လည်ပင်းရှိ ရွှေဖက်လိပ်ကို သတိပြုမိသည်။ ရွှေဖက်လိပ်ကို ဖြုတ်ယူဖြန့်ဖတ်သောအခါ ပို၍ ရင်ထုမနာ ခံစားရတော့သည်။

သုဝဏ္ဏဘုမ္မိနေပြည်တော်တွင် ယခုနန်းစံနေသောဘုရင်မှာ သိင်္ဂရာဇာဖြစ်သည်။ ထိုမင်းတွင် ညီတော်တစ်ပါး ရှိခဲ့ဖူး၏။ အမည်မှာ ပုညရာဇာပေတည်း။

သိင်္ဂရာဇာနှင့် ပုညရာဇာတို့သည် ချစ်ခင်ညီညွတ်စွာဖြင့် နန်းစံနေကြစဉ် မသမာသူတို့က ကတုံးကတိုက်လုပ်ကြသည်။ ညီတော် အိမ်ရှေ့မင်းသည် အရှင်မင်းကြီးအား မကောင်းကြံစည်နေပါသည် စသည်ဖြင့် ကုန်းတိုက်ချောပစ်ကြခြင်းဖြစ်သည်။

ဘုရင်မင်းမြတ် မယုံကြည်။ "ငါ့ညီတော်၊ သည်လိုမကြံစည်"ဟု တရားသေ သတ်မှတ်ထားသည်။

ကုန်းချောသူတို့သည် ဘုရင်ကို ကုန်းတိုက်၍ မရသောအခါ မိဖုရားကြီးကို ဝင်ကပ်သည်။

မတ်တော်မောင် အိမ်ရှေ့မင်းသည် ပြည့်ရှင်မင်းကို လုပ်ကြံကာ နန်းရပ်ထီးဖြို စသည်ဖြင့်။

မိဖုရားကြီးကား နောင်တော်နှင့် စပ်မှ တော်ရသော မရီး။

အိမ်ရှေ့မင်းမှာလည်း လင် ဘုရင်နှင့် စပ်မှ တော်ရသော မတ်။

စင်စစ်အားဖြင့် သွေးမတော် သားမစပ်။ ကြင်နာခြင်း ချစ်ခြင်းဖြင့် မကြည့်ဘဲ လောဘရမ္မက် အတ္တဖြင့် ဆင်ခြင်သည်။

မိဖုရားခေါင်ကြီး တုန်လှုပ်ထိပ်လန့်ရပြီ။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျက် ပြည့်ရှင်မင်းထံ ပြေးသည်။

သိင်္ဂရာဇာမင်းသည် မိဖုရားခေါင်ကြီးလျှောက်တင်သော်လည်း "ငါ့ညီတော် ငါ့ကို သည်လိုကြံလိမ့်မည်မဟုတ်" ဟုသာ တုံ့ပြန်သည်။

မိဖုရားကြီးသည် တစ်ကြိမ်ဖြင့် မအောင်မြင်သောအခါ ထိုစကားကို နှစ်ကြိမ်ပြောသည်။ နှစ်ကြိမ်အပြောတွင် အိမ်ရှေ့မင်း ပုညရာဇာ၏နားသို့ ပေါက်ကြားသွားသည်။

– ပြောဖန်များ မယားစကား အောင်သတဲ့၊ တစ်နေ့နေ့မှာ ငါဘေးတွေ့တော့မည်၊ ဘေးမလာခင် ပြေးမှ –

အိမ်ရှေ့ ဥပရာဇာ ပုညရာဇာသည် နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများကို အသိမပေးဘဲ သုဝဏ္ဏဘုမ္မိမှ တိတ်တဆိတ် ထွက်ခွာလာခဲ့၏။

ငွေတောင်ပြည်သို့ ခေတ္တဝင်ရောက်စဉ် သမီးတော် သော်ကစန္ဒီကို မြင်ရသောကြောင့် ခရီးမဆက်နိုင်တော့ရှာ။ 'မောင်ထော်ပိုင်' ဟုအမည်ပြောင်းလျက် ဘုရင်မင်းမြတ်၏ ဆင်တင်းကုပ်တွင် ဝင်ရောက်အမှုထမ်းကာ ဆင်ထိန်းလုပ်နေလေတော့၏။

ပုလဲလုံးကို ရွှံ့သုတ်ထားစေကာမူ ပုလဲသာဖြစ်၏။

ပတ္တမြားတုံးကြီးကို အညစ်အကြေးလိမ်းကျံထားဦးတော့၊ ပတ္တမြားအဖြစ်မှ မယုတ်လျော့ မပျက်ပြယ်ပေ။

မောင်ထော်ပိုင်မှာလည်း မည်မျှပင် ဆင်းရဲသားအသွင် ယူထားစေကာမူ မဟာပုံ မဟာရိပ်က မပျောက်ကွယ်။ သော်ကစန္ဒီတစ်ကြိမ်မြင်ခါမျှဖြင့် စွဲလမ်းသည်။

မောင်ထော်ပိုင်ကိုယ်တိုင်ကလည်း တမ်းတပြီးသားဖြစ်ရာ မကြာမီ ချစ်ကြိုးဆက်မိကြလေသည်။

ခမည်းတော်ရွှေကြုမင်းကား သုဝဏ္ဏဘုမ္မိမှ ပြေးလာသော ပုညရာဇာဟုမသိ။ ရုပ်သွင်ကိုလည်း စေ့စေ့မကြည့်ဖူးရကား ဆင်ထိန်းငထော်ပိုင်ဟု ကြားခါမျှဖြင့် သတ်စေ အမိန့်ထုတ်တော့၏။

မောင်တီ၏ ရွှေပေရွက်ပေါ်တွင် အကြောင်းစုံကို မှတ်တမ်းတင်

ခဲ့သူမှာ သော်ကစန္ဒီ (နန့်သော်က) ဖြစ်သည်။ သုဝဏ္ဏဒေဝီမင်းသမီးမှာ သနားဖွယ်ရာ ကြေကွဲဝမ်းနည်းဖွယ်ရာဇာတ်လမ်းကို ဖတ်ရှုအဆုံးတွင် စိတ်ထိခိုက်လွန်းသဖြင့် မေ့မြောသွားလေတော့သည်။

မင်းသမီးအား စောင့်ရှောက် လုပ်ကျွေးရန် ရံရွေတော် အခြောက် အမြား ပါလာ၏။ ပညာရှိအမတ်များနှင့် ဆေးသမားများ၊ ရဲမက်ဗိုလ်ပါ များလည်း ပါလာကြ၏။

ထိုသူတို့၏ အမအစဖြင့် မင်းသမီး သတိရလာချိန်ဝယ် မောင်တီ၏ ရုပ်ကလာပ်ကို-မင်းညီမင်းသားတစ်ပါး၏ မသာတော်အခမ်းအနား နှယ် ပြင်ဆင်လျက် စတင် မီးသင်္ဂြိုဟ်နေပြီ။

မီးတောက်ကြီးက တစ်စထက်တစ်စ ကြီးမားလာသည်။

သည်မီးတောက်ကြီးသည် မျက်ရည်လွှမ်းသောမင်းသမီး၏ မျက်လုံးအိမ်ထဲ၌ မီးတောက်ရာထောင်ဖြစ်နေသည်။

ရင်ထဲ၌လည်း မီးပုံကြီးပေါင်းအရာအထောင် ဝင်ရောက်လောင်ညီးနေဘိသို့ ပူကျွမ်းမြည့်သည်။

ရုတ်တရက် ငှက်သံများပေါ်လာသည်။

ငှက်သံပေမဲ့ ဝမ်းနည်းကြေကွဲစွာ အော်မြည်သောအသံဖြစ်သည်။ မီးတောက်ကြီးကို ကြေကွဲစွာ ကြည့်နေသူများက အသံလာရာသို့ မော့ကြည့်ကြသည်။

သစ်ပင်ပေါ်မှ ထိုးဆင်းလာသော ဝံလိုငှက်နှစ်ကောင်။

"ဟင် ဟယ် ဟာ" အော်သံများမစဲမီပင် ဝံလိုငှက်နှစ်ကောင်မှာ မီးတောက်ထဲသို့ ကျရောက်သွားလေ၏။

"ဒါဟာ ... ဒါဟာ မောင်ဘုရားရဲ့ ကျွေးမိဘတွေ ဖြစ်ရမယ်၊ တိရစ္ဆာန်ရဲ့မေတ္တာတောင် ဒီလောက်ကြီးရင် ငါ့အချစ် ငါ့မေတ္တာကရော... ဟင်"

နန့်စာထလိုင်း (သုဝဏ္ဏဒေဝီ) သည် ညည်းတွားမြည်တမ်းရင်း ထရပ်သည်။

ထိန်းကိုင်ယုယနေသောလက်များကိုပုတ်ချသည်။ လျှပ်ပြက်သည်သို့ လျင်မြန်စွာဖြင့် မီးဖိုထဲသို့ခုန်ဆင်းသည်။

နန့်စာထလိုင်း သေကံ မရောက်ပါ။ မီးတောက်ထဲသို့ မကျပါ။ မှူးမတ်များက အချိန်မီ တားဆီးနိုင်ကြသည်။

"အသက်ကိုအဆုံးစီရင်တာ မတော်ပါဘူးဘုရား၊ သခင်မ မပါဘဲ ကျွန်တော်မျိုးတို့ နေပြည်တော်ကို ဘယ်လိုလုပ်ပြီး ပြန်ရမှာတုံး သခင်မဘုရား"

မှူးမတ်များ၏ တောင်းပန်သံသည် မီးတောက်မီးစွယ်များ၏ မာန်ဖီသံကို ဝါးမျိုသွားလေ၏။

## နန့်စာထလိုင်း သခင်မ

မောင်တီ၏ ရုပ်ကလာပ်သင်္ဂြိုဟ်သော သင်္ချိုင်းခေါင်းရင်းတွင် ဝံလိုင့ှက်ရုပ် နှစ်ရုပ် ထုလုပ်စိုက်ထူပြီးပြီ။ မင်းသမီး နန့်စာထလိုင်းမှာ ဝမ်းနည်းပူဆွေး ငိုကြွေး၍အားမရနိုင်ဘဲ ရှိလေ၏။

ခမည်းတော်၏အမိန့်ကြောင့် တာဝန်အရ တော်စပ်ရသောလင်ကို သူတကယ်ချစ်မိနေပြီ။ လည်ဆွဲ ရွှေပေပါ အတ္ထုပ္ပတ္တိကို ဖတ်ရပြန်သည်တွင် ကြင်နာရပြန်သည်။

မိမိ မစီမံတတ်သောကြောင့် မသေသင့်ဘဲ သေရသည်ဟု မင်းသမီး ထင်သည်။ ဖြေမဆည်နိုင်ဘဲ ရှိသည်။

တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့သည်။

မင်းသမီး နန့်စာထလိုင်းကား မောင်တီ၏သင်္ချိုင်းရာဘေးမှ ဖဲ့ခွာမည့်ပုံကို မပြချေ။

စားလည်း သည်နေရာ၊ အိပ်လည်း သည်နေရာ။

"သခင်မဘုရား... မိုးကျရန်အချိန် နီးကပ်လာပြီဖြစ်ပါသောကြောင့်"

မှူးမတ်များက ပြည်တော်ပြန်ရန် စကားစကြ၏။

"ပြန်လိုသူများပြန်ကြစေ၊ သခင်မနှင့် နေလိုသူများ နေခဲ့စေ၊ မောင်ဘုရား ခေါင်းချတဲ့နေရာက မခွာပါရစေနှင့်"

မိမိအရှင်သခင်ကိုစွန့်ခွာပြီး အဘယ်သူ ပြန်ရဲပါမည်နည်း။ လွှတ်လိုက်ကတည်းက "သမီးတော်၏သစ္စာကိုခံယူကြ၊ အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ကြ" ဟု မှာလိုက်သည် မဟုတ်သလော။

သို့ဖြစ်၍ မှူးမတ်များသည် သမီးတော်စံမြန်းရန် နန်းတော်ကို စတင်ဆောက်လုပ်ကြသည်။

ထို့နောက် မှူးကြီးမတ်ကြီး သေနာပတိစစ်သည်ရဲမက်များ အတွက် အိမ်များ ဆောက်လုပ်ကြသည်။

သခင်မ နန်းစောထလိုင်းနှင့်ပါလာသောလူများသည် အုတ်ဖုတ်ပြီး မြို့ရိုးတည်ရန် ကြံစည်၏။ အချိန်မရ။

သို့အတွက် တည်ပြီးသောမြို့ကို သစ်တပ်ဖြင့် ကာရံသည်။ သစ်တပ်သည် တည်တံ့ခိုင်မြဲမည်မဟုတ်။

ရာသီဥတု သဘာဝနှင့် လိုက်လျောညီထွေရှိမည့် ကြခတ်ဝါးများကို သစ်တပ်အပြင်မှ ရံရသော် မကောင်းသလော။

ကြခတ်ဝါးများကို စိုက်ကတည်းက စေ့နေအောင်စိုက်သည်။

နေ့ချင်းညချင်းဖြစ်ထွန်းလာသော ဝါးပင်များသည် မိုးကုန်ချိန်၌ မြို့ကို ကာဆီးဝန်းရံမိပြီ။

ကြခတ်ဝါးပင်များ ဝန်းရံထားသည်ကိုအစွဲပြု၍ ထိုမြို့အား တုန်စလင်းမြို့ဟု ခေါ်တွင်ကြ၏။

သို့ရာတွင် သုဝဏ္ဏာဒေဝီ၏ တုန်စလင်းမြို့ကလေးမှာ လအနည်းငယ် အကြာတွင် ရန်သူ ပေါ်ထွက်လာ၏။

တုန်စလင်းမြို့ကို လုပ်ကြံဖျက်ဆီးသူမှာ သီဟဒီပပြည့်ရှင် ဘောဂသေနဘုရင်ဖြစ်၏။ ဘောဂသေန ဘုရင်မှာ သေန်လျင် မင်းဆက်ဝင်မင်းတစ်ပါးဖြစ်၏။ သေန်လျင်ကား ဝါခရူမင်းကို နန်းချပြီးတက်လာသော ရှာစားကြီးပေတည်း။

ဘောဂသေနမင်းသည် သုဝဏ္ဏာဒေဝီကို မိဖုရားအရာပေးသော်လည်း သုဝဏ္ဏာဒေဝီ၏ကိုယ်ဝန်မှာ ဘောဂသေနမင်း၏ ကိုယ်ဝန်မဟုတ်ပေ။

မောင်တီနှင့်ရလိုက်သော အထုပ်အထည်ဖြစ်သည်။

သုဝဏ္ဏာဒေဝီမှာ ထိုကိုယ်ဝန် မမွေးနိုင်သဖြင့် ကွယ်လွန်ရာ သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်ခါမှ သမီးတော်ကလေးကို ဖွားသည်။

သမီးတော်ကလေး၏အမည်မှာ ဗို့နွန်းဖြစ်သည်။ ပီသအောင် မခေါ်နိုင်ကြ၍ မွေ့နွန်းဖြစ်လာသည်။ အချို့ကလည်း 'မွေးပဲ မွေးနိုင် လွန်း ရှင်မွေးလွန်း' ဟုခေါ်ကြသေး၏။

ဘောဂသေနမင်းသည် သမီးတော်ကလေးအား သနားချစ်ခင်သော်လည်း မြို့ပြင်တွင်သာ တစ်ပင်တိုင်နန်းဆောက်ကာထားရ၏။ ထိုမင်းသမီးကလေး အရွယ်ရောက်သောအခါ အလွန်လှ၏။ မင်းသမီး၏ အလှသတင်းသည် မြစ်တစ်ဖက်ရှိ မင်းသားကလေးစံရာ မြို့အထိ ပျံ့သင်း၏။

မင်းသမီးထံသို့ မိကျောင်းစီးကာရောက်လာလေ့ရှိသော မင်းသားအား မနာလိုသူများ ပေါ်ပေါက်လာသည်။ မင်းသမီးကလေးအား မသင့်မလျော် ပူဆာရန် သညာပေးသည်။

မင်းသားသည် ဘုန်းနိမ့်လိမ့်မည်ဟု သိပါလျက်နှင့် မင်းသမီး

ကလေးအား သူ၏ ညာဘက်လက်မောင်းပေါ်ခေါင်းအုံးပြီး အိပ်ခွင့် ပေးခဲ့၏။

ထိုမှအပြန်တွင် သူစီးသောမိကျောင်းကို အခြားမိကျောင်းတွေက ဝိုင်းဝန်းရန်မူကြ၏။


မိကျောင်းလည်း ကျောပေါ်မှ သခင်ကိုထိခိုက်မည်စိုးသဖြင့် အာခံတွင်းထဲသို့ထည့်ထား၏။ ရန်ပွဲမှာ တစ်ခဏဖြင့်မပြီး။ ကြာရှည်သည်။

သို့အတွက် မင်းသားမှာ မိကျောင်း၏ ပါးစပ်ထဲ၌ မွန်းကျပ်သေဆုံးသွားတော့သည်။

မင်းသား၏ မကောင်းသတင်းကို ကြားရသောမင်းသမီးမှာလည်း ရင်ကွဲနာကျပြီး သေရှာ၏။

သူတို့နှစ်ဦး တစ်ပြိုင်နက်တည်း မီးသဂြိုဟ်ရာ မြစ်နှစ်ဖက်မှ မီးခိုးညွန့်များသည် ကောင်းကင်အာကာထဲ၌ ပေါင်းဆုံပူးယှက်နေကြလေသတည်း။

❑



## ပန်းချီဆရာ ဦးဇီးကွက်

ရှေးလွန်လေပြီးသောအခါက မြန်မာနိုင်ငံအလယ်ပိုင်းတွင် အလွန်ကြီးမားသော တောကြီးတည်ရှိခဲ့သည်။ ပန်းမန်များစုံလင်၍ စမ်းချောင်းများ ရေတံခွန်များ ပေါများသဖြင့် ထိုတောကို ငှက်များ အလွန်သဘောကျသည်။ သဘောကျသောကြောင့် သတ္တလောကတစ်ခုလုံး၌ ရှိရှိသမျှ ငှက်အပေါင်းတို့ လာရောက်နေထိုင်ကြလေ၏။

တစ်နေ့တွင် ငှက်များ၏ အစည်းအဝေး ကျင်းပကြ၏။

ထိုအစည်းအဝေးမှ ဆုံးဖြတ်ချက်တစ်ခုကို တညီတညွတ်တည်း ချမှတ်လိုက်၏။

ဆုံးဖြတ်ချက်မှာ 'ငှက်အလှပြိုင်ပွဲကြီး' ကျင်းပရန်ဖြစ်ပေသည်။

ငှက်အလှပြိုင်ပွဲ ကျင်းပရန် စီစဉ်ရခြင်းမှာလည်း ကျီးကန်းနှင့် အောက်ချင်းငှက်တို့ သူလှသည်၊ ငါလှသည် အငြင်းပွားမှုကြောင့် ဖြစ်ပေသည်။ ငှက်အလှပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်သည်နှင့်အတူ ကျင်းပမည့် ရက်ကိုလည်း တစ်ပါတည်း သတ်မှတ်လိုက်သည်။

ငှက်များသည် ပကတိပင်ကိုအလှဖြင့် ရိုးသားစွာမပြိုင်ကြပေ။ အလှပြိုင်ပွဲတွင် အနိုင်ရလိုစိတ် ပြင်းပြလာကြသည်။



ထိုအခါ သဘာဝကိုလိမ်လည်ရန်အတွက် အလှခြယ်ပေးနိုင်မည့်သူကို အပူတပြင်း ရှာဖွေကြသည်။

သစ်တောက်ငှက်သည် တောကြီးနှင့် မနီးမဝေးအရပ်ရှိ ပန်းချီဆရာတစ်ယောက်ထံ ရောက်သွားတော့သည်။

"ဆရာကြီးခင်ဗျား၊ ကျွန်တော့်ကို သူတကာထက် ပိုပြီးလှအောင် လုပ်ပေးစေချင်ပါတယ်ခင်ဗျား"

ပန်းချီဆရာသည် သစ်တောက်ငှက်အား မည်သို့ဆောင်ရွက်ပေးရပါမည်နည်း ငေးမောကြည့်နေသည်။

ကြည့်နေဆဲမှာပင် သစ်တောက်ငှက်က သူလိုချင်သည့်အရောင်များကို ထုတ်ဖော်ပြောသည်။

"ဟိုသင်းဗျာဆရာကြီး... ကျွန်တော့်အမောက်ကို အဝါရောင်နှင့် ပန်းရောင် ခြယ်မယ်နော်"

ပန်းချီဆရာသည် နားမှအေးပါစေတော့ သဘောဖြင့် လုပ်ပေး၏။

သို့တစေ နားမအေးပါ။

"ကိုယ်လုံးကျန်သေးတယ်ခင်ဗျ၊ အဖြူကလေးနှင့် အနက်ကလေး"

သစ်တောက်ငှက်၏ဆန္ဒနှင့်အညီ ခြယ်ပေးလိုက်သော်လည်း မပြီးသေးပါ။

"ခြေထောက်ကျန်သေးတယ်ခင်ဗျ၊ အဝါရောင်ကလေးနော်... အဝါရောင်၊ တစ်လက်စတည်း နှုတ်သီးကိုလည်း အနီရောင် ရေးပေးပါနော်"

ပန်းချီဆရာက အရောင် အတွဲ အဖက် အစပ် အဟပ် ဘာမျှ ရှင်းမပြပေ။ သစ်တောက်ငှက်ပြောသည့်အတိုင်းသာ ရေးခြယ်ပေးလိုက်တော့သည်။

သစ်တောက်ငှက်ကား ဝမ်းမြောက်စွာ ထွက်ခွာသွားရာက တော

ထဲ၌ လှည့်လည်ကြွားဝါလေသည်။ သူကြွားပုံမှာ မျက်စိနောက်စရာကောင်းလှ၏။

ပျံသန်းလျှင် ရိုးရိုးတန်းတန်းမပျံ။ နိမ့်လိုက်မြင့်လိုက် ပျံသန်း၏။

အစာရှာစားရာတွင်လည်း မြေပေါ်တွင် ရှာစားလိုက်၊ သစ်ပင်ပေါ်တက်ပြီး ရှာဖွေစားလိုက် လုပ်၏။ အစာစားရင်းကလည်း ခေါင်းကိုဟိုလှည့်သည်လှည့်၊ အမြီးကို ဖြန့်ပြလိုက် လုပ်ပြန်၏။

သစ်တောက်ငှက်ကြွားသည်ကိုမြင်သောကြောင့် ရောဂါထသူမှာဥဒေါင်းဖြစ်၏။ သစ်တောက်ငှက်ထံ အောက်ကျို့ချဉ်းကပ်စုံစမ်းပြီးနောက် ပန်းချီဆရာထံ ရောက်သွားတော့၏။ သူကလည်း သာယာချေင်စွာ ပြောဆိုဆက်ဆံသော်လည်း ပန်းချီဆရာအား သူလိုရာကို လုပ်ပေးရန် စေခိုင်းခြင်းသာဖြစ်၏။

ပန်းချီဆရာသည် စောဒကမတက်ပါ။ ဥဒေါင်းပြောသည့်အတိုင်းရေးခြယ်ပေးလိုက်သည်။ အဖြူရောင်နှင့် အနက်ရောင်၊ အပြာရောင်ရွှေရောင်၊ အစိမ်းရင့်ရောင်၊ အစိမ်းနုရောင်များဖြင့် နေရာတကျ ရေးပေးလိုက်သောအခါ ဥဒေါင်းမှာ ဝမ်းသာ၍မဆုံးတော့ပေ။

သို့ကြောင့်လည်း ဥဒေါင်းမှာ ကြီးမားသောအမြီးကြီးကို ဖြန့်ကာဖြန့်ကာဖြင့် ဦးခေါင်းကို ဟိုလှည့်သည်လှည့်လုပ်ခြင်းဖြင့် ကြွားဝါတော့သည်။

ကြက်နှင့်ရစ်သည် ဥဒေါင်းကြွားဝါနေသည်ကို မြင်သောအခါ တိတ်တဆိတ် လိုက်လံစုံစမ်းသည်။

ထို့နောက် ပန်းချီဆရာထံ ရောက်သွားကြသည်။

"ဆရာကြီးခင်ဗျား၊ ကျွန်တော့်ကို ခေါင်းထက်လှအောင် မြန်မြန်ကလေး လုပ်ပေးပါခင်ဗျား"

"ရပါတယ်ကွာ၊ ကဲ... လာ လာ"

ပန်းချီဆရာမှာ ဥဒေါင်းကို ခြယ်သပေးလိုက်သည့် ဆေးခွက်များ မသိမ်းဆည်းရသေးပေ။ ထိုအထဲမှ ကပျာကယာ ကောက်ခြယ်ပေးရာ အဖြူရောင်နှင့် အနက် အနီများလွှမ်းသွားသည်။

"ဟာ... ဒေါင်းလောက်လည်း မလှပါကလား၊ ငှက်တကာ ‌ေးမောယူရအောင် လှချင်တာဗျာ့"

ကြက်က ရရှိသောအလှကို မကျေနပ်ချေ။

"အိုကွာ... ဉာဏ်ကူလိုက်ပေါ့၊ မင်းရဲ့ထူးဆန်းတဲ့အလှကို အမှတ်တမဲ့ ချန်မထားခဲ့ကြအောင် အောက်အိအိအွတ်လို့ အသံပေးလိုက်ရင် ဘယ်သူ မကြည့်ဘဲ နေနိုင်မှာတုံး"

ပန်းချီဆရာ၏ အကြံပေးစကားကို ကြက် သဘောကျသည်။ တောင်ပံနှစ်ဖက်ကို တဖန်းဖန်းရိုက်ခတ်သည်။ ရင်ကိုကော့ပြီး တွန်ချသည်။

"ကျွန်တော့်ကိုတော့ ဆရာ့သဘောကျ ခြယ်ပေးပါခင်ဗျာ"

ရစ်က ကြေးမများချေ။

သို့အတွက် ပန်းချီဆရာသည် ရစ်၏ အနေအထား တောတောင် ရေမြေတို့နှင့် လိုက်လျောစေရန် အနီရောင်နှင့် အနက် အဝါ အဖြူများကို သင့်လျော်စွာ မျှတ ခြယ်မှုန်းပေးလိုက်လေ၏။

ရစ်နှင့်ကြက်တို့ ထွက်သွား၍မှ မကြာသေး။ အလွန်ဆော့သော ငှက်တစ်ကောင် ကလန်ကလားဖြင့် ရောက်လာ၏။

"ပန်းချီဆရာကြီးခင်ဗျား၊ ကျွန်တော့်နှုတ်သီးကို အနီခြယ်ပေးပါ၊ ကိုယ်လုံးကို အစိမ်းခံပြီး ရောင်စုံခြယ်ပေးပါ"

ထိုငှက်ကား ငှက်ကျားဖြစ်၏။

ပန်းချီဆရာသည် ဦးစွာ နှုတ်သီးကို ခြယ်သပေးသည်။

ကိုယ်လုံးကို အစိမ်းရောင် ခြယ်ပေးအပြီးတွင် ပန်းချီဆရာမှာ ဆေးစပ်ရင်း အလုပ်ရှုပ်နေသည်။

သို့စဉ်တွင် ငှက်ကျား အငြိမ် မနေသောကြောင့် ငှက်ကျားကိုယ်ပေါ်သို့ ဆေးခွက်တွေ မှောက်ကုန်တော့သည်။

"မင်း တော်တော် အလိုက်မသိတဲ့ အကောင်ပါကလား"

"ကျွန်တော် တောင်း ... တောင်းပန်ပါတယ် ဆရာကြီးခင်ဗျား"

ငှက်ကျားတောင်းပန်စေကာမူ ပန်းချီဆရာ စိတ်မပြေ။

ဖိတ်စဉ်ကုန်သည့် ဆေးခွက်တွေကို နမြောစွာကြည့်နေရင်းက "သွားကွာ၊ သွားကွာ... မင်းအမြန်ဆုံး ထွက်သွားရင် အကောင်းဆုံးပဲ၊ အိုကွာ... သွား သွား" ဟု ဒေါသတကြီး အော်ဟစ်နှင်ထုတ်လိုက်လေ၏။

ပန်းချီဆရာမှာ ဆေးခွက်တွေ မှောက်ကုန်သဖြင့် စိတ်လည်းညစ်သည်။ ဒေါသလည်းထွက်သည်။ ဆေးအသစ်လည်း မဖြည့်မိပေ။

ငှက်အလှပြိုင်ပွဲ မကျင်းပမီ တစ်ရက်အလိုတွင် ဖြူဆွတ်နေသောကျီးကန်းရောက်လာသည်။

"ဆရာကြီးခင်ဗျား၊ ကျွန်တော့်ကို အများကြီးလှအောင် ဆေးခြယ်ပေးစမ်းပါခင်ဗျာ၊ မြန်မြန်နော်"

"လာပြန်ပြီလား မြန်မြန်"

"ပြိုင်ပွဲအမီ သွားရမှာမို့ပါ ခင်ဗျာ၊ စိတ်မဆိုးပါနှင့်နော်"

ပန်းချီဆရာသည် နီးရာဆေးခွက်ကို လှမ်းဆွဲပြီး ငုံ့ကြည့်သည်။ ကျပ်ခိုးရောင်ဖြစ်သည်။ အလုပ်အပ်သူက လောနေသောအခါ ရမိရရာ ကျပ်ခိုးရောင်ဖြင့်ပင် ခြယ်သပေးလိုက်ပေ၏။

ကျီးကန်းမှာ မူရင်းအရောင် ပျောက်သွားသဖြင့် ဝမ်းသာကြည်နူးစွာ ပျံသန်းထွက်ခွာသွား၏။ ပန်းချီဆရာမှာမူ စိတ်ဆင်းရဲနေ၏။ ငှက်အလှပြိုင်ပွဲ ကျင်းပ မပြီးမချင်း ငှက်တွေ လာကြလိမ့်မည်။ သည်မှာလည်း ငှက်ကျား နန့်သောကြောင့် ဆေးတွေ မှောက်ကုန်ပြီ။ အကတ်အသတ်မျှသာ ရှိတော့သည်။

ဤအခက်အခဲကို မသိဘဲ ရောက်လာသူမှာ ဝမ်းဘဲ။

"ဆရာကြီးခင်ဗျား... အလှပြိုင်ပွဲကို အမိ နွဲချင်လို့ပါခင်ဗျား၊ မြန်မြန်လေး ဆေးခြယ်ပေးပါ ခင်ဗျား"

ပန်းချီဆရာသည် ကျပ်ခိုးရောင်ဆေးခွက်ကို ဆွဲယူသည်။

ဆေးမှာ အနည်းငယ်မျှ မရှိတော့။ သို့ဖြင့် ဆေးခွက်ထဲသို့ ရေထည့်သည်။ ခွက်ကို ဆေးကျင်းပြီး ဝမ်းဘဲ၏ ကိုယ်ပေါ်သို့ ကျပ်ခိုးရောင် ဆေးရည်ကျဲကျဲများကို လောင်းချပေးလိုက်သည်။

ဝမ်းဘဲ ကျေနပ်စွာဖြင့် တဂါးဂါးအော်လျက် ပြေးထွက်သွားသည်။ နဂိုအဖြူရောင် ပျောက်သွားသဖြင့် ဝမ်းသာကျေနပ်သွားခြင်းဖြစ်ပေသည်။

ထို့နောက် ပန်းချီဆရာသည် ကွမ်းစားလိုသဖြင့် ကွမ်းအစ်ကို လှမ်းဆွဲစဉ် ငှက်တစ်ကောင် ရောက်လာခဲ့ပြန်လေသည်။

"ဆရာကြီးခင်ဗျား... ကျွန်တော့်ကိုလည်း ကူညီပါဦးခင်ဗျား၊ ငှက်အလှပြိုင်ပွဲကလည်း စတော့မယ်ခင်ဗျ၊ မြန်မြန်နော်"

ကိုးရိုးကားရား ဝင်လာသူကား ဥဗျိုင်းဖြစ်သည်။

"မင်းတို့လာလိုက်ရင် နှေးနှေးဆိုတာ တစ်ယောက်မှ မရှိကြဘူး"

ပန်းချီဆရာမှာ စိတ်ဆိုးသောကြောင့် ရေရွတ်သည် မဟုတ်။ ဆေးမရှိတော့သဖြင့် မြည်တမ်းသည်ဖြစ်၏။

"ဆရာကြီး၊ စိတ်မရှိပါနှင့် ခင်ဗျာ၊ မြန်မြန်လေး"

"ဒါလောက် အလျင်လိုလည်း... ရော့ကွာ"

ကွမ်းအစ်ထဲရှိ ထုံးဘူးထဲမှ ထုံးတွေကို ကော်ယူပြီး ဗျိုင်းကို သုတ်လိမ်းပေးလိုက်လေ၏။

ဗိုင်းကား ဖြူဖွေးတောက်ပြောင်သော မိမိကိုယ်ကို ငုံ့ကြည့်ရင်း ဝမ်းသာပျော်ရွှင်စွာ အပြေးထွက်ခွာသွားလေ၏။

ပန်းချီဆရာသည် အပြေးအလွှား ကွမ်းယာ ယာသည်။ ပလုတ်ပလောင်းဝါးသည်။ ကွမ်းဝါးရာမှာပင် အပြေးအလွှားဖြစ်နေရခြင်းမှာ အလုပ်အပ်သူရောက်လာခဲ့သော် မစားရ မဝါးရမည် စိုးရိမ်၍ ဖြစ်ပေသည်။

ပန်းချီဆရာစိုးရိမ်သည်မှာလည်း မှန်ကန်ပေသည်။ ကွမ်းဝါး၍ ညက်ရုံမျှသာ ရှိသေးသည်။ ငှက်ဖြူတစ်ကောင် အပြေးအလွှားဝင်လာသည်။

"ဆရာကြီးရယ်... နောက်ကျတာဟာ ကျွန်တော့်အပြစ်ပါခင်ဗျာ၊ သို့ရာတွင် အဝေးကြီးက လာခဲ့ရတာကို သနားသောအားဖြင့်"

"ဆေး... မရှိတော့ဘူးကွာ"

"ကြံဖန်ပြီး လုပ်ပေးပါဦးခင်ဗျာ၊ သည်အရောင်ကြီးနှင့် ပွဲမတိုးလို့ပါ"

မည်မျှတောင်းပန်စေကာမူ ဆေး မရှိပါ။ သို့သော် ပန်းချီဆရာသည် သနားလည်းသနား၊ အားလည်းနာသဖြင့် ဝါးနေဆဲ ပါးစပ်ထဲမှ ကွမ်းယာကိုလက်ဖြင့် ကိုင်ထားပြီး ကွမ်းသွေး ထွေးပေးလိုက်လေ၏။

ငှက်ဖြူကျေနပ်သွားသည်။

"ဆရာကြီးခင်ဗျာ၊ ဆရာကြီးခင်ဗျ"

မကြာမတင်ရောက်လာသောငှက်မှာ ငှက်ငန်းဖြစ်သည်။ ဆေးမရှိတော့ဟု ပြော၍လည်း ရမည်မဟုတ်။ ပန်းချီဆရာသည် ကွမ်းအစ်ထဲရှိ ရှားစေးတွေကို အရည်ဖျော်ကာ သုတ်လိမ်းပေးလိုက်လေ၏။

ငှက်ငန်း ထွက်အသွားတွင် ပန်းချီဆရာလည်း အိမ်ထဲမှ ထွက်လာတော့၏။ အိမ်ထဲတွင် ဆက်လက်နေလျှင် ငှက်တွေ လာနေဦးမည်။ မိမိလည်း ငှက်အလှပြိုင်ပွဲသို့ သွားလိုသေးသည်။ သို့ကြောင့် ပြိုင်ပွဲမစမီ နေရာကောင်းဦးနိုင်ရန် အလျင်အမြန် ထွက်လာခဲ့သည်။

ငှက်အလှပြိုင်ပွဲကြီးကား စတင်နေပါပြီ။

ပန်းချီဆရာအတွက်မူ နေရာကောင်းရရန် မခက်ခဲပါ။ ငှက်အများစုမှာ သူ့ဆေးခြယ်ပေးလိုက်သူတွေ မဟုတ်သလော။ ပန်းချီဆရာသည် စီစဉ်သူများပေးသောနေရာတွင် အမြိန့်သားဝင်ထိုင်၏။

ဤသည်မှာလည်း သူ့အမှားဖြစ်၏။ မှားပုံမှာ ပြေးလမ်း မရှိသော နေရာတွင် ဝင်ထိုင်မိသောကြောင့်ဖြစ်ပေ၏။

ပြေးလမ်းနှင့်ပန်းချီဆရာ ဘာဆိုင်သနည်း။

ဆိုင်ပါသည်။ ငှက်အလှပြိုင်ပွဲကြီးတွင် ရွှေဒေါင်းသည် အလှဆုံးငှက်အဖြစ် အရွေးချယ်ခံရသည်။

ထိုအခါ အရွေးချယ် မခံရသော အခြားငှက်တွေက ပန်းချီဆရာထံ ဝိုင်းအုံလာကြသည်။

"ပန်းချီဆရာ မျက်နှာလိုက်တယ်"

"မတရားတဲ့ ပန်းချီဆရာ"

"မျှတမှု မရှိတဲ့ ပန်းချီဆရာ၊ အလိုမရှိ"

အစမူ ရန်တွေ့ရုံသာဖြစ်၏။ ရန်တွေ့ရင်းက ဒေါသထွက်လာသဖြင့် ဝိုင်းဝန်းထိုးဆိတ်ကြတော့သည်။

"နေကြပါဦး၊ ရှင်းပြပါရစေ" ပြော၍လည်းမရ။

နှုတ်သီးချွန်များစွာတို့ အဆက်မပြတ် ကျရောက်လာသဖြင့် တိုးဝှေ့ပြီး ထွက်ပြေးခဲ့ရလေ၏။

ထွက်ပြေးသော်လည်း ဆုမရသော ငှက်များ မကျေနပ်သေး။ အုပ်ဖွဲ့ပြီး လိုက်လံရှာဖွေကြသည်။ နေ့စဉ်ရက်ဆက် ရှာဖွေကြသည်။

ပန်းချီဆရာမှာ နေ့အချိန်တွင် သစ်ခေါင်းထဲဝင်အောင်းနေပြီး ညအခါတွင်သာ ထွက်ရဲသည်။

ညအချိန်ထွက်သောအခါတွင်လည်း စိတ်အေးလက်အေး အစာမရှာနိုင်။ ထိုးမည့်ဆိတ်မည့်အကောင်တွေ ဘယ်နားက ရောက်လာပါ

မည်နည်းဟု မျက်လုံးကျွတ်ထွက်မတတ် ကြည့်နေရသဖြင့် မျက်လုံးမှာ အကောင်နှင့်မလိုက်အောင် ပြူးကျယ်နေလေတော့သည်။

စေတနာ့ဝန်ထမ်းပန်းချီဆရာမှာ နှစ်ပေါင်းကုဋေကုဋာ ကြာခဲ့ပြီဖြစ်သော်လည်း အကြောက် မပြေဘဲ မျက်လုံးပြူးနေဆဲ၊ နေ့အချိန်တွင် သစ်ခေါင်းတွင်း ပုန်းအောင်းနေဆဲ ရှိပေသတည်း။

**(ဝလောင်ပုံပြင်)**

❑

# အဆန်းပြိုင်ကြရာဝယ်

## တော်လည်း တော်တဲ့ ခွေး

ရှေးသရောအခါက ရွာတစ်ရွာတွင် စကားပြောကောင်းသူ တစ်ယောက် ရှိလေ၏။ သူသည် ကြံကြံဖန်ဖန်လည်း ပြောတတ်၏။ ဖွဲ့ဖွဲ့နွဲ့နွဲ့လည်း ပြောတတ်၏။ အခြားသူတွေ ပြောကြသဖြင့် လူတိုင်းအတွက် ဘယ်လိုမှ စိတ်ဝင်စားစရာ မရှိတော့သည့် အကြောင်းအရာဖြစ်စေကာမူ ထိုအကြောင်းကို ထိုပုဂ္ဂိုလ်ပြောလျှင် ကြားရသူတို့ နေရာမှ မထနိုင် မခွာနိုင်ဘဲ ဖြစ်သွားရ၏။ သူကား ထိုမျှ အပြောကောင်းသူဖြစ်၏။

တစ်နေ့တွင် မနီးမဝေးရှိ ရွာတစ်ရွာတွင်ကျင်းပသော အလှူတစ်ခုသို့ အဖော်အပေါင်းများနှင့်အတူ သွားကြလေ၏။

အလှူရွာသို့ရောက်၍ မဏ္ဍပ်ထဲသို့ ဝင်လိုက်သောအခါ လူများဝိုင်းအုံနေသော စကားဝိုင်းတစ်ခုကို တွေ့ရလေ၏။

ယင်းသည့်အခါ ရွာခံလူငယ်တစ်ယောက်က "ခဏသည်းခံပါခင်ဗျာ" ဟုဆိုကာ စကားဝိုင်းကိုဖြတ်၏။

"အခု နောက်ရောက်လာတဲ့ ပုဂ္ဂိုလ်ဟာလည်း အခုပြောနေတဲ့ ပုဂ္ဂိုလ်များနည်းတူ အပြောကောင်းသူဖြစ်ပါသောကြောင့် ထိုပုဂ္ဂိုလ်ကိုလည်း ပြိုင်ပွဲဝင်နွဲဖို့ ခွင့်ပြုကြပါခင်ဗျား"

"ဘာပါလိမ့်ဗျာ၊ ဘုမသိ ဘမသိ မလုပ်ကြပါနှင့်"

"စကားပြောကောင်းသူတွေ ဆုံမိခိုက်မှာ မှတ်သားစရာကလေး



တွေ ချီးမြှင့်ခဲ့ပါ၊ အကောင်းဆုံးချီးမြှင့်သူကို ပူဇော်ပါရစေဆိုလို့ ချီးမြှင့်နေတာ ဖြစ်ပါတယ်ခင်ဗျား”

“သည်လိုလား၊ စိတ်ဝင်စားစရာ ကောင်းတာပေါ့၊ ကြားပါရစေခင်ဗျာ”

သို့အတွက် အဝေးရှာမှ စကားပြောကောင်းသူက သူ၏ ကိုယ်တွေ့တစ်ပုဒ်ကို စတင်ပြောလေ၏။

“ငါဟာ တစ်ခါသားမှာတော့ အလွန်လက်ဖြောင့်တဲ့ မုဆိုးတစ်ယောက် တောလည်ရာကိုလိုက်သွားတယ်၊ သည်မုဆိုးဟာ လက်ဖြောင့်လွန်းတဲ့အတွက် မာနရှိတယ်၊ စည်းစောင့်တယ်၊ မာနရှိပုံကတော့ ရပ်နေတဲ့သားကောင်၊ သစ်ကိုင်းပေါ်မှာနားနေတဲ့ ငှက်ကို သူ့ဒူးလေးနှင့် ပစ်ရတာ ဂုဏ်ငယ်တယ်တဲ့၊ စည်းစောင့်တယ်ဆိုတာကတော့… နားနေတဲ့ငှက်ကို ဘယ်တော့မှ မပစ်ဘဲ ပြေးနေတဲ့သားကောင်နှင့် ပျံနေတဲ့ငှက်ကိုမှ ပစ်တာပဲ”

ကိုယ်တွေ့ပြောသူနှင့် အလွန်လက်ဖြောင့်သော မုဆိုးကြီးတို့ တောလည်ထွက်လာရာတွင် ခွေးကလေးတစ်ကောင်လည်း ပါလာသည်။ မုဆိုးကြီး၏ အမဲလိုက်ခွေးဖြစ်၏။ လူစကားကို နားလည်ဟန် အမြီးတနန့်နန့်ဖြင့် မကြာခဏ မော့ကြည့်လေ့ရှိ၏။

လက်ဖြောင့်သူနှင့် အဖော်တို့သည် နေ့တစ်ဝက်မျှ လှည့်လည်ကြသော်လည်း သားငှက်တစ်ကောင်တစ်မြီးမှ မရကြသေးချေ။ မရသေးသော်လည်း မောပန်းလာပြီ။ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်နားခိုနေရပြီ။

သူတို့အရိပ်ခိုသော သစ်ပင်ကြီးမှာ မြင့်မားလွန်းလှပေ၏။ မိုးထိုးနေချေ၏။ ထိုသစ်ပင်၏ ထိပ်ဖျားအကျဆုံးအကိုင်းတွင် ရှဉ့်တစ်ကောင်အစာ စားနေ၏။ အတူပါသူက ထိုအရာကို လက်ညှိုးထိုးပြ၏။

"မုဆိုးကြီး၊ ကျုပ်မှာ လေးပါပေမဲ့... ဒါလောက်အမြင့်ကြီးကို မရောက်လို့ ခင်ဗျား့ဒူးလေးနှင့်ပစ်ပါ၊ သစ်ပင်ထိပ်ဖျားမှာ ရှဉ့်တစ်ကောင် ရှိနေတယ်"

"နားနေတဲ့ငှက်၊ ငြိမ်နေတဲ့သားကောင်ကို ကျုပ်မပစ်တာ သိလျက်နှင့်ဗျာ"

"ခင်ဗျား စဉ်းစားကြည့်၊ မွန်းတည့်နေပြီ၊ ဘာကောင်မှ မရသေးဘူး၊ အဲသည်တော့ အဲသည်စည်းကမ်းကို လိုက်နာဖို့လိုသေးလား၊ တွေ့တုန်း ပစ်ရတာ"

မုဆိုးမျှော်ကြည့်၏။ ရှဉ့်ကို ပျပျကလေးသာ မြင်ရ၏။

"ရှဉ့်တစ်ကောင်ဟာ တစ်နပ်စာမရပေမဲ့ နှစ်ကောင်ဆိုရင် တစ်နပ်စာ မရပေဘူးလား၊ ပစ်စမ်းပါ"

မုဆိုးသည် ဒူးလေးတွင် မြားထည့်ပြီးပစ်သည်။ သစ်ပင်မှာ မြင့်လွန်းသဖြင့် မြား မရောက်။ သစ်ပင်ထိပ်ဖျားတွင် လေထန်နေသည်။ ပစ်သောမြားသည် ရှဉ့်အနီးသို့ရောက်လျှင် ပက်လက်လန်ကျသည်။

မြားသုံးစင်းဖြုန်းသည်။ ပက်လက်လန်ကျသည်ချည်း ဖြစ်ချေ၏။

"သစ်ပင်ထိပ်ဖျားမှာ လေထန်နေတယ်ဟေ့၊ ငါ့မြားတောင် မရောက်ဘူးကွ"

မုဆိုးငုံ့ကြည့်ပြီးပြောသောအခါ ခွေးလိမ္မာလေးက လူစကားနားလည်ဟန်ဖြင့် အမြီးလှုပ်ပြ၏။

"သည်တော့ မင့်ပဲ အားကိုးရတော့မှာပဲ၊ သစ်ပင်ထိပ်ဖျားကရှဉ့်ကို ခုန်ပြီး ဟပ်စမ်းကွာ"

ခွေး၏ခေါင်းကို လက်ဖြင့်ပွတ်ပေး၏။ ခွေးသည် တစ်ချက် မော့ကြည့်ပြီး လေးဖက်ထောက်ရပ်လိုက်ကာ ဆတ်ခနဲခုန်၏။

"ဟား... ခင်ဗျား့ခွေးက စံပါကလားဗျ"

မုဆိုးနှင့်ပါလာသူ တအံ့တသြအော်မိ၏။ ဟုတ်ပေသည်။ အံ့သြလောက်ပါသည်။ မြားပစ်၍ မရောက်သော၊ မြားပစ်၍မမီသောနေရာကို ခုန်သော ခွေးကလေးမှာ အားလွန်ပြီး အပေါ်သို့ ကျော်တက်သွား၏။

သို့ကြောင့် တအံ့တသြ ပြောယူရခြင်းဖြစ်၏။

ခွေးကလေး ထပ်ခုန်သည်။

လောကြီးနေသဖြင့် ရှဥ့်ရှိရာနေရာကို ကျော်သွားပြန်သည်။

မုဆိုးအကြံထုတ်သည်။ နွယ်ပင်တစ်ပင်ရှာသည်။ ကျောက်ခဲတစ်လုံးရှာသည်။ ခွေးကလေး၏ လည်ပင်းတွင် ဆွဲပေးလိုက်သည်။ ထိုကဲ့သို့ လည်ပင်းတွင် အလေးအပင်ကြီး ဆွဲပေးလိုက်မှသာ ခွေးကလေးမှာ ရှဥ့်ရှိရာနေရာနှင့် အံကိုက်ဖြစ်အောင် ခုန်နိုင်ပေတော့သည်။

မြေပေါ်သို့ သူပြန်ကျလာချိန်ဝယ် သူ့ပါးစပ်ထဲ၌ ရှဥ့်သည် ပါလာခဲ့လေပြီ။

ဝိုင်းဝန်းနားထောင်နေသော ကာလသားများမှာ ကျေနပ်အားရစွာ ရယ်မောကြလေ၏။

ထိုအခါတွင် ထိုစကားပြောသူ၏ လက်တစ်ကမ်းတွင် ထိုင်နေသူက "ဒါလေးများဗျာ... စာဖွဲ့လို့" ဟု ဆို၏။

"ဒါလောက်စွမ်းတဲ့ခွေးကို ဒါလေးများလို့ပြောတော့ ဦးလေးက ဒါ့ထက်စွမ်းတဲ့ခွေးအကြောင်း ပြောနိုင်လို့လား"

ကာလသားတွေက တစ်ယောက်တစ်ပေါက်ထောက်၏။

ထိုသူက ခေါင်းညိတ်ပြ၏။

"ပြောပြမယ်၊ နားထောင်ကြကွဲ့"

## လိမ္မာလိုက်ပုံ ပြောမကုန်

"ငါ့ခွေးနာမည်က လက်ဖြူတဲ့၊ လက်ဖြူဘယ်လောက် လိမ္မာ

သတုံးဆိုရင် တောလည်သွားတဲ့အခါမှာ လက်ဖြူပါရင် လေးမြားမလို ဘူး၊ ပြောင်းဝါးမလိုဘူး၊ သားငှက်ထည့်ဖို့ တောင်းကြီးကြီး အိတ်ကြီးကြီး ပဲ လိုတယ်”

ကာလသားများသည် တပြုံးပြုံးဖြင့် နားထောင်နေကြရာ ထိုသူများ ၏ကျောဘက်တွင် လူများ ထူထပ်သည်ထက် တိုးဆင့်ထူထပ်လာ၏။

“လက်ဖြူလို့ ဘာကြောင့် ခေါ်တာတုံး... ဦး”

“လက်ကဖြူနေလို့နေမှာပေါ့ကွာ၊ ဝင် ဝင်... မမေးစမ်းနဲ့”

စပ်စုသောကလေးတစ်ယောက်အား သူ့ထက်ကြီးသူက ဝင်ပိတ် သည်။ ချွေးစကားပြောသူက ချွေးစကားကို ဆက်ပြော၏။

“တောထဲကို ငါနှင့် လက်ဖြူနှင့် ဝင်သွားရင် လက်ဖြူကရှေ့က ငါကနောက်က၊ တဖြည်းဖြည်းနှင့် ငါ့မျက်စိအောက်က လက်ဖြူပျောက် သွားရင် နားစွင့်ထားရတော့တယ်၊ သည်ကောင်က အမဲမတွေ့ဘဲ မ ဟောင်ဘဲကိုး”

“တယ်လိမ္မာပါကလား” ဟု တစ်ယောက်က ချီးမွမ်းသဖြင့် “ဟေ့ ကောင်... ဝင် ဝင် မပြောနဲ့” ဟု ကာလသားကြီးက မာန်မဲ၏။

“တစ်နေ့မှာတော့ဟေ့၊ ရှေ့ကသွားတဲ့လက်ဖြူရဲ့ ဟောင်သံကြား တာနှင့် ငါ ပြေးသွားရတယ်၊ မီးလောင်လို့ ပင်ခြေမှာ အခေါင်းဖြစ်နေ တဲ့ မန်ကျည်းပင်ခြေရင်းမှာထိုင်ပြီး လက်ဖြူဟောင်နေတာကလား၊ သစ် ခေါင်းထဲကိုကြည့်လိုက်တော့ ပြေးပေါက် ပိတ်နေတဲ့အတွက် တခွီးခွီး မာန်ဖီနေတဲ့ တောကြောင်ဗျ”

“စားချင်လိုက်တာ”

ကာလသားတစ်ယောက်က မအောင့်နိုင် မအည်းနိုင်ဘဲ မြည်တမ်း သဖြင့် အတူနားထောင်သူတွေ ဝိုင်းဝန်းရယ်မောကြ၏။

“ငါလည်းတောကြောင်ကို ကျောက်ခဲနှင့်ထု၊ တုတ်နှင့်ရိုက်ပြီး

ဖမ်းလိုက်တာပေါ့၊ ဒါပေမဲ့ လက်ဖြူဟာ သစ်ခေါင်းရှေ့မှာ ထိုင်နေရာက မရွှေ့သေးဘူး၊ ငါလည်း ဘာပြုလို့သည်ကောင် မရွှေ့ပါလိမ့်ဆိုပြီး သေသေချာချာကြည့်တော့မှ... လား လား"

စကားပြောသူသည် တမင် နှိပ်စက်သည့်အနေဖြင့် ဆေးလိပ်ညှိသောက်၏။ ကာလသားအချို့က "ပညာတွေ ပညာတွေ" ဆိုကာ ဟားကြ၏။

"မင်းတို့ကလည်းကွာ... တစ်အောင့်ကလေးတောင် နားအရသာအပြတ်မခံနိုင်ဘဲကိုးကွ" ရေရွတ်လျက် စကားပြောသူက ဆက်လက်ပြော၏။

"လက်ဖြူ ထိုင်နေရာက မရွှေ့တဲ့ အကြောင်းရင်းကတော့... သူ့ရဲ့ ရှေ့ခြေထောက်နှစ်ချောင်းအောက်မှာ လိပ်နှစ်လုံးဗျား၊ အဲဒါတွေထွက်မသွားအောင် ဖိထားရတာကိုး မောင်တို့ရ၊ သလိုဆိုလည်း ပြီးပြီပေါ့၊ ထရပ်ပါတော့လား၊ မရပ်သေးဘူးဗျား၊ ဒါကြောင့် ဘာများကျန်သေးပါလိမ့် အကဲခတ်တော့... အမြီး အမြီး"

စကားပြောသူသည် နားထောင်သူတွေ မချင့်မရဲဖြစ်စေရန် ဆေးလိပ်တိုကို ကောက်ကိုင်ပြန်၏။ ကာလသားခေါင်းက သွက်လက်စွာ မီးခြစ် ခြစ်ပေး၏။ ဆေးလိပ်ကို မီးစွဲသော်လည်း မီးမငြိမ်းဘဲထား၏။ စကားပြောသူမှာ သုံးလေးဖွာမျှသာ အပြေးအလွှားဖွာပြီး ဆေးလိပ်ကို ချထားလိုက်ရလေတော့၏။

"အမြီးတနန့်နန့် မလှုပ်တဲ့အတွက် အမြီးကို မကြည့်တဲ့အခါ လက်စသတ်တော့ အမြီးက ပုတတ်တွင်းထဲ ထိုးသွင်းပြီးဆို့ထားတာကလား၊ အမြီးကိုလည်း ဆွဲထုတ်လိုက်ရော ပုတက်ကြီးတစ်ကောင်ဗျား၊ ပုတက်ကို ကျုပ်ရိုက်ပစ်လိုက်တော့မှပဲ လက်ဖြူဟာ အမြီးတယမ်းယမ်းနှင့် ထရပ်သဗျား"

"တယ်ပြီး လိမ္မာတဲ့ ခွေးပါကလား"

"ဒါတွင် ဘယ်ကဦးမတုံး၊ သေသည်အထိ လိမ္မာတဲ့ကောင်ဗျ"

သည်မျှမကသေးဆိုသောကြောင့် ပွစိပွစိ အသံများ ငြိမ်သွားသည်။ ဆက်လာမည့်စကားကို နားစွင့်ကြသည်။

"လွန်ခဲ့တဲ့ လေးငါးနှစ်က ဆောင်းရာသီမှာပေါ့၊ အိမ်ပေါ်မှာ မီးလှုံရတာ အားမရတာနှင့် အိမ်ရှေ့ဆင်းပြီး မီးဖိုပြီး မီးလှုံတော့ လက်ဖြူလည်း ပါလာတယ်၊ ချမ်းကလည်းချမ်းတော့ တွေ့သမျှ အတိုအစတွေကို မီးဖိုထဲထည့်တယ်၊ သည်ထဲမှာ ဝါးပိုးဝါးတစ်လုံး ပါသွားတယ်"

ဝါးပိုးဝါးတွင် အကွဲ အအက် အနာအဆာပါလျှင် သည်ဇာတ်လမ်း ဖြစ်ပေါ်မလာနိုင်။ သည်နေရာတွင်ပြီးပြီ။

ဝါးပိုးဝါးတွင် အကွဲအအက် မပါသောကြောင့် လေလုံနေသည်။ မီးအပူကြောင့် ထပေါက်ကွဲသည်။

"ကျုပ်လည်း မီးလှုံ၊ လက်ဖြူလည်း မီးလှုံနေတုန်းမှာ ဝါးပိုးဝါးက ထပြီး ပေါက်ပါလေရော၊ အလွန်ကျယ်လောင်တဲ့အတွက် တစ်ရွာလုံး ဟိန်းသွားတယ်၊ မီးပွားတွေ ထင်းစတွေ ပြာတွေ ကျုပ်တစ်ကိုယ်လုံး မြင်မကောင်းဘူး၊ အဲဒါတွေ သုတ်သင်၊ ထိခိုက်ရှနာတာတွေ ဆေးထည့်အပြီးမှာ လက်ဖြူကို သတိရတယ်၊ လက်ဖြူဘယ်ရောက်သွားတုံး၊ သည်ကောင်ဘာဖြစ်သေးသတုံး ကျုပ်အော်တော့မှ လက်ဖြူကို လိုက်ရှာကြတယ်၊ လက်ဖြူဟာ ပေါက်ကွဲတဲ့အရှိန်ကြောင့် ရွာအပြင်ကို လွင့်ထွက်သွားတာကလား၊ ဗိုက်မှာလည်း အပေါက်ကြီးဖြစ်နေရှာတယ်၊ ဘယ်လိုမှ ရှင်နိုင်မယ့်လမ်း မရှိတော့ပေမဲ့ ကျုပ်ကိုမြင်တော့ အမြီးနန့်ပြတယ်၊ ပြီးတော့"

စကားပြောသူသည် ဆေးလိပ်ကို ကောက်ကိုင်ပြီးမှ မီးမညှိဘဲ ပြန်ချ၏။ ချပြီးမှ အများဆန္ဒကို ဖြည့်စွမ်း၏။

"ပြီးတော့... သူ့ပါးစပ်ထဲမှာကိုက်ထားတာက ယုန်တစ်ထုပ်၊ သူက အရှိန်နှင့်လွင့်အလာမှာ ပေါက်ကွဲသံကြားလို့ လန့်ပြေးတဲ့ယုန်နှင့် တိုးတာထင်ပါတယ်၊ ကျုပ်ရဲ့လက်ဖြူကတော့ အဲသလောက် လိမ္မာရှာတာ"

ကာလသားတွေ ပါးစပ်ဟောင်းလောင်းဖြင့် "တယ်လိမ္မာတဲ့ခွေး၊ ဆန်းလည်း ဆန်းပါ့ဗျာ" ဟု ပြောနေကြသော်လည်း နောက်ဆုံး ရောက်လာသူက ခေါင်းယမ်းသည်။

"ခွေးကလေးက အနည်းအကျဉ်းလိမ္မာတယ်ထင်ရပေမဲ့ မထူးဆန်းလှပါဘူးလေ၊ ပျင်းစရာ မကောင်းရုံပဲ ရှိပါတယ်"

နားထောင်နေသည့် ကာလသားတွေ၏ မျက်လုံးများက ထိုသူ့ထံ အုံလာကြသည်။ "ဒါဖြင့် သူ့ထက် ထူးဆန်းတာ၊ သူ့ထက်စိတ်ပါဝင်စားစရာကို ပြောနိုင်လို့လား၊ ပြောနိုင်ရင်... နားထောင်ပါရစေ" ဟု ပွဲတောင်းကြ၏။

"အားလုံး သေသေချာချာ နားထောင်ကြ၊ ကျုပ်ဟာ အလွန်ငါးများဝါသနာပါတယ်၊ အားတာနှင့် ငါးထွက်မျှားတာပဲ၊ ကုန်ကုန်ပြောမယ်... ခရီးသွားတာတောင် ငါးမျှားချိတ်နှင့် ငါးမျှားတံကို ထားမပစ်ခဲ့ဘူး"

## ဆန်းပုံထူးပုံ အံ့မကုန်

တစ်ရံရောအခါတွင် ငါးမျှားဝါသနာပြင်းပြသော ထိုသူသည် ခရီးသွားရာမှ ပြန်လာခဲ့သည်။ တောလမ်းကလေးအတိုင်းပြန်လာရာ မကြာမီ အမောအပန်းဖြေရန် နေရာကောင်းကိုတွေ့သည်။ တစ်ဖက်တွင် တောအုပ်ကြီး၊ တစ်ဖက်တွင် မြစ်ကြီး။ သူသည် ထိုနေရာတွင် အရိပ်ရှာပြီးနားသည်။ ချွေးမတိတ်မီပင် ဝါသနာက လှုံ့ဆော်သဖြင့် မြစ်ကမ်းပါးသို့ ရွှေ့ပြောင်းကာ ငါးမျှားတော့သည်။

သူသည် တောအုပ်အကြောင်း မြစ်အကြောင်းကို မသိ။ မသိ၍သာ

သည်နေရာ၌ ထိုင်မိခြင်း ငါးမျှားမိခြင်း ဖြစ်ပေသည်။

သည်မြစ်သည် နက်ကြောင်း၊ မိကျောင်းသောင်းကျန်းသည့်နေရာ ဖြစ်ကြောင်း၊ တောအုပ်ကြီး၏ သည်ဘက်အစပ် မြစ်နှင့်နီးသောနေရာတွင် ကျားတစ်ကောင် ရဲတင်းနေကြောင်းများကိုသာသိလျှင် ထိုနေရာတွင် ထိုင်ရဲမည် မဟုတ်။

ယခု ထိုင်မိပြီ။

ထိုင်မိသည်နှင့်တစ်ပြိုင်နက်တည်း အန္တရာယ်သည် ပေါ်ပေါက်လာပြီ။ အန္တရာယ်ကား ကျားနှင့်မိကျောင်းဖြစ်သည်။ မိကျောင်းက ဒိုက်တွေကြားထဲ ရောက်လာပြီ။ တစ်ဟုန်ထိုးပြေးဟပ်ပြီး အမြီးဖြင့်ရိုက်မည်။ အမြီးဖြင့် အရိုက်ခံရ၍ ရေထဲသို့ လွင့်စဉ်အလာ၌ ပါးစပ်ပြဲကြီးဖြင့် ရေအောက်သို့ ကိုက်ချီသွားမည်။ ထိုအကြံဖြင့် မိကျောင်းက ချဉ်းကပ်လာသည်။

ကျားကလည်း မြေကြီးနှင့် ရင်ဘတ်ကပ်လျက် တရွေ့ရွေ့ လာနေသည်။ ချုံပုတ်ထဲအရောက်တွင် ခုန်အုပ်နိုင်မည့် အချက်ကောင်းကို စောင့်နေသည်။

ငါးမျှားဝါသနာပါသူသည် အန္တရာယ်ကို စိုးစဉ်းမျှ မရိပ်မိ။ မရိပ်မိ၍လည်း ငါးမျှားတံ ဖော့လုံးကလေး၌ အာရုံရောက်နေနိုင်သည်။ စုတ်ခနဲ ဖော့ပေါ်မှ ကြက်တောင်ကလေး မြုပ်သွားသည်။ သူအားကုန်ဆွဲပြီး သုတ်သည်။ ငါးမျှားချိတ်၌ ငါးကြီးတစ်ကောင် ပါလာသည်။ ပါလာသော်လည်း သုတ်အားပြင်းသောကြောင့် ငါးသည် သူ့ခေါင်းပေါ်မှ ကျော်ကာ ချုံစပ်သို့ ရောက်သွားလေ၏။

ချုံကား ကျားရောက်နေသော ချုံ။

"ဟန်တာပဲဟေ့၊ ငါးကြီးဟ"

ကျားသည် သူ့ရှေ့သို့ ဘုန်းခနဲကျလာသည့် ငါးမျှားချိတ်တန်း

လန်းနှင့် ငါးကြီးကို ဝမ်းပန်းတသာ ပြေးဟပ်လိုက်ရာ လည်ချောင်းကို ချိတ်စူးလေတော့သည်။ ငါးမျှားသူသည် ကျားအော်သံကြောင့် ငါးမျှားတံကို ကြောက်အားလန့်အား သုတ်သည်။

ကျားကြီး တန်းလန်းမိနေသော ငါးမျှားချိတ်သည် မြစ်ထဲသို့ ကျသွား၏။ မိကျောင်းလည်း အားပါးတရ ဆီးဟပ်လိုက်ရာ သူလည်း ငါးမျှားချိတ် စူးလေ၏။

"ဟ၊ ဘယ်လိုက ဘယ်လို ကျားဖြစ်လိုက် မိကျောင်းဖြစ်လိုက် ဖြစ်နေတာတုံး"

ငါးမျှားဝါသနာအိုးသည် တအံ့တသြအော်သည်။ တွန့်လိမ် အော်ဟစ်နေသော မိကျောင်းကို ငြိမ်သက်အောင်လုပ်ပြီး သူ့ပါးစပ်ထဲမှ ကျားကိုထုတ်ရသည်။ ကျား ငြိမ်သက်သွားတော့မှ ကျားပါးစပ်ထဲမှ ငါးကို ထုတ်ရသည်။

သည်မျှကြီးမားသော သတ္တဝါကြီးတွေကို တော်ရုံတန်ရုံထမ်းပိုးဖြင့် ထမ်းနိုင်ဖွယ်မရှိ။ ထမ်းပိုးအသစ် ခုတ်ရလိမ့်မည်။ ဝါသနာအိုးလည်း ပလိုင်းထဲမှ ဓားမကိုယူကာ သစ်ပင်တောင့်တောင့်တစ်ပင်ကို ခုတ်ယူခဲ့သည်။ အခက်တွေ အရွက်တွေ အလက်တွေကို သင်မနေနိုင်။ ထမ်း၍ရလျှင် တော်ပြီ။

သစ်ကိုင်းကြီး၏ အဖျားတစ်ဖက်စွန်းတွင် ကျားနှင့်ငါးကို ချိတ်ဆွဲသည်။ အခြားတစ်ဖက်စွန်းတွင် မိကျောင်းကိုချိတ်သည်။ ပလိုင်းကို လွယ်လျက် ငါး၊ ကျား၊ မိကျောင်းတို့ကို တရွတ်တိုက်လျက် ထမ်းလာသည်။

ရွာသို့ရောက်သောအခါ ပင်ပန်းလှပြီ။

ပင်ပန်းလွန်းသဖြင့် ထမ်းပိုးလုပ်သော သစ်ကိုင်းကြီးကို ပစ်ချလိုက်ရာ ပျားတွေ ဝုန်းခနဲ ထပျံကြ တုပ်ကြလေ၏။ သူသည် ပျားနှင့် လွတ်ရာသို့ ထွက်ပြေး၏။ "ဘယ်ကပျားတွေ ဘယ်လိုလုပ်ပြီး ရောက်

လာရသတုံး" စဉ်းစားရင်း အကိုင်းကြီးရှိရာသို့ မရဲတရဲ ပြန်လာပြီး အကဲခတ်သည်။

ထမ်းပိုးလုပ်သော သစ်ကိုင်းကြီးမှာ အကိုင်းနှင့်အခက် အရွက်တွေ များစွာ ကျန်နေသေးသည်။ ဤသစ်ခက် သစ်ကိုင်း သစ်ရွက်များကြားသို့ ပျားတွေ ဝင်ချည် ထွက်ချည် လုပ်နေကြသည်။

– ဟုတ်ပြီ၊ ငါထမ်းလာတဲ့ လမ်းတစ်လျှောက်မှာတွေ့တဲ့ ပျားတွေက သစ်ပင်အထင်နှင့် ဝင်ပြီး အုံလုပ်တာပါတကား...။

ပျားတွေ ငြိမ်သက်သည်အထိ သူစောင့်ဆိုင်းသည်။ တဖြည်းဖြည်း ချဉ်းကပ်ကြည့်သည်။ မယုံနိုင်စဖွယ်ပါတကား။ ကြီးမားသော ပျားကြီးအုံ ခုနစ်အုံကို တွေ့ရသည်။ ထိုပျားအုံများမှ ပျားလပို့များကို သူလှီးယူပြီး အရည်ညှစ်သည်။

နားထောင်နေကြတဲ့ အို မိတ်ဆွေအပေါင်းတို့၊ ငါးမျှားဝါသနာပါတဲ့ ဝါသနာအိုးဟာ ပျားရည်တွေ ဘယ်လောက်ရတယ် ထင်သတုံး"

စကားပြောသူသည် ဆေးလိပ်ကောက်ညှို၊ ရေနွေးကြမ်း သောက်ရာက လက်ခုနစ်ချောင်းကို ထောင်ပြ၏။

"ခုနစ်အိုး ခုနစ်အိုး၊ မြူအိုးနှင့်လား၊ မဟုတ်ဘူး၊ ဖျဉ်းအိုးနှင့်လည်း မဟုတ်ဘူး၊ ရာဝင်စဉ့်အိုးနှင့် ခုနစ်လုံးရလိုက်တယ်" ဟူ၍ပြောကာ သူ၏ အထူးအဆန်း ယုံတမ်းစကားကို နိဂုံးချုပ်လိုက်လေ၏။

နားထောင်နေသူများမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြရာက "ဘယ်သူ့စကားဟာ အဆန်းဆုံးလဲ" ဟု အချင်းချင်း မေးကြလေ၏။ သုံးဦးလုံး ထူးဆန်းသည်ချည်းဖြစ်ရာ မည်သူ့အား ပူဇော်သက္ကာ ပြုရမည်မသိ ဖြစ်နေကြလေသတည်း။

**(စကော ကရင် ပုံပြင်)**

❑

# နံ့ဘုရင်ကို အထင်သေးမိ၍

နံ့ကောင်နှင့် မျောက်တို့၏ စစ်ပွဲကြီး စတင်တော့မည်။

တောင်စောင်းရှိ ပန်းပင်ကြီးအောက်၌ နံ့ကောင်ဘုရင်နှင့်အတူ ကျောက်ပြားတစ်ချပ်ပေါ်တွင် ထိုင်နေသော မျောက်ဘုရင်ကြီးမှာ ပီတိတွေ ဖြစ်နေ၏။ သူ၏မျောက်တွေမှာ သန်မာထွားကျိုင်းသူချည်း ဖြစ်ကြ၏။ ထို့မျှမက မာကျောတုတ်ခိုင်သော ဝါးရင်းတုတ်တွေလည်း တစ်ကောင်လျှင် တစ်ချောင်းကျ ကိုင်ထားသေး၏။

"အဆွေတော်နံ့ကောင်ဘုရင်... ကျွနုပ်၏စစ်သည်ရဲမက်တွေကို ရှုလော့၊ သင်၏ရဲမက်များ မည်သို့မျှ နိုင်ရန်အကြောင်းမရှိ...၊ ကတိဖျက်လိုက ဖျက်ပါလေ"

နံ့ကောင်တို့၏ဘုရင်ကြီးကား ပြုံးပြုံးကြီးဖြင့် ခေါင်းယမ်း၏။

မျောက်တစ်ကောင်သည် နံ့ကောင်ပေါင်း အထောင်အသောင်းကို တစ်မုဟုတ်ချင်း နင်းချေပစ်နိုင်၏။ ဤကဲ့သို့ အရွယ်အစားချင်း ကွာခြားပါလျက် နံ့ကောင်ဘုရင် ခေါင်းမာနေခြင်းမှာ ရူးနေ၍သာ ဖြစ်ဖွယ်ရှိ၏။

"ဒါဖြင့် စစ်ပွဲ ဘယ်အချိန်မှာ စမှာတုံး၊ သင့်စစ်သည်တွေကော"

"ကျုပ်စစ်သည်တွေ ရှိပါတယ်၊ သို့သော်လည်း အင်အား အကုန်



ထုတ်မသုံးပါဘူး၊ ကဲ စပြီ… မျောက်မင်းရေ”

နံ့ဘုရင်မင်းတရားကြီးသည် ကျယ်လောင်စွာပြောရင်း လက်ထောင်ပြ၏။ မျောက်ဘုရင်လည်း “ဒါလောက် ဘဝင်မြင့်တဲ့နံ့ကောင်၊ သင်ခန်းစာပေးရချေသေးရဲ့” တွေးလျက် ဝမ်းမြောက်ဝမ်းသာ လက်ထောင်ပြ၏။

“စစ်ပွဲ စပြီတဲ့ဟေ့… တိုက်ကြတော့”

မျောက်သေနာပတိက အော်ဟစ် အမိန့်ပေးသည် မျောက်တွေမှာ ရိုက်နှက်တိုက်ခိုက်စရာ နံ့ကောင်ကိုရှာ၏။ မရှိ။ ရိုက်ချင် နှက်ချင်လွန်း၍ မျက်လုံးကျွတ်ထွက်မတတ်ရှာကာမှ တစ်ကောင်သာတွေ့၏။

ထိုနံ့ကောင်သည် မျောက်သေနာပတိ၏နဖူးပေါ် လာနား၏။

လက်ယားနေသော မျောက်တစ်ကောင်က လျင်မြန်စွာ ရိုက်ချလိုက်ရာ သေနာပတိ နဖူးကွဲပြီး သေလေတော့၏။

နံ့ကောင်သည် တုတ်လာသည်ကိုမြင်ကတည်းက အခြားနဖူးပေါ်သို့ ပြောင်းခုန်သွားပြီးဖြစ်သည်။ သို့အတွက် နံ့ကောင်ကို မရိုက်မိဘဲ သေနာပတိ၏နဖူးကို ရိုက်မိခြင်းဖြစ်၏။

သေနာပတိ၏နဖူးပေါ်မှလာသောနံ့ကောင် စစ်ကဲကြီး၏နဖူးပေါ်သို့ ရောက်လျှင်ရောက်ချင်း တုတ်နှစ်ချောင်း ပြိုင်တူ ပြေးဆင်းလာ၏။

နံ့ကောင်က အသာကလေးပျံထွက်သွားကာ တပ်စာရေး၏နဖူးပေါ် ရောက်သွား၏။

“သေပေတော့… နံ့ကောင်ယုတ်”

ဖျောင်းခနဲ ဒိုင်းခနဲ ရိုက်သံနှစ်ခု ရှေ့ဆင့်နောက်ဆင့် ပေါ်လာသည်။ စစ်ကဲနှင့် တပ်စာရေးတို့၏ နဖူးကြီးတွေလည်း ရှေ့ဆင့်နောက်ဆင့် ဟက်တက်ကွဲသည်။ မြေပြင်ပေါ်သို့ ထိုးစိုက် ကျဆင်းသွားကြသည်။

ဤသည်၏နောက်ဝယ် ရဲယောင် သန်မာသော မျောက်တစ်

ထောင်၏ ရယ်မောဖွယ်ရာသေပွဲကြီး အဆက်မပြတ် ကျင်းပတော့သည်။

နံ့ကောင် အတောင်တစ်ချက်ခတ်တိုင်း မျောက်တစ်ကောင် ခေါင်းကွဲသည်။ ခေါင်းကွဲပုံကလည်း သက်သက်သာသာမဟုတ်။ သွေးထွက်ရုံ၊ ဖူးရုံ၊ ရောင်ရုံ မဟုတ်။ မှန်းတီးရက်စက်စွာ အားကုန်ရိုက်သော တုတ်ချက်များဖြစ်သည့်အတွက် ပွဲချင်းပြီးသေကုန်သည်။

အချို့သောဦးခေါင်းများကား တုတ် သုံးလေးချောင်း အရိုက်ဆုံသဖြင့် စိစိညက်ညက်ကြေသည်။ အချို့လည်း သူတစ်ပါး၏တုတ်ရော ကိုယ့်တုတ်ရော ပေါင်းစပ်ရိုက်မိသည်။ နံ့ကောင်နှင့် မျောက်တို့၏ စစ်ပွဲကား တစ်ခဏအတွင်း၌ ပြီးစီးသွားသည်။

နောက်ဆုံးတွင် တုတ်ကြီးကိုင်လျက် မားမားကြီး ကျန်ခဲ့သော မျောက်ကြီးမှာ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေသည်။ မရှုမလှ သေကုန်သော မျောက်များကိုကြည့်လျက် ဆွေ့ဆွေ့ခုန်နေသည်။

နံ့ကောင်သည် မျောက် ကိုးရာ ကိုးဆယ့်ကိုးကောင်ကို သေအောင်ဖန်တီးပြီးနောက် အထီးကျန်မျောက်ကို ချန်သင့်၊ မချန်သင့် စဉ်းစားသည်။ စဉ်းစားရင်း ဝဲပျံနေသည်။

မျောက်ကြီး ဒေါသထွက်လွန်းမက ထွက်တော့မှ မျက်နှာပေါ် ဝင်နားသည်။ ချက်ချင်း ဝါးရင်းတုတ်ကြီး အရှိန်ပြင်းစွာပြေးဝင်လာသည်။ လက်ကျန်မျောက်ကြီး ပစ်လဲသွားသည်။

"တော်ပါပေတယ်၊ နံ့ကောင်ဘုရင်မင်းမြတ်… သင်နိုင်၍ ကျွန်ုပ် ရှုံးရပေပြီ"

ဝန်မခံလျှင် မဖြစ်တော့၍ မျောက်ဘုရင်က နာကြည်းစွာ ဝန်ခံသည်။

"အဲဒါကြောင့်ပြောတာပေါ့ မျောက်မင်းရယ်… ကျုပ်ရဲ့တပည့်တပန်း လက်အောက်ငယ်သားတွေဟာ ဘယ်သူမှ မယှဉ်နိုင်အောင် အစွမ်းထက်ကြပါတယ်လို့"

မှန်ပေသည်။

လွန်ခဲ့သော ခုနစ်ရက်က မျောက်မင်းသည် တောထဲ၌လှည့်လည် စဉ် မမျှော်လင့်ဘဲ နံ့ဘုရင်မင်းနှင့် တွေ့ရသည်။ တွေ့လျှင်တွေ့ချင်း နံ့ဘုရင်က အထက်ပါအတိုင်း ကြွားဝါသောအခါ နားကြားပြင်းကတ် သည်။ ငါကဲ့သို့သော မျောက်ဘုရင်ရှေ့တွင် လာပြောရသဘောဟူ၍ ခံပြင်းစိတ်ပေါ်သည်။

"အို နံ့ဘုရင်... အဆွေကလည်း အဆွေ့ငယ်သားတွေကို အထင် ကြီးတယ်၊ အဆွေစဉ်းစားကြည့်ပေါ့၊ မျောက်တစ်ကောင်ဟာ နံ့ကောင် တစ်သိန်းကို အသာကလေး တစ်ခဏချင်း ခြေနှင့် နင်းပစ်နိုင်ပါတယ်"

ထိုကဲ့သို့ ခပ်နှိမ်နှိမ်ပြောပြီးမှ ဆက်လက်၍ ကိုယ်ရည်သွေး၏။

"ကျွန်ုပ်ရဲ့ နောက်လိုက်ငယ်သားတွေဟာ တောဟူသမျှ တောင် ဟူသမျှကို ထုံးလိုခြေ ရေလိုနှောက်နိုင်တဲ့ တကယ့်သတ္တိခဲတွေပါ၊ ကုန် ကုန်ပြောမယ်၊ သတ္တလောကကြီးမှာ ပြိုင်စံရှားသဗျ"

နံ့မင်းကြီးက ဟက်ဟက်ပက်ပက် ရယ်မောသည်။

"သရော်တာလား နံ့ဘုရင်ရဲ့၊ မယုံရင် လက်တွေ့စမ်းကြစို့"

"လက်တွေ့စမ်းဆို အဆွေတော်ရဲ့ မျောက်တစ်ထောင်နှင့် ကျုပ် ရဲ့ နံ့ကောင်တစ်ကောင် စစ်ခင်းကြည့်ချင်တယ်"

မျောက်ဘုရင် ဒေါသဖြစ်၍ မဆုံးတော့ပြီ။

"သည်စကားဟာ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ တပည့်လက်သား တွေကိုပါ စော်ကားတဲ့စကားပဲ၊ ပြန်ပြီးရုပ်သိမ်းပါ"

"စိတ်မရှိပါနှင့် မျောက်ဘုရင်ကြီးဗျား... မကျေနပ်ရင် လက်တွေ့ စစ်ခင်းပြီး အပြောနှင့် လက်တွေ့ ညီ၊ မညီ စမ်းသပ်ကြည့်ကြပါစို့"

"သင် အလွန်ကြွားတဲ့နံ့ကောင်ပဲ၊ ကဲ လာ... စစ်ခင်းဖို့ မြေမျက် နှာပြင်ကောင်းကောင်းကိုသွားပြီး ရှာကြစို့"

ဤသို့ဖြင့် မျောက်နှင့်နံ့သည် နှစ်ဦးသဘောတူ မြေမျက်နှာပြင်ကို ရွေးသည်။ ခြေခင်းလက်ခင်းသာမည့် နေရာကောင်းတွေ့သည်။ တစ်ဆက်တည်းပင်လာမည့် ခုနစ်ရက်မြောက်နေ့တွင် စစ်ခင်းကြရန် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

စစ်ခင်းသောအခါ နံ့ကောင်ဘုရင် မကြွားဝါ၊ မိမိသာလျှင် ကိုယ့်ကိုယ်ကိုယ် အရမ်းအထင်ကြီးသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာ၏။ အဖြေရရန်အတွက် ပေးလိုက်ရသော အရင်းအနှီးကား မျောက်ကောင်း၊ မျောက်သန်၊ မျောက်လက်ရွေးစင် အကောင်တစ်ထောင်၏ အသက်များ။

သို့ကြောင့် မျောက်ဘုရင် နာကြည်းစွာဝန်ခံသည်။

ဝန်ခံဆဲမှာပင် စိတ်ယုတ်မာက ဝင်လာသည်။

...တရားသဖြင့် ယှဉ်ပြိုင်လို့ မရရင် မတရားတဲ့နည်းနှင့် အနိုင်ယူမယ်...။

ထိုအကြံဖြင့် မျောက်ဘုရင် လေချိုသွေးသည်။

"ကျွန်ုပ်ရှုံးပေမဲ့ အဆွေတို့ကို ချီးကျူးပါတယ်၊ အဲဒါကြောင့် ဂုဏ်ပြုပွဲတစ်ခု ကျင်းပပါရစေ၊ လက်ခံပါ"

"လက်ခံပါတယ်ဗျာ၊ လက်ခံပါတယ်"

"အဆွေတို့ကို ဂုဏ်ပြုပွဲကျင်းပဖို့ ရက်သတ်မှတ်ပြီးရင် တမန်တစ်ကောင်လွှတ်ပြီး ဖိတ်မယ်လေ၊ အဆွေတို့ကို ဘယ်အချိန် ဘယ်နေရာမှာ တစ်စုတစ်ရုံးတည်း တွေ့နိုင်မတုံးဗျာ"

နံ့ဘုရင်သည် အောင်ပွဲဖြင့် ယစ်မူးနေ၏။ သင့် မသင့်၊ တော် မတော် မစဉ်းစားဘဲ တောင်ယာတစ်ခုဘက်သို့ ညွှန်ပြ၏။

"အားလုံး စုံညီ တွေ့နိုင်တဲ့အချိန်ကတော့ အိပ်ချိန်ပဲ အကြည်တော်၊ နေရာကတော့ ဟောဟို တောင်ယာထဲက ကောက်ရိုးပုံပေါ့"

"အဲသည်နေ့ကျရင်... စုံစုံလင်လင် တက်ကြပါဗျာနော်"

"စိတ်ချ စိတ်ချ"

မျောက်ဘုရင် အံကြိတ်ထွက်ခွာသွားသည်။ နံ့မင်းတရားမှာ ပီတိတွေဖြစ်လျက် ကျန်ရစ်သည်။ ဂုဏ်ပြုပွဲတွင် နံ့မကလေးတွေ ခြံရံလျက် ဘယ်ပုံသွားလိုက်မည် စသည်ဖြင့် စိတ်ကူးကာ ဝမ်းသာနေသည်။

သို့သော် ဂုဏ်ပြုပွဲသို့ နံ့မင်းကြီး မတက်လိုက်ရပါ။

အကြောင်းမှု သူ၏အခြွေအရံအားလုံး သေကုန်သောကြောင့်တည်း။

အားလုံးသေကုန်ခြင်းမှာ မီးလောင်ခံရသောကြောင့်တည်း။

မီးလောင်ခံရခြင်းမှာ အားလုံးအိပ်ပျော်နေစဉ် မျောက်ဘုရင်က ကောက်ရိုးပုံကို မီးရှို့သဖြင့် ဖြစ်ပေသတည်း။

သို့တစေ နံ့ဘုရင်ကြီး မီးထဲ၌ပါမသွားပါ။ သူက ကောက်ရိုးပုံအနီးရှိ သစ်ပင်ပေါ်တွင်အိပ်သည်။ မသေလည်းမသေ၊ မီးရှို့သူ သူယုတ်မာကိုလည်း ပီသစွာ မြင်နေရသည်။

"ဟဲ့ သူယုတ်မာ၊ သူရဲဘောနည်းတဲ့ အယုတ်တမာကောင်"

မီးတုတ်ကြီးကိုင်လျက် ကျေနပ်စွာရယ်မောနေသော မျောက်ဘုရင်၏ လက်ထဲမှ မီးတုတ်ကြီး လွတ်ကျ၏။

"သင် မရှက်ဘူးလား၊ သင်နှင့်စာလျှင် အဆမတန်သေးငယ် သောငါတို့အား ယုတ်မာကောက်ကျစ်စွာ သတ်ဖြတ်ရသည်ကို သင်... မရှက်ဘူးလား"

"ကျွန်ုပ်မှားပါပြီ နံ့ဘုရင်ကြီး၊ ဒေါသအလျောက် မဆင်မခြင် လုပ်မိတဲ့အတွက် ပေးသမျှအပြစ်ကို ခံယူပါ့မယ်"

ကောက်ကျစ်သောအကြံဖြင့် တောင်းပန်ဝန်ခံသည်။

နံ့ဘုရင်က သူယုတ်မာအနီးသို့ မချဉ်းကပ်ပါ။ ခေါင်းပေါ်မှာသာ နေသည်။

"ကိုယ့်အမှားကို ဝန်ခံသူဟာ ပညာရှိဖြစ်သတဲ့ မျောက်မင်း၊ အဲဒါ

ကြောင့် အသင်မျောက်မင်းကို ထိခိုက်နစ်နာမယ့်အပြစ်မျိုး မပေးချင်ပါဘူးဗျာ"

"ပေးချင်တဲ့အပြစ်သာပေးပါဗျာ၊ ဒါလောက်မိုက်ရိုင်းတဲ့ ကျွန်ုပ်သေသွားလည်း အေးတာပဲ"

"မသေပါနှင့်ဦး အကြည်တော်ရယ်၊ သည်တော့ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံသောအားဖြင့် နံ့ကောင်အသေတွေကို တစ်ကောင်မကျန် စားပစ်ပါ"

"ကောင်းပါပြီ နံ့မင်း၊ ကောင်းလှပါပြီ"

မျောက်ဘုရင်သည် နံ့ဘုရင်အား မည်သို့သတ်ရပါမည်နည်း အကြံထုတ်ရင်း နံ့ကောင်သေတွေကို လျင်မြန်စွာ ကောက်ယူစားပစ်သည်။ နံ့ကောင်တွေသာကုန်စင်သွားသည်။ အကြံထွက်မလာ။ နံ့ဘုရင်ကလည်း အနားသို့ရောက်မလာ။

နံ့ကောင်သေတွေ ပြောင်တလင်းခါသွားပြီ။ သည်အကောင်တွေကို စားလျှင် မည်သို့ဖြစ်နိုင်သနည်း။ မျောက် မသိပါ။

နံ့ဘုရင်အားနှုတ်ဆက်ပြီး မျောက် နန်းတော်သို့ပြန်လာသည်။

နန်းတော်သို့ပြန်ရောက်၍ မကြာမီ မျောက်ဘုရင်မှာ ဓာတ်သက်လေတော့သည်။ နံ့ကောင်တွေကိုစားလျှင် ဤသို့ဖြစ်မည်ကို နံ့ဘုရင်သိသည်။ သိသောကြောင့် အစားခိုင်းသည်။ မျောက်ကြီးကား မသိ၍စားခဲ့သည်။ မသိသူခံရပြီ။

မျောက်ဘုရင်ကြီးမှာ ရေအိမ်ပြေးလိုက် ပြန်လာလိုက်ဖြင့် ပြေးလွှားနေသည်။ ကြာလာသောအခါ ရေအိမ်ဘေးတွင် ခွေနေရသည်။

သို့စဉ်တွင် ဘူးတောင်းစာကလေး သူ့အနီးသို့ရောက်လာသည်။

"အိုဘုရင်မင်းမြတ်... သလွန်တော်ရှိရာကို မသွားဘဲ ဘယ်အကြောင်းကြောင့် သည်နားမှာ လှဲနေရတာတုံး"

"ဝမ်းလျှောနေလို့ပါ စာကလေးရာ၊ ဝမ်းပိတ်ဆေးရှိရင် မ,စစမ်းပါ"

"အဲဒါများဗျာ... အလွယ်ကလေးပါ၊ နှမ်းတစ်ဆုပ်လောက်ကို ကျွမ်းခြစ်သွားအောင်လှော်လိုက်၊ ပြီးရင် အကုန်စားပစ်လိုက်၊ မရပ်သေးရင် ထပ်လှော် ထပ်စား"

မျောက်ဘုရင်သည် ဝမ်းသာအားရ ထပြေးသည်။ စားဖိုဆောင်အရောက်တွင် ဘူးတောင်းစာကလေး ညွှန်ကြားသည့်အတိုင်း အလျင်အမြန် ဆောင်ရွက်ရန် စားတော်ကဲအား အမိန့်ပေးသည်။

စားတော်ကဲက နှမ်းတစ်ဆုပ် အပြေးအလွှားလှော်သည်။ မျောက်ဘုရင် အငမ်းမရစားသည်။ ဝမ်းသွားမရပ်၊ ထပ်လှော်ထပ်စား၊ ပို၍ပို၍ ဒလဟောသွားသောအခါ မျောက်ဘုရင်မှာ သလွန်တော်ပေါ်တွင် အညစ်အကြေးတွေ လူးလိမ့်ပေကျံသည်အထိ အခြေအနေ ဆိုးသွားတော့သည်။

"မျောက်ဘုရင်ကြီး... ပေကျံနံစော်နေပါကလား၊ ဘာဖြစ်တာတုံး"

"ဝမ်းလျှောလို့၊ နှမ်းကျွမ်းလှော်ကို အားကိုးတကြီးစားတော့မှ ပိုဆိုးလာသကွာ၊ ဝမ်းပိတ်ဆေးရှိရင် ပေးစမ်းပါ၊ ကူပါဦး၊ ကယ်ပါဦး"

စာလက်မကလေးသည်ပင် မျောက်ဘုရင်အတွက် ရောမ အားကိုးအားထား ဖြစ်နေပေတော့သည်။

"လွယ်ပါတယ် ဘုရင်ကြီးရာ၊ တောင်စောင်းတွေ လမ်းဆားတွေ ရော ယာထဲမှာရောတွေ့နိုင်တဲ့ တံမြက်စည်းပင်လေ၊ အဲသည်အပင်ရဲ့ ထိပ်ရွက်ကလေး သုံးလေးရွက်လောက်ချူးပြီး အာမထိ လျှာမထိ ဝါးပြီး မျိုသာချလိုက်၊ နှစ်ခါမစားရဘူး၊ နင်နေခဲ့ငါသွားတော့မယ်ပဲ"

ဟုတ်မှ ဟုတ်ပါ့မလား။

သံသယဝင်သော်လည်း မျောက်ဘုရင် မျက်စိမှိတ်လိုက်သည်။ ဖြစ်ချင်ရာဖြစ်စေတော့ သဘောထားလိုက်ကာ တံမြက်စည်းပင်အညွန့်

အရှာခိုင်းကာ ဝါးပြီး မျိုချလိုက်လေတော့သည်။

ဘူးတောင်းနှင့် လက်မသာကွာသည်။ အမျိုးအစားသာကွာ၏။ စာဘူးတောင်း၏စကားကို ယုံမိသဖြင့် အခြေအနေပိုဆိုးသည်။ ရေအိမ်သို့ပင် မသွားနိုင်တော့။ ယခု စာမျိုးထဲက စာလက်မ၏စကားကို ယုံမိပြန်ပြီ။

အို ဒုက္ခခံနေရတာနှင့်စာရင် သေတာကမှ ပိုကောင်းပါသေးတယ်။

မျောက်ဘုရင် စိတ်နှလုံး တုံးတုံးချသော်လည်း မသေပါ။ စာလက်မကလေးပြောသောစကား မှန်ကန်သည်။ အမှန်ပင် နင်နေခဲ့ငါသွားပြီဖြစ်၏။ ခတ်လျှော့သောဝေဒနာ လွင့်စဉ်သွားပြီ။

ဘုရင်ကြီးမှာ ဝမ်းသာလွန်း ကျေးဇူးတင်လွန်းသဖြင့် မျောက်နိုင်ငံအတွင်း၌ စည်လည်စေ အမိန့်ပေးလိုက်လေ၏။

မကြာမီ စည်သံတဟိန်းဟိန်းနှင့် အမိန့်တော်ကို မျောက်များ ကြားကြရ၏။

"တိုင်းသူပြည်သားမျောက်အများတို့လေး... ငါဘုရင် ကိုယ်တော်မြတ် ဝမ်းတော်လားရာတွင် စိတ်ကောင်းစေတနာကောင်းဖြင့် စာလက်မက ဆေးနည်းပေးသဖြင့် ချမ်းသာရာရသည်၊ သို့အတွက် စာလက်မအသိုက်များတွေ့လျှင် ဝေးစွာရှောင်ခြင်းဖြင့် စောင့်ရှောက်ကြစေ၊ သို့ရာတွင် အခြေအနေ ဆိုးသည်ထက်ဆိုးအောင်လုပ်သော ဘူးတောင်းငှက်ကိုကား တွေ့ရာအရပ်တွင် ဒဏ်ခတ်ကြစေ"

မျောက်များသည် အမိန့်တော်ကိုနာခံသဖြင့် စာဘူးတောင်းများကို တွေ့ရာအရပ်၌ ဖျက်ဆီးကြ၏။ စာဘူးတောင်းများကလည်း မျောက်များ မလျှောက်လှမ်းနိုင်သည့်နေရာများတွင်သာ စာဘူးတောင်းများတည်ဆောက်ကြ၏။

သို့ရာတွင် မည်ကဲ့သို့ လက်စားချေစေကာမူ မျောက်များမှာ ရင်း

စား ပြန်မရတော့ပေ။ ခါတ်သက်လွန်းသဖြင့် ပါးရိုးတွေပေါ်၊ နှားထင်တွေချိုင့်၊ မျက်တွင်းကြီးကျသော ဆိုးရွားသည့် ရုပ်ရည်ကား ယနေ့အထိ တည်နေပေတော့သတည်း။

**(အခါပုံပြင်)**

❑



# ဖားပြုပ်တစ်ကောင် ဝါသောကြောင့်

•

ရေ ထရက် ဖြစ်သည်။

ဒိုက်သရောဖောင်များနှင့် ဗေဒါဖောင်များသည် အမြုပ်တစီစီဖြင့် ချောင်းရိုးအတိုင်း တငြိမ့်ငြိမ့် စီးဝင်လာကြသည်။ ဒိုက်သရောများကြား တွင် အုန်းလက်တစ်လက်လည်း သီးခြားပါလာသည်။

အုန်းလက်သည် လူတို့ခုတ်ထစ်လွှင့်ပစ်သော အလက်မဟုတ်။ အလိုအလျောက်ကြွေကျသော အခြောက်ဖြစ်သည်။ ထို့ကြောင့် အစိမ်း ရောင်များကြားတွင် ထင်းထင်းကြီး ပေါ်နေတော့သည်။ ထိုအုန်းလက် ပေါ်တွင် ဖားပြုပ်တစ်ကောင်လည်း ပါလာသည်။ ခေါင်းစိမ်းပြီး ကိုယ် ဝါသောကြောင့် သူ့ကိုလည်း မြင်သာပေသည်။

ထိုဖားပြုပ်သည် အုန်းလက်ခြောက်ကို အုန်းလက်ခြောက်ဟု မထင်။ ရွှေဖောင်ကြီး။ သူသည် ရွှေဖောင်ကြီးစီးပြီး တိုင်းခန်းလှည့်လည် လာသည်ဟု ထင်နေ၏။

ချောင်းဘေးရှိ ဆီးပင်ကိုင်းဖျားတွင်နားနေသော ပုစဉ်းမှာ စပ်စု တတ်သူဖြစ်၏။ ခေါင်းတထောင်ထောင် တမော့မော့ပါလာသော ဖား ပြုပ်ကိုမြင်သောအခါ မိတ်ဖွဲ့စပ်စုလိုစိတ် ပေါ်လာသည်။

"အို အဆွေဖားပြုပ်ကြီး... ဘယ်အရပ် ဘယ်ဒေသက ကြွလာခဲ့ပါသတုံး၊ သတင်းထူးကလေး ဘာကလေးများ မပါဘူးလား"

စကား မည်သို့ ပြောရပါမည်နည်း၊ မည်သူ့အား မည်သို့ ကြွားဝါရပါမည်နည်း ကြံစည်စိတ်ကူးနေသော ဖားပြုပ်အတွက် ဝမ်းမြောက်ဖွယ်ဖြစ်၏။ သို့ကြောင့် ခါးဆန့် ခေါင်းမော့၏။

"နှုတ်ဆက်လိုက်တာ ဆီးပင်ပေါ်က ပုစဉ်းကြီးထင်ပ"

"ဟုတ်ပါတယ်၊ အကျွန်အိုးတုတ်ပုစဉ်းမျိုး အနီ ဖြစ်ပါတယ်"

ဖားပြုပ်သည် အလွန် ဗဟုသုတကြွယ်ဝသူမို့သာ ဤသို့အမေးခံရသည် အထင်ရောက်ကာ အသံမြှင့်ပြီး ဝင့်ကြွားစွာဖြေ၏။

"လာတာကတော့... ဘယ်ကရယ်လို့တောင် ပြောလို့ မရတော့ပါဘူးဗျာ၊ တိုင်းပြည် မြို့ရွာ အနှံ့ပဲဗျို့၊ သမုဒ္ဒရာ၊ ရေ၊ မြေ၊ တော၊ တောင် အနှံ့ဆိုတော့ သတင်းလည်း အစုံ ကြားခဲ့ရတာပေါ့"

"ဟုတ်ပါပြီ၊ သတိပြုစရာ သတင်းထူး သတင်းဆန်းပေါ့"

"သမုဒ္ဒရာ ခုနစ်စင်း၊ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ် သွက်သွက်ခါအောင် တော်လည်းပြီး ငလျင်ကြီး လှုပ်လိမ့်မယ်"

"အလိုလေး၊ ကြောက်စရာပါကလား"

ပုစဉ်း ထိတ်လန့်စွာ အော်ရာသည်။

"မဟာပထဝီမြေကြီးလည်း သွက်သွက်ခါလှုပ်ယမ်းပြီး ခုနစ်ခြမ်းကွဲသွားလိမ့်မယ်၊ လူတွေလည်း ဟိုပြေးသည်ပြေး လေးစုကွဲမယ်တဲ့"

"ခက်တော့တာပဲ၊ ဘယ့်နှယ်လုပ်ရပါမတုံး၊ ပြောပါဦးဖားပြုပ်ကြီးရယ်... အကျွန်တို့ သည်လိုပဲ အသေခံရတော့မှာလား"

ပုစဉ်းမှာ နေစရာ မရှိအောင် ကြောက်ရွံ့နေပြီ။

"ကြီးသူ့ဝမ်းခေါင်း ငယ်သူအောင်း၊ တစ်ကြောင်းထိုတွင် ချမ်းသာအင်ကို မြင်ရလိမ့်မည်တဲ့။ အကောင်ကြီးကြီးရဲ့ ဗိုက်ထဲသာပြေးဝင်၊

ကြောက်စရာ မလိုဘူး”

ဖားပြုပ်သည် ဖျားရေနှင့်အတူ တငြိမ့်ငြိမ့် စီးမျောလိုက်ပါသွားလေ၏။ ဖားပြုပ်မှာ အရယ်အမော မပျက်။ ပုစဉ်းမှာမူ ဟိုပြေးသည်ပျံဖြင့် နေစရာ မရှိတော့ချေ။ တစ်စထက်တစ်စ မှောင်လာပြီ။ အိပ်လည်းအိပ်ချင်ပြီ။

ပုစဉ်းမှာ ဟိုနေရာလည်း စိတ်မလုံ၊ သည်နေရာလည်း စိတ်မလုံသဖြင့် လျှောက်ပျံနေခဲ့သည်။ ရွှေ့ပြောင်းနေခဲ့သည်။ အိပ်ချင်လွန်းမကအိပ်ချင်လာသောအခါ “ကြီးသူဝမ်းခေါင်း ငယ်သူအောင်း” ကို သတိရသည်။

အိပ်တန်းတက်နေသော ရောင်ရင်ငှက်၏ ရင်ခွင်ထဲသို့ ပြေးဝင်လေ၏။

“ဟဲ့ ပလုတ်တုတ်၊ ရောင်ရင်၊ ရောင်ရင်”

ရောင်ရင်ငှက်၏ အလန့်တကြားအော်သံကြောင့် မျောက်၏လက်ထဲမှ သစ်သီး လွတ်ကျသွားလေ၏။

မျောက်မှာလည်း သစ်သီးကို တမြိန့်မြိန့် အရသာခံပြီးစားနေဆဲဖြစ်ရာ လန့်ပြီး လွှတ်ချမိခြင်း ဖြစ်သည်။

မျောက်ရှိသော သစ်ပင်အောက်၌ ဆတ်မတစ်ကောင် ရောက်နေသည်။

သူလည်း သစ်သီးအကြွေကို ကောက်စားရန်ရောက်နေခြင်းဖြစ်သည်။ ထိုသားကောင်မျိုးမှာ ညောင်သီးလည်းစား၊ လေးသံကိုလည်းနားစွင့်ရသည့် သတ္တဝါမျိုး ဖြစ်ချေသည်။

မျောက်လက်ထဲမှလွတ်ကျသောသစ်သီးသည် ဆတ်မ၏နောက်ကျောပေါ်သို့ အုန်းခနဲ တည့်တည့်ကြီးကျသည်။ ဆတ်မသည် ဈွေ့ခနဲခုန်ကာ ဝုန်းခနဲ ထွက်ပြေးတော့သည်။ မည်သည့်နေရာကို ထိမှန်သနည်း၊ မည်သည့်နေရာက နာကျင်သနည်း... စောကြောရန် မလို။ ဝေးရာသို့

ပြေးနိုင်သမျှ ပြေးရန်သာသိသည်။

ထိုကဲ့သို့ ပြေးရေးအဓိကဖြစ်သောကြောင့် တိုး၍ ရသမျှကို ဆတ်မတိုးဝှေ့သည်။ တိုက်ခိုက်ပစ်သည်။ ချုံတစ်ခုကိုဝင်အတိုက်တွင် တောကြက်မ၏ ဝပ်ကျင်းကို နင်းမိတော့သည်။

တောကြက်မလည်း ငယ်သံပါအောင်အော်သည်။ ကြောက်လန့်စွာ ထပျံသည်။ ကျချင်ရာကျသည်။ လုပ်မိလုပ်ရာလုပ်သည်။ ထိုအခါ မြေကြီးပေါ၌ ယက်လိုက်ရာ ခြအုံကြီးကို ယက်မိပြီးသား ဖြစ်သွားလေ၏။

အုံထဲတွင် တစ်စည်းတစ်လုံးတည်း အေးချမ်းပျော်ရွှင်စွာ နေထိုင်ကြစဉ် မမျှော်လင့်ဘဲ တကွဲတပြား လွင့်စဉ်ကုန်သော ခြတွေ။ သူတို့လည်း ထိတ်လန့်တုန်လှုပ်စွာဖြင့် မည်းမည်းမြင်သမျှကို ဖက်ကိုက်တော့သည်။ သူတို့ကိုက်သူမှာ ဝက်မတစ်ကောင်ဖြစ်၏။

ဝက်မသည် နာကျင်စွာဖြင့် ပြေး၏။ ပြေးသော်လည်း ကိုယ်ပေါ်တွင် ခြတွေပါလာ၏။ ခြေလက်တွင် ခြတွေပါလာ၏။ ပါလာသဖြင့် ကိုက်မြဲကိုက်ကြသောအခါ ဝက်မခမျာ အော်ဟစ်ညည်းတွားလျက် လူးလိမ့်နေလေ၏။

“စပါးတွေ သွားစား သွားစား၊ နာတာ ပျောက်သွားလိမ့်မယ်”

အကြံပေးသူကား တောမျောက်။

တောမျောက်ကား ငမဲတုတ်ကျား၏ တောင်ယာစပါးခင်းကို ဝင်ရောက်ခိုးဝှက်စားနေသူဖြစ်၏။ ခြကိုက်သည်နှင့် စပါးစားခြင်း မည်သို့မျှ မသက်ဆိုင်။ သို့သော် ဝက်မခမျာ စဉ်းစားချိန်မရ။ ငမဲတုတ်ကျား၏ ယာထဲသို့ ပြေးဝင်ကာ စပါးတွေကို စားလေတော့၏။

ငမဲတုတ်ကျားမှာ သည်ဘက်တွင် မျောက်ကိုချောင်းနေခိုက် ဟိုဘက်တွင် ဝက် ဝင်စားသောအခါ ကြံရာ မရတော့ပေ။ သူကြီးအိမ်သို့ ပြေးတော့သည်။

"သူကြီးမင်း ကယ်တော်မူပါခင်ဗျာ"

"အချိန်မတော် ငမဲတုတ်ကျား ဘာဖြစ်လာသတုံးဟ၊ မင့် တောင်ယာစပါးတွေ မှည့်ပြီလား၊ ရင့်ပြီလားဟေ့"

သူကြီးက ကောင်းမွန်စွာ လက်ခံဆီးကြိုသော်လည်း ငမဲတုတ် ဝမ်းမသာနိုင်။

"မှည့်တော့မှည့်၊ ရင့်တော့ရင့်ပါပြီ သူကြီးမင်း"

"ဒါဖြင့် ဘာဖြစ်သတုံး"

"မျောက်ကဖျက်၊ ဝက်ကဝင်စားနှင့် ကုန်ခါနီးပြီခင်ဗျာ့၊ ပတ်ပတ်လည်မှာမျောက်၊ အလယ်တစ်ရိုးမှာ ဝက်"

"ဟဲ့ ဟဲ့ ဝက်ဖျက်ရင်ကုန်မှာပဲ၊ မျောက်က ငေါက်ရင် ခြောက်ရင်ရသဟဲ့၊ မဖြစ်ဘူး၊ ကျော့ကွင်းထောင်ပြီးဖမ်းချေ"

သူကြီးသည် အကြံမျှသာ မဟုတ်၊ ကျော့ကွင်းပါ ပေးလိုက်လေသည်။ ငမဲတုတ်လည်း မဆိုင်းမတွ ပြန်ပြေးလာကာ အလယ်ကြောတွင် ကျော့ကွင်းထောင်ထားသည်။ ဝက်မလည်း စပါးခင်းထဲတိုးရင်းခြေတွေကို ပွတ်ချသလိုဖြစ်သွားသဖြင့် နေသာထိုင်သာဖြစ်သွားစဉ် ကျော့ကွင်း၌ တန်းလန်းကြီး မိလေ၏။

"လာခဲ့၊ နင့်ကို သူကြီးဆီပို့မယ်"

ငမဲတုတ်လည်း ဝက်မကို သူကြီးမင်းရှေ့မှောက်သို့ ဆွဲခေါ်သွားလေ၏။

"သူကြီးမင်းခင်ဗျား... စပါးခင်းကို ဖျက်ဆီးခိုးဝှက်တဲ့သူခိုး မိလာပါပြီ"

သူကြီးသည် ခုံမင်းနေရာတွင် ဝင်ထိုင်ကာ စစ်မေး၏။

"သူတစ်ပါး နဖူးကချွေး ခြေမ ကျအောင် လုပ်ထားတဲ့ပစ္စည်းကို ဘာပြုလို့ အခုလို ဝင်ရောက်ဖျက်ဆီးရသတုံး"

ထိုအခါ ဝက်မက ချေပ၏။

"ကျွန်တော်မျိုးမ သူ့ယာကို ဖျက်ဆီးလိုစိတ်နှင့် ဝင်တာ မဟုတ်ပါ၊ ခြကိုက်တာ မခံမရပ်နိုင်လွန်းလို့ပါ"

သူကြီးသည် ချက်ချင်းခေါင်းထောင်ကာ ဆယ်အိမ်ခေါင်းတစ်ယောက်အား လက်ညှိုးထိုးကာ အမိန့်ပေး၏။

"တစ်ယောက်သွားစမ်း၊ ခြကို အမြန်ခေါ်ခဲ့"

တစ်ခဏအတွင်းဝယ် ခြရောက်လာသည်။

"ဟဲ့ ခြ၊ ဝက်မကို ဘောက်မဲ့ကြောင့် သွားကိုက်ရသတုံး"

ခြမှာလည်း ချေလဲစရာအကြောင်းက အသင့်ရှိသည်။

"ကျွန်တော်မျိုး ကိုက်ချင်လို့ကိုက်တာ မဟုတ်ရပါဘုရား၊ တောကြက်မက ခြအုံကို လာယက်လို့ အထိတ်တလန့် ကိုက်မိတာပါ"

"ဟော့ ဟော့ တောကြက်မအိမ်ကို ဘယ်သူသိသတုံး၊ သိတဲ့သူ သွားစမ်းဟော့၊ ခုံရုံးတော်ကို အမြန်လာစေလို့"

သူကြီးခိုင်းသမျှ ဖြည့်ဆည်းပေးရန် အသင့်စောင့်နေသော ဆယ်အိမ်ခေါင်းများကို သူကြီးက လှမ်းပြီး အမိန့်ပေးသည်။

"တောကြက်မ... ရောက်လာပါပြီ သူကြီးမင်းခင်ဗျား"

"ကဲ မယ်မင်းလုပ်လိုက်တာ... ဘာတွေဖြစ်ကုန်ပြီ မှတ်သတုံး"

တောကြက်မ တောင်ကြည့် မြောက်ကြည့် ကြည့်နေသဖြင့် ဆယ်အိမ်ခေါင်းက မျက်နှာလို မျက်နှာရ ဝင်ငေါက်၏။

"မေးနေတာ ဖြေလိုက်ပါတော့လား"

"ကျုပ် ကျုပ်... ဘာလုပ်လို့တုံးတော်"

"မယ်မင်း ခြအုံကို သွားယက်တယ် မဟုတ်လား"

"အဲဒါ ... အဲဒါ ကျုပ်ဘာသာကျုပ် ချုံထဲက ဝပ်ကျင်းမှာ အေးအေးဆေးဆေး ဝပ်နေတုန်း ဆတ်မလာပြီးတိုးလို့ ဥတွေလည်းကွဲ၊ ကျုပ်

လည်း လန့်ပြီး ကတော်သရော၊ ယက်သရော... လုပ်မိလုပ်ရာ လုပ်မိတာပါတော်"

ဤသို့ဖြင့် ဆတ်မသည် ခုံမင်းရှေ့မှောက်သို့ ခုန်ဆွ ခုန်ဆွနှင့် ရောက်လာ၏။

"ဟဲ့ ဆတ်မ... နင်ဟာ တောကြက်မရဲ့ဝပ်ကျင်းကို ဝင်ဖျက်တယ်ဆို၊ အခု ဘာတွေလျှောက်ဖြစ်ကုန်ပြီ မှတ်သတုံး"

"ဘာတွေဖြစ်ကုန်သတုံး၊ ကျွန်တော်မ ဘယ်လိုလုပ်ပြီး သိနိုင်မှာတုန်းသူကြီးမင်းရယ်၊ ကျုပ်လည်း ကျုပ်ကျောပေါ်ကို မျောက်က သစ်သီးတွေနှင့်ထုလို့ နာနာကျင်ကျင် ကြောက်ကြောက်လန့်လန့်နှင့် လျှောက်ပြေးရာက မတော်တဆ ဖြစ်သွားတာပါ"

ထိုအခါ ဒပြုတ်ပင်ထက်ရှိမျောက်ကို ခုံရုံးသို့ ခေါ်ခဲ့ရပြန်၏။

"ကဲ မောင်မင်း၊ ဘာများထုချေချင်သတုံး၊ ဆတ်မရဲ့ကျောပေါ်ကို ဒပြုတ်သီးလွှတ်ချလို့ ဆတ်မ လန့်အပြေးမှာ ဘာတွေဆက်ဖြစ်တယ်ထင်သတုံး"

"မထင်တတ်ပါဘူးခင်ဗျာ"

"မထင်တတ်ရင် ထုချေစေမောင်မင်း"

"သည်လိုပါခုံမင်းခင်ဗျာ၊ ကျွန်တော် အစာ စားမလို့ သစ်သီးကိုလက်ထဲကိုင်ပြီး ပါးစပ်အဟမှာ ဝရောင် ဝရောင်နဲ့ ရောင်ရင်ငှက်က ထလုပ်တော့ လန့်သွားတာပေါ့"

သို့အတွက် မျောက်နှင့်ကွင်းဆက်ဖြစ်သော ရောင်ရင်ငှက်သည် သူကြီးရှေ့တော်သို့ ငေါင်းစင်းစင်းကြီး ရောက်လာသည်။

သူကြီးမင်းထံမှ အကျိုးအကြောင်းသိရသည်တွင် ဤသို့ချေလဲ၏။

"အကျွန် အေးအေးဆေးဆေးအိပ်နေတာပါ၊ သည်အချိန်မှာ ပုစဉ်းက အကျွန့်ဝမ်းထဲဝင်မလို့တဲ့၊ အတင်းလာတိုးတော့ လန့်မအော်တဲ

နေပါ့မလား၊ တရားသူကြီးမင်း စဉ်းစားကြည့်တော်မူပါရှင်”

“လက်စသတ်တော့ တရားခံက ပုစဉ်းပဲ၊ ခုံရုံးရှေ့ကိုသွင်းကြစမ်းဟေ့”

သို့သော် သူကြီးထင်သကဲ့သို့ ပုစဉ်းလည်း တရားခံအစစ် မဟုတ်သေးချေ။ ပုစဉ်းရောက်လာသောအခါ “ကမ္ဘာကြီးခုနစ်စိတ်၊ လူတွေလေးစုကွဲလိမ့်မယ်၊ ကြီးသူ့ဝမ်းခေါင်း ငယ်သူအောင်းမှ ချမ်းသာကြောင်းရမယ်ဆိုလို့ ရောင်ရင်ရဲ့ရင်အောက် ခိုမိတာပါ” ဟု လျှောက်လဲသောကြောင့်ဖြစ်သည်။

“အဲသည် အထိတ်တလန့်စကားကို ဘယ်သူပြောသတုံး”

“ဖားပြုပ်ကော၊ ဖားပြုပ်ပါ သူကြီးမင်း”

“အခု ဘယ်မှာရှိသတုံး”

“အုန်းလက်ဖောင်စီးပြီး ဖျားရေနှင့်ပါသွားပြီ”

“သွားသွား... ချောင်းဝက စောင့်ဖမ်းကြ၊ အခု ရေစစ်တော့မယ်”

ဆယ်အိမ်ခေါင်းတွေ အပြေးအလွှားသွားကြရာ မကြာမီ ဖားပြုပ်ခုန်ဆွ ခုန်ဆွဖြင့် ရောက်လာလေ၏။

“ဟဲ့ဖားပြုပ်ကော၊ နင် မဟုတ်တမ်းတရမ်းတွေ လျှောက်ပြောတဲ့အတွက် သူတစ်ပါးမှာ ဘယ်လောက်ဒုက္ခရောက်တယ်ဆိုတာ သိရဲ့လား”

ဖားပြုပ် သိပါသည်။ မိမိ မဟုတ်တမ်းတရမ်းတွေ ပြောပစ်ခဲ့သည့်အတွက် ကသိကအောက်ဖြစ်ကုန်ပြီ။ သို့သော် မည်သည့်အတိုင်းအတာအထိ ကိုးရိုးကားရားတွေ ဖြစ်ကုန်သနည်း။ အတိအကျကား မသိပါ။

မသိသောကြောင့် ‘ငါကွ’ ဟု လက်မ ထောင်ရမလိုလို၊ ရင်ကော့ရမလိုလို ဖြစ်နေစဉ် သူကြီးက အဖြစ်အပျက်တသီကြီးကို ပြောပြ၏။

ဖားပြုပ် လက်မ မထောင်၊ ခေါင်း မထောင်ရဲတော့ပေ။ လျှာတစ်လစ် တစ်လစ် ဖြစ်နေ၏။ မျက်လုံး ကလယ်ကလယ် ဖြစ်သွား၏။

ခြေ လက် ပြောင်းပြန်ဖြစ်၏။

"ဘာ... အခုမှ ဝက်ရူးပြန်သလိုလို လုပ်ပြ မနေနှင့်၊ နင့်မှာ အပြစ်ရှိတယ်"

ဖားပြုပ်ကား ဆန့်ငင် ဆန့်ငင် ဖြစ်ဟန်ပြု၏။

"အေး... လိမ်လည်ပြောမှုအတွက် ကျောက်တုံးနှင့် ထုကြစေ"

သူကြီး၏ အမိန့်သံအဆုံးတွင် ဖားပြုပ်ကြောင့် ကသိကအောက်ဖြစ်ရသူများက ဖားပြုပ်ကို ကျောက်ခဲဖြင့် ထုကြသည်။ အချို့က ကျောကုန်းကိုထုမိ၏။ အချို့က ခေါင်းကိုထုမိ၏။ ဖားပြုပ်ကား ပြားချေဖောင်းချေဖြင့် အွတ်အွတ်မြည်လျက် အထုခံ၏။

ထုဖန်များလျှင် ဖားပြုပ်၏ပါးစောင်မှ သွေးတွေစီးကျလာသည်။ အားရ၍ လွှတ်လိုက်ကြသောအခါ ဖားပြုပ်မှာ မခုန်နိုင်တော့ပါ။ သွေးတွေ ယိုစီးလျက် တရွေ့ရွေ့သာ ပြန်လာနိုင်၏။

"အဆွေဖားပြုပ်၊ ပါးစ နှုတ်ခမ်းနီမြန်းလှပါ ဇာကလာရေ"

လမ်းတွင်တွေ့သူများက ပါးတွေ နှုတ်ခမ်းတွေ နီရဲနေလိုက်တာ၊ ဘယ်ကလာတာတုံး မေးကြ၏။ လိမ်ရမှ နေသာထိုင်သာရှိတတ်သော ဖားပြုပ် လိမ်၏။ ဝါ၏။

"သူကြီးမင်းအိမ်ကို ရွာစားမင်းကြွလာတဲ့အတွက် စကားစမြည်သွားပြောရင်း ကွမ်းတည်တာနဲ့ ကွမ်းစားခဲ့တာပါ"

လည်ပင်းတိုနေပြီ။ ကျောပြားနေပြီ။ ဖားပြုပ်ကေကား မဟုတ်မဟာတ် စကားကို ပြောနေဆဲသာ ။

**(ရခိုင်ပုံပြင်)**

❑



# ထုံသော နုံသော သားကိုးယောက်

## ကမ္ဘာဖျက်မိုးကြီး

လူသတ္တဝါများနေထိုင်လျက်ရှိသောကမ္ဘာကြီးကို နေဖျက်သည်။ ရေဖျက်သည်။ ထို့နောက် ကမ္ဘာသစ်ကြီးပြန်တည်သည်ဟု ဗမာတို့ ပြောလေ့ရှိကြ၏။ ဗမာတို့၏ သွေးသားရင်းချာ လီဆူတို့ကလည်း ကမ္ဘာကြီးမှာ ရေဘေးသင့်ပြီးမှ ကမ္ဘာသစ် တစ်ဖန်တည်ပြန်သည်ဟု ပြောလေ့ရှိကြပေ၏။

လီဆူပုံပြင်ထဲတွင် ကမ္ဘာကြီးကို ရေဖျက်ခါနီးတွင် ရွာကလေး တစ်ရွာသာ တည်ရှိနေသည်ဟု ပါရှိပေသည်။

ထိုရွာကလေးမှာ ဟိမဝန္တာတောင်၏ အမြင့်ဆုံးတောင်စောင်း တစ်နေရာတွင် ရှိသည်။ ရွာကလေးထဲတွင်လည်း လူနှစ်ယောက်သာ ရှိသည်။ ထိုနှစ်ယောက်မှာ မိဘမဲ့ မောင်နှမ ဖြစ်ချေသည်။

မောင်ဖြစ်သူ၏အမည်မှာ ကျွာဆာ။ နှမအမည်မှာ ကျွာကျီမဲ။

သည်နားတစ်ဝိုက်တွင် သည်နှစ်ယောက်တည်းရှိသောကြောင့် အားလုံးတိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။ မည်သို့ဖြစ်စေ ကျွာကျီမဲတို့သည် ငေးမော တွေဝေ မနေအားပါ။ အစားအစာရရှိရေးအ

တွက် တောင်ယာခုတ်ရန် မြေဩဇာကောင်းသည့်နေရာသစ်ကို ရှာဖွေကြရပြီ။

တောင်ယာလုပ်ရန် နေရာသစ်တွေ့သည်။ သစ်ကြီးဝါးကြီးတွေကို တစ်နေ့တာ ခုတ်နိုင်သမျှ ခုတ်သည်။ နေကုန်သောအခါ အိမ်သို့ ပြန်လာကြသည်။

ကျွာကျီမဲသည် ယနေ့ ဤမျှခုတ်ခဲ့သည်။ နက်ဖြန်တွင် မည်သည့်နေရာမှ မည်သည့်နေရာအထိ ခုတ်ထွင်ရှင်းလင်း၍ ပြီးနိုင်မည်၊ သန်ဘက်ခါတွင် ဤမျှ ပြီးစီးတန်ရာသည်၊ တွက်ဆလျက် အိပ်ရာဝင်သည်။ ထိုအတွေးဖြင့် အိပ်ရာမှနိုးသည်။ သူ့နှမလည်း သူ့နည်းတူပင်ဖြစ်သည်။

သူတို့သည် ထမင်းဟင်းများ ထုပ်ပိုးသယ်ဆောင်လျက် တောင်ယာသို့လာခဲ့ကြရာ တောင်ယာကို အလွယ်တကူ မတွေ့ရပေ။ အမှန်အားဖြင့် မိုးတိုးမတ်တတ်အပင်များကြား၌ တုံးလုံးပက်လက်ဖြစ်နေသော အပင်များကို ရုတ်ခြည်းမြင်နိုင်သည်။ အထူးပင် ရှာစရာမလို။

သို့ရာတွင် ဖြစ်မြဲတိုင်း မဖြစ်ပေ။ ခုတ်လက်စတောင်ယာကို ကျွာကျီမဲတို့ မနည်းရှာရသည်။ ဓားခုတ်ရာဖြင့် လဲပြိုနေသောအပင်များ သစ်ငုတ်များကို မတွေ့ရချေ။

"ဘယ်လိုဖြစ်ကုန်ပါလိမ့် ကျွာဆာရေ့"

ကျွာကျီမဲ တအံ့တဩ ရေရွတ်သည်။ သစ်ပင်တွေကြားထဲသို့ တိုးဝှေ့ဝင်ရောက်ကာ စစ်ဆေးသည်။

"ကျွာဆာရေ၊ မယုံနိုင်စရာပဲ၊ ငါတို့ခုတ်ထားခဲ့သမျှ သစ်ငုတ်တွေဟာ သစ်ပင်ကြီးတွေ ပြန်ဖြစ်နေတာပါကလား"

"သည်လိုဆို မြေဩဇာ အလွန်ကောင်းတာပေါ့"

ကျွာဆာက ဝမ်းသာအားရ မှတ်ချက်ချသည်။ တော မြန်မြန်ခုတ်၊ ယာ မြန်မြန် ဖြစ်၊ သီးနှံပင် မြန်မြန်စိုက်နိုင်ရန် အားတက်သရော

ခုတ်ကြသည်။ သို့သော် ဒုတိယနေ့ခုတ်သမျှမှာလည်း ပထမနေ့နှယ် အလဟဿ ဖြစ်ရပြန်သည်။ အကြောင်းမူ သစ်ငုတ်တိုတွေဟာ မြေပြင်ပေါ်တွင် မင်းမူနေရမည့်နေရာကြီးမှာ သစ်ပင်များဖြင့် ထူးမခြားနားပြန်ဖြစ်နေသဖြင့်ပေတည်း။

တတိယနေ့၏ အခြေအနေမှာ ပထမနေ့မတိုင်မီက အခြေအနေအတိုင်းဖြစ်နေပေသည်။ ကျွာဆာမောင်နှမကား အချိန်ကို အလဟဿ မထားပေ။ ညည်းတွားငေးမှိုင်ခြင်းဖြင့် အချိန်မဖြုန်းပေ။ ခုတ်နိုင်သရွေ့ကို အားစိုက်ခွန်စိုက် ခုတ်လှဲသည်။ အချိန်တန်သော် အိမ်သို့ပြန်သည်။

ယနေ့အိမ်ပြန်ခြင်းကား ဟန်ပြသာဖြစ်၏။ တကယ်ပြန်ခြင်းမဟုတ်။ တောထဲမှ ပြန်လှည့်လာသည်။ ခုတ်လှဲထားခဲ့သော သစ်ပင်တွေ လျင်မြန်စွာ ကြီးထွားလာပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်ရန် ချောင်းမြောင်း ကြည့်ရှုသည်။

တုံးလုံးပက်လက်ဖြစ်နေသော သစ်ပင်များသာပြည့်နေသည့် ကွင်းကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ကျွာဆာတို့လည်း တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြ၏။

အတန်ကြာမှ ကျွာကျီမဲက "ဟိုမှာ ဟိုမှာ" ဟု ပြော၏။

"ဟိုမှာဆိုတာက ဘာပြောတာတုံး မောင်ကြီးရဲ့"

"မြွေပါနှင့် တောကြောင်လေ၊ မမြင်ဘူးလား နှမရ"

တောကြောင်သည်လည်းကောင်း၊ မြွေပါသည်လည်းကောင်း တောထဲ၌ ပေါများသောအကောင်များဖြစ်ကြ၏။ မထူးဆန်းပေ။ ခုတ်လှဲထားသော သစ်ပင်များပေါ်တွင် ပြေးလွှားဆော့ကစားနေကြလေ၏။

ကြောင်သည် ဇေဒင်တွက်လိုက် ပြေးလွှားပုန်းလျှိုးလိုက် မြူးထူးနေ၏။ မြွေပါလည်း ကြောင်ကဲ့သို့ပင် ပြေးလွှားဆော့ကစား၏။

"ဟော ဟော ဟော... အလိုလေး၊ ဟာ... ဟယ်... ဟင်"

မကြာမီ အချိန်အတွင်း၀ယ် ကျွာကျီမဲတို့မှာ တအံ့တသြအော် ဟစ်ကြရလေတော့၏။ မြွေပါနှင့်ကြောင်တို့ တက်ရောက်ပြေးလွှား ဆော့ ကစားမိသော တုံးလုံးပင်တိုင်း ထထောင်၊ သက်ဆိုင်ရာ သစ်ငုတ်တွင် ပြန်လည် ဇွဲဆက်အကောင်းပကတိပြန်ဖြစ်ကုန်သောကြောင့်ပင်တည်း။

အလွန်အံ့သြဖွယ်ကောင်း၏။ ထူးဆန်း၏။

ကျွာကျီမဲမှာ မအံ့သြနိုင်။ အံ့သြမှုကို ထိတ်လန့်တုန်လှုပ်မှုက လွှမ်းခြုံနေ၏။ သည်လိုသာ ယနေ့ခုတ်၊ ညနေတွင် တောပြန်ဖြစ်နေ လျှင် ၀မ်းစာအတွက် အားထားစရာ တောင်ယာမြေကွက် တစ်ကွက်ကို မည်သို့ ရနိုင်ပါတော့အံ့နည်း။

“ကျုပ်တို့ဟာ ဆင်းရဲသားတွေပါ၊ ဆင်းရဲသားတွေကို ဒါလောက် တောင် နှိပ်စက် ညှဉ်းပန်းကြရသလား”

ကျွာဆာက ချုံသံပါအောင် ညည်းသည်။

“သည်လိုသာဆိုရင် တစ်ခါဖြင့် ဒုက္ခရောက်ကြပြီပေါ့”

ကျွာကျီမဲကား ညည်းလည်းညည်း၊ ငိုလည်း ငိုကြွေးသည်။

သူတို့မောင်နှမ၏ ညည်းတွားငိုကြွေးသံသည် တိုးတိုးကလေး ဖြစ်၏။ တိုးညင်းသော်လည်း မြွေပါနှင့်တောကြောင်က ကြားသည်။ ဆတ်ခနဲ ခေါင်းထောင်နားစွင့်ပြီး တောစပ်သို့ ပြေးလာသည်။

“ဟော့၊ ဘာပြောကြတာတုံး”

တောကြောင်၏အမေးကို လူသားနှစ်ယောက်မှာ ဘယ်ပုံဖြေရပါ မည်နည်း စဉ်းစား၍မပြီးမီ မြွေပါက ပြော၏။

“အမောင်တို့ အမိတို့… တောင်ယာပျက်တာကလေးကို စကား လုပ်ပြီး ပြောမနေကြနှင့်၊ မကြာမီ ပေါ်သည်ကမ္ဘာကြီးတစ်ခုလုံး ပျက် တော့မယ်”

“ဘာပြောတယ်… ဘာပြောလိုက်တယ်”

လူသားနှစ်ယောက် ကြောက်လန့်တကြား အော်မိကြသည်။

“ကမ္ဘာကြီးကို ရေနှင့်ဆေးကြောမယ့်အချိန် ကျရောက်နေပြီ၊ ရှိရှိသမျှ လူတွေ တိရစ္ဆာန်တွေအားလုံး သေကျေ ပျက်စီးကြတော့မယ်၊ ရှိရှိသမျှ ဘာမဆို သေကျေပျက်စီးရတဲ့အထဲမှာ မပါချင်ရင် ကြိုတင်ပြင်ဆင်ကြပေတော့”

“အို… တောကြောင်၊ အို မြွေပါ… ဘယ်လိုလုပ်ရင် ကောင်းမတုံး”

ကျွဲဆာသည် ကြံစည်၏။ စိတ်ကူး၏။ ကျွဲကျီမဲမှ အလွယ်လမ်းကိုလိုက်ပြီး တိရစ္ဆာန်များထံ အကြံတောင်း၏။

“လွယ်ပါတယ်၊ ရေပေါ်မှာအကြာကြီးပေါ်နေနိုင်တဲ့ သစ်တုံးကြီးကိုရှာပြီးထွင်းပေါ့၊ လိုအပ်တဲ့ ပစ္စည်း ပစ္စယ စားနပ်ရိက္ခာ ရေကအစ အများကြီးထည့်ပေါ့၊ လူလည်းဝင်နေပေါ့”

“သစ်တုံးက ဘယ်လောက်တောင် ကြီးရမှာတုံး”

ထိုသို့မေးရန်လည်း ကျွဲကျီမဲသာ သတိရ၏။

“ကြီးနိုင်သမျှ ကြီးတာ မမှားဘူး”

“နောက် ဘယ်လောက်အကြာမှာ ကမ္ဘာကြီးကို ရေနှင့်ဆေးမှာတုံး”

ထိုအမေးကိုမေးရန်ကား ကျွဲဆာ သတိ မမေ့လျော့။

“သုံးလ သုံးနှစ်နှင့် ခုနစ်ရက်ကြာတဲ့နေ့မှာ ကမ္ဘာကြီးကို ရေနဲ့ဆေးမယ်”

တောကြောင်နှင့် မြွေပါသည် ပြောပြီးလျှင်ပြီးချင်း တောထဲသို့ဝင်ပြေးသွားကြလေတော့၏။

## ကမ္ဘာပျက် ရေကြီးခန်းချိန်

ကျွဲဆာမောင်နှမသည် နောက်တစ်နေ့မှစတင်ပြီး စားနပ်ရိက္ခာများ စုဆောင်းသည်။ တစ်ချိန်တည်းတွင် အပေါ်ပါးဆုံး အကြီးမားဆုံး

သစ်ပင်ကိုလည်း ရှာဖွေသည်။ တွေ့လျှင်တွေ့ချင်း ခုတ်လှဲကာ ထွင်းတော့သည်။ လှေထွင်းစဉ် စားသုံးသဖြင့် လျော့သွားသော စားနပ်ရိက္ခာများကို ကျွာကျီမဲက အစားထိုးဖြည့်တင်းပေးသည်။ ကျွာဆာက လှေကို နေ့မနား ညမနား ထွင်းသည်။

ခုနစ်လ ကြာမြင့်သွားသည်။

လှပ သေသပ် ခိုင်ခံ့သောလှေကြီးလည်း အဖုံးအပိတ်ပါမကျန် ပြီးစီး၏။

ကျွာဆာမောင်နှမသည် အဖိုးတန်ပစ္စည်းများကို လှေထဲထည့်ထားသည်။ အဖကိုင်သော ငွေတုတ်ကောက်နှင့် အမေသုံးစွဲနေကျ ငွေဘီးသည် မိဘအမွေအနှစ်များထဲမှ အဖိုးအတန်ဆုံးတွေ ဖြစ်ပေသည်။ သူတို့မွေးထားသည့် ကြက်ဖနှင့်ခွေးကိုလည်း ဝေးဝေးမသွားစေဘဲ သတိနှင့် နေကြသည်။

သူတို့သည် နှစ်များ လများကို မရေတွက်တတ်သဖြင့် စားနပ်ရိက္ခာများကိုလည်း အသင့်ထည့်ထားသည်။ ပျက်စီးမကုန်စေရန် ယုငင်သုံးစွဲသည်။ အသင့်ဖြစ်စေရန် ဖြည့်တင်းထားသည်။

တောင်ဇလပ်ပန်းများ တတိယအကြိမ် ပွင့်ပြီးသွားသည်။ ပြည့်ဝန်းသော လလည်း သုံးစင်းထွက်ပြီးသွားပြီ။

ကျွာဆာမောင်နှမ စောင့်မျှော်မောသော ကမ္ဘာဆေးမိုးကြီး လာပြီ။

မိုးသည် သည်းထန်စွာရွာ၏။ အဆက်မပြတ် နေ့ရောညပါ ရွာချသည်။ သည်မျှ ရွာမှတော့ ချောင်းတွေ မြောင်းတွေ မြစ်တွေ အရှုံးပေးရပြီ။ မြေပြင်ဟူ၍ မကျန်တော့ပါ။ တောင်တွေလည်း မြုပ်ကုန်ပြီ။ ကျွာဆာမောင်နှမ ခိုလှုံနေသော ထွင်းလှေကြီးပါ တအိအိ မျောပါသွားပြီ။

ထွင်းလှေကြီးကို အလုံပိတ်ထားသဖြင့် အပြင်တွင်ဘာဖြစ်နေသည်ဟု ကျွာကျီမဲတို့ မသိပါ။ မိုးကြီးတိတ်သွားစေကာမူ ရေဘောင်

ဘင်ဝေနေသည်။ အလွန်နေးကွေးစွာလျော့သည်။ သူတို့၏လှေသည် ဝေရက်တောင်ထိပ်၌ တင်နေခဲ့သည်လည်းမသိ။ ရေထဲတွင် ပေါလော မမျောဘဲ အမာခံတစ်ခုပေါ်တွင် တင်နေကြောင်းသာသိသည်။ သိသော် လည်း ဖွင့်မကြည့်ကြပါ။

သစ်ထွင်းလှေ၏အပြင်မှ အသံ တစ်သံ တစီစီ ထွက်ပေါ်လာ သည်။ နတ်တေးချင်းငှယ် သာယာသော ငှက်မြည်သံဖြစ်သဖြင့် အပ်က လေးတစ်ချောင်းကို ပိုးပေါက်မှ ချကြည့်ကြသည်။ အပ်ကျသံမှာ ပြုတ် ဟူ၍ ဖြစ်သည်။ သို့ကြောင့် ရေအနက်ကြီးပေါ်တွင် ရောက်နေသည် ထင်ပြီး အဖုံး ဖွင့်မကြည့်ကြ။

သို့သော် ကြက်ဖကြီးကသိသည်။

"မိုးချုပ်ပြီဗျို့" ဟူသည့် အော်နေကျအသံ၊ "မိုးလင်းပြီဗျို့" အော် ရိုး အော်စဉ် မအော်။ "ရေခန်းပြီဗျို့" ဟူ၍ ထူးဆန်းစွာ တွန်တော့သည်။

"ဟော... ရေခန်းပြီ ဆိုပါကလား"

ကျွဲဆာသည် အဖုံးကို အလျင်အမြန်ဖွင့်သည်။ နတ်တေးချင်း သံ ငှက်ကလေးသည် သာယာစွာ မြည်ကြွေးနေသည်။

ထိုတေးသံတွင် မောင်နှမနှစ်ယောက် မိန်းမူးနေသဖြင့် ခွေးအော် သံကို သတိမထားမိကြ။ ခွေးမှာ ကြက်အော်သံကြားရ၍ အပြင်သို့ ထွက်ချင်လှပြီ။ အော်ဟစ်တိုးဝှေ့နေသည်။

"ရေခန်းနေပြီ၊ ထွက်ကြတော့"

ကြက်ဖကြီးက ထပ်မံတွန်တော့မှ သတိရကြသည်။

"ဟာ... ဟုတ်တယ်ဟေ့၊ ငိုနေလိုက်ကြတာ... ကဲ ကဲ"

မောင်နှမနှစ်ယောက် လှေပေါ်မှ ခုန်ထွက်သည်။ ဝန်းကျင်ပတ် ချာကို လှည့်ပတ်ကြည့်သည်။

သူတို့၏လှေသည် တောင်ထိပ်ရှိ သစ်ပင်နှစ်ပင်အောက်တွင်

တင်နေသည်။ တစ်လောကလုံး ဟင်းလင်းပြင်ကြီးဖြစ်နေသည်။ ဟင်းလင်းပြင်ထဲတွင် ရေပြင်နှင့် မြေပြင်မှလွဲ၍ အခြားအရာ မရှိ။

"တစ်လောကလုံးမှာ တို့ချည်းရှိပါတော့ကလား"

တို့ချည်းဟူသည်မှာ ကျွဲဆာမောင်နှမနှင့် ကြက်ဖတစ်ကောင်၊ ခွေးတစ်ကောင်၊ လုံးထွင်းလှေ၊ သစ်ပင်နှစ်ပင်၊ တေးဆိုငှက် ဖြစ်သည်။ သို့သော် ကျွဲကျီမဲ၏စကား မမှန်ပေ။ တေးသီငှက်သည် ကချေသည် ငှက်တစ်ကောင်ကို ခေါ်လာပြီး တေးအလိုက် အကခိုင်းနေသည်။

ကသောငှက်မှာ ရေညှော့်ကောင် ဖြစ်သည်။

သူသည် ကမ္ဘာကြီး ပင်လယ်ဝေနေသည်ကို မသိ။ တိမ်ပေါ်တက်ပြီး ကနေခဲ့မိသဖြင့် ရေဘေးမှ လွတ်ခဲ့သည်။

"တို့ချည်း မကဘူး၊ ငှက်တစ်ကောင် တိုးလာတယ်၊ နောက်ထပ် ဘယ်သူတွေများ ရှိဦးမလဲ"

ကျွဲဆာသည် သစ်တုံးလှေကြီးကို ဟိုလှန်သည်လှော ရှာဖွေသည်။ လုံးထွင်းလှေကြီး၏ အပြင်ဘက်ရှိ အခွံ အပွေးများကြားတွင် အခေါင်းတစ်ခေါင်း ဖြစ်နေသည်ကို တွေ့ကြရသည်။

ထိုအရာကား ယုန်ကလေးတစ်ကောင်။

ယုန်ကလေးသည် သစ်ခေါင်းထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ်ဖြင့် မည်မျှကြာမြင့်စွာက နေခဲ့သည်ကို မည်သူမျှ မခန့်မှန်းနိုင်။ အလွန်ကြာမြင့်ခဲ့ပြီဟူသည်ကိုကား နောက်ခြေနှစ်ချောင်းက သက်သေခံနေသည်။ နောက်ခြေနှစ်ချောင်းသည် အကြောလိုက်ကာ သေမသွားသော်လည်း ခွေခွေခေါက်ခေါက်ကြီးသာ နေလေ့ရှိတော့သည်။

ကမ္ဘာကြီးကို ရေလွှမ်းဆေးကြောပြီးနောက် အသက်မသေဘဲ ကျန်ခဲ့သူ ခုနစ်ဦးသာရှိသည်။ ယင်းတို့မှာ...

ယောကျ်ားတစ်ယောက် (ကျွဲဆာ)

မိန်းမတစ်ယောက် (ကျွာကျိမဲ)

ကြက်ဖတစ်ကောင်

ခွေးတစ်ကောင်

ယုန်တစ်ကောင်

နတ်တေးသီတတ်သော တေးသံရှင်ငှက်ကလေး (ညာ်နီစေး)

ရေညှော်ကောင်ကလေး (ညားရုံကာ) တို့ ဖြစ်ကြပေသည်။

သစ်ပင်အားလုံးသည် ရေနစ်မွန်းပျက်စီးကုန်ရာ လုံးထွင်းလှေကြီး အနီးရှိ သစ်ပင် နှစ်ပင်သာ ကျန်သည်။ ထိုနှစ်ပင်ကို

အခိုင်ခံ့ဆုံးသစ်ပင်ကြီး (အာဖြိဓိ) နှင့်

အန္တရာယ်များကို ကျော်လွှားနိုင်သော ရန်နိုင်ပင် (စီးနာဓိ) ဟု ခေါ်ကြ၏။

ကမ္ဘာဖျက်မိုးကြီး မလွှမ်းမိုးနိုင်သောတောင်အဖြစ်လည်း နှစ်တောင်သာ ကျန်ခဲ့ပေ၏။ ယင်းတို့မှာ...

ဟိမဝန္တာတောင်မင်း (မာဂျူလောဝါဓိ)

ဓေရက် တောင်ထွတ် (မာဂျူလောဝါသာ) တို့ ဖြစ်ကြပေ၏။

## လူမျိုးလူနွယ် ပျောက်တော့မည်

ကျွာဆာတို့ မောင်နှမသည် လူတို့၏အရိပ်အယောင် မြင်ရနိုးဖြင့် အရပ်ကိုးမျက်နှာသို့ မျှော်ကြည့်ကြသည်။ မီးခိုးငွေ့ကလေး တွေ့ရနိုးလည်ဆန့်ကြည့်၏။ အနီးအပါး၌ လှည့်ပတ်မျှော်ထောက်၏။

မိမိတို့မှတစ်ပါး တစ်လောကလုံး သေကျေ ပျက်ပြုန်းခဲ့ပြီ။

အသံဗလံ မကြားရ။ အလှုပ်အရှား မမြင်ရ။

"မောင်ကြီးရေ... ဘယ်အရပ်ဒေသ ဘယ်နေရာတွေမှာ ငါတို့လို ကျန်ခဲ့သူတွေ ရှိသေးသတုံး၊ ထွက်ရှာကြစို့"

"ကောင်းတယ် ငါ့နှမ"

ကျွာကျီမဲတွင်ဖြစ်ပေါ်နေသောအကြံကို ကျွာဆာက သဘောတူ၏။ သို့ရာတွင် သူသည် အကြံကောင်းတစ်ခု လက်ခံနဲရ၏။

"ဒါပေမဲ့ နေရာအနှံ့ကို မြန်မြန်ရောက်အောင် လူခွဲပြီးသွားရင် မကောင်းဘူးလား ငါ့နှမ"

"သည်အကြံကောင်းတာပါ့ မောင်ကြီး"

မောင်နှမ နှစ်ယောက်သည် ကျောချင်းကပ်ကာ ခွဲခွာရန် ပြင်ဆင်ကြသည်။ ဤတွင် ကျွာကျီမဲက သတိရသည်။

"မောင်ကြီးရေ... ငါတို့ ဘယ်လောက်ကြာမှ ပြန်ဆုံမယ် မသိဘူးနော်"

"အေးဟ၊ ငါ့နှမကမှ တွေးတတ်သေးတယ်"

"အဲသလို အကြာကြီးနေပြီးတော့မှ ပြန်တွေ့ကြရင် တစ်ယောက်နဲ့တစ်ယောက် မပြောကြဘဲ သိကြရအောင်၊ ဒါမှမဟုတ် ငါကျွာဆာပါလို့ ပြောတာကို မယုံနိုင်အောင်ဖြစ်နေရင်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရော့၊ ငါအမွေရထားတဲ့ အမေ့ငွေဘီးကို ထက်ပိုင်းချိုးပြီးယူသွား၊ ငါလည်း တစ်ပိုင်းယူထားမယ်၊ ငါကျွာကျီမဲပါလို့ပြောတာ မယုံရင် ဘီးကျိုးကို ပြမယ်နော်၊ မောင်ကြီးကလည်း ဘီးကျိုးကိုပြ"

"ဟုတ်တာပေါ့၊ မောင်ကြီးအမွေရထားတဲ့ အဖေ့ငွေတုတ်ကောက် တစ်ပိုင်းလည်း ငါ့နှမယူသွား၊ မောင်ကြီးတစ်ပိုင်းယူထားမယ်"

မောင်နှမ နှစ်ယောက်သည် ငွေဘီးနှင့် ငွေတုတ်ကောက်ကို ထက်ပိုင်းချိုးလိုက်ကြသည်။ သက်သေခံပစ္စည်းဖြစ်စေရန်အတွက် တစ်ယောက် တစ်ပိုင်းစီ ယူထားကြသည်။

ထို့နောက် မောင်ဖြစ်သူသည် ခွေးကိုခေါ်ပြီး အနောက်အရပ်သို့

ထွက်သွားတော့သည်။ ကျွဲကျီမဲလည်း ကြက်ဖကြီးကိုပိုက်လျက် အရှေ့အရပ်သို့ ဦးတည်ထွက်ခွာသွားလေ၏။

နှစ်ပေါင်းများစွာ ကြာမြင့်သွားခဲ့သည်။

မောင်နှမနှစ်ယောက်လုံးမှာ ဝေရက်တောင်ပေါ်မှဆင်းပြီး ခရီးထွက်ခဲ့စဉ်က ရုပ်ရည်မျိုး မရှိကြတော့ချေ။ ထွားလည်းထွားကျိုင်း၊ ရင့်လည်း ရင့်ရော်လာကြသည်။

သည်နှစ်ယောက်သည် လူသူတိရစ္ဆာန် မတွေ့ခဲ့ဘဲ ဝေရက်တောင်ထိပ်ရှိ သစ်ပင်ကြီး နှစ်ပင်အောက်သို့ ပြန်လည်ရောက်လာကြသည်။

နှစ်ပေါင်းများစွာကုန်လွန်ပြီးမှ ပြန်ဆုံရသဖြင့် မမှတ်မိကြလေ။

သို့သော် ကျွဲကျီမဲက သတိကောင်းသည်။ ပလိုင်းထဲမှ ငွေတုတ်ကောက်အကျိုးနှင့် ငွေဘီးအကျိုးကို ထုတ်ယူသည်။ ထိုအခါတွင်မှ တစ်ဖက်လူကလည်း ပလိုင်းထဲမှ ပစ္စည်းတွေထုတ်ပြသည်။ ငွေဘီးအကျိုးနှစ်ချောင်းကို ဆက်စပ်ကြည့်ကြသည်။ တစ်ချောင်းတည်းမှ အကျိုးတွေပါတကား။ ငွေတုတ်ကောက်အကျိုးနှစ်ချောင်းမှာလည်း ထိုနည်းလည်းကောင်းပင်။

"မောင်ကြီးရေ... တစ်လောကလုံးမှာ ငါတို့ချည်း ရှိပါကလား"

"ဟုတ်တယ် နှမရေ... ငါတို့ပဲ ကျန်ခဲ့တယ်"

"ကဲ ညည်းတွား မြည်တွန်နေရုံနှင့်မပြီးဘူးမောင်ကြီးရေ၊ နေဖို့ အိမ်ဆောက်ပြီး စားဖို့ စိုက်ပျိုးကြမှပဲ"

ချုံပင် သစ်ပင် နွယ်ပင်များ ပေါက်ရောက်လာကြပြီ။ ဒီအထဲမှ စားကောင်းသောအပင်များကို ရှာဖွေရွေးချယ်ပြီး စိုက်ပျိုးကြသည်။ ပြုပြင်စိုက်ပျိုးကြသည်။ အိမ်ကလေးတစ်လုံးလည်း ဆောက်လုပ်နေထိုင်ကြသည်။

တစ်နေ့သောအခါတွင် ကျွဲဆာက ထူးဆန်းသောစကားတစ်ခွန်း

ကို ကျွဲကျီမဲအား ပြော၏။

"ကျွဲကျီမဲရေ... နင်ရော ငါရော တစ်နေ့တခြား အရွယ်ညောင်းပြီး အိုမင်းလာကြပြီ၊ ငါတို့သေရင် လူ့လောကဆိုတာ ကွယ်ပျောက်တော့မယ်"

ကျွဲကျီမဲသည် လပေါင်း ရက်ပေါင်းများစွာ အမှတ်မဲ့နေထိုင်ခဲ့သည်။ သို့ရှိရာက မိမိတို့လူသားမျိုးနွယ်ကြီး ပျောက်ကွယ်တော့မည်ဟု ကြားရသောအခါ ထိတ်လန့်သည်။ မိမိအသက် ပျက်ပြုန်းရသည့်အလား ကြောက်ရွံ့တုန်လှုပ်သည်။

"ငါတို့ဘိုးဘွား၊ ငါတို့မိဘရဲ့ အနွယ်အဆက်တွေ မပျောက်ကွယ်ရအောင် ငါတို့ အိမ်ထောင်ပြုကြမှ ဖြစ်မယ်"

"မောင်ကြီးကလည်း ဘယ်မှာ အိမ်ထောင်ဖက် ရှိလို့တုံး"

"ရှိတဲ့လူအချင်းချင်းပဲ အိမ်ထောင်ပြုရမှာပဲ ငါ့နှမရေ့၊ တခြားလူမှ မရှိတော့တာ"

"ဟာ ဒါတော့ မဖြစ်နိုင်ဘူး"

ကျွဲကျီမဲသည် ကျွဲဆာ၏စိတ်ကူးကို သဘောမတူပေ။

သို့သော် သူတို့ကြုံတွေ့နေရသော ပြဿနာမှာ မျိုးသုဉ်းခံမည်လော၊ အမျိုးအနွယ်ကို ဆက်လက်ရှင်သန်အောင် ပြုစုမည်လောဖြစ်၏။

နှစ်ယောက်တည်းမှ တကယ့်နှစ်ယောက်တည်း။ ကြာလေ ငြီးငွေ့စရာကောင်းလေ ဖြစ်လာသော သတ္တလောကကြီး။ စိတ်ဝင်စားစရာ တွယ်တာမက်မောစရာ ဘာတစ်ခုမှမရှိသော လောကကြီးတွင် မည်သည့်အတွက် အသက်ရှင်သန်နေသနည်း။ အဘယ်ကြောင့် ရပ်တည်နေသနည်း။

ထိုသို့တစ်ယောက်တည်း မေးခွန်းထုတ်မိတိုင်း ဘာမျှ အဓိပ္ပာယ်မရှိပါကလားဟု ကျွဲဆာသဘောပေါက်သည်။

ထိုသို့သဘောပေါက်တိုင်း ဘိုးဘွားမိဘတို့၏ အနွယ်အမြစ် ပျက်

သုဦးတော့မည့်အကြောင်းကို ကျွဲကျီမဲအား ပြောမိသည်။

"ကျွဲကျီမဲရေ… ငါတို့ဟာ အမျိုး မပျောက်အောင်လုပ်နိုင်ဖို့ အချိန်တွေရှိနေပါလျက် မဆောင်ရွက်တာဟာ အပြစ်ဖြစ်လိမ့်မယ်ထင်တယ်နော်"

ကျွဲကျီမဲလည်း အလေးအနက် စဉ်းစားရပြီ။ မိမိတို့ရင်ဆိုင်နေရသော ပြဿနာသည် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ရေးကိစ္စ တိမ်တိမ်ကလေး၊ ကိစ္စသေးသေးကလေးမဟုတ်။ လူသားမျိုးဆက်ကြီးတစ်ခုလုံးနှင့် ဆိုင်နေသည်။

သို့အတွက် နောက်တစ်ကြိမ် ကျွဲဆာသတိပေးချိန်တွင် ကျွဲကျီမဲသည် အလေးအနက်တုံ့ပြန်သည်။

"မိဆိုင် ဖဆိုင်နတ်တွေ သဘောမကျရင် ဘေးတွေ့နိုင်တယ်မောင်ကြီး၊ အဲဒါကြောင့် ဆန်ကောတစ်ချပ်စီရက်ပြီး တောင်ထိပ်ပေါ်ကသစ္စာဆိုပြီး လိမ့်ချကြရအောင်၊ သည့်နောက်တော့ နတ်တွေ နိမိတ်ပြတဲ့အတိုင်း လိုက်နာကြတာပေါ့"

သို့ဖြင့် သူတို့သည် ဝါးနှီးဖြင့် ဆန်ကောတစ်ချပ်စီ ရက်လုပ်ကြသည်။ ပြီးသောအခါ တောင်ထိပ်သို့အတူလာကြသည်။ သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် ဆန်ကောနှစ်ချပ်ကို တကွဲတပြား လိမ့်ချလိုက်ကြသည်။

ဆန်ကောများနောက်မှ ဖြည်းညင်းစွာလိုက်လာသော ကျွဲကျီမဲတို့ တောင်ခြေတွင်တွေ့ရသော ဆန်ကောနှစ်ချပ်၏ အနေအထားမှာ ပူးကပ်လျက်သားဖြစ်၏။

ဤမျှဖြင့် အိမ်ထောင်ပြုရေးကို ကျွဲကျီမဲ လက်မခံနိုင်။

"ဆုံပိုင်း တစ်လုံးစီ ထွင်းထုပြီး လိမ့်ချကြည့်ကြဦးစို့ မောင်ကြီးရာ"

သစ်တုံးတိုများကို ဆုံပိုင်းဖြစ်အောင် ခုတ်ရွေ ထွင်းထုကြသည်။

ဆန်ကောနှစ်ချပ်နည်းတူ တောင်ထိပ်မှ လိမ့်ချသည်။ ဆုံပိုင်းနှစ်လုံးလည်း ဆင့်ထပ်လျက်သား တည်နေ၏။

သို့ရာတွင် ကျွဲကျိုမဲ မကျေနပ်သေးပါ။

သူတို့၏ မိမွေ ဖမွေ အဖိုးတန်ပစ္စည်းများထဲမှ ရွှယ်တူ ဒယ်အိုးနှစ်လုံးကို ထုတ်ယူခဲ့သည်။ ကျွဲဆာကို တစ်လုံးပေးပြီး တောင်ထိပ်သို့လာခဲ့ကြသည်။ သစ္စာအဓိဋ္ဌာန်ပြုပြီး တကွဲတပြားစီ လှိမ့်ချလိုက်ကြပြန်သည်။

အဖြေကား ဒယ်အိုးနှစ်လုံး ထပ်လျက်သား တည်နေခြင်းပေတည်း။

ဟုတ်သည်ဖြစ်စေ... မဟုတ်သည်ဖြစ်စေ... ကျွဲကျိုမဲ ယုံကြည်စွာလက်ခံလိုက်ပြီ။

ဤဆန်းကောနှင့် ဆုံပိုင်း၊ ဒယ်အိုးတို့၏တည်နေပုံသည် နတ်တို့၏ အလိုဆန္ဒသာဖြစ်သည်ဟု ယုံကြည်သည်။

သို့ကြောင့် ကျွဲဆာနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးနောက် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြလေတော့၏။

## သွေးသားရင်းချာ မြန်မာများ

ကျွဲဆာနှင့် ကျွဲကျိုမဲသည် အလေ့ကျပေါက်သောအပင်များကို ဆက်လက်ပြုပြင်ပြီး စိုက်ပျိုးစားသောက် နေထိုင်ကြသည်။ တစ်နှစ်မျှအကြာတွင် ကျွဲကျိုမဲမှ သားဦးဖွားသည်။ တစ်ယောက်တည်းမဟုတ်၊ အမြွှာ။ ထိုအမြွှာကလေးများမှာ ဝါရွှေသော အသားအရောင်ရှိသည်။ သို့ကြောင့် ရွှေဝါဟု အမည်ပေးသည်။

ရွှေဝါကလေးတွေ မတ်တတ်သွားချိန်တွင် ကျွဲကျိုမဲ မျက်နှာမြင်ပြန်သည်။

ဤအကြိမ်တွင်လည်း အမြွှာများသာဖြစ်သည်။ သို့သော် ရွှေဝါရောင်မဟုတ်။ မည်းနက်သည့်အတွက် မည်းတူဟု နာမည်မှည့်ထားသည်။

ကျွဲကျိုမဲသည် လူသူကင်းမဲ့နေသော ကမ္ဘာကြီးအတွက် လျင်မြန်

စွာ ဖြည့်တင်းပေးလိုသောဆန္ဒ ရှိဟန်တူပါသည်။ သို့အတွက် တတိယ အကြိမ်တွင်လည်း အမွှာယောက်ျားလေးနှင့် အမွှာမိန်းကလေးကိုပင် ဖွားမြင်ပေးပြန်သည်။ သည်ကလေးများလည်း အထက်က ကလေးများ နှင့်မတူ၊ တစ်မူကွဲပြားသည်။ သူတို့ကား အသားလည်းဖြူ၏။ အစ်ကို အစ်မများထက်လည်း ထွားကျိုင်း၏။ ဤသည်ကိုရည်ရွယ်၍ သူတို့ အမေပေးသောအမည်ကား ဖြူတုတ်။

ကလေးများသည် လျင်မြန်စွာ ကြီးပြင်းလာကြသည်။

ထိုကလေးတွေ အရွယ်ရောက်လာချိန်တွင် မိဘများက နေရာ ချထားပေးကြသည်။ နေရာချပေးပုံမှာ အဝါ အဝါချင်း၊ အဖြူကို အဖြူ နှင့်ဖြစ်သည်။

ကျွဲဆာနှင့် ကျွဲကျီမဲသည် သူတို့၏ လုံးထွင်းလှေကြီး တည်ရှိ နေသောနေရာကို ဗဟိုထားပြီး ပထမစုံတွဲကို အရှေ့အရပ်သို့ သွားရောက် နေထိုင်ရန် ညွှန်ကြားသည်။ ထိုရွှေဝါစုံတွဲအတွက် မိမွေ ဖမွေအဖြစ် ချိန်ခွင်တစ်လက် ပေးလိုက်သည်။

တတိယအမွှာဖြစ်သော ဖြူတုတ်ဇနီးမောင်နှံကိုမူ နေဝင်ရာ အရပ် ဘက်သို့ သွားရောက်နေထိုင်ရန် စေလွှတ်လိုက်သည်။ သူတို့ရရှိသွား သော မိမွေဖမွေကား အပ်တစ်စင်းနှင့် တူတစ်လက်။

မည်းတူစုံတွဲ ကျန်သေးသည်။

သူတို့ကိုကား ကမ္ဘာ့ဗဟိုချက်တွင် အခြေချခိုင်းထားသည်။ ကြက် တစ်ကောင်နှင့် ခက်ခဲစွာ ရှာဖွေ မွေးမြူထားရသော နွားတစ်ကောင် လည်း အမွေပေးလိုက်သေးသည်။

ကျွဲဆာနှင့် ကျွဲကျီမဲတို့၏ သားသမီးများသည် မိမိတို့ အခြေ ချရာ အရပ်၌ ဒေသနှင့်ဆီလျော်ရာ လုပ်ကိုင်စားသောက်ရင်း သားသမီး တွေ ပွားစီးလာကြ၏။

အရှေ့အရပ်၌အခြေချသော ရွှေဝါလင်မယားမှ သားကိုးယောက်နှင့် သမီးခုနစ်ယောက် ထွန်းကားသည်။

မျိုးနွယ်ပျက်သုဉ်းမည့်အန္တရာယ်ကြီးကို ခြေခွင်းနိုင်ခဲ့ပြီမို့ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

သို့သော် ရွှေဝါလင်မယားမှာ ဝမ်းမသာနိုင်ပါ။ မကြည်နူးနိုင်ပါ။ သူတို့၏ သားကိုးယောက်မှာ ဘာမျှမသိ နားမလည်သော ငနုံ ငအငဖျင်းတွေ ဖြစ်နေသောကြောင့်တည်း။

သားကိုးယောက်၏ ညံ့ဖျင်းပုံကား ဤမျှသာမဟုတ်ချေ။ သူတို့သည် ဘာမျှလည်း မလုပ်ကိုင် မဆောင်ရွက်တတ်ပေ။ ဤမျှသာလော။ မဟုတ်သေးပါ။ စကားလည်း မပြောတတ်ကြပါ။

ရွှေဝါလင်မယားမှာ သမီးတွေအတွက် မပူပန် မကြောင့်ကြ။ သည်သားကိုးယောက်ကိုကြည့်ပြီး အချိန်ရှိသရွေ့ ရင်ပူ စိတ်မောနေရ၏။ ထိုသို့ဖြင့် မှတ်တမ်းတင်ရမည့် နံနက်သို့ ဆိုက်ရောက်လာခဲ့လေ၏။

ထိုနေ့နံနက်မှာ ခါတိုင်းနေ့တွေထက် နှင်းပိုကျသည်။ လေကလေးဆော့နော့ သုတ်ဖြူးလိုက်သောအခါ မနေနိုင်အောင်ချမ်းတော့သည်။ ရွှေဝါလင်မယား၏ သား ငတုံးကိုးယောက်ကား ချမ်းစီးခြင်း အေးလွန်းခြင်းကိုမူ သိသည်။ ထင်းတုံးကြီးတစ်တုံးကို အသေထားပြီး ဖိုထားသည်။ မီးဖိုဘေးသို့ အတင်းတိုးကပ်နေကြသည်။ မီးအားနည်းသွား၍ ထင်းထပ်ထည့်ရန် မသိ။ အတင်းသာ တိုးကပ်နေကြ၏။

"ဟဲ့ ပိုပြီးပူစေချင်ရင် ထင်းတို့ အမှိုက်တို့ ထည့်ကြပါတော့လား"

ဖအေ ဦးရွှေဝါရောက်လာပြီး အော်တော့မှ ထင်းဖြည့်တင်းကြသည်။ သို့သော် လူတစ်ယောက်အသစ်တိုးလာလျှင် တစ်ယောက်စာ နေရာချဲ့ပေးရန် နားမလည်ကြ။ တစ်ယောက်နှင့်တစ်ယောက် ထိပ်ပူးနေကြ၏။

ဦးရွှေဝါ ရပ်ကြည့်နေ၏။

တစ်ယောက်မှ လှည့်မကြည့် နေရာလည်း မပေး။

ဦးရွှေဝါသည် မီးကောင်းစွာ စွဲငြိတောက်လောင်နေသော ထင်းချောင်းတစ်ချောင်းကို ကုန်းဆွဲလိုက်သည်။

"မီးဖိုနားလာတာ ချမ်းလို့ကွ၊ ဖအေတစ်ယောက်လုံးကိုတောင် တစ်ယောက်စာနေရာ ချဲ့ပေးရမှန်းမသိတဲ့ အနွတွေ"

ထင်းချောင်းဖြင့် သိမ်းကျုံးရိုက်တော့သည်။

"မသိဦးကွာ၊ နားမလည်ဦးကွာ"

သားကိုးယောက်သည် အူးအား အော်ကာ ထခုန်၏။

ခုန်သော်လည်း မီးစဖြင့် အထိုးခံရသည်။

"အမယ်လေး ပူတယ်ဗျ"

"အားဟား၊ ကြောက်ပါပြီ အဖေရ"

"အမယ်လေး နာလှချည်ရဲ့ဟေး"

ဒေါ်ရွှေဝါသည် မီးဖိုအနီးသို့ အပြေးရောက်လာသည်။ "ဘယ်သူတွေအော်တာတုံး၊ ဖအေကြီးအော်တာလား၊ ဘာဖြစ်လို့တုံး" မေးလေ၏။

"မင့်သားတွေပေါ့ကွာ၊ မီးလှုံချင်လို့ မီးဖိုနားလာတဲ့ ဖအေတစ်ယောက်လုံးကို နေရာပေးရမှန်းမသိဘူး၊ စိတ်ပေါက်ပေါက်နှင့် ရိုက်ပစ်တာ"

ဒေါ်ရွှေဝါ၏ မျက်နှာကြီး ရွှင်လန်းဝင်းပ၏။

"ဒါဖြင့် ဒါဖြင့်၊ ခုနက အသံတွေဟာ ရှင့်သားတွေအော်တာပေါ့"

"ဟုတ်ပါတယ်အမေရာ၊ ကျွန်တော်တို့ အော်တာပါ"

သားအငယ်က လှမ်းပြောသည်။ သူသည် မီးလောင်ဖုကို သစ်ရွက်ရည်ဆွတ်၍ ကုစားနေ၏။

"ဟင်... ဟုတ်လား၊ ငါ့သားတွေ အ,အ မဟုတ်ဘူး၊ စကားပြောတတ်တယ်"

သားတွေ ပွဲရှဲ့ကုန်သလား၊ ကျိုးကန်းကုန်သလားမေးရန် ဒေါ်ရွှေဝါ စိတ်မစော။ လွှင့်ပစ်ရပြီထင်နေသူတွေ စကားပြောတတ်သဖြင့် ဝမ်းသာနေသည်။ ဦးရွှေဝါမှာလည်း သည်အခါကျမှဝမ်းသာရန် သတိရ၏။

မမျှော်လင့်ဘဲ ဖျတ်လတ်သွက်လက်စွာဖြင့် လူကောင်းပကတိဖြစ်လာသော သားရွှေဝါကိုးယောက်သည် အရွယ်ရောက်၍ အိုးအိမ်ထူထောင်သောအခါ ကိုးနေရာ ကိုးဒေသသို့ သွားရောက်နေထိုင်ကြသည်။

ညီအစ်ကို ကိုးယောက်တို့သည် အစတွင် စကားတူသော်လည်း နှစ်ပေါင်းများစွာကြာလာသောအခါ လေယူလေသိမ်းခြားနားလာ၏။

သားသမီးများလက်ထက်တွင် စကားအနည်းငယ်ကွဲလာပြီ။ မြေးများလက်ထက်တွင်ကား များစွာ ကွဲသွားတော့သည်။

ဦးရွှေဝါကြီး၏ သားကိုးယောက်မှ ပေါက်ပွားသော အနွယ်အဆက်က လူမျိုးကြီးကိုးမျိုးဖြစ်လာသည်။ ထိုလူမျိုး ကိုးမျိုးမှာ…

ကချင်

ကယား–ကရင်

ချင်း

တိဘက်

တရုတ်

မူမာ

ဗမာ

ရှမ်း

လီဆူတို့ ဖြစ်ကြပေသည်။

ဤသည်ကိုရည်၍ လီဆူ စကားထာနှစ်ပုဒ် ပေါ်ထွန်းခဲ့သည်။

"ကျုပ်မှာ သားကလေး ကိုးယောက်မွေး၊ တိုင်းပြည် ကိုးတိုင်းပြည်"

စကားထာကဆိုလိုသော သားကိုးယောက်မှာ "ကချင်၊ ကယား–

ကရင်၊ ချင်း၊ တိဘက်၊ တရုတ်၊ ဗမာ၊ ရှမ်း၊ မူမာ၊ လီဆူ” ဟူသည့် ကိုးယောက်၊ ကိုးတိုင်း၊ ကိုးဌာန ဖြစ်၏။

ဒုတိယစကားထာမှာ “သမီးမိန်းမခုနစ်ယောက်၊ နယ်မှာနေတော့ ခုနစ်နယ်၊ ဘယ်နယ် ဘယ်နယ်တုံး” ဖြစ်၏။

သည်စကားထာ၏အဖြေမှာ အောက်ပါအတိုင်းဖြစ်၏။

“ချင်းနယ်၊ ရှမ်းနယ်၊ ကချင်နယ်၊ ကယား–ကရင်နယ်နှင့် တိဘက်နယ်၊ တရုတ်နယ်၊ ဗမာနယ်”

မေးစရာရှိ၏။

လီဆူ စကားထာဖြစ်ပါလျက် လီဆူနယ် မပါပါတကား။

မှန်ပါသည်။ လီဆူတို့သည် အများအားဖြင့် ကချင်ပြည်နယ်ထဲတွင် နေထိုင်ကြသောကြောင့် စကားထာ၌ လီဆူနယ် မပါခြင်း ဖြစ်ပါသတည်း။

❑



## မြောက်အရပ်သို့ ချီသော မင်း

ရှေးရှေးအခါက မြန်မာပြည်အနောက်ပိုင်းတွင် ဥဒရာဇ်တိုင်း ဝေသာလီပြည်ဟူ၍ ထင်ရှားကြီးကျယ်သော တိုင်းနိုင်ငံကြီးတစ်ခု ထွန်းကားပေါ်ပေါက်ခဲ့ဖူးပေ၏။ ထိုတိုင်းပြည်၏ အရှင်သခင် ဘုရင်မင်းမြတ်မှာ စူဠစန္ဒရားမင်း ဖြစ်လေ၏။ ထိုမင်း၏ အဂ္ဂမဟေသီ မိဖုရားကြီးမှာ စန္ဒာဒေဝီ အမည်ရှိ၍ ပညာရှိအမတ်ကြီးမှာ ဓမ္မဓေယျဖြစ်ပေသည်။

စူဠစန္ဒရားမင်းတွင် ဆင်ကောင်း မြင်းကောင်း ခြေသည်သူရဲကောင်းများ သိန်းချီရှိသော်လည်း စစ်တိုက်ရန် ဝါသနာ မပါပေ။ စိတ်နှလုံး နူးညံ့သည်နှင့်အမျှ ရတနာသုံးပါး၌ ဝင်စားသည်။ တိုင်းသားပြည်သူတို့အား ရင်ဝယ်သားကဲ့သို့ မေတ္တာထားကာ အုပ်ချုပ်တော်မူသည်။ သို့အတွက် ပြည်သူပြည်သားတို့မှာ ရေချမ်းအိုးကို ရင်ဝယ်ပိုက်ထားရသည်သို့ စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ကြရသည်။

သို့သော် မိဖုရားကြီး စန္ဒာဒေဝီကား ဤသို့မဟုတ်ပေ။ ဆင်စီး မြင်းစီး လေ့လာသည်။ လေးမြားအတတ် ဓားခုတ်လှံထိုး အတတ်များကို ယောကျ်ားများနယ် ကျွမ်းကျင်စွာ တတ်မြောက်သည်။ စစ်ထိုးရန်လည်း ဝါသနာပါသည်။

ဥဒရာဇ်တိုင်း၏ တိုင်းစွန်ပြည်ဖျားတွင် သူပုန်သူကန်များ ပေါ်ပေါက်လာလျှင် ဘုရင်မင်းမြတ်သည် စစ်သူကြီးဖြစ်စေ၊ အမတ်တစ်ဦးဦးကိုဖြစ်စေ လွှတ်တော်မူလေ့ရှိသည်။ သို့ရာတွင် မိဖုရားကြီးသည် ထိုသူများချည်း မလွှတ်။ သူဦးဆောင်ပြီး ချီတက်တိုက်ခိုက်လေ့ရှိတော်မူသည်။

စန္ဒရားမင်းမှာ ငိုအားထက် ရယ်အားသန်ရ၏။

ဘုရင်က နန်းထဲမှာနေပြီး မိဖုရားက စစ်တိုက်ထွက်သည်ဟု တိုင်းနားနီးချင်းတို့ ကဲ့ရဲ့သဂြိုဟ်စကားတင်း ဆိုခံရတော့မည်။ မသွားရ၊ မလိုက်ရဟု အမိန့်ဖြင့်တားမြစ်လျှင်လည်း စိတ်ကောက်၍ မဆုံးတော့ပြီ။

သို့အတွက် စုဠစန္ဒရားမင်းမှာ ရန်လေးရန်မွှား မပေါ်ပေါက်ရအောင် ကြိုတင်စုံစမ်း ဖိစီးနေရတော့သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်နေဆဲတွင် သင်းတွဲပြည်ဘက်သို့ ရန်စစ် ရောက်ရှိလာသည်။ သည်ရန်စစ်မှာ ပြည်ရင်းသားတို့ မငြိမ်မဝပ် ရှိမှုမျိုး မဟုတ်ပေ။ လင်္ကာဒီပဘက်မှ လာရောက်ထိပါးခြင်း ဖြစ်သည်။

လင်္ကာဒီပသည် သင်းတွဲပြည်၏ အနောက်စူးစူး သမုဒ္ဒရာတစ်ဖက်တွင် တည်ရှိ၏။ သူတို့သည် ကြီးမားသော လှေတပ်သင်္ဘောတပ်ကြီးဖြင့် ရောက်ရှိလာကာ ထိပါးနှောင့်ယှက်နေကြ၏။

စန္ဒဒေဝီမိဖုရားကြီးသည် ထိုသတင်းကို ကြားလျှင်ကြားချင်း ရွှေဓားဆွဲလျက် ညီလာခံသို့ရောက်လာ၏။

"အရှင်မင်းကြီး... သင်းတွဲပြည်ကို ကျူးကျော်စော်ကားတဲ့ ရပ်ဝေးမြေခြား တိုင်းတစ်ပါးက ရန်သူတွေကို ကျွန်တော်မျိုးမ သေနာပတိလုပ်ပြီး သွားရောက်နှိမ်နင်းပါရစေဘုရား"

အမတ်များနှင့် မိဖုရားငယ်များမှာ "မတော်ပါဘုရား" ဟု ပြောချင်သည်မှာ လျှာယားနေကြ၏။ သို့ရာတွင် သူတို့ မလျှောက်ရဲ။

သူတို့သည် ဘုရင်ထက် မိဖုရားကြီးကို ပိုပြီး ကြောက်ရွံ့ကြရ၏။

ထိုအခါတွင် ဘုရင်မင်းမြတ်သည် ဗိုလ်ပုံအလယ်တွင် မပြုံးစဖူး ပြုံးတော်မူ၏။

"အခုပဲ သည့်ကိစ္စကို ဆွေးနွေးတိုင်ပင်နေကြတယ် မိဖုရားကြီး"

"အရှင်မင်းကြီး... အေးအေးသာစံမြန်းနေခဲ့၊ ကျွန်တော်မျိုးမ သွားတိုက်မယ်"

"ဒေါသရှေ့မထားပါနှင့် မိဖုရားကြီး၊ အခုအချိန်ဟာ မိဖုရားကြီး ဆင်စီး မြင်းစီးဖို့ မသင့်လျော်တဲ့အချိန် ရောက်နေပြီလေ၊ သတိထားဦးမှပေါ့"

မိဖုရားခေါင်ကြီးသံသည် ဟီရိုဩတ္တာပ္ပတရားနှင့်အညီ မည်မျှပင် မြပဝါ ခြုံလွှားထားစေကာမူ ကိုယ်ပြည့်လက်ပြည့် ဖြစ်နေကြောင်းကိုကား မဖုံးကွယ်နိုင်ပေ။ သို့အတွက် ဘုရင်မင်းမြတ်သတိပေးသည်။ ထိုအခါတွင်မှ မိဖုရားကြီးသည် ဓားကိုယူပြီး ထွက်ခွာသွားလေ၏။

ထို့နောက် ညီလာခံကို ဆက်လက်ကျင်းပသောအခါ အရပ်ရပ် အထောက်တော်တို့၏ တင်လျှာများအရ ရန်သူ့အင်အားကြီးမားကြောင်း ပေါ်လွင်လာသည်။

ရေတပ်ကို စစ်သူကြီးအုပ်ချုပ်၍ ကြည်းတပ်ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ကွပ်ကဲချီတက်ရန် လိုအပ်လာသည်။

သို့ကြောင့် ဝန်ကြီးများ ဗိုလ်ချုပ်လုပ်ကာ ချီတက်ရမည့်စစ်ကြောင်းများ ခန့်ခွဲသည်။ ရေတပ် ကြည်းတပ်များ သတ်မှတ်ခန့်ခွဲပြီးနောက် စစ်ထွက်နိုင်မည့်ရက်ကို သတ်မှတ်သည်။

အခါပေးပညာရှိများ ပေးသောရက်တွင် ချီတက်လာသော ဝေသာလီ တပ်တော်ကြီးသည် လက်ာဒီပ ရန်စစ်သည်တို့၏ ကြိုလာမှုကို ခံရသည်။

သို့ရာတွင် ဥဒရာဇ်တိုင်းသား စစ်သည်များ၏ ရှုပ်ရှုပ်ချွံချွံ ခုခံမှု

ကြောင့် ကျူးလွန်သူများ တပ်လန်၏။

ပွဲဦးထွက်တွင် နိုင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဥဒရာဓိတိုင်းသားတို့မှာ နိုင်ချင်ကြက် ဖြစ်လာ၏။ လက်ဘ်ဒီပတပ်နှင့် ဆိုင်လိုက်မိလျှင် အတင်းကြွေးဟစ်လျက် ပစ်ခတ်ထိုးခုတ်သည်။

ကျူးကျော်သူတို့မှာ ဘုရင်မင်းမြတ်၏ တပ်တော်ကြီး မလာမီက သာ ရပ်သူရွာသား လက်နက်မဲ့များအပေါ် မင်းမူနိုင်၏။ တပ်တော်ကြီး လာသောအခါတွင်ကား ပြေးစရာ မြေ မရှိတော့ချေ။

လာစဉ်က တစ်စည်းတစ်လုံးတည်း ခမ်းခမ်းနားနားရောက်လာခဲ့သော ကျူးကျော်သူများသည် ဖရိုဖရဲပြေး၏။ ရာသီဥတုက သူတို့ကို ကာသာ မပေး။ သို့ကြောင့် ကျူးကျော်သူများမှာ ပင်လယ်တွင်း၌ ပျက်စီးကြရတော့သည်။

သို့သော် တိုက်ပွဲတွင် စစ်သူကြီး၏ အလောင်းကို မတွေ့ရပေ။ ဖမ်းမိသော သုံ့ပန်းများထဲတွင်လည်း စစ်သူကြီးမပါ။ ထွက်ပြေးပြီလော ဟု သုံ့ပန်းများကို စစ်ဆေးသောအခါ မပြေးဟု သိရသည်။

သို့ဖြစ်သဖြင့် အထောက်တော်များကို တိုးဆင့်စေလွှတ်သည်။ ရန်သူ့အကြံအစည်ကို မိမိက သိထားမှဖြစ်မည်။ ကိုယ့်မြေပေါ်တွင် စစ်ရှုံးရလျှင် ဆွေစဉ်မျိုးဆက် အရှက်ကွဲ၍မဆုံး ရှိချေမည်။

စစ်သူကြီးသည် ထွက်ပြေးရန်အတွက် ရာသီဥတုကောင်းချိန်ကို စောင့်ဆိုင်းနေလေသလော။

ဤသည်ကိုလည်း စန္ဒရားဘုရင် ခွင့်မပြုနိုင်။ ရန်သူစစ်သူကြီးသည် အသက်နှင့်ကိုယ်မြဲလျက် လွတ်မြောက်ခွင့်မရှိ။ သို့မှသာ ဥဒရာဓိတိုင်းကို နောက်ထပ်တစ်ဖန် ရန်သူတို့ မကျူးကျော်ရဲဘဲ ရှိရာသည်။

မကြာမီ သတင်းတွေ ရောက်လာသည်။

ကျူးကျော်ရေးသမား စစ်သူကြီးနှင့် နောက်ပါများသည် နဂရေ

အငူ၌ ရေတပ်ကြီး တည်နေသည်။ ရာသီဥတုသာယာချိန်တွင် ပြေးလိမ့်မည်။

"ဟဲ့... ဖောင်ဝန်၊ အမြန်ဆုံး တပ်ပြင်၊ ကိုယ်တော်တိုင် ချီတက်ဖမ်းဆီးမယ်"

အမတ်ကြီး ဓမ္မဇေယျသည် လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုး၏။

"ရွှေနန်းရှင် ဆင်ခြင်တော်မူပါဘုရား၊ နဂရေအငူကို ကြည်းကြောင်းချီပါက နှစ်ရက်ဖြင့် ရောက်နိုင်ပါသည်၊ ရေကြောင်းမှာမူ ကြာလည်းကြာမြင့် အန္တရာယ်လည်းများကြောင်းပါဘုရား"

"ကိုယ်တော်ရှင်မြတ် ရေကြောင်းက ချီတော်မူမယ် အမတ်ကြီး"

အမတ်ကြီး ဓမ္မဇေယျမှာ ချက်ချင်း စစ်သူကြီးကိုခေါ်ပြီး တိုင်ပင်ရတော့၏။ ဘုရင်မင်းမြတ် ရေကြောင်းချီလျှင် အမတ်ကြီးလည်း ရေကြောင်းကပါမှ သင့်မည်။ သို့ဖြစ်၍ စစ်သူကြီးသည် ကြည်းသို့တက်၍ ကွပ်ကဲလေ။

ရန်သူသည် သူတို့၏ စစ်သူကြီးဘေးကင်းစေရန် ကြည်းရောရေပါ အထပ်ထပ် ဝန်းရံထားရာ ဥဒရာဇ်တိုင်း စစ်သူကြီး၏တပ်များက ဖိစီးဖြိုဖျက်ပစ်လေ၏။ ကျုံးကျော်သူစစ်သူကြီးလည်း ကြည်းကြောင်းက တပ်ကြီးချီလာပြီအထင်ဖြင့် ပင်လယ်ဘက်သို့ သေပြေးရှင်ပြေးထွက်ရာ ဘုရင့်ဖောင်တော်နှင့်တိုးလေ၏။

လက်ဘဒီပစစ်သူကြီး ပြေးလမ်းပိတ်နေပြီ။ ဓားဖွေးဖွေး လှံဖွေးဖွေးနှင့် တိုက်လေ့တွေ့ တရကြမ်းချဉ်းကပ်လာပြီ။ သို့ကြောင့် အအိမ်မှဓားကိုမြှောက်ပြီး အမိန့်ပေးသည်။

"တရကြမ်းလော့ပြီး ရန်သူ့ဖောင်ကို ဝင်ဆောင့်"

ဖောင်ပေါ်တွင် ဘုရင့်အပါး၌ ဓမ္မဇေယျအမတ်ကြီး ရှိနေသည်။

ရန်သူ့အကြံကို ရိပ်မိသည်။

"ဟဲ့ လေးသမားတွေ၊ မြားမိုးရွာစမ်း"

ရန်သူ့လှေပေါ်သို့ ဥဒရာဇ်လေးသည်တော်တို့၏ မြားမိုး အဆက်မပြတ်ရွာသည်။ ရန်သူစစ်သူကြီး မြားသင့်သေဆုံးသော်လည်း လှေသည် အပြေးမရပ်။ လှေသားတွေ အတုံးအရုံးမြားသင့်ပါလျက် လှေသည် အဟုန်ပြင်းစွာ ပြေးလာဆဲ။

"အရှင်မင်းကြီး၊ သားလှေပေါ်ကို ပြောင်းရွှေ့စံတော်မူပါဘုရား"

ဘုရင်မင်းမြတ် ရယ်သွမ်းသွေးသည်။

"အမတ်ကြီး သွေးနည်းသကိုး၊ လူသေတွေကိုကြောက်လို့ ဥဒရာဇ်ဘုရင် သားလှေပေါ် ဆင်းပြေးတယ် ပြောစရာဖြစ်တော့မှာပဲ"

ဘုရင်မင်းမြတ်၏စကားမဆုံးမီ ရန်သူ့လှေက ဖောင်တော်ကို ဝင်ရောက် တိုက်ခိုက်တော့သည်။ သစ်သားလှေ မဟုတ်၊ သံလှေဖြစ်သည်။ အကွပ်တွေ ပိုတွေ ပြတ်ထွက်ပြီး ကြေမွကုန်သည်။

ဘုရင်မင်းမြတ်ရော အမတ်ကြီးပါ စဉ်ထွက်သွားသည်။

အမတ်ကြီးမှာ ရေထဲသို့ကျသွားသဖြင့် ချက်ချင်းပြန်တက်နိုင်၏။

ဘုရင်မင်းမြတ်မှာ ပဲ့စင်ပေါ်သို့ ကျသွားပြီးမှ ရေထဲသို့ကျ၏။

"ဟဲ့ ဟဲ့... ဘုရင်မင်းမြတ်ကို ဆယ်ကြဟဲ့၊ ရှာကြဟဲ့"

အမတ်ကြီးသည် ဖောင်ပေါ်သို့ရောက်လျှင်ရောက်ချင်း အော်ဟစ်အမိန့်ပေး၏။

သတိကောင်းသောရဲမက်များသည် ပဲ့စင်အနီးသို့ခုန်ဆင်းကာ ရေငုပ်ရှာဖွေကြ၏။

ဘုရင်မင်းမြတ်ကို ချက်ချင်းတွေ့၏။ အသက်ကား မရှိတော့ချေ။

ဘုရင်မင်းမြတ် မည်သည့်အတွက် အနိစ္စရောက်သနည်း။

ပဲ့စင်နှင့် ဦးခေါင်းတော် ရိုက်မိ၍လော။ မူးဝေပြီး ရေထဲကျသွားသဖြင့် ရေနစ်ပြီးနတ်ရွာစံသလော။ ဆေးသမားများလည်း မဝေခွဲတတ်။

မည်သို့ဖြစ်စေ... အမတ်ကြီးမူ နေပြည်တော်သို့ပြန်ရန် ချက်ချင်း ပြင်ဆင်ရသည်။ ရှေ့ပြေးတင်လျှာကို ခြေမြန်ဖြင့် ပို့လွှတ်သည်။ ဘုရင့် အလောင်းတော် မပုပ်သိုး မပျက်စီးစေရန် စီမံပြီးနောက် နေပြည်တော် သို့ တပ်ခေါက်ခဲ့သည်။ စစ်သူကြီးမူ ပါမလာသေးချေ။ ကျူးကျော်သူ များကို ကျူပင်ခုတ်ပြီး ကျူငုတ်မကျန်အောင် ရှင်းထွင် သုတ်သင်ရဦးမည်။

တိုင်းတော်ပြည်တော်၏ရှေ့ရေးကို မည်သို့ စီမံမည်နည်း။ သား တော်ငယ်ပင် ရင်ခွင်ပိုက် အုပ်ချုပ်မည်လော။ သားတော်၏ကိုယ်စား မိဖုရားခေါင်ကြီးက စီရင်အုပ်ချုပ်နေခိုက်ဝယ် အခြားတစ်ပါးသော မင်း တို့ ခန့်ညားပါမည်လော။ ရိုသေမှု ရှိကြပါမည်လော။

အမတ်ကြီး ဓမ္မဇေယျမှာ ရှေ့ရေးကိုတွေးလျက် ကြောင့်ကြသည်။ သားတော်ကို ရင်ခွင်ပိုက်ထားရေး၌ အမတ်တွေ သဘောညီကြပါမည် လော။ ဘုရင့် ဆွေတော်မျိုးတော်တို့သည် ငါတစ်လူ သူတစ်မင်း လုပ် လာနိုင်သလော။

ပဥ္စမနေ့တွင် အလောင်းတော်သည် နေပြည်တော်သို့ ဆိုက် ရောက်ပြီ။

အမတ်ကြီးသည် လအနည်းငယ် ခွဲခွာခဲ့ရသည့် တိုင်းတော် ပြည် တော်ကို လက်အုပ်ချီသည်။ မြတ်နိုးကြည်ညိုစွာ မျှော်ကြည့်သည်။

အရှင် မိဖုရားခေါင်ကြီးသည် အလောင်းတော်ကိုကြိုဆိုရန် မည်ကဲ့သို့ စီမံထားပါသနည်း...။

အနီရောင်ချပ်ဝတ်တန်ဆာများ ဆင်ယင်ထားသော မြင်းသည် ကောက်မကျူး မြို့တံခါးမှ ထွက်လာသည်။

အလောင်းတော် ဆိုက်ကပ်ထားသည့်ရေဆိပ်သို့ ရောက်လာသည်။

ကတ္တီပါအိတ်သွတ်အမိန့်တော်ကို ကလပ်ပေါ်တင်လျက် ယူ ဆောင်လာသည်ကို မြင်ရ၏။

ဘာတွေများ ဖြစ်လို့ ဘာအမိန့်တွေပါလိမ့်...။

အမတ်ကြီးသည် ဘောင်းဝတ်လုံများကို သေသပ်အောင်ပြုပြင်ကာ နေရာတကျထိုင်သည်။

"အမတ်ကြီး ဓမ္မဇေယျအတွက် မိဖုရားခေါင်ကြီးရဲ့အမိန့်တော်ပါကြောင်းပါ အမတ်ကြီး"

တိုင်းပြည်တွင် ဘုရင်မင်းတရားပြီးလျှင် မိဖုရားခေါင်ကြီးသည် အကြီးမြတ်ဆုံး ဖြစ်၏။ သို့ကြောင့် အမတ်ကြီးသည် ညောင်စောင်းပေါ်မှ ဆင်းသည်။ ဒူးပဆစ်တုပ်သည်။ လက်ယှက်သည်။

"ဥဒရာဇ်တိုင်းကြီး သခင် မိဖုရားခေါင်ကြီး စန္ဒာဒေဝီမိဖုရားကြီး အမိန့်တော်ရှိလိုက်သည်။

"အမတ် ဓမ္မဇေယျသည်... သစ္စာတော်ကို ဖောက်ဖျက်လျက် ဥဒရာဇ်တိုင်းကြီး သခင် ဘုရင်မင်းမြတ်အား ကောက်ကျစ်ယုတ်မာစွာ လုပ်ကြံပြီးလျှင် ရွှေထီးရွှေနန်းကို သိမ်းမြန်းယူငင်ရန် ကြံရွယ်ကြောင်း ထင်ရှားချေသည်၊ သို့အတွက် ဓမ္မဇေယျသည် ဥဒရာဇ်တိုင်း၏ ပြင်ပသို့ အဆောတလျင် ထွက်ခွာသွားစေ"

အမိန့်တော်ဆုံးလျှင် အမတ်ကြီးသည် ညောင်စောင်းပေါ်သို့ ပြန်လည် တက်ရောက်သည်။

အမိန့်တော်ဖတ်သော သံတော်ဆင့်အား အံ့ဩစွာ မော့ကြည့်သည်။

"ဘယ်သူတွေကများ ကုန်းတိုက် ချောပစ်ပါလိမ့် သံတော်ဆင့်ရယ်"

"ကျွန်တော် မသိကြောင်းပါ အမတ်ကြီးဗျား"

အမတ်ကြီး ဓမ္မဇေယျာသည် ရွှေပြည်တော်သို့ ရီဝေစွာ မျှော်ကြည့်သည်။

စောစောကရှင်းလင်းနေခဲ့သည့် မြို့ရိုး၊ ကြည့်နေဆဲမှာပင် သူ့ရဲ့ သူ့ခက်တွေ ရောက်လာကြပြီ။

အမတ်ကြီး အန်တုလာသော် အသင့်ဖြစ်စေရန် မြို့စီးပြစီးများ အသင့်ပြင်ထားဟန်တူသည်။ သို့သော် အမတ်ကြီးမှာ အင်အားမရှိပါ။ အလောင်းတော်ကို ရံဝန်းစောင့်ရှောက်ရန် တိုက်လှေတစ်ထောင်သာ ခေါ်ခဲ့သည်။ ခြေသည်သူရဲနှင့် ဆင်မြင်းများကို စစ်သူကြီးထံတွင် ထားခဲ့သည်။

အကယ်၍ အမတ်ကြီးထံတွင် စစ်သည်ဗိုလ်ခြေ ဆင်လုံးမြင်းရင်း ပါလာသည် ထားဦး။ သူသည် မိဖုရားခေါင်ကြီးအား အန်တုရန် စိတ်မကူး။ အရှင်သခင် မရှိသည့်နောက်တွင် မိဖုရားကြီးသည် အရှင်သခင်ဖြစ်ပေ၏။

"အမတ်ကြီး... မြို့ထဲ ဝင်ခွင့် မရှိဘူး၊ မိဖုရားကြီးရှေ့တော်ကို ဝင်ခွင့်ရဖို့လမ်း မရှိဘူး၊ အဲဒါကြောင့် အိမ်သူအိမ်သားများထံ ဘာမှာတော်မူလိုပါသတုံး"

"အခြေအနေဖျက်ပြီး မြို့ပြင်ထွက်ခဲ့ဖို့ကလွဲလို့ တခြားမှာစရာ မရှိပါဘူး သံတော်ဆင့်မင်းရယ်"

နေပြည်တော်သို့ ပြန်လည်ရောက်မှ ကျကျနန အပန်းဖြေမည်ဟူသည့် အမတ်ကြီး၏စိတ်ကူး ပျက်ပြီ။

အိမ်ရောက်မှ သားသမီး စုံညီဖြင့် စိတ်ကြိုက်ဟင်းလျာများ စားတော့မည်ဟူသော တေးထားမှုများလည်း အလဟဿ ဖြစ်ခဲ့ရလေပြီ။

အမတ်ကြီးသည် သံတော်ဆင့်အမတ် ပြန်သွားလျှင်ပြန်သွားချင်း ဖောင်တော်ပေါ်မှ ဆင်းခဲ့ရ၏။ မိမိအား မယုံကြည်သဖြင့် နှင်ထုတ်နေပြီ မဟုတ်သလော။ နောက်ဆံတင်းနေလျှင် ရာဇဝတ်သင့်မည်။

သို့အတွက် အလောင်းတော်နှင့်ဝေးရာ နေရာရှိ သစ်ပင်တစ်ပင်အောက်တွင် စတည်းချသည်။

အဆောင်ကိုင်များကိုလည်း "ငါဟာအမတ်ကြီး ဓမ္မဇေယျမဟုတ်

တော့ဘူး၊ မောင်မင်းတို့ လွှတ်ရာကျွတ်ရာကို စိတ်ချမ်းသာစွာ သွားကြပေတော့” ဟုပြောသည်။ အဆောင်ကိုင်များသည် မသွားလိုကြောင်း အမတ်ကြီးနှင့်သာ သေမကွဲ ရှင်မကွာ နေလိုကြောင်း တုံ့ပြန်ကြသည်။

“အမောင်တို့စဉ်းစားကြ၊ ငါသွားမယ့်ခရီးစဉ်ဟာ ကြမ်းတမ်းတယ်၊ ရာသီဥတုမမှန်ဘူး၊ သားရဲထူပြောတယ်၊ ငှက်ပေါတယ်၊ ငါ့ကိုအားနာ မနေနှင့်၊ ကြောက်မနေနှင့်၊ လွတ်လပ်စွာ စွန့်ခွာသွားကြ”

ထိုသို့ပြောသော်လည်း အဆောင်ကိုင်များ ထွက်ခွာ မသွားကြချေ။ ရေးနည်းစကားကိုသာ မြဲစွဲစွာ ဆုပ်ကိုင်ထားကြသည်။

အမတ်ကြီး ထပ်မံရှင်းပြလိုသေးသော်လည်း မြို့တံခါးဖွင့်လျက် လူအုပ်ကြီး ထွက်လာနေသဖြင့် မပြောအားတော့ပေ။

ထွက်လာသော လူအုပ်ကြီးမှာ အမတ်ကြီး၏ သားမယား သားသမီးနှင့် ခြွေရံသင်းပင်းများ ဖြစ်သည်။

ရှေ့ဆုံးက လှည်းယာဉ်ပေါ်တွင် အမတ်ကတော်၊ နောက်လှည်းများတွင် သမီးတွေနှင့် သားငယ်တွေ၊ လှည်းဘေးတွင် မြင်းကိုယ်စီဖြင့် ပါလာသူများမှာ ညီတော် သတ္တာရဓေယျနှင့် မိမိ၏သားများ။

ထိုသည့်နောက်မှ ဖုန်လုံးကြီးကား အမတ်ကြီးပိုင် ကျွဲအုပ်နွားအုပ်နှင့် မြင်းအုပ်၊ ဆိတ်အုပ်၊ သိုးအုပ်၊ ပစ္စည်းရွက်လာသူများ ထမ်းလာသူများနှင့် ပစ္စည်းတင်နွားလှည်းများ စသည်တို့ဖြစ်သည်။

အမတ်ကြီးသည် ရွှေမြို့တော်၏ မြောက်မျက်နှာစာမှ တစ်ဥဿဘခန့် ဝေးသည့်နေရာသို့ ရွှေ့ခဲ့သည်။

ခရီး မစတင်သေးခြင်းမှာ မိမိ ပရိသတ် မစုံလင်သေး၍ ဖြစ်ပေသည်။ မစုံလင်သေးဘဲနှင့် နေရာရွှေ့ခဲ့ခြင်းမှာ မိဖုရားခေါင်ကြီး မျက်စိမရှုပ်စေရန် ဖြစ်သည်။ ယခုနေရာ၌ ရေမိုး အရိပ်အာဝါသ အဆင်ပြေ၍ ဖြစ်သည်။

အမတ်ကြီး ဓမ္မဇေယျသည် မိမိ၏ပရိသတ် စုံလင်စေရန် စမ်းချောင်းဘေးတွင် နေထိုင်သည်။ စတုတ္ထနေ့ အရုဏ်တက်တွင် မြောက်အရပ်သို့ စတင်ခရီးထွက်ခဲ့သည်။

ခရီးလမ်းပန်းမှာ မသာယာပါ။ တောတောင် လျှိုမြောင် ချောင်းမြောင်းတွေချည်း ထပ်ကာ ထပ်ကာ ဖြတ်သန်းရသည်။ မြေပြန့်လွင်ပြင် တွေ့၍ ခရီးလမ်းပန်းသာယာမည် မျှော်လင့်သော်လည်း မျှော်မဆုံးသော ရွံ့တော ဗွက်တောကြီး။

အမတ်ကြီးသည် နေ့ဝက် စခန်းချပြီးတိုင်း သူ့လူတွေကို လေ့လာသည်။ လူများကား ပေကျံနွမ်းနယ်နေသော်လည်း အရေအတွက် မလျော့ပေ။ တစ်နေ့ တစ်ယူဇနာနှုန်းလာခဲ့ကြရာ တစ်လကျော်သွားပြီ။

စိုက်ပျိုးရန်မြေ၊ မြို့တည်ရန်မြေ၊ ကူးသန်းသွားလာရေးတွင် အားထားလောက်သည့် မြစ်ချောင်းရှိသောနေရာကို တွေ့သည်။

ဥဒရာဇ် အာဏာစက်နှင့် လွတ်လောက်ပြီ။

"ညီတော်ရေ... သည်အရပ်မှာ မြို့ပြ ပြည်ရွာ တည်ထောင်ပြီး လယ်ယာတီကျင်း လုပ်ကိုင်စားသောက်နေထိုင်ကြစို့"

ညီတော် သတ္တရဇေယျသည် ဓမ္မဇေယျအမတ်ကြီး၏ အစီအစဉ်အတိုင်း လျင်မြန်စွာဆောင်ရွက်သည်။

လမ်းကြမ်း ခရီးကြမ်းတွင် မနေခဲ့သော အခြွေအရံများအနက် အချို့မှာ လယ်ယာ ကန်ချောင်း တည်ထောင်တော့မှ ထွက်ပြေးတော့သည်။

မိဖုရားကြီးစန္ဒာဒေဝီသည် ထိုသူများထံမှ အမတ်ကြီး၏ သတင်းကို ကြားတော်မူ၏။

"ကစ္ဆပနဒီမြစ်ညာ ချောင်းဖျားရှိ ဂူဝအထက်တွင် ကကံ့မြို့ကို တည်ထောင်ထားကြောင်းပါဘုရား"

မိဖုရားကြီး စိုးရိမ်တော်မူသည်။

ကစ္ဆပနဒီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့သော် လခွဲခရီးသာ ရှိသည်။ ဥဒရာဇ်တိုင်းကို ကောင်းစွာ လုပ်ကြံနိုင်သည်။ သို့အတွက် စစ်သူကြီးခေါ်ကာ တပ်ကြီး အပြင်ခိုင်းသည်။

ကကြာပြည်တည်ထောင်၍ မြို့သက် တစ်နှစ်မျှသာ ရသေးချိန် ဝယ် တစ်ခုသောနံနက်၌ စစ်စည် စစ်မောင်းသံ တညံညံဖြင့် ဥဒရာဇ် တိုင်း ရေတပ်ကြီး ဆိုက်ရောက်လာသည်။

သတ္တရဓေယျသည် မြို့စီးပြစီး ရဲမက်များကို မြို့ရိုးပေါ်သို့ ချက် ချင်းတင်သည်။ ဆင့်တပ်မြင်းတပ်ကို စုဝေးခိုင်းသည်။

နောင်တော် ဓမ္မဓေယျအမတ်ကြီးကား မျှော်ခေါ်စဉ်းစား၏။

အခုလာတဲ့ရေတပ်ဟာ မိဖုရားကြီး စန္ဒာဒေဝီမဖြစ်နိုင်ဘူးလား၊ ဖြစ်ခဲ့ရင် ကိုယ့်အရှင်သခင်ကို ထောင်ထားခြားနားရာ ကျမယ်...။

ထိုသို့ စဉ်းစားမိသဖြင့် ညီတော်အား ရှေ့တော်သို့ခေါ်၏။ သူ တွေးတော ဆင်ခြင်မိသမျှကို မိန့်ကြားသည်။

သတ္တရဓေယျကား သူ့နောင်တော်နှယ် မယဉ်ကျေး။ ခက်ထန် ရိုင်းပျသည်။

"မနေနှင့် နှင်လို့ ထွက်လာခဲ့ပြီးပြီပဲ နောင်တော်၊ ဒါကို လိုက်လံ နှောင့်ယှက်ရင် စစ်ပြုဖို့ပဲရှိတယ်"

ထိုအခိုက်ဝယ် ဘုရင်မင်းမြတ်စေလွှတ်ထားသည့် မင်းချင်းများ ရောက်လာသည်။

စန္ဒာဒေဝီ ဘုရင်မကြီးကိုယ်တော်တိုင် ကြွရောက်လာကြောင်း တင် လျှောက်ကြလေသည်။

သို့အတွက် ကကြာဘုရင်မင်းမြတ် ဓမ္မဓေယျသည် နောက်ပါ အနည်းငယ်ဖြင့် အလျင်အမြန် ကြွချီခဲ့၏။

ရွှေမြို့တော်တွင်းသို့ ကြွမြန်းပြီးလျှင် အလိုရှိသရွေ့ စံမြန်းပါရန်

တင်လျှောက်၏။

မိဖုရားကြီးသည် နေရာမှထကာ အတွင်းတော်သို့ ဝင်သွားသဖြင့် ဘုရင်မင်းမြတ် ပြန်လည် ကြွချီခဲ့သည်။ နန်းတော်သို့ ဘုရင်မင်းမြတ် ပြန်လည်ရောက်ရှိပြီး သုံးမောင်းခန့်အကြာတွင် သံတော်ဆင့်အမတ်နှင့် ရဲမက်အချို့ ရောက်လာသည်။

သံတော်ဆင့်တွင် စာပါသည်။ စာ၏အဓိပ္ပာယ်မှာ ဥဒရာဇ်တိုင်းနှင့် ဝေးရာအရပ်သို့ အမြန်ဆုံးထွက်ခွာသွားစေ အမိန့်တော်ဖြစ်သည်။

"ကောင်းပါပြီ သံတော်ဆင့်အမတ်၊ သန်ဘက်ခါအရုဏ်တက်တွင် စတင် ထွက်ခွာပါမည်"

ဤတွင် ညီတော်နောင်ရင်းနှစ်ပါးမင်းတို့ အမြင်ကွဲပြားကြတော့သည်။ အိမ်ရှေ့စံ သတ္တုရုဇေယျက နောင်တော်ဘုရင်မင်းမြတ်၏သဘောကို လက်သင့်မခံ။

"သည်အရပ်ကလူတွေဟာ တောကျွမ်းတဲ့အတွက် သားရဲတိရစ္ဆာန်နှင့် ဘာမှ မထူးဘူး၊ အတိုက်အခိုက် အသတ်အပုတ် အလွန်ကျွမ်းကျင်ရဲရင့်ကြပါတယ်၊ သူတို့ကို လိမ္မာယဉ်ကျေးအောင်လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ရဲ့ သစ္စာခံတွေဖြစ်နေပြီ နောင်ဘုရား"

"ဒေါသရှေ့ထားရင် မှားမယ် ညီတော်"

ရှေ့ဆက်မည့် ညီတော်၏စကားကို မကြားရမီကတည်းက သိပြီးဖြစ်သဖြင့် နောင်တော်ဘုရင်က သတိပေးခြင်းဖြစ်၏။

သို့သော် အိမ်ရှေ့မင်းကား နာကြည်းစွာပြောမြဲသာ။

"ကျွန်တော်တို့ရဲ့လက်ရင်း သူရဲသူခက်တွေကို ဖယ်ထားဦး၊ ကျွန်တော်ပြောတဲ့ တောသားတွေနှင့်ပဲတိုက်၊ သည်မိဖုရား မခံနိုင်ဘူး"

"အဲဒါကြောင့် နောင်တော်ပြောတာပေါ့ ညီတော်၊ ဒေါသရှေ့ထားရင် မှားမယ်လို့၊ အမောင်တို့ ငါတို့ အခုလို အသိပညာကြွယ်ဝစွာနှင့်

ခြွေရံသင်းပင်းတွေနှင့် နေနိုင်တာကိုက ဘုရင်မင်းမြတ်ရဲ့ကျေးဇူးကွဲ့၊ ဘုရင်မင်းမြတ်ရွှေမျက်နှာတော် လွဲသွားလည်း ဘုရင်မင်းမြတ် သက်တော်ထင်ရှား ရှိနေတယ်ပဲ သဘောထားရမယ်”

ပြည့်ရှင်မင်းနှင့် အိမ်ရှေ့မင်းတို့၏ စန္ဒာဒေဝီမိဖုရားကြီးအပေါ်ထားရှိသည့် သဘောထားမှာ သိသာစွာကွဲပြား၏။

သို့ရာတွင် အိမ်ရှေ့မင်းသည် ပြည့်ရှင်မင်းအား ဆက်လက် မဆန့်ကျင်တော့ပေ။ သတ်မှတ်သောရက်တွင် ဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ သားတော် သမီးတော်များ၊ မှူးမတ် သူဌေးသူကြွယ်များ၊ စစ်သည်ရဲမက်များ နေရာတကျ ထွက်ခွာနိုင်ရန် စီစဉ်တော့သည်။

စီစဉ်သည့်အတိုင်းလည်း အေးဆေးချောမောစွာ ချီတက်ထွက်ခွာနိုင်ကြသည်။ အိမ်ရှေ့မင်းမှ ဆင်းရဲသားများနှင့် နောက်ချန်တပ်များကိုကွပ်ကဲချီတက်ရန် ကျန်နေခဲ့၏။

သို့သော် အိမ်ရှေ့မင်း သတ္တရုဇေယျသည် နောင်တော်ဘုရင် ဦးတည်ချီတက်သည့် ထိပါရအရပ်သို့ လိုက်ပါရန် စိတ်ကူးမရှိခဲ့ပေ။ သူပင်ပန်းကြီးစွာ တည်ထောင်ထားသော ကကာ်ပြည်ကို စွန့်ပစ် မထားခဲ့နိုင်ပေ။ သို့အတွက် နောင်တော်အား တစ်နေ့ခရီးအထိ လိုက်လံပို့ဆောင်ပြီးနောက် တောသားများကိုစုဆောင်းသည်။ နေပြည်တော်သို့ပြန်လာသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် သတ္တရုဇေယျကို အရေးအတွက်ထဲ မထည့်။ အဓိကဖြစ်သော နန်းရင်းဝန်ဟောင်း ဓမ္မဇေယျ ထွက်ခွာသွားပြီဟု သိရသဖြင့် နေပြည်တော်သို့ပြန်ရန် စီစဉ်နေသည်။ ဖောင်တော်ကိုဝန်းရံထားသော ကြည်းတပ်၏ ကာကင်းမှာလည်း စိတ်အေးလက်အေးနေသည်။

ထိုအချိန်တွင် ကကာ်ပြည်၏ အိမ်ရှေ့မင်းတပ်များက ကြည်းတပ်ကို တိုက်ခိုက်သုတ်သင်သည်။

တိုက်ခိုက်နေကြချိန်ဝယ် မိဖုရားကြီး၏ဖောင်တော်သည် လျင်မြန်စွာ စုန်ဆင်းပြေးသည်။

ချောင်းကကျဉ်းမြောင်းသည်။ ဝဲယာသစ်ပင်တွေက ချောင်းကို အုပ်မိုးနေသည်။ မိဖုရားကြီး၏ဖောင်တော်မှာ သတ္တရဓေယျမင်း၏ ရဲမက်များလက်တွင် မရှုမလှ ပျက်စီးသွားရလေ၏။

မိဖုရားကြီး စန္ဒာဒေဝီမှာ ပညာရှိရုံမက စိတ်နှလုံးတည်ကြည်သော ပညာရှိ နန်းရင်းဝန်အမတ်ကြီးအား တစ်ဖက်သတ်ကုန်းစကားဖြင့် အထင်လွဲသဖြင့် မရှုမလှ ပျက်စီးရသည်။

အိမ်ရှေ့မင်း သတ္တရဓေယျမှာသော် ရက်ရောကြမ်းကြုတ်သဖြင့် ပညာရှိအမတ်များ မခစားပေ။ မှူးကောင်းမတ်ကောင်းများလည်း ထိပါရပြည်သို့သာ ပြေးကြသည်။


သို့အတွက် သတ္တရဓေယျမင်းဆက်သည် ကကော်ပြည်၌ မရှည်ကြာခဲ့ချေ။

ဓမ္မဓေယျာဘုရင်ကြီးကား ပညာရှိ၏။ ကျေးဇူးသစ္စာကိုသိ၏။ အမြော်အမြင်ကြီး၏။

သို့အတွက် ထိပါရသုံးရွာဖြင့် စတင်တည်ထောင်သော မြို့လူမျိုးတို့၏ ရွှေပြည်ကြီးမှာ တစ်နှစ်ထက်တစ်နှစ် စည်ကားလာသည်။

သတ္တရဓေယျမင်းဆက် ပျက်သုဉ်းသောအခါ မြို့တို့၏ဗဟိုချက်မ ကကော်ပြည်ကြီးပါ ထိပါရပြည် ဖြစ်လာလေသတည်း။

□



# ချစ်ကံနည်းသည့် ကြယ်ကလေးနှစ်ပွင့်

ရှေးသရောအခါက တိုင်းနေရှမ်းတို့၏ မိုင်းကိုင်မြို့မှ သုံးညအိပ်ခရီး ပြင်းပြင်းသွားရသော ကျိုင်းတောင်းမြို့တွင် ကုန်သည် သူဌေးလင်မယားရှိ၏။

သူတို့သည် သားသမီးလိုချင်လွန်းသောကြောင့် ကောင်းမှုကုသိုလ်အမျိုးမျိုးလုပ်ကြ၏။ သမားတော်များ ညွှန်ကြားသော ဆေးဝါးများကိုစားကြ၏။ သားသမီးကား မရလေ။

နှစ်အနည်းငယ်ကြာသောအခါ သည်တစ်သက်တွင် သားသမီးမရတော့ပါဘူးဟု စိတ်နှလုံး တုံးတုံးချ၏။ ထိုအခါတွင်မှ သားတစ်ယောက်ရ၏။ ရတနာထုပ် ရတနာခဲပမာ တန်ဖိုးထားရသော ထိုကလေးမှာ အခါလည်ခန့်တွင် ကွယ်လွန်သွားရှာ၏။

သူဌေးလင်မယားမှာ ရှူးမတတ် ခံစားကြရရှာ၏။

သို့အတွက် သားသမီးရမည်ကိုပင် ကြောက်ရွံ့လာကြ၏။

ထိုအခါတွင်မှ ဒုတိယသားကို ရပြန်သည်။

သူဌေးလင်မယားသည် ကလေးကို အသက်တမျှ ချစ်ခင်ကြ၏။ အရိပ်တကြည့်ကြည့်နှင့် လက်ထဲမှ မချကြပေ။

ထိုကလေးလည်း လပိုင်းတွင် ကွယ်လွန်ရှာပြန်၏။

သူဌေးလင်မယားမှာ အရူးတစ်ပိုင်း ဖြစ်ကြရတော့၏။

ကောင်းမှုကုသိုလ်ပြုသည့်အခါတွင် ခွဲခွာသွားမည့်သားသမီးနှင့် မဆုံရပါလို၏ဟု ဆုတောင်းမိကြလေတော့၏။

သို့သော် မကြာမီ တတိယသားကို မွေးဖွားလာပြန်သည်။ ရတနာတုံး ရတနာခဲကဲ့သို့ တန်ဖိုးထားသည်။ အသက်ကဲ့သို့ချစ်သည်။

ထိုသားသည် ထွားကျိုင်းသန်မာ၏။ ရုပ်ရည်ချောမောသည်။ လိမ္မာရေးခြားရှိသည်။

သူဌေးကတော်ကြီးများ သားကိုကြည့်ကာ စိတ်ကြီးဝင်သည်။ သူ့သားကို တော်ရုံတန်ရုံမိန်းကလေးနှင့် မထိုက်တန်ဟု သဘောထားသည်။

သို့ရာတွင် အိမ်နီးချင်းမိန်းကလေးကိုမူ မျိုးရိုးလည်း ကောင်း၊ ငွေကြေးလည်းကြွယ်ဝ၊ ရုပ်ရည်လည်းသန့်သဖြင့် ချွေးမဖမ်းရန် ရည်ရွယ်ထားသည်။

သားကလေးသည် တစ်နှစ်ထက်တစ်နှစ် ကြီးပြင်းသည်။

မိန်းကလေးလည်း အစဉ်တစိုက် ကြီးပွားသည်။

သားကလေးကို ရှင်ပြုရန်စီစဉ်နေစဉ် သူဌေးကြီး ကွယ်လွန်ရှာသည်။ သူဌေးကြီး၏ညီပင် ဆက်လက်၍ မရီးနှင့်တူကို စောင့်ရှောက်ရတော့သည်။

ထိုသူငယ်ကလေး ရှင်ပြုသောအခါ အရွာရွာမှ တေးဆိုကောင်းသူများ အချောအလှများ လာကြသည်။

ထိုအချောအလှများက ရှင်လောင်းထိန်းတာဝန် ယူကြရ၏။

သူငယ်လေးသည် ဘုန်းကြီးကျောင်းတွင် ကပ္ပိယကြီးနှင့် ခင်မင်ရင်းနှီး၏။ သို့အတွက် ကပ္ပိယကြီးထံမှ စောင်းပညာ သင်ယူတတ်

မြောက်ထား၏။

တေးဆိုလည်း အလွန်ကောင်းလှသဖြင့် ကပ္ပိယကြီးက ချစ်သူ ဟောင်း၏ အမည်ထွင်းထားသော စောင်းအိုကလေးကို အပိုင်ပေးလိုက် လေ၏။

ထိုသူငယ် ရှင်လိင်ပြန်သောအခါ ရှင်လောင်းထိန်းအဖြစ် ဆောင် ရွက်ဖူးသူများထံသွားရောက်ပြီး တေးချင်းများ အသစ်တက်ယူသည်။

ဆိုနည်းများကိုလည်း သင်ကြားယူသည်။

ရှင်လူထွက်ကလေးမှာ ရောက်လေရာအရပ်တွင် လူသိများတော့ သည်။ ချစ်သူခင်သူလည်း ပေါများလှသည်။ ရုပ်ချောသော သူဌေး သားအဖြစ်တွင် စောင်းတီးကောင်းခြင်းတို့ ထပ်လျောင်းထားသဖြင့် ဖြစ် ပေသည်။

မိခင်ဖြစ်သူမှာ သူ့အားစန်းပွင့်သည်ကို ဝမ်းသာသော်လည်း အ ခြားတစ်ပါးမှ မိန်းကလေးတစ်ယောက်ယောက်နှင့် ငြိစွန်းသွားမည်ကို စိုးရိမ်နေရှာသည်။ သူသဘောတူသောမိန်းကလေးနှင့် အမြန်ဆုံးနီးစပ် အောင် လော်လှယ်သည်။ သားကမကြိုက်။ ထိုမိန်းကလေးအား ကလေး ဘဝကတည်းက ကစားဖော် ကစားဖက် ဖြစ်ခဲ့သဖြင့် နှမအရင်းသဖွယ် သာ ချစ်သည်။

ရှင်လူထွက်လုလင်၏ဦးလေးသည် တူဖြစ်သူအား နွားဝန်တင် အုပ်အား ဦးစီးပုံ၊ ခရီးသွားပုံသွားနည်း၊ ပြောဆိုဆက်ဆံပုံ ဆက်ဆံ နည်း၊ ရောင်းနည်းဝယ်နည်းများကို လက်ထပ် သင်ကြားပေးသည်။

လုလင်မှာ တေးနှင့်စောင်းကြောင့် ချစ်သူခင်သူပေါ၏။ သူဌေး သား လူချောဖြစ်ပြန်သောအခါ ချစ်လိုသူ ဝိုင်းဝိုင်းလည်သည်။

တူဝရီးနှစ်ယောက်သည် တစ်ရံခါသော် တောင်ပိုင်းမှ လက်ဖက် များ ဝယ်သွားကာ မိုင်းကိုင်၌ ရောင်းချ၏။ မိုင်းကိုင်မှအပြန်တွင် စက္ကူ

ပစ္စည်းများ ဝယ်သွားရန် ရည်ရွယ်သည်။

လုလင်မှာ မအေသဘောတူသော မိန်းကလေး လှပါ ချောပါ လျက် မကြိုက်သော မိမိကိုယ်ကို နားမလည်ဘဲရှိခဲ့ရာ မိုင်းကိုင်သူ အလှ သရဖူကို တွေ့တော့မှ အချစ်သဘောကို နားလည်တော့သည်။

သူတို့နှစ်ယောက် ချစ်ကြိုက်သွားသောအခါ မြို့ခံကာလသားတွေ ကအစ ကျေနပ်ကြသည်။

လုလင်သည် အိမ်သို့ပြန်ရောက်သွားသောအခါ မိခင်က အိမ်နီး ချင်းမိန်းကလေးနှင့်လက်ထပ်ပေးရန် စီစဉ်တော့သည်။ လုလင်အပြင်း အထန်ငြင်းဆန်ကာ အိမ်မှထွက်ပြေးလာသည်။ သူသည် ချစ်သူကို လက်လွတ်ရမည် စိုးရိမ်နေသည်။ သို့အတွက် မိမိတို့တည်းခိုခဲ့သော ဦးလေး၏မိတ်ဆွေကို ချဉ်းကပ်သည်။ အိမ်ရှင်လူကြီးလည်း ယုံကြည် သည့်အတွက် မိဘအရာတွင်နေကာ မြို့၏အလှပန်းကလေးနှင့် စေ့စပ် ပေးလိုက်လေ၏။

ထိုသို့ စေ့စပ်လိုက်သောအခါ တံခါးမရှိ၊ ဓားမရှိ၊ ဝင်ထွက်သွား လာခွင့်ရှိသဖြင့် ငြိစွန်းကြတော့သည်။

လုလင်သည် ဝါမဝင်ခင် လာရောက်တောင်းရမ်းမည်ဟု ကတိ ပေးသွား၏။ သူပြန်သွားသောရက်မှာ နှစ်ဆန်းတစ်ရက်နေ့။ သို့သော် နယုန်လကုန်သည်အထိ လုလင် ရောက်မလာသေး။ အလှကလေး စိုး ရိမ်လာပြီ။ သူ့တွင်လည်း မပေါ့မပါးဖြစ်နေပြီ။

သို့အတွက် အဒေါ်အပျိုကြီးနှစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ကိုခေါ်ကာ မိခင်၏ခွင့်ပြုချက်ဖြင့် ကျိန်းတောင်းသို့ လာခဲ့ကြသည်။

မြင်းဖြင့်လာကြခြင်းဖြစ်သော်လည်း မိုးရာသီဖြစ်သောကြောင့် ခက်ခဲလှ ပင်ပန်းလှသည်။

သို့သော် မိန်းကလေး မညည်းညူပါ။ ချစ်သူထံရောက်သွားလျှင်

ချောမောသွားမည်၊ ပင်ပန်းခဲ့သမျှ လွင့်စဉ်သွားလိမ့်မည် ယုံကြည်ထားသည်။

သို့သော် အဆင်မပြေပါ။ အိမ်ဝိုင်းထဲတွင် ခတ် (ဝါးချွန်)တွေ ချထားနှင့်သည်။ ဝမ်းသာသောကြောင့်သာ မမြင်ခြင်းဖြစ်သည်။

လုလင်၏မိခင် သူဌေးမကြီးက စိတ်မပါ့တပါကြိုဆိုသည်။ အခါးရည်၊ ဆေးလိပ် စသည်မချ။ လုလင်မရှိ၊ ကြွေးတောင်းသွားသည် ဟူ၍သာဖြေသည်။ အချိန်မှာ ထမင်းစားချိန်ဖြစ်သဖြင့် မလွှဲသာ၍ ထမင်းကျွေးရသည်။ ကျွေးသောထမင်းကို စား၍မရအောင် ဖန်တီးထားရုံမက ထမင်းအုပ်ထဲတွင် ဓားမြှောင်ကိုပါ မြှုပ်ထားသည်။

မျှော်လင့်တကြီးဖြင့် လိုက်လာသောမိန်းကလေးမှာ ဓားမြှောင်ကို မြင်သဖြင့် ထမင်းအုပ် လွှတ်ကျတော့သည်။ ဤသည်ကို အချက်ကောင်းယူ၍ သူဌေးမကြီးက ဧည့်သည်များအား နှင်ချ၏။ မိန်းကလေးအား နစ်နစ်နာနာပြော၏။ သည်မျှ ရိုင်းစိုင်းကြမ်းတမ်းသော စကားများဖြင့် အပြောအဆိုမခံရဖူးသော မိန်းကလေးမှာ မိုက်ခနဲဖြစ်ကာ လဲကျသွားတော့သည်။

သားလူပျို၏အမေ သူဌေးမကြီးသည် လဲကျရာမှ ဒဏ်ရာရသွားသော ချွေးမလောင်းကို သနားကြင်နာရန် မသိပေ။ ဆက်လက်ကြိမ်းမောင်းကာ နှင်ထုတ်သည်။ ဧည့်သည်များမှာ အရှက်ကြီးစွာဖြင့် မိုးထဲ လေထဲ၌ ပြန်သွားကြရလေ၏။

အိမ်ရှင်မိန်းမကြီးမှာ ပင်ကိုစိတ်နေယဉ်ကျေးသည်။ ချွေးမလောင်းကို မြင်ရုံဖြင့် ကိုယ်ဝန်ရှိနေကြောင်း ရိပ်မိသည်။ သို့အတွက် သားစိတ်မွန်ကာ ရိုင်းပျကြမ်းကြုတ်သွားရခြင်း ဖြစ်လေ၏။

မိန်းကလေးမှာ လမ်းသွားရင်း သွေးလွန်၍ ၏။ အဖော်ပါသော အပိုကြီးနှစ်ယောက်က ကလေးပျက်ကျသောလက္ခဏာဟုမသိ။ ရွာနှင့်မနီး တောကြီးထဲ၌ ကလေးအသေမွေးသောအခါတွင်လည်း မလုပ်တတ်

မကိုင်တတ်ကြရှာ။ ပါလာသည့် ဆေးမြီးတိုများကိုသာ ဖြစ်သလို တိုက်ကျွေးကြ၏။

မိန်းကလေးသည် ချစ်သူပေးသောစောင်ဖြင့် ကလေးကိုထုပ်ကာ သစ်ငုတ်ပေါ်၌ တင်ထားခဲ့၏။ လက်ကိုင်ပဝါချင်းလဲလှယ်စဉ်က ရထားသော ပဝါဖြင့် ကလေး၏မျက်နှာကို အုပ်ပစ်ခဲ့၏။

လုလင်သည် မိုင်းနောင်သို့ ကုန်ရောင်းသွားရာမှပြန်လာ၏။ မိတ်ဆွေများကပြောသောကြောင့် ချစ်သူ ဇနီးလာသွားကြောင်း သိသည်။ အမေ့ကိုမေး၏။ အမေ မကွယ်ဝှက်ပါ။ ဟုတ်ကြောင်းဝန်ခံသည်။ ပုတ်ခတ်ရှုတ်ချသည်။

ပုတ်ခတ်ရှုတ်ချစကားများကို လုလင် မယုံပါ။ သို့အတွက် အိမ်နီးချင်း အဘိုးအိုထံ သွားရောက်စုံစမ်းသည်။

အမေ၏ သမီးချင်း မစာနာသော အပြုအမူသည် ဘွားဘွားကြီးပေါ်လာ၏။ သို့ရာတွင် မိခင်အား အပြစ်မပြောတော့ပါ။ ထမင်းဝအောင်စား၊ မြင်းကို ဝအောင်ကျွေး၊ မိမိလည်း အိပ်ရေးဝအောင် အိပ်သည်။ နောက်တစ်နေ့နံနက်တွင် ကုန်ရောင်းရငွေများယူဆောင်လျက် ချစ်မယားနောက်သို့ အပြင်းလိုက်တော့သည်။

လုလင်သည်ရွာတွေ့လျှင် ဝင်ရောက်စုံစမ်းပြီး ခရီးဆက်ခဲ့ရာ ချစ်လက်ဆောင်ပဝါနှင့် သားသေကိုတွေ့သည်။ မြေမြှုပ်သည်။ ချစ်မယားနောက်သို့ အပြင်းလိုက်ရာ မိုင်းကိုင်အဝင်တွင် မြင်းမှာ အမောဆို့ပြီး သေသည်။ ချစ်သူဇနီးကိုလည်း အသက်မီရုံသာရှိသည်။

မိမိအမေကြောင့် အပြစ်ကင်းစင်သည့်ချစ်သူ သေရလေခြင်းဟု လုလင်ယူကျုံးမရ။ သေသူ့နောက်သို့ လိုက်ရန်ကြိုးစား၏။ ဘေးလူတွေ ဝိုင်းဆွဲကြ၏။ သို့အတွက် စိတ်ပြေသွားဟန်ဆောင်သည်။ သူယူလာခဲ့သည့် ငွေအိတ်ထဲမှ ငွေတွေကိုကြဲမြှောက်သည်။ လူတွေ အလုအယက်

ကောက်ကြစဉ် လုလင်သည် အလောင်းဘေးသို့သွားကာ မိမိကိုယ်ကို အဆုံးစီရင်သည်။

မိန်းကလေးကို ထင်းပုံတစ်ပုံ၊ လုလင်ကိုထင်းပုံတစ်ပုံထက်တွင် တင်ကာ မီးသင်္ဂြိုဟ်ကြသည်။ ခုနစ်ရက်ထားသော်လည်း မိုးတွင်းလည်း ဖြစ်၊ ခရီးလည်းကြမ်း၊ အသက်လည်း ကြီးရင်းသဖြင့် လုလင်၏အမေ မလာနိုင်။ မိုးလေကင်းစင်ချိန်ကျမှသာ မျက်နှာအောက်ချလျက် ရောက် လာ၏။

မြို့မျက်နှာဖုံး အလှပန်းကလေး၏ မိဘများက သဘောထားကြီး စွာ ယဉ်ကျေးဖော်ရွေစွာ ကြိုဆိုကြ၏။

နောက်တစ်နေ့တွင် အိမ်ရှင်များက သင်္ချိုင်းသို့ လိုက်ပို့ပေးကြ၏။ ကံဆိုးရှာသော ချစ်သူနှစ်ဦး၏ အရိုးပြာများကို ဂူသွင်းထား၏။ ဂူနှစ် လုံးမှာ တစ်လံကျော်ကွာဝေးသည်။

လုလင်၏မိခင်သည် ဂူနှစ်လုံးကိုဆက်သွယ်သော မြောင်းကလေး တူးသည်။ ထိုမြောင်းထဲ၌ အဆစ်သုံးဆစ်ပါသော ဝါးနက်ထမ်းပိုးကို အလျားလိုက်မြှုပ်ကာ မြေဖို့လိုက်သည်။ ထမ်းပိုးမှာ ရေထမ်းထမ်းပိုး ဖြစ်နေသဖြင့် တွေးစရာတွေ များစွာပါဝင်နေသည်။

"ထမ်းပိုးတစ်ချောင်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်ရှိ ဆိုင်း ထမ်းများသည် ပူးကပ်လေ့ မရှိသကဲ့သို့ သင်တို့နှစ်ဦးလည်း မည်သည့် အခါမျှ မတွေ့ဆုံစေသတည်း"

ထိုကဲ့သို့ ကျိန်စာတိုက်ခြင်းလော။

"ထမ်းပိုး၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်ရှိ ဆိုင်းထမ်းများသည် မပူးတွဲသော်လည်း ဆက်သွယ်ပတ်သက်နေသည့်နည်းတူ မပေါင်းဖက် ရသော သင်တို့သည်လည်း ဆက်နွယ်ပတ်သက်နေပေသည်" ဟု ပြော လိုသလော။

မိန်းကလေး၏ အမည်မှာ နန်းအိုပိမ်ဖြစ်၍ ယောကျ်ားကလေးမှာ ခွန်ဆာမ်လောဖြစ်သည်။ သူတို့သည် ကွယ်လွန်ပြီးနောက် စကြဝဠာကြီးအတွင်း၌ ကြယ်ပွင့်ကလေးတွေအဖြစ် ထွန်းတောက်နေကြ၏။

ခွန်ဆာမ်လောကြယ်နှင့် နန်းအိုပိမ်ကြယ်တို့သည် သုံးဆစ်ထမ်းပိုးကြယ်ဘက်သို့ သုံးနှစ်တစ်ကြိမ် ချဉ်းကပ်လာလေ့ရှိ၏။

ထို့နောက် တရွေ့ရွေ့ ပြန်လည်ဝေးကွာသွားကြသည်။

ချစ်ကံနည်းသော ချစ်သူနှစ်ဦးမှာ ကြယ်ဘဝမှာပင်ဆက်လက်၍ ကံခေနေကြဆဲပါတကား။

❑

# သနားစရာ အိုင့ကုကယ်

ဝံလိုင့ကုကမြည်သံကြားလျှင် မွန်လူမျိုးတို့ လွမ်းဆွတ်ကြ၍ ဥသြ ငှက်၏ မြည်ကြွေးသံကြားသည့် ရှမ်းလူမျိုးများလည်း လွမ်းဆွတ်ကြေကွဲ လေ့ရှိကြသည်။

ဝံလိုင့ကုကမြည်သံကို မည်သည့်အတွက် လွမ်းဆွတ်ရကြောင်း နန့်နှောင်းခါရီ ဒွေးမယ်နော်ပုံပြင်၌ ပါရှိပြီးဖြစ်သည်။

ဥသြငှက်၏ တွန်ကြော်သံကြားသော ရှမ်းလူမျိုးများ အဘယ် ကြောင့် လွမ်းဆွေးကြရသနည်း ဟူသည်မှာကား ဤသို့ဖြစ်ပေ၏။

ရှေးအခါက ရှမ်းလုံမပျိုတစ်ဦးသည် တစ်ရွာသား ရှမ်းလုလင်ပျို တစ်ဦးနှင့် ချစ်ကြိုက်ကြလေသည်။

မိဘနှင့် ဆွေမျိုးများသည် တစ်ရွာသား၏ မျိုးရိုးဗီဇကို မသိကြ ပေ။ ခုမြင်ခုကြိုက်ရပါမည်လောဟု သဘောမမျှကြပေ။

ချစ်သူနှစ်ဦးမှာ ထိုသို့အပြောခံရ ဆူပူကြိမ်းမောင်းခံရသည့်အ တွက် ကမ္ဘာကြီးပျက်သလောက် ထိတ်လန့်ကြောက်ရွံ့ကြသည်။

လောကတွင် သည်သူမှလွဲ၍ ချစ်စရာ မရှိတော့ဟု ထင်နေကြ သည်။ သူနှင့်မှ မပေါင်းသင်းရလျှင် သေတော့မည်ဟု ထင်နေကြသည်။



သို့ကြောင့် လုံမပျို့သည် လုလင်ပျို၏နောက်သို့ တိတ်တဆိတ် လိုက်ပြေးလေတော့သည်။

အမှန်အားဖြင့် သူတို့နှစ်ဦးအား မိန်းကလေးဘက်ကသာ သဘော မတူသည် မဟုတ်။ ယောကျ်ားကလေးဘက်ကလည်း သဘော မတူပေ။

မိန်းကလေးသည် ထိုအကြောင်းကို မစုံစမ်း မစစ်ဆေးပေ။

"ငါ့မှာက မအေတစ်ခု သားတစ်ခု၊ ငါ့သဘော၊ ငါပြီးရင်ပြီးတယ်" ဆိုသောစကားကို အယုံကြီးယုံကာ ခိုးရာလိုက်ခဲ့ခြင်းဖြစ်သည်။

လင့်အိမ်ပေါ်ရောက်၍ ယောက္ခမမျက်နှာကို မြင်ရတော့မှ မှားပြီ ဟု မိန်းကလေးသိသည်။ မှားပြီဟုသိချိန်ဝယ် နောက်မဆုတ်နိုင်ပါပြီ။

လုလင်၏အမေ မုဆိုးမကြီးကလည်း သူ့ဘဝတွင် သည်သား သာလျှင် အသက်ဖြစ်နေသည်။ ရှင်ဘုရင့်သမီး၊ သူဌေးသမီးကိုပင်လျှင် သူ့သားနှင့်မတန်ဟု ထင်သူဖြစ်သည်။ သည်သဘောမှာ မထူးဆန်းပါ။ သားရှင် သမီးရှင်တိုင်းတွင် ထားလေ့ရှိသော တစ်ဖက်စောင်းနင်းစိတ် ဖြစ်ပေသည်။

ယခုလုလင်၏အမေလည်း မျှတစွာ စာနာစွာ တွေးတောတတ် သူ မဟုတ်ရကား အများထဲက အများဖြစ်နေပေတော့သည်။ သို့သော် သားကို အလွန်ချစ်သည်။ သဘောမတူသော်လည်း သားကတောင်းပန် သောအခါ ဆိတ်ဆိတ်နေလိုက်သည်။

ဆိတ်ဆိတ်နေလိုက်ခြင်းမှာ မိန်းကလေးနှင့် သဘောတူ၍မဟုတ်။ သားစိတ်ဆင်းရဲမည်စိုး၍ ဖြစ်ပေသည်။

မိန်းကလေးကလည်း ယောက္ခမ (မိန်းမသူ) ကြီးသည် မိမိအား သူ့သားနှင့် သဘောမတူဟုသိသည်။ သိသည့်အလျောက် မျက်နှာသာ ရစေရန် သဘောကျစေရန် အိမ်မှုကိစ္စများကို ကုန်းရုန်းလုပ်သည်။

ဤသို့ဖြင့် ချွေးမတွင် ကိုယ်လေးလက်ဝန် ရှိလာပြီ။

မြေးချီလိုစိတ် ပေါ်လာလျှင် ချွေးမအပေါ် မလိုမုန်းထားမှုများ လျော့ပါးသွားစရာရှိ၏။ မမြင်ရသေးသောမြေးအား ချစ်စိတ် ဖြစ်ပေါ်လာပါမှ သမီးချင်း စာနာလာနိုင်၏။

ယောက္ခမကြီး၏စိတ် မပြောင်းလဲပါ။ သူ့သားနှင့် သည်မိန်းကလေးကို ခွဲလိုစိတ် ပြင်းထန်နေဆဲသာရှိ၏။ သားဖြစ်သူ ညဥ့်အိပ်နေ့နေ ခရီးသွားရန် အကြောင်းအချက် အမြဲရှာနေ၏။

သားကလည်း သူ့မယားကို အမေ ရန်ပြုမည်စိုးသည်။

သို့ကြောင့် ညဥ့်အိပ်နေ့နေ ခရီးမထွက်။

ဇနီးသည်၏ကိုယ်ဝန် ရင့်မာလာပြီ။

လုလင်မှာ မိခင်ခိုင်းသော ရပ်ဝေးသွားရေးကိစ္စဟူသရွေ့ကို ငြင်းဆန်ခဲ့ဖူးပေါင်းများပြီ။ သည်တစ်ကြိမ်မှု သွားသင့်သည်ထင်သဖြင့် ညဥ့်အိပ်ခရီး ထွက်ခွာသွားတော့သည်။

သားဖြစ်သူ ခရီးထွက်သွား၍ တစ်တိုင်ခရီးမျှရောက်သွားချိန်တွင် မိန်းမကြီးသည် ချွေးမရှေ့သို့ လာရပ်သည်။

"လုပ်လက်စတွေ ချထားခဲ့ပြီး ညည်းငါ့အိမ်ပေါ်က အခုဆင်း"

မိန်းကလေးမှာ အံ့ဩထိတ်လန့်စွာဖြင့် ငေးကြည့်နေမိ၏။

"ဘာကြည့်နေတာတုံး၊ ငါ့အိမ်မှာ မနေနှင့်၊ ထွက်သွား"

"သမီးမှာ မွေးလု ဖွားလုဆဲကြီးပါ အမေ၊ မွေးဖွားပြီးမှ သွားပါရစေ"

"သည်မယ်၊ ညည့်ကို ငါပြောနေတာက ငါ့အိမ်ပေါ်ကနေ အခုဆင်းလို့ပြောနေတာ၊ ဘယ်တော့ဆင်းမတုံး... မေးနေတာ မဟုတ်ဘူး"

မိန်းကလေးမှာ တောင်းပန်ရန်ပင် မဝံ့ရဲဘဲဖြစ်သွားကာ စကားအသစ်ကို ရှာဖွေရပြန်တော့သည်။

"ပြောတာကြားတယ်မဟုတ်လား"

မိန်းမကြီးသည် ပြောပြောဆိုဆို ဝါးတစ်လုံးကို ကောက်ယူပြီး

ရိုက်ရန်ရွယ်သည်။ ဝါးလုံးထိပ်ဖျားမှာ ကြေမွနေသဖြင့် စိတ်ဖြာထား သကဲ့သို့ရှိ၏။

မိန်းကလေးသည် ကြောက်ရွံ့စွာ လက်နှစ်ဖက်ဖြင့်ကာရင်း "ဆင်း ပါ့မယ် အမေရဲ့၊ ဆင်းပါ့မယ်" ဟု ထိတ်လန့်တကြားဆိုသည်။

"ဆင်းရင် အခုဆင်း"

"ဆင်း ဆိုပေမဲ့ အမေ့သားပြန်လာအောင်ဆိုင်းပါဦးအမေရယ်၊ သမီးတောင်းပန်ပါတယ်၊ သူ့ကိုပြောပြပြီး သွားပါမယ်"

"ငါ့သားပြန်လာအောင် မစောင့်နိုင်ဘူး၊ ဆင်း၊ အခုဆင်း၊ ဆင်း မလား မဆင်းဘူးလား ကောင်မ"

ပါးစပ်ဖြင့်ပြောနေလျှင် ဆက်လက်အသနားခံနေလိမ့်ဦးမည်ဟု မိန်းမကြီးအတွေးပေါက်သည်။ ကြမ်းတမ်းခက်ထန်စွာ ဆဲရေးရင်း ရွယ် ထားသောဝါးလုံးဖြင့် လွဲကာလွဲကာရိုက်တော့သည်။

"အမယ်လေး ကြောက်ပါပြီ အမေရဲ့"

"ဆင်းဟဲ့၊ ငါ့အိမ်ပေါ်က အခုဆင်းဟဲ့"

"ဆင်းပါ့မယ်၊ အမယ်လေး ကြောက်လှပါပြီ၊ ဆင်းပါ့မယ်"

မိန်းကလေးမှာ ကိုယ်ကိုမထိစေရန် လက်ဝါးဖြင့်ကာသည်။ ဝါး ခြမ်းစိတ်များဖြင့် အရိုက်ခံရသောကြောင့် လက်ဆယ်ချောင်းမှာ သွေး ဖြာဖြာ ယိုစီးသည်။ နာလည်းနာကျင်၊ ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် အော်ဟစ်ငိုယိုလျက် ကိုယ်လွတ် ဆင်းပြေးခဲ့ရလေတော့၏။

အိမ်နီးချင်းများသည် မတရားမှန်းသိသော်လည်း မပြောရဲကြပေ။ လာရောက် မဖျန်ဖြေရဲကြ။ မဆွဲဝံ့ကြ။

မိန်းမကြီးမှာ အဆဲအဆို ပက်စက်ရိုင်းစိုင်းသောကြောင့်ဖြစ်သည်။ သို့ကြောင့်လည်း "မပေါ့မပါးနဲ့ဟယ်၊ လာ လာ… ငါတို့ အိမ်ကိုလာ" ဟူ၍ပင် ကြင်နာသနားရိပ် မပြဝံ့ကြပေ။

တစ်ရွာသူမိန်းကလေးမှာ ရှေ့ရေးနောက်ရေး မမျှော်တွေးဘဲ အပြောကောင်းသည်ကို ယုံမိသဖြင့် ဒုက္ခတွေ့ရပြီ။ အချစ်ရေးကို ဦးစားပေးမိသဖြင့် သောကမီး ဝိုင်းနေလေပြီ။

ကူညီမည့်သူ မရှိ။ သွားစရာ အသိအိမ် မရှိ။

မိန်းကလေးအတွက် အားထားစရာမှာ သူခြေဖြင့်စုံကန်ကာ ထွက်ခဲ့သော မိဘ၏ရင်ခွင်သာ နောက်ဆုံးအားထားစရာ ဖြစ်တော့သည်။

အဘက မည်မျှစိတ်ဆိုးနေစေကာမူ အမေကား ဆဲဆဲဆိုဆိုဖြင့် လက်ခံလိမ့်မည်။ မြည်တွန်တောက်တီးလျက် ထမင်းတစ်လုတ် ကျွေးလိမ့်မည်။ စိတ်ချမ်းသာစွာ မီးဖွားရေးအတွက် ဆောင်ရွက်ပေးလိမ့်မည်။ အမေ မဟုတ်လား။

မိန်းကလေးသည် ထိုမျှော်လင့်ချက်ဖြင့် မိဘရပ်ဌာနပြန်သည်။

သို့သော် ကံကြမ္မာသည် ခွင့်မပြုပါ။ မိဘမေတ္တာကို စော်ကားခဲ့သော မိန်းမမိုက်အား မိဘရင်ခွင်သို့ ပြန်လည်ဝင်ရောက်ခွင့် မပြုတော့ပါ။

ခရီးတစ်ဝက်တွင် ကမ္ဘာဇလေ လှုပ်ရှားလာသည်။ မိုက်နာလာသဖြင့် လမ်းဘေးရှိ သစ်ငုတ်တိုကိုမှီပြီး မျက်နှာမြင်ရတော့သည်။ အပျိုမိုက်လည်းဖြစ်၊ ပြုစုကူညီသူလည်း မရှိရကား ကလေးမွေးအပြီး၌ မေ့မြောသွားတော့သည်။

လုလင်သည် ကိုယ်ပြည့်လက်ပြည့်ဖြင့် မယားအား စိတ်မချ။ သည်အခြေအနေကြီးတွင် အမေ မရက်စက်တန်ရာဟု မျှော်လင့်သည်။ သို့ကြောင့် ခရီးထွက်ခဲ့ငြား နောက်ဆံတင်းနေသည်။

အလျင်အမြန်ပြန်လာသည်။ မယားကို မတွေ့။

"ငါ့ကိုစိတ်ဆိုးပေမဲ့ ဗိုက်ထဲက ကလေးကို သနားပါဦး၊ မွေးဖွားပြီးမှသွားပါပြောတာ မရဘူးသားရေ့၊ ဆင်းသွားတယ်"

အမေ့စကားကို လုလင် မယုံပါ။ အိမ်နီးချင်းများထံ စုံစမ်းသည်။

အမေ့စကားနှင့် ပြောင်းပြန်ဖြစ်နေသည်။

လုလင်သည် မယားသွားမည့်လမ်းကြောင်းဘက်သို့ ဒုန်းစိုင်းကာ လိုက်ခဲ့တော့သည်။

ခရီးတစ်ဝက်တွင် သစ်ငုတ်တိုကို အမှီပြုနေသော သားအမိ။ သွန် သောသွေးတွေခဲနေပြီ။ ကလေးမှာ အချင်းမဖြတ်ရသေး။ သို့သော် ပြာ နှမ်းနေပြီ။

တစာစာ ခေါ်သံပေးရင်း လုလင်သည် မီးနေသည်ကို ပွေ့၏။

အို အသက်ပျောက်နေခဲ့ပါပြီကော။

လုလင်မှာ ကလေးပေါက်စနကလေးကို ချီလိုက်၊ မယားအ လောင်းကို ပွေ့လိုက်ဖြင့် အရူးတစ်ပိုင်းဖြစ်နေသည်။ အားရအောင် ငို ကြွေးပြီးမှ မယားနှင့်သား၏ အလောင်းများကို မီးသဂြိုဟ်သည်။

သူသည် မီးတောက်ကြီးကိုကြည့်ရင်း ဖြေဆည်မရအောင် ဖြစ်သည်။

နောက်ဆုံးတွင် သူသည် မီးပုံကြီးကို ထင်းထပ်ဖြည့်သည်။

မီးတောက်ကြီး ကြီးမားလာသောအခါ မီးတောက်ထဲသို့ သူပါ ခုန်ချလိုက်လေသည်။

လုလင်၏အမေသည် သူ့သား မယားနောက်သို့ ပြေးလိုက်သွား ပြီ ကြားသဖြင့် နောက်ယောင်ခံလိုက်လာခဲ့၏။ အမေသည် မီးပုံကြီးထဲ သို့ ထင်းတွေ ထပ်ထည့်နေသော သားကို လှမ်းမြင်သဖြင့် စိတ်အေးသွား ၏။ စိတ်အေးပါသည်ဆိုကာမှ သားက မီးထဲခုန်ဆင်းသွားပြီ။

ပဋ္ဌာမြေလူးသူမှာ အမေဖြစ်တော့သည်။

မီးတောက်ကြီးငြိမ်းပြီး ပြာတွေ အေးသည်အထိ သူသည် ပြာပုံ ဘေးမှ မခွာနိုင်။ သို့သော် ဖြူသလား မည်းသလား မသိလိုက်ရသည့် မြေးကိုလည်း မသနား၊ ချွေးမကိုမူ ပို၍ပင်မုန်း၏။

"သင်းကြောင့် ငါ့သား သေရတာ"

သူသည် သစ်ကိုင်းတစ်ကိုင်းကိုချိုးသည်။ ပြာပုံကို နှစ်စုခွဲလိုက်သည်။ ပြာပုံနှစ်ပုံကြားတွင် သစ်ကိုင်းကို ချထားလိုက်သည်။

မီးမကြီး၏ အပြုအမူမှာ သေသည်အထိ သဘောမတူ၊ ပြာမှုန်ချင်းပင်လျှင် မရောယှက်စေရန် ဖြစ်ပေသည်။

ခရီးသွားလူအများသည် ကြေကွဲဝမ်းနည်းစရာ သားအမိ သားအဖတို့ ဇာတ်သိမ်းခဲ့သည့် သစ်ငုတ်တိုဘေးသို့ မလာကြပေ။ သနားသောကြောင့်ဖြစ်သည်။

သို့ရာတွင် သစ်ငုတ်တိုပေါ်တွင် ငှက်ကလေးတစ်ကောင် ရောက်နေသည်ကို မြင်ရသောအခါ အံ့သြကြရသည်။

သည်ငှက်မျိုးကို ယခင်က မမြင်ဘူးကြပေ။

ငှက်၏အသွင်က ဆန်းသည့်နည်းတူ ငှက်၏အော်မြည်သံကလည်း စိတ်ဝင်စားဖွယ်ဖြစ်နေသဖြင့် ဂရုစိုက် နားထောင်ကြသည်။

"မေကော၊ မေကော"

ကြားရသူတိုင်းနားလည်သည်။

နားလည်သည့်အလျောက် "သြော် ... အမေကော အမေကော အော်နေတာပါကလား" ဟု သဘောပေါက်ကြသည်။

သို့ဆိုလျှင် ဤငှက်ကလေးသည် အမိဝမ်းမှကျွတ်ပြီး မကြာမီ ကွယ်လွန်သွားသော ကလေးငယ် ဖြစ်ရပေမည်။

ဗမာတို့၏နားတွင်မူ လွမ်းဆွတ်သနားဖွယ်ရာ အသံကလေးဖြင့် တွန်ကြော်နေသော ထိုငှက်ကလေးအား ဥသြဟု ခေါ်ကြ၏။

သို့ဖြစ်၍ ရှမ်းလူမျိုးတို့သည် ဥသြငှက် တွန်သံကြားလျှင် အကြောင်းကံနည်းလွန်းသော လင်မယားကို သတိရသဖြင့် လွန်စွာ လွမ်းဆွတ် ကြေကွဲရခြင်း ဖြစ်ပေသတည်း။ **(ရှမ်း ပုံပြင်)**

❑

# သုမနကျောမှာ ဒဏ်ရာတွေနှင့်

## ဘာသာ မတူသောကြောင့်

အထက်ပါ ရှမ်းပုံပြင်များတွင် အမေဖျက်သောကြောင့် ချစ်သူတို့ ချစ်ဆင်းရဲ ကြုံကြရ၏။ အောက်တွင် အလားတူ ဗမာပုံပြင်တစ်ပုဒ်ကို ဖော်ပြပါမည်။ အမေ မဟုတ်သော်လည်း အပြုအမူများ သဘောထားများ ဆင်တူနေသည်ကို တွေ့ရပေလိမ့်မည်။

မိန်းမပျို၏အမည်မှာ သုမနဖြစ်သည်။

သူသည် အလှူရေစက် လက်နှင့်မကွာအောင် သဒ္ဓါတရား ကြီးမား၏။ သို့အတွက် မူရင်းအမည်ပျောက်ကာ သဒ္ဓါသုမနအမည် တွင်လာ၏။

သဒ္ဓါသုမနသည် ဆွမ်းချိန်တန်လျှင် ဆွမ်း မပျက်မကွက် လှူဒါန်းနိုင်အောင် ကြိုးစားသည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ ထီး၊ ဆေးဝါး၊ ဖိနပ်မှအစ တတ်စွမ်းသရွေ့ ကြိုးစားလှူဒါန်းသည်။

ဒါန၊ သီလ၊ ဘာဝနာမှုတွင် မွေ့လျော်သော သဒ္ဓါသုမန၏ ကောင်းသတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကျော်ကြား၏။

မြင်သူတိုင်းချစ်ခင်သော ရုပ်ဆင်းရှင် သဒ္ဓါသုမနထံသို့ တစ်နေ့တွင် လုလင်ပျိုတစ်ယောက် ရောက်ရှိလာ၏။



လုလင်ကား ဝေးလံသောမြို့တစ်မြို့မှ မိစ္ဆာဒိဋ္ဌိ သူကြွယ်တစ်ဦး၏ သားဖြစ်၏။ အမည်ကား မောင်သောနပေတည်း။

မောင်သောနသည် သူ့တွင်ပါလာသော ကုန်ပစ္စည်းများကို သုမန၏အလျှုတွင် ထည့်ဝင်၏။

ဤသို့လျှင် ရင်းနှီးမှုဖန်တီးကာ သဒ္ဓါသုမန၏ မေတ္တာပန်းကိုပါ ရအောင် ဆွတ်လှမ်းပေတော့၏။

ရုပ်ချော အပြောကောင်း၍ စေတနာသဒ္ဓါတရားကြွယ်ဝသော မောင်သောနအား မိမိကဲ့သို့ပင် သမ္မာဒိဋ္ဌိဟု သုမနထင်မိ၏။ မစူးမစမ်းဖြင့် ခုမြင်ခုကြိုက်ပြီး ခုလိုက်သွားရာ လင့်အိမ်ရောက်တော့မှ ယောက္ခမမှာ ထိပ်သီးမိစ္ဆာဒိဋ္ဌိကြီးဖြစ်နေသည်ကို တွေ့ရတော့၏။

အသွင်မတူသောကြောင့် မိစ္ဆာဒိဋ္ဌိသူကြွယ်ကြီးအတွက် သဒ္ဓါသုမနမှာ ချွေးမ မပီသ အိမ်သူမ ဖြစ်သည်။

သူကြွယ်ကိုးကွယ်သော တိတ္ထိ တက္ကတွန်းများမှာ ပြူးကြောင်ကြောင်လည်းပါ၏။ စပ်ဖြီးဖြီးလည်းပါ၏။ သူကြွယ်မှာ ခြေသလုံးကိုနှိပ်ပေး၏။ အိမ်မှုကိစ္စများကို အဝတ်ဝင်လျှော်သည်အထိ ကူညီလုပ်ကိုင်ပေး၏။

သဒ္ဓါသုမနကိုးကွယ်သော သံဃာများကား ဣန္ဒြေရှိသည်။ မျက်စိကို စောင့်ထိန်း၏။ ငြိမ်သက်၏။ တည်ကြည်၏။ ခြေလှမ်းလှမ်းပုံကအစ သတိမလွတ်သော တရားခြေလှမ်းဖြစ်၏။

သူကြွယ်သည် ချွေးမအား မှားသောအယူသို့ ပြောင်းစေရန် ဖြားယောင်း၏။ ချော့မော့၏။ လပေါင်းများစွာ ကြာမြင့်သော်လည်း မအောင်မြင်ချေ။

သို့အတွက် သားဖြစ်သူ မောင်သောနအား ဝေးကွာသောအရပ်သို့ အကြောင်းတစ်ခု ရမယ်ရှာကာ စေလွှတ်လိုက်လေ၏။

သားဖြစ်သူသည် တစ်ညအိပ်ခရီးသို့ ရောက်သွားပြီ။

ထိုအခါတွင်မှ မိစ္ဆာဒိဋ္ဌိသူကြွယ်သည် ချွေးမအား အိမ်ပေါ်မှ နှင်ချတော့၏။ သဒ္ဓါသုမနသည် ယောက္ခမ၏ခြေကို ဖက်၍တောင်းပန်သည်။ မိမိလင်ပြန်လာသည်အထိ ဆိုင်းပါ၊ မိမိလင်က သွားဆိုလျှင် သွားပါမည်။

တစ်သက်လုံးနီးပါး ရတနာသုံးပါးနှင့် မနီးစပ်ခဲ့သော အိမ်။ သဒ္ဓါသုမနရောက်လာမှ ရွှေသင်္ကန်းရောင်ထိန်သဖြင့် အိမ်နီးချင်းများက သုမနအား ချစ်ခင်လေးစားကြ၏။ သို့အတွက် သူကြွယ်မှာ သုမနအား အတင်း နှင်မချရဲပေ။

သို့သော် သုံးရက်ခန့်အကြာတွင် မောင်သောနနှင့်တူသူတစ်ယောက် အိမ်ရှေ့သို့ လှည်းဖြင့် ရောက်လာ၏။ သူ့ဘေးတွင်လည်း မောင်သောနအား ထိးမိုးပေးနေသည့် မိန်းမလှတစ်ယောက် ပါလာ၏။

"ဟော ကိုသောန ပြန်လာပြီ၊ ကုန်လှည်းတွေ ဘယ်ကျန်ခဲ့တုံး"

သုမနဝမ်းသာအားရ အိမ်ပေါ်မှ ပြေးဆင်းသည်တွင် မောင်သောနက လက်ညှိုးထိုးလျက် တားမြစ်၏။

"မင်း ဆင်းမလာခဲ့နှင့်၊ ငါ့နား မလာနှင့်"

"ဟောတော်၊ ဘာဖြစ်ရတာတုံး"

မယ်သုမနမှာ လှေကားတစ်ဖက်တွင် တန့်ရပ်ကာ မျက်လုံးပြူးလျက် တအံ့တဩ ရေရွတ်မိသည်။

"ဘာဖြစ်ရတာတုံးတွေ ဘာတွေ ညာတွေ မေးမနေနဲ့၊ မင်းနဲ့ ငါနဲ့ အယူချင်းတူတာ မဟုတ်ဘူး၊ ကြာရင် မင်းလှူတာနဲ့ပဲ ငါ့အဖေ မွဲတော့မယ်"

"အစကတော့ စိတ်တိုင်းကျ လှူပါဆိုတော့"

"အစကဟုတ်တယ်၊ အခု မဟုတ်တော့ဘူး၊ ဒါကြောင့် မယ်မင်း

ကို ဆက်လက် မပေါင်းသင်းနိုင်ဘူး၊ အိမ်ပေါ်ကဆင်းဟော့"

မောင်သောနၡ၏စကားအဆုံးတွင် နွားလှည်းသည် ခြံတလွင်လွင်ဖြင့် ထွက်ခွာသွားလေတော့၏။

ထိုသူသည် မောင်သောနမဟုတ်ချေ။ တစ်ရပ်တစ်ကျေးတွင် အခြေချနေထိုင်သော စူဠသောနဖြစ်၏။ အစ်ကိုနှင့်ညီမှာ ရုပ်ရည်ချင်း ချွတ်စွပ်နီးပါးတူ၏။ စေ့စေ့စပ်စပ်ကြည့်ပါမှ အပိန် အဝ အဖြူ အညို သိနိုင်၏။

ယောက္ခမသူကြွယ်သည် သားကြီး၏စိတ်ကိုသိ၏။ သားကြီးသည် သည်မိန်းမအား များစွာမြတ်နိုးရာ ဘယ်နည်းနှင့်မျှ စွန့်ပစ်မည် မဟုတ်။ သို့ကြောင့် ကုန်ရောင်းသွားရာမှ ပြန်လာသည်အထိ စောင့်ဆိုင်းနေလျှင် မောရုံသာရှိမည်။ စိတ်မချမ်းသာစွာဖြင့် အကြံရခက်နေစဉ် တက္ကတွန်းများက အကြံပေးခြင်းဖြစ်၏။

"ဟော့ ဟော့၊ ဘာငိုင်နေတာတုံး"

ယောက္ခမသူကြွယ်ကြီး၏ ငှက်ဆိုးထိုးသံသည် အိမ်ပေါ်မှ ပေါ်လာ၏။

"နင့်လင် နောက်မိန်းမယူသွားတာ တွေ့တယ်မဟုတ်လား၊ သည်အိမ်ကိုလည်း ပြန်လာမှာ မဟုတ်ဘူး၊ သူ့ပါးစပ်က မပေါင်းနိုင်ဘူး၊ သွားတော့လို့ ပြောသွားပြီ မဟုတ်လား"

မယ်သုမနသည် အိမ်ပေါ်သို့ တုန်ယင်စွာတက်လာ၏။ သူကြွယ်အား ရိုသေစွာရှိခိုး၏။

"ကိုသောနကိုခေါ်ပေးပါအဖေ၊ သမီးမှာ ဘာအပြစ်ရှိသတုံး၊ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးပါရစေ"

"စကားကို ဗလောင်းဗလဲ မပြောနဲ့၊ လင်ရဲ့ပါးစပ်က မပေါင်းနိုင်ဘူး၊ အခုဆင်းသွားလို့ ပြောသွားပြီ မဟုတ်လား"

သူကြွယ်သည် ပြောပြောဆိုဆို ခြေဖြင့်ကျောက်သည်။

"အသား မနာချင်ရင် မြန်မြန်ဆင်းသွား"

သဒ္ဒါသုမန ခါးကော့ပြီး ဆင်းခဲ့ရသည်။

ယောက္ခမ၏လုပ်ဇာတ်ကို မသိသောကြောင့် စိတ်အပြောင်းမြန်သော လင်အား အံ့သြ၏။

ပြုရက်လေသည်ဟု တစိမ့်စိမ့်တွေးရင်း မျက်ရည်တွေတွေကျ၏။

ဩော် ... ဘယ်သူမပြု မိမိမှုပါကလား။ မျိုးရိုးဇာစ်မြစ်ကို ရေရာသေချာအောင် မစုံစမ်းဘဲ ခုမြင် ခုကြိုက် ခုလိုက်လာတော့ အယူမှားနေတဲ့ မိစ္ဆာဒိဋ္ဌိတောထဲ ရောက်တယ်။ သူတို့နှင့် ဘာသာမတူလို့ နှိပ်စက်နှင်ထုတ်တယ်။ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး။ ငါ့အပြစ်၊ ငါ့အပြစ် ...

## စိုင်ကော်၍ ချုံပေါ်ရောက်ခြင်း

သဒ္ဒါသုမနသည် ဇရပ်တစ်ဆောင်တွင် ဝင်ရောက်နားခို၏။ မိမိကိုယ်ကို အပြစ်ပုံချပြီးနောက် သတိဖြင့် ကိုယ်ကိုထိန်း၏။

ဇရပ်အနီးတွင် ရေကန်ရှိသည်။ ဇရပ်ဘေးတွင် ရေအိုးစင်ရှိသည်။ ခရီးသွားများသည် ရေအိုးစင်တွင် ရေဝင်သောက်ကာ အမောအပန်းဖြေသည်။ ခရီးဝေးသွားသည့် လှည်းအုပ်များသည် ရေကန်အနီးတွင် လှည်းတပ်ဖွဲ့ကာရပ်နားသည်။ နွားရေတိုက်ကြ၊ လူတွေ ရေချိုးကြ၊ မီးခိုးတလူလူဖြင့် ထမင်းဟင်း ချက်ပြုတ်ကြရာ ရွာငယ်တစ်ခုနှယ် ရှိသည်။

စည်သံသဲ့သဲ့ ကြားရသည်။

တစ်ယောက်တစ်ပေါက် စကားပြောနေသံများ တိတ်ဆိတ်သွားသည်။ ဘာသံလဲဟု နားစွင့်ကြခြင်း ဖြစ်သည်။

ဘုရင်များ ထွက်တော်မူရာတွင် တီးခတ်သောစည်သံဟုသိလျှင် သိချင်း လှည်းပေါ်မှဆင်းပြီး မြေပြင်တွင် ထိုင်ကြ၏။ ပစ်စလက်ခတ်

လှန်းထားသော အဝတ်တွေကို သိမ်း၏။

သဒ္ဒါသုမနကား အပူကိုသိမ်းသော်လည်း မငြိမ်း။

ကိုယ့်အပူနှင့်ကိုယ်မို့ စည်သံကို အမှတ်မဲ့ရှိ၏။

ထိုသို့ အမှုမဲ့ အမှတ်မဲ့ နေမိခြင်းသည်ပင် ဘုရင့်အမြင်တွင် ထင်းခနဲဖြစ်အောင် လုပ်ပေးသကဲ့သို့ ဖြစ်ချေ၏။ ဘုရင်သည် တိုင်းခန်းလှည့်လည်လာခြင်းဖြစ်၏။ သဒ္ဒါသုမနအားမြင်လျှင် ဆင်ကိုရပ်ပြီး စိန်းစိန်းကြည့်၏။

"ဟဲ့ ကလေးမ၊ ဟဲ့ မိန်းကလေး... အမယ်လေး... ရာဇဝတ်သင့်တော့မှာပဲ၊ ဆင်း"

ဘေးဘီက ထိတ်လန့်တကြား အော်ကြသည်။ သုမန ပြူးပြူးပျာပျာဖြင့် မြေသို့ဆင်းသည်။ လက်အုပ်ချီဝပ်တွားသည်။

အပျိုတော်တစ်သိုက် ဇရပ်ရှေ့သို့လျှောက်လာသည်။

သုမနအား လက်ညှိုးထိုးကာ စကားပြောသည်။

"သူငယ်မ၊ ရှေ့တော်ဝင်ပြီး ခစားရမယ်"

"အို၊ ကျွန်တော်မ ဘာလုပ်မိလို့တုံး"

သုမနမှာ ထိတ်သည်ရော လန့်သည်ရော ကြောက်သည်ရော စုံနေ၏။ မင်းပါးစိုးခွင် အဝင်အထွက် မရှိသောကြောင့် မည်သည့်သဘောဟု မသိ။ မသိသဖြင့် ပြောမိပြောရာ ပြော၏။

"ဘုရင်မင်းမြတ် ရှုစားတော်မူလိုလို့ ခေါ်တာ၊ ကြောက်စရာမဟုတ်"

သုမန ထလိုက်သွားရ၏။ မြေပြင်တွင် ကျုံ့ကျုံ့ထိုင်ကာ ခစားရ၏။

"ဟဲ့ မော်ဖူးစေတဲ့ဟဲ့၊ ခေါင်းမော့ပြီးဖူးစမ်း"

သုမနသည် ခိုင်းသည့်အတိုင်း မော့ကြည့်ရ၏။ တောက်ပသောမျက်လုံးအစုံနှင့် ရင်ဆိုင်ရသည်။ ဆင်းရဲသားဖြစ်စေ၊ ရှင်ဘုရင်ဖြစ်စေ ရမ္မက်ပြင်းပြသော မျက်လုံးများမှာ မကွဲမပြား တစ်သားတည်းပါတကား။

"မယ်မင့်နာမည် ဘယ်လိုခေါ်သတုံး"

"သဒ္ဓါသုမနပါ ဘုရား"

"ဘယ်ကလာလို့ ဘယ်သွားမှာတုံး"

"မဟာဂါမကလာပြီး ကောသလကို သွားမလို့ပါဘုရား"

ဘုရင်၏အမေးကိုကြားရသော်လည်း အမတ်ကြီးတစ်ယောက်က မေးမြန်းမှသာ သုမန ဖြေရဲ၏။ သုမန ဖြေသည်များကို အမတ်က တစ်ဆင့်တင်လျှောက်၏။

"မယ်မင့်မှာ လင်ရှိသလား"

မမျှော်လင့်သောမေးခွန်း ဖြစ်သဖြင့် မယ်သုမနမှာ ဘယ်လိုဖြေရမှန်း မသိပါလေ။

"မေးနေတယ်လေ သူငယ်မ၊ မယ်မင့်မှာ လင်ရှိသလား"

"မရှိ၊ မရှိပါဘူးဘုရား"

"သို့ဖြစ်လျှင် မယ်မင့်အား ဘုရင်မင်းမြတ် နှစ်သက်တော်မူသဖြင့် တော်ကောက်တော်မူသည်၊ ရွှေနန်းတော်သို့ လိုက်ပါခစားစေ"

စည်တော်သံပေါ်လာသည်။ ရှေ့တော်ပြေးမှူး ဆက်လက်ချီတက်သည်။ ဆင်တော်ရွေ့သည်။ မယ်သုမန ပြောရန် စကားရှာဖွေနေဆဲဝယ် အပျိုတော်များကတွဲခေါ်ကာ ရထားပေါ်သို့တင်ပေးသည်။

မယ်သုမနသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ သတိ၊ ဟီရိဩတ္တပ္ပတရားတို့ဖြင့် ပြည့်စုံသူဖြစ်သည်။ သို့အတွက် အကြောင်းအရွံ့အထိတ်အလန့်များကို ပညာဖြင့်ဖယ်ရှားပြီး သတိထားလျက် စုံစမ်းရသည်။

ဘုရင်တွင် မိဖုရားများစွာရှိသည်။ ပြည်ထောင်ချင်းချင်းမင်းတွေက ဆက်သသော မိန်းမချောတွေ၊ သူဌေးသူကြွယ်တို့ဆက်သသော မိန်းမလှတွေနှင့် မင်းမျိုးမင်းနွယ်ဖြစ်သော မိဖုရားကြီးတွေရှိ၏။ သို့လျှင်ရှိပါလျက် လမ်းဘေးကမိန်းမကို ကောက်ယူခြင်းမှာ အမှိုက်လှည်းခိုင်း

ရန်မဟုတ်၊ အဝတ်လျှော်ခိုင်းရန်မဟုတ်၊ မိဖုရားမြှောက်ရန် ဖြစ်သည်။ သို့ကြောင့်သာ အသာမိလော၊ သာမိလော... လင်ရှိ မရှိ မေးမြန်းစိစစ်ခဲ့သည် မဟုတ်သလော။

မယ်သုမန၏ စင်ကြယ်သန့်ရှင်းသော နှလုံးသားသည် မျက်နှာကို ရောင်ပြန်ဟပ်သည်။ ထိုအခါ ပင်ကိုလှပရင်းစွဲမျက်နှာသည် ကြည်လင်အေးချမ်းနေသည်။ သို့ကြောင့် ကြံကြံဖန်ဖန် ဘုရင်မြတ်နိုးသည်။

နန်းတော်တွင် ရံရွေတော်အိုကြီးတွေ၊ မိဖုရားအိုကြီးတွေ ရှိသည်။

သူတို့က မယ်သုမနအား စင်ကြယ်အောင် ရေချိုးခိုင်းသည်။ အမွှေးနံ့သာ ထုံမွှမ်းပေးသည်။ နန်းဓလေ့ သိမှတ်ဖွယ်များ သင်ကြားပေးသည်။ ဘုရင်နှင့် နှစ်ကိုယ်ချင်း ပြောဆိုဆက်ဆံပုံများပါ မကျန်ရပေ။

အစကတည်းက ယဉ်ကျေးသိမ်မွေ့ပြီးသော မယ်သုမနသည် ဘုရင်နှင့် ဆက်ဆံရေးတွင် အထစ်အငေါ့ မရှိပေ။ ဖုန်အလိမ်းလိမ်း ချွေးအလူးလူးဖြင့် ဇရပ်ပေါ်တွင် ထိုင်နေစဉ်ကပင် လှပယဉ်ကျေးခဲ့သည့် မယ်သုမနမှာ နန်းသူအသွင် မွမ်းမံလိုက်သောအခါ ရှုမငြီးအောင်ရှိသည်။ ဘုရင် ပို၍မြတ်နိုးဖွယ် ဖြစ်သည်။

မြတ်နိုးသောကြောင့်လည်း ပြုမြဲဓလေ့အတိုင်း အလှူပေးပါရစေ ခွင့်တောင်းသည်ကို ခွင့်ပြုခြင်း ဖြစ်သည်။

## တရားသဖြင့် စီရင်ခြင်း

"မိဖုရားအသစ်ရဲ့ ကောင်းမှုတော် စတုဒိသာပွဲကြီး"

ရိုးရိုး ကျွေးမွေးပေးကမ်း လှူဒါန်းရုံသာမဟုတ်။ ကြည့်ချင်ပွဲတွေ ချောတိုင်တက်ပွဲ၊ လက်ဝှေ့ပွဲ၊ မျက်လှည့် လက်လှည့်ပွဲများပါ ပါသည်။ အနယ်နယ်အရပ်ရပ်မှလူများ ကြိတ်ကြိတ်တိုးအောင်လာကြသည်။

မိဖုရားသဒ္ဒါသုမနသည် မဟာဒါန်ဝန်နှင့် စာရေးများခြံရံလျက် အလှူတော်ကြီးကို လိုက်လံကြည့်ရှုကာ ကြည်နူးဝမ်းသာနေသည်။ အလှူရှင်က သဒ္ဒါရက်ရောစွာပေးလှူပါလျက် ခါးကဖြတ်ယူသလော၊ လက်အောက်က အကုန်သိမ်းသလော၊ အလှူခံတွေကို ဆဲရေးငေါက်ငမ်းလွှတ်သလော စသည်များကိုလည်း မကျေနပ်သူရှိက တိုင်တန်းနိုင်စေရန် ဖြစ်၏။

မိဖုရား၏အလှူတော်ကြီးတွင် ဖြတ်စားလျှပ်စား မရှိချေ။ မိဖုရားကြီး ဝမ်းသာအားရ ကြည်နူးနေစဉ် လူတစ်ယောက် ဘွားခနဲ ပေါ်လာ၏။

"မယ်သုမန၊ မင်းသည်မှာ ဘာလာလုပ်နေတာတုံး"

မောင်သောနဖြစ်သည်။

မိဖုရားသည် တုန်လှုပ်ထိတ်လန့်စွာကြည့်သည်။ မိမိအား မပေါင်းနိုင်၊ အိမ်ပေါ်မှဆင်းသွားဟု နှင်ခဲ့ပါလျက် မည်သည့်အတွက် လာမေးနေသနည်း။

"အမောင်ဆင်းရဲသား၊ ဒါဟာ ဘုရင့်မိဖုရားဖြစ်တယ်၊ မရိုမသေပြောရင် ရာဇဝတ်သင့်လိမ့်မယ်"

မင်းချင်းတစ်ယောက်က သတိပေးလျှင် "ကျွန်တော် ကုန်ရောင်းကုန်ဝယ်သွားနေတုန်း အိမ်မှာကျန်ခဲ့တဲ့ ကျွန်တော့်မယားမို့ ကျွန်တော် စကားပြောတာပါ" ဟုချေပ၏။

မိဖုရားမှာ ရာဇဗ္ဗေခြွေဆည်လျက် နန်းတော်သို့ ပြန်ခဲ့ရသော်လည်း ရင်ထဲ၌ သောကမီးလှိုင်နေသည်။ နှင်သူနှင့် ဤသူသည် ရုပ်ရည်တူသော်လည်း အမူအရာ မတူပါတကား။ မိမိမှားပြီလော။

ယခုရောက်လာသော မောင်သောနမှာ မယ်သုမန၏ လင်အစစ်ဖြစ်သည်။

သူအိမ်ပြန်ရောက်သောအခါ သူ့အဖေသူကြွယ်ကြီး မှိုင်တွေချနေ

သည်။ "မိုက်တယ်၊ မိုက်တယ်၊ တော်တော်မိုက်မဲတဲ့ မိန်းကလေးပဲ" ဟု မြည်တမ်းနေချေသည်။

"အဖေ... ဘာတွေပြောနေတာတုံး၊ ဘာဖြစ်နေတာတုံး"

"ဩော် ... လူကလေးမောင်သောန ပြန်ရောက်လာမင့်ကိုး၊ မင့်မယား မယ်သုမနရယ်၊ အဖေ့ကိုစိတ်ဆိုးပြီး အိမ်ကဆင်းသွားတယ်၊ အေး ငါ့သမီး မနေချင်လို့ဆင်းမယ်ဆို အဖေ မတားပါဘူး၊ သို့သော်လည်း ငါ့သားကြီးပြန်လာအောင်တော့ စောင့်ပါဦး မေတ္တာရပ်ခံတာ မရဘူးသားရေ့"

သားကိုချစ်သောကြောင့် အဖေအောင့်ထားရခြင်းသာဖြစ်သည်။ မယ်သုမနအား အဖေ မကြည်ဖြူဟု မောင်သောနသိထားရကား အဖေ့စကားကို မယုံကြည်ပါ။ မယုံကြည်သည့်အလျောက် အိမ်နီးနားချင်းများထံ စုံစမ်းသောအခါ ရိုက်ပုတ်လွှတ်ကြောင်း သိလာရတော့သည်။

သို့အတွက် အပန်းသော်မျှမဖြေဘဲ အိမ်မှထွက်လာသည်။ ဟိုနေရာတွင်ရှိနိုး၊ သည်နေရာတွင် တွေ့နိုးနိုးဖြင့် မယ်သုမနအား လိုက်လံရှာဖွေသည်။ ဟော တွေ့မည့် တွေ့တော့ မိဖုရားကြီး သဒ္ဒါသုမန။

သို့ဖြင့် မောင်သောန ရာဇဝတ်သင့်သည်။ ဘုရင့်မိဖုရားအား သူ့မယားပါဟု စွပ်စွဲမှုဖြစ်သည်။ ထိုအမှုကို ဘုရင်မင်းမြတ်ကိုယ်တော်တိုင် စစ်ဆေးသည်။

တရားခံမောင်သောနက "မိမိသည် မိမိမယားအား နှင်ချခြင်းမပြု၊ ခရီးသွားရာမှပြန်လာ၍ မယား မရှိကြောင်း သိလျှင်သိချင်း လိုက်လံရှာဖွေပါသည်၊ သို့ကြောင့် မိမိနှင်သည်ဟူသည်မှာ မဖြစ်နိုင်" ဟု ချေပသည်။

မိဖုရားကြီးကလည်း "မိမိတွင် ကာမပိုင်လင်ယောကျ်ား မရှိပါဟု ဘုရင်မင်းမြတ်အား လျှောက်ကြားခဲ့ခြင်းမှာ မိမိ၏လင်ကိုယ်တိုင် မ

ပေါင်းနိုင်၊ ဆင်းသွားဟုပြောသောကြောင့် ဆင်းလာခဲ့ပြီးသောကြောင့် ဖြစ်ပါသည်၊ မိမိအားနှင်ချစဉ်က လှည်းယာဉ်စီးလာပါသည်၊ မိန်းမ တစ်ယောက်က ထီးမိုးပေးနေပါသည်"ဟု ထွက်ဆိုလေသည်။

တရားသူကြီးဖြစ်သော ဘုရင်မင်းမြတ်သည် မိမိ၏မိဖုရားကြီး မလိမ်ညာဟုသိသည်။

ထို့အတူ တရားခံမောင်သောနမှာလည်း မယားတရှုးဖြစ်ကာ သောကလွှမ်းနေစေကာမူ လီဆယ်ပြောခြင်းမရှိဟု ဘုရင်သဘောရသည်။

အမှုသည် လုံးလည်ချပ်ပြား ဖြစ်တော့မည့်အယောင် ရှိသည်။

သို့ရာတွင် ပညာရှိအမတ်ကြီးကလျှောက်သည်။

"ယောက္ခမဖြစ်သူ မဟာဂါမသူကြွယ်ဟာ တိတ္ထိ တက္ကတွန်းတို့ ၏ ဒါယကာရင်းဖြစ်ပါသည်၊ ချွေးမမှာ ရတနာသုံးပါးအား ကိုးကွယ်သူ ဖြစ်သဖြင့် သားနှင့်ချွေးမ ကွဲပြားအောင်လုပ်သူ ဖြစ်ဖွယ်ရှိပါသည်"

သို့အတွက် ပျောက်နေသောအစကို ကောက်မိသည်။ ပျောက်နေ သောအစမှာ "မယ်သုမနအား မောင်သောန နှင်၊ မနှင်" ဖြစ်သည်။

ဘုရင်မင်းမြတ်သည် မဟာဂါမသူကြွယ်အား တရားရုံးသို့ ဆင့် ခေါ်သည်။ "သူတစ်ပါးလင်မယား ကွဲပြားအောင် အဘယ့်ကြောင့် လုပ် သနည်း" ဟု မေးသည်။

"ဘုရား့ ကျွန်တော်မျိုး"ဟု သူကြွယ်စကားစဆဲမှာပင် "အဘယ် ကဲ့သို့လုပ်သည်ကို ငါသိလိုသည်" ဟူ၍ ထပ်ဆင့်မိန့်တော်မူသည်။

သူကြွယ်မှာ နေစရာမရှိအောင် ကြောက်ရွံ့သွားတော့သည်။

ဘုရင်မင်းမြတ်၏စကားများမှာ ပိုင်နိုင်တိကျစွာ သိနေလေဟန် ဖြစ်သည်။

ဘုရင်မင်းမြတ်၏တရားရုံးမှ ဆင့်ခေါ်သည်ဆိုကတည်းက... သို့ လော သို့လော... တွေးတော ကြောက်ရွံ့နေခဲ့သော သူကြွယ်၊ အပိုင်အနိုင်

အတိအကျ သိထားပြီးလေဟန် အမေးခံရသည်တွင် သူ၏လုပ်ကြံမှုသည် ပေါ်ထွက်လာတော့သည်။

"မှန်လှပါ၊ သားကြီးသောနနှင့် ရုပ်ရည်သွင်ပြင် မဆိုစလောက်မျှသာ ကွဲပြားတဲ့ စူဠသောနအမည်ရှိ သားငယ်ရှိတာကို ကျွန်တော်မျိုးမ ချွေးမ မသိခဲ့ပါဘုရား၊ ဝေးလံသောအရပ်တွင် ရောက်နေသောကြောင့် ဖြစ်ပါသည်ဘုရား၊ ထိုသားအား ခေါ်ယူကာ ချော့တစ်ခါ ချောက်တစ်လှည့်ဖြင့် မိမိဘက်ပါအောင် သိမ်းသွင်းပြီးမှ သားကြီးကို ကုန်သည်လှည်းများနှင့် စေလွှတ်ပါသည်၊ သုံးရက်မျှအကြာတွင် သားငယ်စူဠသောန လျှပ်တစ်ပြက်ရောက်လာကာ သားကြီးသောနအဟန်ဖြင့် နှင်ချပြီးနောက် ပြန်လည်ထွက်ခွာသွားပါသည် ဘုရား"

တရားခံပေါ်ပေပြီ။ သဒ္ဒါသုမနအား သူ့လင်က နှင်ထုတ်ခြင်းမရှိကြောင်းလည်း ထင်ရှားခဲ့ချေပြီ။

သို့လျှင် အရှုပ်အထွေးပြေလည်သော်လည်း အမှုမှာ မပြီးသေးပါ။

"မဟာဂါမသူကြွယ်သည် သူတစ်ပါး၏ ချစ်ခြင်းကိုခွင်းသည့်အတွက် ချွေးမဖြစ်သူ ကျေနပ်သည်အထိ ဝန်ချတောင်းပန်စေ"

ဤမျှဖြင့်လည်း မပြီးပြေသေးပါ။

"မဟာဂါမ သူကြွယ်၏သား သောနသည် မိမိမယား သဒ္ဒါသုမနအား ပြန်လည်ခေါ်ယူစေ"

ပြည့်ရှင်မင်းသည် မိမိမြတ်နိုးသောကြောင့် ကောက်ယူမြှောက်စားသော မိဖုရားပင် ဖြစ်စေကာမူ အမှန်ပြတ်စဲခြင်း မရှိကြောင်း ကာမပိုင်လင်ယောကျ်ားက စောဒကတက်လာသောအခါ၌ စွန့်လွှတ်ခြင်းဖြင့် တရားနည်းလမ်းမှန်ကန်စွာ စီရင်လိုက်လေသတည်း။

**(ဗမာပုံပြင်)**

❑



# မိုးစက်ကလေးတွေ အောင်ပွဲခံပြီ

## လေသာတောင်မှ ဘီလူးကြီး

ရှေးလွန်လေပြီးသော နှစ်ပေါင်း အသောင်း အသိန်းကာလတုန်းက တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းတို့ ဝေမြိုင်နေသည့် ဆီးယင်းလွှင်ပြင်ဝယ် ကြမ်းတမ်းရက်စက်သော ဘီလူးကြီးတစ်ကောင် ရှိနေခဲ့လေသည်။ ဘီလူးကြီးသည် လေသာတောင်ကို အမှီပြုနေထိုင်သည်။ သူနေထိုင်သော လိုဏ်ခေါင်းကြီးအတွင်း၌ ဆင်ရိုး ဆင်ခေါင်းများ၊ ကျွဲနွား လူသူတို့၏ အရိုးများနှင့် ဦးခေါင်းခွံများ ပြည့်နေလေသည်။ လိုဏ်ခေါင်းကြီးအတွင်း၌ အဆိုပါအသေကောင်တို့၏ အပုပ်နံ့များလှိုင်နေသဖြင့် သာမန်လူတို့ မဝင်နိုင်ပေ။

ထိုဘီလူးကြီးသည် သူ၏ပိုင်နက်အတွင်းသို့ သက်ရှိသတ္တဝါများကို ဝင်ခွင့်ကားပြု၏။ သို့ရာတွင် သူ့ပိုင်နက်တွင်းမှ ထွက်ခွာရေးကိုကား ခွင့်မပြုပေ။ သူဖမ်းယူသတ်ဖြတ် စားသောက်ပစ်သဖြင့် မည်သူမျှ မသွားရဲပေ။

သူသည် သူနေထိုင်ရာ တောင်ခေါင်းကြီးကို ကြီးမားသော ကျောက်တုံးကြီးတွေဖြင့် ပိတ်ဆို့ထားပြီးမှ အိပ်စက်လေ့ရှိသည်။

အိပ်ရာမှနိုး၍ ဆာလောင်သောအခါ ဂူပြင်သို့ ထွက်လာသည်။ တွေ့သမျှ ဆင်အစ ကြွက်အဆုံးရှိသည့် သတ္တဝါများကို ဖမ်းယူသတ်

ဖြတ် စားသောက်လေတော့သည်။

နှစ်ပေါင်းကြာလာခဲ့သည်။ လေသာတောင်ဝန်းကျင်ရှိ တောထဲတွင် ပုရစ်ပိုးမွှား လိပ်ပြာကဲ့သို့သော သက်ရှိများသာရှိတော့သည်။ သို့အတွက် ဘီလူးသည် စားကျက်များရှိရာသို့ထွက်လာကာ ကျွဲနွားတို့ကို ဖမ်းယူတော့သည်။

လူတို့သည် ကျွဲနွားများကို စားကျက်သို့ မလွှတ်တော့ပါ။

ထိုအခါ ဘီလူးအတင့်ရဲလာသည်။ ညအချိန်တွင် ရွာထဲသို့ တိတ်တဆိတ်ဝင်လာသည်။ ကျွဲ၊ နွားနှင့် ဆိတ်၊ ဝက်၊ ခွေးများကို ဖမ်းယူသွားကာ စားသောက်ပစ်သည်။

လေသာတောင်ဝန်းကျင်ရှိ ကျေးရွာများမှာ ဘာလုပ်ရမှန်းမသိကြ။ စုပေါင်းညီညာ ခုခံတိုက်ခိုက်ရန် မသိပေ။ သိသည်ထား၊ စည်းလုံးညီညွတ်ခြင်း မရှိသဖြင့် ဘီလူးကြီးမှာ ဟန်ကျနေလေ၏။

လပေါင်းများစွာ ကုန်လွန်ခဲ့ပြန်၏။

ကျွဲ၊ နွားနှင့် ခွေး၊ ဝက်သာမက ကြက်များပင်လျှင် ကျေးရွာများတွင် မရှိတော့ချေ။

သို့အတွက် ဘီလူးကြီးသည် အလယ်ရွာထဲသို့ ချင်းနင်းဝင်ရောက်လာကာ အသံကျယ်ကြီးဖြင့် အော်ဟစ်၏။

"ဟေ့ နားထောင်ကြ"

အသံကြီးမှာ ကျယ်လောင်လွန်းသဖြင့် လေသာတောင်နှင့်ထိရိုက်ကာ ပဲ့တင်သံ ရှည်ကြာစွာ ဟိန်းပျံ့နေ၏။

လူတွေလည်း အိမ်တံခါးကို အပြေးအလွှားပိတ်ကြ၏။

"ကနေ့ကစပြီး ငါ့အတွက် ခုနစ်ရက်ကို နွားတစ်ကောင်ပေး၊ မပေးရင် တစ်ရက်ကို တစ်ယောက်ကျ ငါ့ဂူဝကိုလာပြီး အစားခံရမယ်"

စက်ဆုပ်ဖွယ်ရာအသံကြီး ကျန်ရစ်ခဲ့သော်လည်း ဘီလူးကား

ထွက်ခွာသွားခဲ့လေပြီ။ ရွာလူကြီးလည်း ထိတ်လန့်စွာဖြင့် အချက်ပေးပြီး လူစုသည်။ လူများစုံသောအခါ လှုံ့ဆော်စကား ပြော၏။

"အချင်းတို့... ငါတို့ ဆီးယင်းကျေးရွာများတွင် ကြက်၊ ဝက်နှင့် ခွေးများ၊ ကျွဲ၊ နွားများ ဒုက္ခရောက်ခဲ့တာကြာပြီ၊ ဒါဟာ လေသာတောင်မှာနေတဲ့ ဘီလူးကြီး ဖမ်းစားလို့ပဲ၊ ငါတို့ဘာမှ မလုပ်ဘဲ သဘောကောင်းနေကြတဲ့အတွက် တစ်နေ့ကိုလူတစ်ယောက် လာပြီးအစားခံရမယ်တဲ့၊ ဘယ်လို လုပ်ကြမတုံး"

ရွာလူကြီးထိုင်လျက် အဘိုးအိုတစ်ဦးက ထပြော၏။

"ငါတို့တစ်တွေ ညီညီညွတ်ညွတ်စုပေါင်းပြီး သူနေတဲ့ဂူကို မီးနှင့် သွားရှို့ကြရင် မကောင်းဘူးလား"

ထိုအကြံတွင် လိုအပ်သည်များရှိလျှင် ဖြည့်စွက်ပေးခြင်းဖြင့် ပိုမိုစေ့စပ်ကောင်းမွန်အောင် အကြံမပြုကြပေ။

"ခင်ဗျား ပထမ သွားပြီး မီးရှို့ပြမလား"

"ဘီလူးက ထွက်လိုက်လာတော့မှ အားလုံးသေကုန်အောင်လုပ်တာ"

"အလကား၊ ကိုယ်မလုပ်နိုင်ဘဲနှင့် ဆရာလုပ်ပြီး လူတတ်လုပ်နေတာ"

စကားကောင်းမထွက်လာ ပါးစပ်ညှံ့များဖြင့် တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် လူငယ်တစ်ယောက်က ထရပ်ပြီး အကြံပေးသည်။

"သစ်လုံးအကြီးကြီးတွေကို အမြင့်ကြီးစိုက်ထူပြီးရွာကို ဝိုင်းထားမယ်ဗျာ"

"အဲသည် သစ်လုံးတွေ သွားခုတ်နေတာနဲ့ တောင်ယာ မလုပ်ရတော့ဘူး"

"မင့်သစ်လုံးတွေကို ဘီလူးက ကျော်မတက်ပါဘူး အာမခံသလား"

"သစ်လုံးသွားခုတ်မယ့်အစား အမဲလိုက်ရင်း တောထဲမှာ ရှောင်နေမှာပေါ့"

ပေါက်ကရလေးဆယ်တွေပြောရင်း အချိန်ကုန်သွားသည်။ စိတ်ပျက်ပြီး ပြန်သူက ပြန်သွားပြီ။ လူဦးရေ နည်းသည်ထက် နည်းလာသောအခါ အစည်းအဝေးလည်း အလိုအလျောက် ပျက်သွားလေ၏။

## လက် မပါသော ရွာသားများ

"ဘီလူးကြီး စိတ်ဆိုးနေပြီဟေ့၊ တစ်ရွာလုံး စားပစ်မယ်တဲ့၊ အော်နေတယ်"

နောက်တစ်နေ့တွင် ဘီလူးထံ လူတစ်ယောက် သွားရောက်အစားခံရန်ဖြစ်၏။ ညှိနှိုင်းဆွေးနွေးခန်းသို့ မရောက်ဘဲ အစည်းအဝေး ပျက်သွားသည် မဟုတ်သလော။ သို့အတွက် ဘီလူးထံ လူမရောက်။

သို့ဖြစ်လျှင် ဘီလူးစိတ်ဆိုးနေကြောင်း မည်သူကြားခဲ့သနည်း။ မည်သူမြင်ခဲ့သနည်း။ ခြေခြေမြစ်မြစ် မရှိ။

သို့သော် ကြောက်ရွံ့နေကြပြီ။ ထိတ်လန့်တုန်လှုပ်စွာဖြင့် အိမ်များကို ခိုင်ခံ့အောင် လုပ်ကြသည်။ နေမဝင်မီ အိမ်တံခါးတွေပိတ်လျက် ငြိမ်သက်စွာ နေလိုက်ကြလေတော့၏။

ရွာသားတွေ အသိဉာဏ်နည်းသော်လည်း ဘီလူး၌ အသိဉာဏ်ရှိသည်။ ရွာထဲသို့ဝင်လျှင် အပြန်လမ်းတစ်လျှောက်၌ မြားအစင်းပေါင်းများစွာ၊ လှံအချောင်းပေါင်းများစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံရရာ၏။ ရွာစွန်မှ စတင်ပြီး တစ်အိမ်ချင်းဖြိုဖျက်ရသော် အန္တရာယ် မနည်းပေဘူးလော။

ဘီလူးသည် ရွာဖျားရှိ အိမ်တစ်အိမ်ကို ဆွဲဖျက်သည်။

အိမ်ထဲသို့ ချင်းနင်းဝင်ရောက်ကာ တွေ့ရာလူကို ကုပ်ချီးစားပစ်သည်။

"ဘီလူးကြီး၊ ဘီလူးကြီး၊ အမယ်လေး... လာကြပါဦး၊ ဘီလူးကြီး

ကျွန်မယောကျ်ားကို သတ်နေပါပြီ"

မိန်းမတစ်ယောက်၏ ငိုကြွေးအော်ဟစ်သံသည် တစ်ရွာလုံးကို လွှမ်းခြုံ၏။ ရွာသားများကား ငါ့အိမ်မဟုတ်၊ ငါ့အသားကိုမထိသဖြင့် တုတ်တုတ်မျှ မလှုပ်ကြ။

"ကယ်ပါဦးရှင်... ကျွန်မသားလေးကို ဘီလူးကြီးရဲ့ပါးစပ်ထဲ အရှင်လတ်လတ် ထိုးသွင်းနေပါပြီ၊ ကယ်ကြပါဦး"

သွေးပျက်စဖွယ် အော်ဟစ်ငိုကြွေးသံများသည် တိတ်ဆိတ်နေသော ရွာကလေးတွင် ညံစာနေ၏။

ဘီလူးသည် လာစဉ်က လူတစ်ယောက်သာ ဖမ်းယူစားသောက်ရန် စိတ်ကူးခဲ့၏။ အခုအခံမဲ့ ထင်တိုင်းကြဲ၍ ရမှန်းသိသောအခါ တစ်အိမ်လုံးကို စားသွား၏။

နံနက်လင်းသောအခါ ကြေမွပျက်စီးနေသော အိမ်နှင့် သွေးများ အရိုးများကို မြင်ကြရတော့၏။

ရွာလူကြီးသည် မိမိ၏ရွာ ဤသို့အလုပ်ခံရသည်ကို မလိုလား။ ရှက်သည်။ ကြောက်သည်။ ရွာသားများကို အစည်းအဝေးခေါ်ပြန်သည်။

"အချင်းတို့... ဝါးရုံပင်တစ်ပင်ကို ခုတ်ထွင်တဲ့အခါ အပြင်ဘက်ဆုံးကျတဲ့အပင်ကစပြီး ခုတ်ရတယ်၊ နောက်တဖြည်းဖြည်း အလယ်က အပင်ကိုခုတ်၊ နောက်ဆုံးမှာ ဝါးရုံတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းတယ်၊ အခု လည်း ဘီလူးဟာ ငါတို့တစ်ရွာလုံးကို အစဖျောက်ပစ်ဖို့အတွက် အစွန်ဆုံးကအိမ်ကို စတင်ဖျက်ဆီးပြီး သတ်ဖြတ် စားသောက်ပစ်လိုက်ပြီ၊ ငါတို့ ဘာလုပ်ကြမတုံး"

ရွာသားများသည် ယခင်တစ်ကြိမ်နည်းတူ အရည်မရ အဖတ် မရတွေ ပြော၏။ ကိုယ်ပြောသည့်စကား ဘယ်ရောက်၍ ရောက်မှန်း မသိသောစကားတွေကိုပြောခြင်းဖြင့် အချိန်ဖြုန်းနေကြ၏။

"အားလုံးနားထောင်ကြပါ၊ ခင်ဗျားတို့လူကြီးတွေဆီက အကြံကောင်း ဉာဏ်ကောင်းထွက်လာမလားလို့ နားထောင်နေတာ၊ ဘာတစ်ခုမှ ထွက်မလာဘူး၊ သည်တော့ အလွန်ဆိုးသွမ်းရက်စက်တဲ့ ဘီလူးရန်ကို သေချာပေါက် နှိမ်နင်းနိုင်တဲ့ နည်းလမ်းတစ်ခု ပေးပါမယ်"

ချီးမွမ်းသံများ လက်ခုပ်တီးသံများက ဘာအကြံဉာဏ်မှန်း မသိမီကပင် ကြိုတင်ထွက်ပေါ်လာ၏။

"ပြောပါ ပြောပါ" ဟုအော်ကြ၏။

"ကျုပ် အကြံဉာဏ်ကတော့ ဘီလူးဆိုးကြီး အစာရှာထွက်လာတဲ့အခါမှာ ထောင်ချောက်နှင့်ထောင်ပြီး ဖမ်းဖို့ပါပဲ၊ ဘီလူးကို ထောင်ချောက်ထဲမှာ ဖမ်းမိပြီဆိုရင် နှိမ်နင်းဖို့ မခက်တော့ပါဘူး"

"ဟုတ်တာပေါ့၊ အလွန် ဟုတ်ပါပေတယ်"

"တကယ်ကောင်းတဲ့အကြံ၊ တကယ်ကောင်းတဲ့ စိတ်ကူးပါပဲ"

သက်တူရွယ်တူများက ချီးမွမ်းကြ၏။ အကြံပေးသူသည် အစည်းအဝေး တက်လာသူများအား မထီမဲ့မြင်ကြည့်ပြီးမှ ထိုင်၏။

ထောင့်တစ်ထောင့်မှ အဘိုးအိုတစ်ယောက် တုန်ယင်စွာ ထရပ်၏။

"ဘာမဟုတ်က ဟုတ်ကတွေ ပြောမလို့ပါလိမ့်"

"အလကားပါ"

မထီလေးစားအသံများ ပေါ်ထွက်လာသော်လည်း အဘိုးအိုသည် လူအုပ်၏ အလယ်ဗဟိုသို့ရောက်အောင် လျှောက်လာ၏။

"အမောင်တို့... အစည်းအဝေးစကတည်းက ပြောလာလိုက်ကြတာ ခုနက သူငယ်ပြောသွားတာလောက် အဖိုးတန်တဲ့အကြံအစည်ကို ဘယ်သူမှမပေးနိုင်ကြသေးဘူး၊ သည်အကြံဟာ အကောင်းဆုံးပဲ၊ သို့သော်"

သူတို့လူကိုချီးမွမ်းသဖြင့် ကျေနပ်နေသူများမှာ အဘိုးအို၏စကားအဆက်ကို စိတ်ဝင်စားစွာ ငံ့ကြ၏။

"သို့သော် အကြံဉာဏ်ထဲက ထောင်ချောက်ကြီး အကောင်အထည်ပေါ်လာအောင် အဲဒါကိုတင်ပြတဲ့ ပညာရှိသူငယ်ကိုယ်တိုင် ထောင်ချောက်ထွက်ထောင်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

"ကျုပ် ... ကျုပ် ... ကျုပ်ကိုယ်တိုင်ထောင်မယ်လို့ ကျုပ်စကားထဲမှာ မပါဘူး"

အကြံပေးသူ ဝုန်းခနဲထရပ်ကာ မျက်စိပျက် မျက်နှာပျက်ဖြင့် တုံ့ပြန်သည်။

"ထောင်ချောက် ထောင်ရဲတဲ့သူရှိရင် ထောင်ပြီးဖမ်းကြပါလို့ အကြံပေးတာပါ၊ ကျုပ်ထောင်မယ်လို့ မပြောမိပါဘူး"

သို့အတွက် အဘိုးအိုက စကားဆက်၏။

"အကြံဉာဏ်ထုတ်နိုင်တဲ့ အမောင်ပညာရှိကိုယ်တိုင် မလုပ်နိုင်ရင် သည့်ပြင် ဘယ်သူလုပ်ရဲမှာတုံး"

"ဟုတ်ပါတယ်၊ ကျုပ် မလုပ်ရဲပါဘူး"

ထိုအခါတွင် အစည်းအဝေးက ရယ်သွမ်းသွေး၏။ ပြက်ရယ်ပြု၏။ တင်ပြသောအကြံဉာဏ် ပျက်ပြယ်လေ၏။

## စုစည်းသော လက်ချောင်းများ

ရွာသားများမှာ နောက်ထပ် အကြံဉာဏ်သစ် ထွက်မလာကြချေ။ တစ်ဦးကိုတစ်ဦး အပြစ်ဖို့လျက် အစည်းအဝေးမှ ထွက်ခွာသွားကြလေ၏။

ရွာလူကြီးမှာ အစည်းအဝေးပျက်သွားသည့်အတွက် စိတ်မကောင်းချေ။ ဘီလူးကြီးသည် ခုနစ်ရက်ပြည့်လျှင် ရောက်လာလိမ့်မည်။ ဘယ်သူဘယ်ဝါဟု မသိသူတွေလည်း သေကျေပေလိမ့်ဦးမည်။

သို့ကြောင့် ထပ်မံပြီး အစည်းအဝေးခေါ်သည်။

အစည်းအဝေးသို့ကား လာကြပါ၏။ မည်မည်ရရ အကြံကောင်း

ညဏ်ကောင်းကား ထွက်မလာကြ။ အဘိုးအိုတွေက ငယ်ရွယ်သူများအား အထင်သေး၊ ငယ်ရွယ်သူတွေကလည်း အဘိုးအိုတွေကို အထင်မကြီးသဖြင့် အချိန်များ များစွာ ပြုန်းတီးသွားတော့သည်။

သို့အတွက် အဘိုးအိုတစ်ဦးက ထပြောၡ၏။

"အမောင်တို့... လူကြီးပဲဖြစ်ဖြစ် လူငယ်ပဲဖြစ်ဖြစ်... အမြဲ မမှားနိုင်သလို အမြဲလည်း မမှန်နိုင်ဘူးကွယ်၊ တို့ အရေးရှိရှိ မရှိရှိ ဆွေးနွေးမှု ပြုပြု မပြုပြု အမှန်ချည်းရဖို့ မလွယ်ပါဘူးလေ"

"လိုရင်းပြောပါဗျို့"

တစ်ထောင့်မှ ထအော်သဖြင့် လက်ကာပြ၏။

"စိတ်ရှည်ရှည် ထားကြပါလေ၊ အမှားကိုတွေ့တာဟာ အမှန်တွေ့ဖို့ရဲ့ လမ်းစပါပဲ၊ အဲဒါကြောင့် တစ်ဦးကိုတစ်ဦး ငြိုးမာန်ဖွဲ့ အမုန်းမပွားကြဘဲ စုပေါင်း ကြံစည်ကြပါစို့၊ ငါတို့တစ်တွေ သေချာပေါက်အသက်ရှင်ရေးဟာ ကနေ့တစ်နေ့ပဲ ရှိတော့တယ်"

သေဘေးကြီးကို ညွှန်ပြသောအခါ ပွစိ ပွစိ အသံများ ပျောက်သွားသည်။

ငြိမ်သက်စွာ နားစွင့်ကြသည်။

"မိုးရေကိုကြည့်ကြစမ်း၊ မိုးရေဟာ မိုးပေါ်ကကျလာတုန်းက တစ်ပေါက်ချင်း တစ်စက်ချင်းဆိုတော့ ဘယ်သူမှ အရေးလုပ်စရာ မရှိဘူး၊ ဘာကိုမှ မဖျက်ဆီးနိုင်သေးတဲ့အတွက် အရေးလုပ်စရာ မရှိတာဘဲ၊ သို့သော် အရေးလုပ်စရာမရှိတဲ့ မိုးရေစက်တွေ အများကြီးဖြစ်လာပြီး တောင်ကြီးတွေကို ဖြိုချနိုင်တယ်၊ သစ်ပင်ကြီးတွေကို သယ်သွားနိုင်တဲ့ ချောင်းကြီးတွေ၊ မြို့ရွာကြီးတွေကို ဖျက်ဆီးနိုင်တဲ့ မြစ်ကြီးတွေ၊ ပင်လယ်သမုဒ္ဒရာတွေ ဖြစ်သွားတာကို အတုယူပြီး အမောင်တို့ ငါတို့ဟာ မိုးရေကဲ့သို့ ကျင့်ကြစို့"

တွေတွေကြီးနားထောင်နေသော ပရိသတ်သည် နားဝင်လာဟန် ရှိသည်။ အဘိုးအိုမှာ အားတက်လာသည်။

"ငါတို့တစ်တွေလည်း မိုးရေတွေ စုပေါင်းစီးဆင်းတဲ့ချောင်းလို ညီညာစုစည်းနေကြမယ်ဆိုရင် သည်ဘီလူးထက်ကြီးတဲ့ ရန်သူကိုတောင် နိုင်နိုင်တယ်"

ထိုအခါတွင် ထိုစကားကိုထောက်ခံသော အဘိုးအိုတစ်ဦးပေါ် လာသည်။

"အချင်းတို့... ရေမှာ ထောင်လွှားတတ်တဲ့ မာနတရား မရှိဘူး၊ အမြင့်မှာတင်ထားပေမဲ့ မနေဘူး၊ နိမ့်ချတဲ့သဘောနှင့် နိမ့်ရာကို ရှာပြီး နေတတ်တယ်၊ ဒါပေမဲ့ ရေကို အထင်သေးလို့မရဘူး၊ ရေတွေ စုမိ ပေါင်းမိ လုံးမိရင် ခွန်အားကြီးဖြစ်လာပြီး သူသွားတဲ့လမ်းတစ်လျှောက် မှာ တွေ့တဲ့ရန်သူအတားအဆီးမှန်သမျှကို တိုက်ခိုက်အောင်မြင်သွားတာ ပဲ မဟုတ်လား၊ ငါတို့လည်း ငါတို့တစ်မျိုးလုံးကို ဖျက်ဆီးမယ့်ရန်သူကို ရေလို စုပေါင်းညီညွတ်တဲ့အင်အားနဲ့ တိုက်ခိုက်ရင် မအောင်ဘူးလို့ ဘယ်သူ ပြောနိုင်သတုံး"

ဒုတိယအဘိုးအိုစကားပြတ်လျှင် ပထမအဘိုးအိုက ဆက်ပြော၏။

"အို အမောင်တို့... တောင်ယာခုတ်ထွင်ရာမှာ တစ်ယောက်ရဲ့အား ထက် အများရဲ့အားက သာတယ်၊ ထိရောက်တယ်၊ ဘယ်လောက်ပဲ ကြီးမားတဲ့တော၊ ခက်ခဲတဲ့တောပဲဖြစ်ဖြစ် အောင်မြင်တယ်၊ အကျိုးသက် ရောက်တယ်ဆိုတာ အထူးပြောဖို့ မလိုတဲ့ကိစ္စပဲ မဟုတ်လား"

အဘိုးအိုက လက်ဝါးဖြန့်ပြသည်။

လက်ချောင်းတွေ စုချေ ခွာချေ လုပ်ပြသည်။

"လက်ချောင်းအားလုံး စုပေါင်းပြီးတော့ ဓားကို တင်းတင်းကျပ် ကျပ် ဆုပ်ပြီး ရောမသစ်ပင်ကြီးတွေကို ခုတ်လှဲခဲ့ကြတယ် မဟုတ်လား၊

ကဲ လက်ချောင်းတစ်ချောင်းတည်းနှင့် ဓားကိုင်နိုင်တဲ့လူ ငါတို့ထဲမှာ ဘယ်နှယောက်ရှိသတုံး၊ မရှိဘူး၊ တစ်ယောက်မှ မရှိဘူး၊ ရှိသမျှ လက်ချောင်းတွေ စုပေါင်းပြီးမှသာ ဓားရိုးကို ဆုပ်ကိုင်နိုင်ကြတာပါ"

မိုးရေပေါက်များဥပမာဖြင့် တစ်နည်း၊ လက်ချောင်းများဥပမာဖြင့် တစ်ဖုံ ဟောပြောသဖြင့် လူအများ ခေါင်းတညိတ်ညိတ် ဖြစ်လာပြီ။

အဘိုးအိုသည် မောပန်းစေကာမူ ဝမ်းသာအားရပြော၏။

"အမောင်တို့... ငါတို့မှာ လူတွေလည်းအများကြီး၊ ဓား၊ လှံ၊ လေး၊ မြား၊ ခက်ရင်း၊ တင်းပုတ်၊ ဓားတွေလည်းအများကြီး၊ ဒါပေမဲ့ မညီညွတ်ကြတဲ့အတွက် ကျွဲ၊ နွား၊ ဝက်၊ ခွေး၊ ကြက်တွေ ကုန်စင်ခဲ့တဲ့အပြင် ရွာစွန်က တစ်အိမ်ပါသွားပြီးပြီ"

အဘိုးအို မောနေသဖြင့် ဒုတိယအဘိုးအို ထပြော၏။

"ငါတို့တစ်တွေဟာ... အခုလိုသာ မစုစည်း မညီညွတ်ဘဲ ဆက်နေကြရင်တော့ အကာအရံ မရှိတဲ့အိမ်ထဲက ပစ္စည်းတွေကို မသမာသူတွေ နိုက်ယူကြလို့ ပျောက်ကုန်သလို ငါတို့အမျိုးလည်း ပျောက်တော့မှာ အမှန်ပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်"

လူကြီးအရွယ်သို့ရောက်စ ရွာသားကြီးတစ်ယောက်က အားတက်သရော ထပြော၏။

"တောင်ဇလပ်ပန်းနှင့် ချယ်ရီပွင့်ကလေးတွေကို ရှေ့နှစ်ခါ သည်အချိန်မှာ မြင်ချင်ကြသေးရင်တော့ ရန်သူကို ညီညွတ်စွာတိုက်ခိုက်ဖို့လိုတယ်၊ တောင်ဇလပ်ပန်းနှင့် ချယ်ရီဖူးကလေးတွေကို မချစ်ကြဘူး၊ သံယောဇဉ်မရှိကြဘူးဆိုရင်တော့ အမျိုးပြုတ် ခံကြပေတော့"

"ဘာပြုလို့ အမျိုးပြုတ်ခံရမတုံး၊ ငါတို့ ညီညွတ်ကြမယ်"

"ကျွန်တော်တို့ ညီညွတ်ကြပါစို့၊ ရန်သူ ဘီလူးကို ညီညွတ်စွာ

ချကြပါစို့”

လူငယ် လူလတ်များ လူကြီးများသည် လက်ရုံး လက်မောင်းတန်းကာ မာန်ဝင့်သံဖြင့် အော်ဟစ်ကြသည်။ လက်သီးတွေ ဆုပ်လျက် ဒေါသတကြီး အော်ပြောကြသည်။

“တကွဲတပြားဖြစ်ပြီး အသေမခံဘူးဟေ့”

“စုစည်းညီညွတ်စွာနဲ့ ဘီလူးကြီးကို ချေမှုန်းကြစို့”

ပထမအဘိုးအိုသည် လက်ထောင်ပြကာ ငြိမ်သက်စွာနားထောင်ရန် အချက်ပြသည်။ ငြိမ်သက်သွားတော့မှ သူ့အသံပေါ်လာသည်။

“အမောင်တို့၊ အသံမျှနှင့် အချိန်မဖြုန်းကြဘဲ အချိန်ရှိသခိုက် လက်နက်လူသူစုကြ၊ အစီအစဉ် လုပ်ကြပါတော့လား”

ထိုသို့ပြောလိုက်ခြင်းသည် အစည်းအဝေးပြီးဆုံးတော့သည်။ အစည်းအဝေးပြီးဆုံးသွားသော်လည်း လူစုမကွဲသေးပါ။ ဘီလူးရှိသည့် ဂူသို့ မည်သို့သွားမည်၊ မည်သို့ချဉ်းကပ်မည် စသည့်အစီအစဉ် ချမှတ်နေကြလေ၏။

ညအချိန်သို့ ရောက်လာပြီ။

မောင်းသံဟည်သည်။ ဗုံသံတွေ ပြောင်းဆန်နေသည်။ တံပိုးမှုတ်သံ ညံသည်။ ထိုအသံများသည် ဘီလူးကြီး၏ တောင်ခေါင်းဘက်သို့ နီးကပ်လာသည်။ ဘီလူးကြီးမှာ ဘာသံပါလိမ့် သိချင်သဖြင့် ကျောက်တုံးတွေကို ဖယ်ရှားပစ်သည်။ အပြင်သို့ မားမားကြီး ထွက်ရပ်သည်။

များပြားသော မီးတုတ်တွေ၊ မီးရှူးတွေ၊ လက်နက်ကိုယ်စီ ကိုင်စွဲထားသော လူတွေပါတကား။

သူတို့ ဘာလုပ်ကြမလို့ပါလိမ့်၊ ငါစားဖို့လူများ လာပို့တာလား။ ဘီလူးသည် အထင်သေးစွာတွေး၏။

အထင်သေးစဖွယ် အခြေအနေမှ လွန်မြောက်ပြီးသော ရွာသား

များသည် ဘီလူးကြီးကိုမြင်သွားပြီ။ ပြိုင်တူအော်ကာ လျင်မြန်စွာ ပြေးလာကြသည်။

"ဘီလူးကြီးဟေ့၊ ဘီလူးကြီးဟ၊ အပြင်ထွက်နေတယ်"

"ချပါတော့လား၊ သတ်ပါတော့လား၊ ချ"

"ပစ်ကြ၊ ပစ်ကြ၊ လှံနှင့်ပစ်၊ လေးနှင့်ပစ်"

သည်ပုံညီညွတ်သည်ကို ဘီလူးကြီး တစ်ကြိမ်မျှ မမြင်ဖူးသဖြင့် အံ့အားသင့်နေသည်။ သူ့ခြေထောက်ကို လှံတစ်ချောင်းလာစူးသဖြင့် ကုန်းနုတ်နေစဉ် မှိန်းတစ်ချောင်းက နဖူးကိုထိ၏။

"အကုန်လုံး စားပစ်မယ်ဟေ့"

ဘီလူးကြီးဒေါသတကြီးအော်၏။ အော်သောပါးစပ်ထဲသို့ လှံတစ်ချောင်း ပြေးဝင်လာသည်။ မြားသုံးစင်းကလည်း မျက်လုံးထဲပြေးဝင်သည်။ နာကျင်စွာဖြင့် ဘီလူးကြီး ဒေါသတကြီးအော်သည်။


တစ်တောလုံးမှာ ဘီလူးအော်သံဖြင့်ဆူညံနေသော်လည်း ကြောက်ရွံ့သူမရှိပြီ။ ထွက်ပြေးသူ မရှိပြီ။ ထွက်ပြေးရမည့်အစား တစ်ညီတစ်ညွတ်တည်း ချဉ်းကပ်လာကြသည်။ ဟိုစမ်းသည်စမ်းလုပ်နေသောလက်များကို ဓားဖြင့်ခုတ်၊ လှံဖြင့်ထိုးကြသည်။

ဤသို့ဖြင့် သေးငယ်သော မိုးရေစက်ကလေးတွေ စုပေါင်းသဖြင့် ဖြစ်ပေါ်လာသော ညီညွတ်မှု လှိုင်းတံပိုးကြီးက ရောမတောင်ကြီးကို ရိုက်ပုတ်ဖြိုလှဲ ပစ်လိုက်လေတော့၏။

အဘိုးအို၏ လမ်းညွှန်မှု မှန်ကန်သောကြောင့် အောင်ပွဲဆင်ရသည်ဆိုကာ ဆီးယင်းလွင်ပြင်သားများသည် အဘိုးအို အဘွားအိုများအား စားဦးစားဖျား အစားကောင်းများဖြင့် ဂါရဝ ပြုကြသည်မှာ ယနေ့ထက်တိုင်ပေတည်း။

**(ဆီးယင်း ချင်းပုံပြင်)**

❑



# ဒိန်းသုံးထဲက ငဖျင်းဆိပ်

## ပျင်းသူနှင့် ကြိုးစားသူ

ရှေးသရောအခါ မြို့တစ်မြို့တွင် မောင်ပျင်းနှင့် မောင်သီလ အမည်တွင်သည့် သူငယ်ချင်းနှစ်ယောက် ရှိကြလေသည်။

ရှေးလွန်လေပြီးသောအခါကဖြစ်သောကြောင့် ဘုန်းတော်ကြီးကျောင်းသာရှိသည်။ သို့ကြောင့် မောင်သီလနှင့် မောင်ပျင်းတို့နေသောကျောင်းမှာ ဘုန်းကြီးကျောင်းဖြစ်ပေသည်။

သူတို့နှစ်ယောက်မှာ ကျောင်းနှင့်နီးသောမြို့ရွာမှ လာသူများမဟုတ်။

များစွာဝေးကွာသောနေရာမှ လာရောက်ကျောင်းတက်ရသောကြောင့် ကျောင်းဆင်းသော်လည်း အိမ်သို့ မပြန်ပေ။

ထိုကဲ့သို့သော ကျောင်းသားကို ကျောင်းအိပ် ကျောင်းစားဟု ခေါ်လေ့ရှိသည်။

မောင်ပျင်း၏မိဘမှာ ဆင်းရဲသား လယ်သမားဖြစ်၏။ မောင်သီလကား ရှင်ဘုရင်၏သားတော်ဖြစ်၏။ ထိုသို့ မိဘအခြေအနေချင်းကွဲပြားသော်လည်း ဘုန်းကြီးကျောင်းသား သူငယ်ချင်းနှစ်ယောက်ကား



မကွဲပြားချေ။ တစ်ယောက်နှင့်တစ်ယောက် မခွဲခြားဘဲ စားအတူ သွားအတူ အိပ်အတူဖြင့် ချစ်ခင်ကြလေသည်။

အတူအိပ်၊ အတူစား၊ အတူကစားဖြင့် ခွဲခြားခြင်းမရှိသော်လည်း စာသင်ကြားရာတွင်ကား ကွဲပြားတော့သည်။ မောင်ပျင်းကား အမည်နှင့်လိုက်လျောညီစွာ ပျင်းရိထုံထိုင်းသဖြင့် ဧဝံမေသုတံမှ မတက်။ မောင်သီလမှာ စာကြိုးစားသည်။ စာတော်သည်။ ပရိတ်ကြီး နမက္ကာရတို့ကို ကျော်လွှားခဲ့ပြီး သဒ္ဒါသင်္ဂြိုဟ်အထိ ရောက်နေပြီ။

ဤမျှအထိ စာအရာတွင် အဆင့်ကွာသောသူငယ်ချင်းနှစ်ယောက်သည် ကြီးပြင်းချိန်တွင်လည်း မိုးနှင့်မြေအလား ကွာခြားကြသည်။

သူတို့သည် ကျောင်းမှထွက်ပြီးနောက် နှစ်အတန်ကြာလျှင် မောင်သီလမှာ ခမည်းတော်ပြည့်ရှင်မင်း နတ်ရွာလားသဖြင့် ရှင်ဘုရင်ဖြစ်လာလေသည်။

မောင်ပျင်းမှာမူ ဤသို့မဟုတ်။ ကျောင်းထွက်ပြီးနောက် မိဘလုပ်ငန်းကို ဝင်ရောက်ဦးစီး ဦးဆောင် မပြုပေ။ တစ်ရွာဝင် တစ်ရွာထွက် လောင်းကစားမှုပြုခြင်း၊ မူးယစ်အရည်အငွေ့များ မှီဝဲခြင်းဖြင့် ဒုစရိုက်သမားဖြစ်နေ၏။

မိဘနှစ်ပါး ကွယ်လွန်ချိန်ဝယ် လယ်ယာများနှင့် အိမ်တစ်လုံး နွားတစ်ရှဉ်းအပြင် ရွှေတိုရွှေစများပါ မောင်ပျင်း အမွေရလိုက်၏။ မည်မျှပင် အမွေရပါစေ... မိမွေ ဖမွေကို တိုးပွားအောင်လုပ်ရေးတွင် ပျင်းရိပြီး မကောင်းမှုတွင်သာ လုံ့လရှိသောကြောင့် မကြာမီ မွဲလေ၏။

မောင်ပျင်းမှာ ကုန်းကောက်စရာ မရှိအောင် မွဲသွားသောအခါ ထမင်းတစ်လုတ် စားရရေးအတွက် အခစား ထင်းခွေရသည်။ အခစားရေခတ်ရသည်။ မိုးကာလရောက်လျှင် လယ်သူရင်းငှား လုပ်ရသည်။

လူပျင်းဖြစ်သောကြောင့် သူရင်းငှားခကို အများနည်းတူ မရချေ။

ထကြွလုံ့လဝီရိယ ရှိသော သူရင်းငှားတစ်ယောက်၏ ထက်ဝက်အောက် သာ ရလေသည်။

သို့အတွက် သူရင်းငှားချိန်ကုန်သောအခါ မောင်ပျင်းမှာ ငတ် တစ်လှည့် ပြတ်တစ်လှည့် ဖြစ်ရလေ၏။

ရွာသူရွာသားများသည် ပျင်းသောကြောင့် ငပျင်းဒုက္ခရောက်ရ သည်ဟု သိကြသည်။ သိသော်လည်း ဒုက္ခရောက်သူကိုမြင်သောအခါ သနားသည်။ သနားသောကြောင့် သက်သာရာစကားကို ဆိုကြသည်။

"ငပျင်း၊ နင့်သူငယ်ချင်း မောင်သီလဟာ စောသီလဘွဲ့ခံပြီး ဘုရင် ဖြစ်နေပြီတဲ့ဟဲ့"

"အေးလေ... ဘုရင့်သားပဲ ဘုရင်ဖြစ်တာပေါ့"

"သူငယ်ချင်းတစ်ယောက်လုံးဘုရင်ဖြစ်နေမှတော့ နင်သွားရင် ကြည့်ရှုမှာပေါ့၊ ရွာသူကြီးခန့်ဦး... နည်းသလား"

"ဟုတ်သဟ ငပျင်းရ၊ ငါတို့ သနားလို့ နင့်ကိုအကြံပေးတာ၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ သွားကြည့်လိုက်ပါလား"

အများကပြောဖန်များသဖြင့် မောင်ပျင်းသည် ရွှေမြို့တော်သို့ သွား ရန် စိတ်ကူးရတော့၏။ စိတ်ကူးသောအခါ "ဘာလက်ဆောင် ယူသွား ရပါ့" ဟု ဦးစွာ ကြံစည်စိတ်ကူးရလေ၏။

ပျင်းရိသူတွင် ဘာပစ္စည်းမျှ မည်မည်ရရ မရှိ။ ဘုရင်နှင့်ထိုက် တန်သောပစ္စည်းကား သာ၍ဝေးသေးသည်။ သို့သော် မောင်ပျင်းသည် ဖျစ်ညှစ်ကြိုးစား ရှာဖွေလိုက်ရာ ငါးချဉ်အိုးတစ်အိုး ရရှိလေသည်။

သို့ဖြင့် မောင်ပျင်းသည် သူငယ်ချင်း ရှင်ဘုရင်ထံဆက်သရန် ငါးချဉ်အိုးထမ်းလျက် လာခဲ့လေသည်။

## ငါးချဉ်မုန်းသူနှင့် ချစ်သူ

မောင်ပျင်းသည် ရွှေနန်းတော်ကြီးထဲသို့ ရောက်လာသော်လည်း ဘုရင့်ရှေ့တော်သို့ ဝင်ခွင့် မရသေးချေ။ ဘုရင် ညီလာခံဝင်နေသဖြင့် သမီးတော်၏အဆောင်တွင် ဝင်ရောက်စောင့်ဆိုင်းနေရသည်။

ဘုရင့်သမီးတော်မှာ ငါးချဉ်ကြိုက်သူဖြစ်သည်။ သို့ကြောင့်ငါးချဉ် အိုးဟု အသံကြားကာမျှဖြင့် သူ၏နားကိုက်ရောဂါမှာ သက်သာလျော့ ပါးသွားလေသည်။ မောင်ပျင်းသည် ဟိုအပျိုတော်ကဆွဲ၊ သည်အပျို တော်ကဆွဲသည်များကို သင့်လျော်အောင်ပြောဆိုရင်း ဘုရင်ထံ သံတော် ဦးတင်ပေးရန် တောင်းပန်သည်။

သမီးတော်လည်း ငါးချဉ်အိုးမျက်နှာ ရှိသောကြောင့် အပျိုတော် တစ်ယောက်အား ညီလာခံသို့ လွှတ်လိုက်သည်။ အပျိုတော်သည် နန်းမှူ နန်းရာကို နားလည်သော်လည်း သူ့ဝသီအတိုင်း အော်ကြီးဟစ်ကျယ် လျှောက်ထားသည်။

"အရှင်မင်းကြီးကို ငါးချဉ်အိုး ဆက်ချင်လို့တဲ့ဘုရား၊ နောင်ပျင်း ဆိုတဲ့ လူတစ်ယောက် ရောက်နေကြောင်းပါဘုရား"

ဘုရင်စိတ်ဆိုးသည်။

မြင်းကောင်း၊ ဆင်ကောင်း၊ စားကောင်း၊ ကျောက်ကောင်းကိုသာ ပြည့်ရှင်မင်းသို့ ဆက်သရိုးရှိသည်။

ယခုသော်ကား လူကြား၍မျှ မကောင်း၊ ငါးချဉ်အိုး။

"ငါကဲ့သို့သော ပြည့်ရှင်မင်းအား မရိုမသေ၊ မလေးမစား၊ ငါးချဉ် အိုး ဆက်လိုသောသူ ကိုယ့်ငါးချဉ်အိုး ကိုယ်ထမ်းပြီး နန်းထဲက အမြန် ဆုံးထွက်"

ဒေါသတကြီး အမိန့်တော်ချမှတ်သည်။ အော်ကြီးဟစ်ကျယ် လျှောက်တင်မိသော အပျိုတော်လည်း မိမိအမှားကို မိမိရိပ်မိကာ အမြန်

ပြန်ပြေးလာသည်။ မောကြီးပန်းကြီးဖြင့် အော်ပြောသည်။

"နောင်ပျင်း၊ သွား သွား… ဘုရင်မင်းမြတ် စိတ်ဆိုးတော်မူတယ်၊ သူ့ကို ငါးချဉ်အိုးဆက်ရမလားဆိုပြီး ငါးချဉ်အိုးနှင့်တကွ အမြန်ဆုံး ထွက်သွားတဲ့"

"ရှင်ဘုရင်စိတ်ဆိုးတယ်… ဟုတ်လား"

"ဟုတ်ပ အနောင်"

"မဖြစ်ဘူး၊ မဖြစ်ဘူး… ပြေးမှ"

မောင်ပျင်း ပျာယီးပျာယာထသည်။ ငါးချဉ်အိုးကိုကြည့်သည်။ မရှိ။

"ငါးချဉ်အိုးပြန်ပေးကြပါ၊ ဘယ်မတုံး"

အပျိုတော်များသည် မောင်ပျင်းကိုကြည့်ကာ ရယ်မောနေကြသည်။

မောင်ပျင်းမှာ အမိန့်တော်ကို ဖီဆန်ရာကျမည်စိုးသဖြင့် နန်းတံခါးဝသို့ပြေးလိုက်၊ ပြန်လာပြီးငါးချဉ်အိုးတောင်းလိုက် လုပ်နေသည်။

"ခမည်းတော်ကို ဆက်သဖို့ယူလာတာ မဟုတ်လား၊ ထားခဲ့ပေါ့"

သမီးတော်မှာ ငါးချဉ်ကြိုက်သဖြင့် ပြန်မပေးလိုပေ။

"ငါးချဉ်အိုးကြီး ထားခဲ့ရမလားဆိုပြီး ရာဇဝတ်သင့်နေပါမယ် သမီးတော်ရယ်၊ ပြန်ပေးပါ"

"မပေးနိုင်ဘူး နောင်ပျင်း၊ ပြန်တော့"

"ရွှေနန်းတော်ကြီးက ဆုတော်လာဘ်တော်ရမှ ပေးပါမယ်ဆိုပြီး အကြွေးဝယ်ခဲ့ရတာပါ သမီးတော်ရယ်၊ တန်ရာတန်ကြေး မပေးနိုင်ရင် သူ့ပစ္စည်းပြန်ပေးရမှာပါ၊ ငါ့နယ်နော်၊ ရှက်လိုက်တာ"

သမီးတော်သည် ငါးချဉ်အိုးကိုကား ပြန်မပေးချေ။ သင့်လျော်သော ငွေကြေးကို ဆုလာဘ်အဖြစ် သဘောထားရန် ရှင်းပြပြီး ပေးလိုက်

လေ၏။ မောင်ပျင်းသည် နောက်သို့ပင် လှည့်မကြည့်တော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေ၏။

ရွာသို့ပြန်ရောက်လာသော မောင်ပျင်းထံသို့ လူအချို့သည် မျှော်လင့်တကြီး ရောက်လာကြလေသည်။

"ရှင်ဘုရင်က ဘာပြောလိုက်သတုံး၊ ဘာပေးလိုက်သတုံး"

"တံခါးဗိုလ် မခန့်ဘူးလား၊ အနည်းဆုံး ရွာသူကြီးတော့ ခန့်မှာပါ"

"အေး… ပြောရင်လည်း ယုံကြမှာ မဟုတ်ဘူး၊ ကျုပ်မှာတော့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရပါတယ်ဗျာ"

ထိုသို့အစချီကာ ဘုံရင်မင်းမြတ် ရာဇမာန်ရှုပုံအစ သမီးတော်က ငွေစ ကြေးစ အနည်းငယ်ပေးလိုက်ပုံအဆုံး စီကာပတ်ကုံး ပြန်ပြောင်းပြောပြပြီး အမောကြီးမောနေ၏။ ဝမ်းသာအားရ စုရုံးလာသူများလည်း စိတ်ပျက်စွာ ပြန်သွားကြလေ၏။

## ငါးချဉ်အိုး ကူမသောကြောင့်

စောသီလဘုရင်၏သမီးတော်သည် ငါးချဉ်ဟုကြားကတည်းက နားကိုက်ရောဂါ ထက်ဝက်နီးပါး သက်သာသွားခဲ့၏။

အမှန်မှာ အသံကြောင့်မဟုတ်။ အနံ့ကြောင့်ဖြစ်ချေသည်။

ထိုသို့ ငါးချဉ်အိုးရောက်လာရုံဖြင့် နားကိုက်ရောဂါသက်သာသဖြင့် ငါးချဉ်အိုးကို မရအရ ယူထားလိုက်သည်။ ထို့နောက် စားဖိုဆောင်သို့မပို့ဘဲ အဆောင်တော်ထဲတွင် ဆက်လက်ထားသည်။ အိပ်ချိန်ရောက်သောအခါ ငါးချဉ်အိုးကို ပိတ်ဖြူပတ်ပြီး ခေါင်းအုံးလုပ်လျက် အိပ်လေသည်။

သမီးတော်၏အပြုအမူသည် အလွန်သင့်မြတ်သည်။ အလွန်ကောင်းမွန် မှန်ကန်လှသည်။

အကြောင်းသော်ကား နံနက်လင်းချိန်ဝယ် သူ၏နားကိုက်ရောဂါ

မှာ ယူပစ်သလို ပျောက်ကင်းနေတော့သည်။

"အထိန်းတော်ကြီးရေ... သမီးရဲ့နား မကိုက်တော့ဘူး"

သမီးတော် ဝမ်းသာအားရပြောသည်။ အထိန်းတော်ကြီးမှာလည်း သမီးတော်နှင့်ထပ်တူ ဝမ်းသာသည်။

သည်နားကိုက်ရောဂါကြောင့် အပျိုတော်များမှာ ရယ်လည်း မရယ်မောရဲ၊ ပြုံးလည်း မပြုံးဝံ့ကြ။ နားကိုက်ရောဂါသည်းချိန်တွင်ကား သူ မနေရ ငါ မနေရဖြင့် အလွန်စိတ်ညစ်ရသည်။ ယခု သည်ရောဂါ ပျောက်သွားပြီဆိုသောအခါ အထိန်းတော်ကြီးဝမ်းသာရသည်။

"သမီးတော် ဘာတွေလုပ်နေသတုံး"

"ဘာမှ အထူး မလုပ်ဘူး၊ မနေ့တုန်းက နောင်ပျင်းဆီကယူထားလိုက်တဲ့ငါးချဉ်အိုးကို ခေါင်းအုံးအိပ်တာပဲရှိတယ်"

"ဘယ်မတုံး ငါးချဉ်အိုး"

အထိန်းတော်ကြီးသည် ခေါင်းအုံးအောက်ရှိ ငါးချဉ်အိုးကို ဆွဲထုတ်သည်။

အိုးပေါ်တွင်ပတ်ထားသည့်အဝတ်ပေါ်၌ ပိုးကောင်တွေ တရွရွ သွားနေသည်။ အချို့ပိုးကောင်များက အိုးနှုတ်ခမ်းဝသို့ ရောက်နေပြီ။

"ဒါ ... ဒါ နားကိုက်ပိုးတွေ ဖြစ်မှာပဲ"

အထိန်းတော်ကြီးသည် နန်းတော်သို့ အလှည့်ကျ ဝင်ရောက်ခစားမြဲဖြစ်သည့် သမားတော်ကြီးအား ပြေးပြီးခေါ်သည်။

"သမားတော်ကြီး... ကြည့်စမ်းပါဦး၊ သည်ဥစ္စာတွေဟာ နားကိုက်ပိုးလား၊ တခြားပိုးလား"

"ဟာ ကင်းသံထောက် (ဆီမီးစပ်ပိုး) တွေပဲ၊ နားကိုက်ပိုးပဲ အထိန်းတော်ကြီးရဲ့၊ ငါးချဉ်နံ့ရလို့ နားထဲကထွက်လာကြတာ"

သမားတော်ကြီးလည်း ဝမ်းမြောက်ဝမ်းသာပြော၏။

သူလည်း ဝမ်းမြောက်ရမည်ပဲ။

သမီးတော်၏နားကိုက်ရောဂါ အမြစ်မပြတ်သဖြင့် တော်သုံးသမားတော်ကြီးတွေမှာ အငေါက်ငမ်းခံရ၏။ အကြိမ်းအမောင်းခံရ၏။ နှိမ့်ချခံရ၏။ ထိုအထဲတွင် သည်သမားတော်ကြီးလည်း ပါဝင်၏။

သမားတော်တွေ စိတ်ညစ်ရ၊ မျက်နှာ အထားရခက်သော နားကိုက်ရောဂါကြီး ပျောက်သွားပြီ။ သို့အတွက် သမားတော်ကြီးလည်း သမီးတော်တို့ အထိန်းတော်တို့နည်းတူ ဝမ်းသာအယ်လဲ ဖြစ်ရသည်။

အထိန်းတော်ကြီးကား ဝမ်းသာရုံမျှဖြင့် ပြီးမသွားပေ။ ငါးချဉ်အိုးခေါင်းအုံးအိပ်သောကြောင့် နားကိုက်ရောဂါပိုး ကင်းသံတောက်များထွက်လာသဖြင့် နားကိုက်ဝေဒနာ ပျောက်သွားပြီဖြစ်ကြောင်း မိဖုရားကြီးထံ သံတော်ဦးတင်လေ၏။

မိဖုရားကြီးလည်း ဝမ်းသာကြည်နူးရသည်။

သမီးတော်၏ နားကိုက်ရောဂါထလျှင် သူလည်း အေးဆေး မစံရပေ။ "လုပ်ပါဦး မယ်ဘုရားရဲ့၊ ကယ်တော်မူပါဦး၊ မယ်ဘုရားရဲ့" ဟု ငိုယို အကူအညီတောင်းရာ သူလည်းမတတ်နိုင်၊ အလွန် စိတ်ဆင်းရဲရသည်။

သို့အတွက် ဘုရင်မင်းမြတ် ညီလာခံဝင်နေရာသို့ သွားရောက်ခစားသည်။

"ရှင်မိဖုရား၊ ပြုံးလို့ ရွှင်လို့ပါကလား၊ မင်္ဂလာရှိတဲ့ သတင်းကောင်းများ တင်စရာရှိ ထင်ပဲ့"

"မှန်ပါ အရှင်မင်းကြီး၊ အရှင့်သမီးတော်ရဲ့နားကိုက်ပိုး ကင်းသံတောက်တွေ နားထဲကထွက်လာလို့ နားကိုက်ရောဂါ ပျောက်ကင်းကြောင်းပါဘုရား"

ညီလာခံတစ်ခုလုံး ဟာခနဲ ဝမ်းသာသံကြီး ဖုံးလွှမ်းသွားသည်။

ဝန်ကြီးဝန်ထောက် သံတော်ဆင့် နားခံစာရေးကြီး စာရေးငယ် စသူများလည်း သမီးတော်၏နားကိုက်ရောဂါ ပြင်းထန်လာလျှင် သူမနေရ ငါမနေရ ဖြစ်ကြရသည် မဟုတ်သလော။

ထိုအချိန်မျိုးတွင် ဘုရင်လည်း မျက်နှာ မသာယာသဖြင့် ချောင်းသော်မျှ ကျယ်ကျယ် မဆိုးရဲကြ။

သို့အတွက် မှူးမတ်များလည်း ဝမ်းသာကြသည်။

သို့သော် ကင်းသံတောက်တွေ မည်ကဲ့သို့ ထွက်လာကြသနည်း၊ သိလိုလှပါဘိ။

"မင်္ဂလာရှိတဲ့သတင်းကောင်းပေပဲ့၊ သို့ရာတွင် နားကိုက်ပိုးတွေ မည်ကဲ့သို့ ထွက်လာသည်ကို တင်ဦးမှပဲ"

"ဩော် ... ဟုတ်ပါရဲ့၊ ယမန်နေ့က မောင်ပျင်းဆိုတဲ့လူတစ်ယောက် လာပြီးဆက်သသွားတဲ့ ငါးချဉ်အိုးကို ပိတ်ဖြူပတ်ပြီး ခေါင်းအုံးအိပ်သတဲ့ဘုရား၊ ကင်းသံတောက်တွေဟာ ငါးချဉ်နံ့ရလို့ နားထဲကထွက်လာပြီး ငါးချဉ်အိုးမှာခဲနေကြတဲ့အတွက် နားကိုက်ရောဂါ ပျောက်သွားတာပါဘုရား"

ဘုရင်မင်းမြတ် သိလိုက်ပါပြီ။

ငါးချဉ်အိုးရှင်ကား သူငယ်ချင်း မောင်ပျင်းပါတကား။

"ဟဲ့ ရွှေမြို့တော်ဝန်၊ ငါးချဉ်အိုးရှင်ကို ရှာဖွေပြီးခေါ်ချေဟဲ့၊ ထိုက်တန်သော ဆုလာဘ်တော်များ ပေးသနားရအောင်"

## ဆက်ရက်ကို ချိုးထင်မှတ်

ကျွဲချိုဖျားပင် အေးသည့် တပို့တွဲလပေတည်း။

တပို့တွဲလပင်ဖြစ်စေကာမူ ပြာသိုလနှင့် မခြားပါ။ နှင်းတွေ ပိန်းနေအောင် ဝေနေသည်။ သစ်ပင်များပေါ်မှ နှင်းစက်တွေ တဖျောက်

ဖျော့ကျ် မြည်သံပေးလျက် ကျဆင်းနေသည်။

မောင်ပျင်း၏တဲမှာ နှင်းပြာပြာအောက်တွင် ပျောက်လုမတတ်ရှိသည်။ အမိုး မလုံသောကြောင့် အိမ်ထဲတွင် နှင်းတွေရွှဲနေသည်။ မြောက်ပြန်လေကလည်း ထရံပေါက်များမှ ဝင်ရောက်ကျီစယ်နေသည်။ မောင်ပျင်းမှာ ပျင်းလွန်းသဖြင့် မီးထပြီး မလှုံနိုင်။ စောင်နွမ်းကလေးတစ်ထည်ကို မလုံ့တလုံ ခြုံလျက် ကွေးနေသည်။

ကွေးသော်လည်း အချမ်း မသက်သာသဖြင့် ခိုက်ခိုက်တုန်နေသည်။ ခိုက်ခိုက်တုန်သောကြောင့် မေးတဆတ်ဆတ်ရိုက်လျက် တဟင်းဟင်း ညည်းတွားနေသည်။

"ငပျင်းရှိသလား၊ ဟဲ့... ငပျင်း ငပျင်း"

မောင်ပျင်းသည် စောင်ခြုံထဲမှ ခေါင်းပြူကြည့်သည်။

မောက်တို မောက်ရှူ ဗာလီကွေးနှင့် မင်းချင်းတွေဖြစ်သည်။ ငါးချဉ်အိုးဆက်သရန်သွားစဉ်က ရွှေနန်းတော်ကြီးတွင် မြင်ခဲ့ဖူးသည်။ ဘုရင်မင်းမြတ်က အဖမ်းခိုင်းခြင်း ဖြစ်ရမည်။

ငါးချဉ်အိုးထဲတွင် လောက်တွယ်နေသလော။ ထိုလောက်က သမီးတော်ကို ကိုက်ပြီထင်သည်။

သူကဲ့သို့သော ရေမြေ့သခင် ဘုရင်မင်းမြတ်ကို မလောက်လေး မလောက်စား ငါးချဉ်ဆက်ရသလော ဒေါသထွက်သည်က... ပထမတစ်ချက်။

ငါးချဉ်အိုးထဲမှ လောက်တွေထွက်ပြီး ဘုရင့်သမီးတော်အားကိုက်ခဲ့သည်က ဒုတိယအပြစ်။

ထိုအချက်နှစ်ချက်ကြောင့် အဖမ်းခိုင်းခြင်း ဖြစ်ရမည်။

မောင်ပျင်းမှာ ချမ်းစီးခြင်း ပျင်းရိခြင်းတို့ ပျောက်သွားသည်။ ကြောက်ရွံ့သဖြင့် ဇောချွေးတွေ ပြန်လာသည်။

သို့ကြောင့် အသာ ထကာ ထရံအဆွေးကို ကန်ကျောက်ပြီး တဲပေါ်မှ ခုန်ချပြေးလေ၏။

“ဟဲ့ မပြေးနှင့်၊ ဖမ်းဖို့မဟုတ်ဘူး၊ ဆုပေးမလို့”

မင်းချင်းများ အော်ဟစ်လျက် လိုက်လာသည်။ ထိုကဲ့သို့လိုက်လာခြင်းကိုက ပိုပြီး အပြေးခိုင်းသည်နှင့် မခြားပေ။

သို့အတွက် အလုပ်လုပ်ရန်ပျင်းရိသလောက် အပြေးကောင်းသော မောင်ပျင်းအား မကြာမီ မျက်ခြည်ပြတ်သွားတော့၏။

ရွာထဲတွင် ပြောစမှတ်ကြီး တွင်နေတော့သည်။

“အချက် မသိတော့ သမက် သူခိုးထင်၊ ငှက် မသိတော့ ဆက်ရက်ချိုးထင်ဆိုတာလို ဆုတော်လာဘ်တော်ပေးရအောင် ရွှေနန်းတော်ကြီးကဆင့်ခေါ်တာကို ဖမ်းရအောင်လာတယ်ထင်ပြီး ငပျင်းထွက်ပြေးသတဲ့”

“ဖြစ်ရလေ ငပျင်းရဲ့လေး”

သို့အတွက် သူငယ်ချင်းများက မောင်ပျင်းအား လိုက်လံရှာဖွေကြသည်။ အလွန်ချမ်းအေးသောရာသီကြီးတွင် မလုံမလဲဖြင့် တောထဲ၌ ပုန်းအောင်းနေရသော မောင်ပျင်းအား ရှာဖွေတွေ့ရှိကြ၏။

“ဖမ်းမလို့ မဟုတ်ဘူး၊ ဆုလာဘ်ပေးသနားဖို့ခေါ်တာဟဲ့ ငပျင်းရဲ့”

ဖမ်းဆီးရန်လာခြင်းဖြစ်သည်ဟူသောအထင်သည် မောင်ပျင်း၏ စိတ်၌ စွဲထင်သွားပြီ။

“ပန်းပဲမောင်တင့်တယ်ကို ဖမ်းလို့ မရနိုင်တဲ့အခါမှာ တကောင်းဘုရင်ဘာလုပ်သတုံး၊ မြို့ကွပ်အရာနှင့် ယောက်ဖတော်ကို ချီးမြှောက်တယ်ဆိုတော့ ယုံပြီးသွားမိတယ်၊ သွားတော့ဘာဖြစ်သတုံး၊ ဖမ်းပြီးသတ်တယ်”

“မဆိုင်ပါဘူး ငပျင်းရာ”

“ဘာကြောင့် မဆိုင်ရမှာတုံး၊ ငါ့ဆီကို ပထမဆုံးလာတုန်းက

ဖမ်းရအောင်လာတာ၊ ဖမ်းလို့ မရတော့မှ ဆုတော်လာဘ်တော်ပေးရအောင် ခေါ်တာပါဖြစ်သွားတာ၊ မယုံရင်သွားကြည့်၊ ဖမ်းသတ်မှာပဲ”

သူငယ်ချင်းများက မောင်ပျင်းနားဝင်အောင် အမျိုးမျိုး ဖျောင်းဖျကြပေမဲ့ မောင်ပျင်း နားမဝင်ချေ။

အပေါင်းအသင်းများက “ဒါလောက် ခေါင်းမာရသလား” ဟု ဝိုင်းဝန်း ဆဲရေးကြသော်လည်း မောင်ပျင်းသည် သူ၏အစွဲအလမ်းကို မစွန့်ချေ။

ရာဇဝတ်သားမဟုတ်သဖြင့် ကလန်သံပျင်များကလည်း ခြိမ်းခြောက်မှု ဖမ်းဆီးမှု မပြုကြပေ။ မောင်ပျင်းမှာ အထင်မှားချင်တိုင်းမှား၍ ကောင်းနေလေ၏။ လူစိမ်း သူစိမ်းကိုမြင်လျှင် မင်းမှုထမ်းတွေ အရပ်သားယောင်ဆောင်လာပြီး လာသည်ထင်၏။ ထင်သောအခါ ပိုပြီးကြောက်တော့သည်။

ကြောက်ကြောက်ဖြင့် ပုန်းမိ ပုန်းရာ ပုန်း၊ ခိုမိ ခိုရာ ခိုမိသည်။ အအိပ်အစား မမှန်ကန်၊ အအေးဒဏ်မှ လုံခြုံစွာ မကာကွယ်နိုင်။

မကြာမီ မောင်ပျင်းမှာ အဖျားရောဂါစွဲကပ်ကာ ချောင်းဘေးရှိ တံငါတဲထဲတွင် လဲတော့သည်။

သူငယ်ချင်းများက ရွာထဲသို့ခေါ်ပြီး ဆေးဝါးကုသလိုကြ၏။

မောင်ပျင်းလက်မခံ။ လူပေး သူပေး ဆေးမြီးတိုဖြင့် ကုစားရာက လုံးပါးပါးပြီး အသက်ဆုံးတော့သည်။

ဘုရင့်စေတနာကို အထင်မှားပြီး ပြေး ပုန်းရင်း... မောင်ပျင်း အဖျားရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိတော်မူလျှင် ဘုရင်စောသီလသည် သမီးတော်ကိုခေါ်ကာ ကြွချီတော်မူလာလေ၏။ သမီးတော်၏ ကျေးဇူးရှင်ဖြစ်သောကြောင့် ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်တော်မူသည်။

ထို့နောက် အနီးရှိကုန်းသာယာကို ရှင်းလင်းကာ စေတီတစ်ဆူ

တည်ထား၏။ ကျေးဇူးရှိဖူးသူများ၏ ကျေးဇူးတရားကို အောက်မေ့သတိရကြစေရန်ဖြစ်၏။

ထိုစေတီ တည်ရှိသည့် ကုန်းသာယာအနီးရှိရေဆိပ်ကို ငပျင်းဆိပ်၊ နောင်သော် ငဖျင်းဆိပ်တွင်၏။ ရေကြောင်းပြောင်းသွားသောအခါ ငဖျင်းဆိပ်သည် ငဖျင်းဆိပ်ကွင်းဟူ၍ ဖြစ်လာပေတော့သတည်း။

(ဒိန်းသံထဲမှ ငဖျင်းဆိပ်ဟူရာ၌ ဒိန်းမှာ ထားဝယ်ဒိန်းသံဖြင့် ဖွဲ့သီထားသော ငဖျင်းဆိပ်အကြောင်းဟု ဆိုလိုပါသည်။)

❑

## စာပြီးအမှာ

ပုံပြင် အမှတ် ၁၅ တွင် ဖော်ပြခဲ့ပြီးသော 'ဒိန်းသံထဲက ငဖျင်းဆိပ်' ပုံပြင်တွင် ဘုရင့်သမီးတော်၏ နားကိုက်ဝေဒနာသည် မောင်ပျင်း၏ ငါးချဉ်နံ့ကြောင့် ပျောက်ကင်းသွား၏။

ပုံပြင်အမှတ် ၄ 'နန့်နှောင်းခါရီ ဒွေးမယ်နော်' ပုံပြင်ထဲတွင်မူ မောင်တီပေးလိုက်သော ငါးကင်အနံ့ကြောင်း ဘုရင်၏ခေါင်းကိုက်ဝေဒနာကြီး ကင်းစင်ပပျောက်သွား၏။

ငါးချဉ်နံ့ရသဖြင့် ထွက်လာသောပိုးမှာ ကင်းသံတောက်။

ငါးကင်နံ့ရ၍ ထွက်လာသောပိုးမှာ မီးစက်ပိုး။

စင်စစ်အားဖြင့် ဒေသမတူ၍ အခေါ်ကွဲသွားခြင်းသို့မဟုတ် အသံ ထွက်ဝဲသည့်အတွက် နားကြားလွဲခြင်း၊ အမှတ်လွဲခြင်းတို့ ဖြစ်နိုင်သည်။

နားကြားမလွဲ အမှတ်မလွဲသည်ပင် ရှိစေဦး၊ ညီအစ်ကိုရောင်းရင်းတို့သည် တောင်ပေါ်နှင့်မြေပြန့်၊ တောင်ပေါ်နှင့်ပင်လယ်စပ် ကွဲပြားဝေးကွာကြစေကာမူ သွေးမဝေးသဖြင့် အတွေးအခေါ်တူကြသည်။ ဤသို့ဖြင့် ဆင်တူယိုးမှားပုံပြင်

များ ဖြစ်ပေါ်လာသည်။

မြန်မာ့ရိုးရာပုံပြင်များတွင် ‘ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား’ အမည်ရှိသည့် ပုံပြင်ရှိနေလေသည်။

လူရှည်နှင့် ပလောင်တို့၏ ‘ကျားနှင့်ဖား’ ပုံပြင်၊ ‘ယုန်နှင့်ခရု’ ပုံပြင်များသည် မြန်မာ့ရိုးရာပုံပြင်များထဲမှ ယုန်နှင့်လိပ် အပြေးပြိုင်သော ပုံပြင်၊ မြင်းနှင့်ပက်ကျိ အပြေးပြိုင်သော ပုံပြင်များကို သတိရစရာ ဖြစ်ပေ၏။

ဤကဲ့သို့ တူညီကြခြင်း၊ ဆင်တူယိုးမှားရှိကြခြင်းမှာ မည်သူက မည်သူ့ထံကမှ ယူခြင်း မဟုတ်ပေ။ သွေးသားရင်းချာတို့၏သွေးသည် တစ်သွေးတည်းဖြစ်သည့်အလျောက် အတွေးအယူ အကြံအဆ အမြင်အကြည့်များ တစ်ထပ်တည်းကျရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့ပြင် ချစ်ခင်ရင်းနှီးစွာ ကူးလူးဆက်ဆံ ပေါင်းသင်းနေထိုင်ကြရာမှ ပုံပြင်တွေ ရောနှောကုန်ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ နွားဝန်တင်ဝိုင်းများ၊ လှည်းဝိုင်းများ အတူတကွ စခန်းချရင်း ပုံပြင်ချင်းဖလှယ်သည်လည်း ရှိမည်သာဖြစ်၏။

ဤသို့ဖြင့် တစ်ဦး၏ အတွေ့အကြုံ အတွေးအခေါ်သည် အခြားသူများထံရောက်၊ အခြားသူများထံမှ ဗဟုသုတ ပုံပြင်များနှင့် အတွေးအခေါ် အတွေ့အကြုံများသည် တစ်ဦးထံရောက်ဖြင့် အတွေ့အကြုံများ အကြားအမြင်များ ကြွယ်ဝလာသည်။

ပုံပြောခြင်းအပါအဝင် ယဉ်ကျေးမှုရေစီးကြောင်းသည် အရှေ့မှသာ အနောက်သို့ စီးဆင်းခဲ့သည်။ သို့အတွက်

အနောက်အရပ်ရှိ တိုင်းပြည်များတွင် မြန်မာတို့၏ လက်မ၊ ရွှေယုန် ရွှေကျားပုံပြင်များကို တွေ့ရတတ်ခြင်း ဖြစ်သည်။

သို့ဖြစ်လျှင် သွေးသားရင်းချာများ၏ အဝန်းအဝိုင်း အတွင်း၌ ဆင်တူယိုးမှားပုံပြင်များ၊ ထပ်တူပုံပြင်များ ရှိနေခြင်းမှာ ထူးဆန်းသည် မဆိုနိုင်။ ဝမ်းသာစရာ ဂုဏ်ယူစရာ အဖြစ်ပင်လျှင် သဘောထားသင့်ပေသတည်း။

**ဦးအောင်သိမ်းမြတ်**

❑